www.burmeseclassic.com

မိတ်ဆွေစာပေ

# မောင်ညိုမှိုင်း (သန်လျင်)

## မ တစ်ရာချစ်မိုးကြိုး

အပါအဝင်
ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမှိုင်း (သန်လျင်)
ထောင်မှူးကြီးသိန်းဝင်း
လေးမောင်
ပြုံးဘုန်းထက်
ရွှေရည်
မိုးကြယ်
တင့်တေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၆၈၀၅၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၂၃၀၆၁၁

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၁၁၊ဩဂုတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟာန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၂၀၀ကျပ်

ဂ၉၅ . ၈၃
ကလောင်စုံ
မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော မ တစ်ရာချစ်မိုးကြီး အပါအဝင် ဂျွို့ရ ဝတ္ထုတိုများ / ကလောင်စုံ- ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၂၇-စာ ၊ ၁၂စင်တီ x ၁၈စင်တီ။
(၁)မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော မ တစ်ရာချစ်မိုးကြီးအပါအဝင် ဂျွို့ရ ဝတ္ထုတိုများ

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | မ,တစ်ရာ ချစ်မိုးကြီး<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | ရွှေတုံးထွက်သော အရှုန်းအိမ်းရွာကလေး<br>*ထောင်မှူးကြီးသိန်းဝင်း* | ၂၃ |
| ၃။ | ဆန္ဒရှိုင်းတို့ စေစားရာ<br>*လေးမောင်* | ၅၈ |
| ၄။ | သံသရာဆန်းကြယ် ဆန်တစ်စလယ်<br>*မြဘုန်းထက်* | ၁၂၀ |
| ၅။ | ကိုးနဝင်း မိုးလင်းမှသိမယ်<br>*နန်းရွှေရည်* | ၁၅၈ |
| ၆။ | ကတိလည်း မတည်၊ သီလလည်း မလုံ<br>*နန္ဒာမိုးကြယ်* | ၁၈၂ |
| ၇။ | ရှုံးကြသူများ<br>*သီဟထိပ်တင်စော* | ၂၀၁ |

www.burmeseclassic.com

[ ၁ ]

❑

အင်္ဂလိပ်အစိုးရ မြန်မာပြည်ကို ဒုတိယအကြိမ်ပြန်ဝင်လာပြီး အုပ်ချုပ်သည့်အချိန်က ကျွန်ုပ်သည် ဗေဒင်ပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုနေချိန်ဖြစ်၏။

ကျွန်ုပ်၏ ဆရာများဖြစ်ကြသော ဘဝတိုက်ပုံ ဦးရာကျော်, ဦးဆံရှည်နှင့် ဖိုးမင်းဝံတောင်တို့သည်လည်းကောင်း၊ ဆာဒူးသူတော်စင်ကြီး ဆွာမိသည်လည်းကောင်း၊ ပုံပျက်ပန်းပျက်ရသေ့ကြီးဟု အများကခေါ်ကြသည့် စကြာလည်မျက်လုံး ရသေ့ကြီးသည်လည်းကောင်း ...

ကျွန်ုပ်တို့ ဗေဒင်ပညာ၊ လက္ခဏာပညာ၊ သမထပညာ၊ ဘာဝနာပညာအပါအဝင် စိတ်မနောနှင့်ဆိုင်သော တတိယမျက်လုံး ပညာရပ်များကို အချိန်ရသမျှ သင်ကြားပို့ချပေးခဲ့၏။

အချိန်ကာလကြာသောအခါ ...





စစ်ဘေး၊ စစ်ဒဏ်နှင့် လွတ်ကင်းရာ တောတောင်အရပ်ရပ်မှာ ဆရာသခင်များ၏ ညွှန်ကြားမှု၊ လေ့ကျင့်ပေးမှုများဖြင့် ကျွန်ုပ် ပညာရပ်အတော်များများကို အခြေခံပိုင်ပိုင် နားလည်ကျွမ်းကျင်လာပြီးနောက်ပိုင်း ဆရာသခင်များ၏ ခွင့်ပြုချက်ဖြင့် လူအများကို ဟောပြောခွင့် ရခဲ့လေ၏။ တစ်နေ့သောအခါ ...

ကျွန်ုပ်တည်းခိုရာ ဘုန်းတော်ကြီးကျောင်းသို့ လူရွယ်တစ်ဦး ရောက်ရှိလာပြီး ကျွန်ုပ်ထံမှာ ဗေဒင်လာရောက်ကြည့်ရှုလေ၏။

လူရွယ်ကား အလွန်ချောမော ပြေပြစ်သူဖြစ်၏။

အလုံးအရပ် သင့်တင့်၏။ အလုံးအရပ်နှင့် လျော်ညီသော ခွန်အားဗလလည်းရှိ၏။ သို့သော် လူတစ်ကိုယ်လုံးမှာ သိသိသာသာ ထူးခြားနေသော နေရာတစ်နေရာ ရှိလေ၏။

၎င်းနေရာကား ...

သူ၏မျက်နှာ (ဦးခေါင်း) ဖြစ်လေ၏။

လူတစ်ကိုယ်လုံး အသားရွှေဝါရောင်ရှိနေသော်လည်း လည်ပင်းမှစ၍ သူ၏မျက်နှာတစ်ပြင်လုံးသည် ကဏ္ဍရာစေးသုတ်ထားသကဲ့သို့ ညိုးလေ၏။

ကျွန်ုပ်တွေ့ဖူးသမျှ လူများတွင် ဤသူငယ်သည် လွန်စွာထူးခြားပြီး ရှားပါးလှသော လူတစ်ဦးဖြစ်လေ၏။

"မောင်ရင့်နာမည် ဘယ်လိုခေါ်သလဲကွယ်"

"မောင်ချစ်မိုးကြီးလို့ ခေါ်ပါတယ်ခင်ဗျ"

၎င်းနောက် နေ့နံမွေးရက်၊ မွေးလ၊ မွေးနှစ်များကို မေးမြန်းပြီးနောက် ကျောက်သင်ပုန်းပေါ်မှာ လိုအပ်သလို တွက်ချက်စစ်ဆေးရာ၌ ပြီးနောက် သူ့လက်ဝါးနှစ်ဖက်ကို ဖြန့်ခိုင်းလိုက်သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကြိုတင်မြင်သိထားသည့်အတိုင်း ဖြစ်နေ၏။

သူ့ခေါင်းလက်ဝါးပြင်ပေါ်မှာ ဉာဏ်လမ်းကြောင်းသည့် မျဉ်းဖြောင့်တစ်ကြောင်းတည်း ဖြစ်နေ၏။

ကံလမ်းကြောင်းခေါ် ထီးရိုးလမ်းကြောင်းလည်းမရှိ၊ အသက်လမ်းကြောင်းလည်းမရှိ၊ နှလုံးသားလမ်းကြောင်းလည်းမရှိ။ သံဆန်ခါကွက်လည်းမရှိ။ ခရတ်၊ ကြယ်တို့၊ ကျွဲချကြက်ခြေတို့ စသော ဘာဆိုဘာမျှမရှိ။ ပြောင်တလင်းဖြစ်နေ၏။

သို့သော် လက္ခဏာရှင်တိုင်းမှာ ပါလေ့ရှိကြမြဲဖြစ်သော အသက်လမ်းကြောင်းရှိရာရပ်ဝန်း၌ အမည်းစက်လိုလို၊ အနီစက်လိုလို အစက်ကလေးတစ်စက် ရှိနေ၏။ မှဲ့တော့မဟုတ်။ အဲဒါ ကြောက်စရာကောင်း၏။

''မောင်ချစ်မိုးကြီး ...''

''ခင်ဗျာ ... ဆရာ ...''

''ကျုပ် ... မောင်ရင့်ကို များများမပြောချင်ဘူး။ အဓိကနှစ်ချက်၊ သုံးချက်ပဲ ပြောလိုက်မယ်။ ကျေနပ်နိုင်မလား''

''ပြောပါ ... ဆရာ''

''မောင်ရင်ဟာ မိုက်ပြီပြောဆိုရင် တစ်နေ့ အကျော်ဇေယျ လူဆိုးကြီး ဖြစ်ရလိမ့်မယ်။ ဒီလိုမှမဟုတ်ဘဲ ကောင်းပြီဆိုရင် ရှင်လူရဟန်းများ လွန်စွာကြည်ညိုလေးစားရမည့် ဆရာတော်၊ ဒါမှမဟုတ် ပုဂ္ဂိုလ်ထူး ဖြစ်ရလိမ့်မယ်''

''ပြီးတော့ရော ဆရာ''

''သူတော်ကောင်းမဖြစ်ဘဲ လူမိုက်ရာဇဝင် လူဆိုးဖြစ်ခဲ့ရင် အနည်းဆုံး မိန်းမကိုးယောက်တိတိ ရလိမ့်မယ်''

---

စိတ်ကူးသစ်စာပေ



''ဗျာ ...''

''ကိုးယောက်ရသည့်အထိ မောင်ရင် ဘုန်းကံကြီးနေဦးမှာပဲ။ သို့သော် (၁၀)ယောက်မြောက်မိန်းမကို ယူဖြစ်ခဲ့ရင် အဲဒီမိန်းမကို ယူပြီးသည့်နေ့ကစပြီး (၉) ရက်မြောက်မှာ မောင်ရင် ဆိုးဝါးသောသေခြင်းမျိုးနဲ့ မလွဲမသွေ ကြုံရလိမ့်မယ်။ ကျုပ် ဒီလောက်ပဲပြောချင်တယ်''

''ဆရာ ...''

''ဘာတုံး ... မောင်ချစ်မိုးကြီး''

''အခု ကျွန်တော့်မှာ မူးလို့ရူးစရာ ရည်းစားသနံတစ်ဦးတောင် မရှိပါဘူးဆရာ''

''ကျုပ်ပြောချက်ကိုသာ ဒိုင်ယာရီစာအုပ်ရှိရင် မှတ်ထားပါ မောင်ချစ်မိုးကြီး။ ကျုပ် တရားထိုင်စရာရှိလို့ ပြန်ပါတော့''

ငင်းနောက် သူသည် ငွေစက္ကူအချို့ကို ကျွန်ုပ်အား ကန်တော့လေ၏။ ကျွန်ုပ်လည်း သူ့အား ရှင်လူရဟန်းများ ကြည်ညိုလေးစားရသည့် လူသူတော်ကောင်း တစ်ဦးဖြစ်ပါစေဟု ဆုမွန်ကောင်းများတောင်းပေးလိုက်၏။

သူက 'ပေးတဲ့ဆုနဲ့ပြည့်ပါစေ'ဟု လုံးဝမပြောဘဲ ကျွန်ုပ်ကို ဦးသုံးကြိမ်ချအော နေရာမှထ၍ နောက်ပြန်လှည့်ပြီး ဆင်းသွားလေ၏။

ဒီမှာ ကျွန်ုပ်၏မျက်စိက မောင်ချစ်မိုးကြီး၏ နောက်ဘက်ခါးဆီသို့ ရောက်သွား၏။

ကျွန်ုပ်မြင်လိုက်ရသည်ကား ...

သူ့ခါးကြားမှာ အကျီနှင့်ဖုံးထားသည့် ဓါးမြှောင်တစ်ချောင်း ဖြစ်လေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ကျွန်ုပ်သည် လွတ်လပ်ရေးအကြိုကာလ၊ လွတ်လပ်ရေးရပြီးစကာလ လွတ်လပ်ရေးခေတ်ဦး နိုင်ငံရေးအကွဲအပြဲ ဖာတ်လမ်းများနှင့် ပြည်တွင်းစစ်မီးတောက်နေသည့် အချိန်ကာလတစ်လျှောက် …

စစ်နှင့်ဝေးရာ ဖင်းကျိုက်တောင်၊ မင်းဝံတောင်၊ မိုဝင်တောင်၊ ကေလာသတောင်၊ သထုံတောင် … စသည့်တောင်များမှာ ဆရာသခင်များနှင့်အတူ ခရီးလှည့်ခဲ့၏။

ပညာရပ်များကို အဆင့်မြင့်ခဲ့၏။

မြန်မာပြည်အနှံ့အပြားသို့ ရောက်ခဲ့၏။ ဘုရားစုံဖူးရင်း သမထလုပ်ငန်းများကို ကျင့်ကြံပွားများခဲ့လေ၏။

---

စိတ်ကူးသစ်စာပေ



သို့နှင့် အချိန်ကာလတို့ (၁၀) နှစ်ခန့် ကြာသွားခဲ့၏။

တစ်နေ့ ဟံသာဝတီခရိုင် အရှေ့ခြမ်းသို့ ရောက်သွားခဲ့၏။ ( …… ) မြို့ရှိ ( …… ) ရွာမှာ မြေအောက် အနက်ပေငါးဆယ်မှ သစ်ကနက်သား ဗုဒ္ဓဆင်းတုနှင့်အတူ ရှေးဟောင်းကျောက်ဆင်းတုများ ပေါ်တော်မူသည်ဆို၍ ကြုတောင့်ကြုခဲ ဖူးမြော်လိုသဖြင့် ရောက်သွားခဲ့လေ၏။

ထိုရွာသို့ရောက်သောအခါ များပြားလှသော လူစုလူဝေး လူအုပ်ကြီးကို ရွာစွန်သချိုင်းအနီးမှာ မြင်ရ၍ ဘာများဖြစ်လို့ပါလိမ့်ဟု သိလိုသောကြောင့် ဝင်ရောက်စူးစမ်းလေ့လာ စပ်စုလိုက်၏။

လူအုပ်ကြီးသည် တစ်စုံတစ်ရာကို ဝိုင်းအုံ၍ စက်ဝိုင်းပုံသဏ္ဌာန်ကြည့်နေရကား မနည်းကိုတိုးမှ ရနိုင်ဖွယ်ရှိလေ၏။

သို့နှင့် ကျွန်ုပ်က နီးရာလူတစ်ဦးကို မေးရလေ၏။

"ဘာဖြစ်လို့လဲဗျ …"

"လူဆိုးတစ်ယောက်ကို အဆုံးစီရင်မလို့လေဗျာ"

"လူဆိုးတစ်ယောက်ကို အဆုံးစီရင်မလို့။ နေပါဦးဗျ … စီရင်မယ့်လူတွေက ဘယ်သူတွေတုံး"

" ……အဖွဲ့ကပဲဗျ"

"လူဆိုးအမည်ကရော …"

"လူဆိုးအမည်က မ,တစ်ရာ သေည်းတဲ့ဗျ။ ဒီကောင်မျိုးသေတာကောင်းတယ်ဗျ"

"ဘာဖြစ်လို့ပါလိမ့်ဗျာ"

"ဒီကောင်မသေရင် ကျုပ်တို့တစ်နယ်လုံးက မိန်းမမှန်ရင် သူ့မယားဖြစ်ရကိန်းဖြစ်ဖို့ ကိုးဆယ်ရာနိုင်နှုန်း သေချာနေလို့ပါဗျာ …။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



အလကားကောင် ... လူဆိုးလူသွမ်း တဏှာရူးဗျ။ ဟော ... ဟော သူ့ကို သတ်တော့မယ်နဲ့တူတယ်။ အနီးတိုးကြည့်ကြရအောင်။ ခင်ဗျား လည်း မြင်ဖူးတယ်ရှိအောင် ရှေ့တိုးကြည့်သွားဗျ''

သို့နှင့် ကျွန်ုပ်တို့နှစ်ဦးသည် လူအုပ်ကြီးကိုတိုးဝှေ့ပြီး အနီး ကပ်မြင်လို့ရအောင် တိုးသွားကြလေ၏။

မကြာခင် တိုးရင်းရွှေ့ရင်း ထင်ထင်ရှားရှား မြင်ရလောက် သည့်နေရာသို့ ရောက်သွားခဲ့၏။

လူဆိုးလူသွမ်း တဏှာရူးဆိုသူကို လက်နောက်ပြန်ကြိုးတုပ်၍ တူးထားသည့်ကျင်းဝမှာ ဒူးထောက်ထိုင်နိုင်းထား၏။

အနီးဝန်းကျင်မှ လက်နက်ကိုင်များက သေနတ်လက်နက်များ စွဲ၍ ၎င်းလူဆိုးကို ဝိုင်းထားကြ၏။

ဤအရပ် ဤဒေသသည် ပင်လယ်ကမ်းစပ်ဒေသဖြစ်ပြီး လွတ် လပ်ရေးခေတ်ဦး အကြွအပြကာလမှာ အမည်အမျိုးမျိုးနှင့် လှုပ်ရှား နေကြသည့် ရောင်စုံသောင်းကျန်းသူများ ကြီးစိုးရာဒေသဖြစ်၏။

ကျွန်ုပ်သည် မ,တစ်ရာ သေည်းဆိုသူ လူဆိုးကို မြင်ဖူးချင်၍ သူ့မျက်နှာမြင်ရအောင် ထိုနေရာသို့ တိုးတိုးသွားပြီး လှမ်းကြည့်လိုက် သောအခါ

''အလို ...''

'မ,တစ်ရာ သေည်း' ဆိုသူကား ...သူပါကလား။ ဖြစ်မှ ဖြစ်ရလေ။ သူ့ကို ကျွန်ုပ် သိခဲ့ဖူးပါသည်။

သူသည် လွန်ခဲ့သည့် (၁၀)နှစ်ခန့်က ကျွန်ုပ် ခေတ္တမှီခိုနေ ထိုင်ရာ ဘုန်းကြီးကျောင်းသို့ ရောက်လာပြီး ဗေဒင်ကြည့်သွားခဲ့သူဖြစ် ၏။





မှားနိုင်စရာ လုံးဝအကြောင်းမရှိ။

သူမှ သူအစစ်။ ကြည့်ပါဦး ...။ လည်ပင်းမှစ၍ မျက်နှာ ...ရှက်တစ်ခုလုံး တစ်ခေါင်းလုံး ကဏ္ဍရာသုတ်လောင်းထားသလို မည်း နက်နေသည့်လူ။

သူ့အမည်ကို ကျွန်ုပ် ယနေ့တိုင် ကောင်းစွာမှတ်မိနေသည်။

''မောင်ချစ်မိုးကြီး''

သည်တုန်းက ကျွန်ုပ်က သူ့လက်ဝါးပြင်ပေါ်မှ တစ်ကြောင်း ...ည်းသော ကန့်လန့်ဖြတ်လက္ခဏာကို ကြည့်၍ ဆိုးလျှင် ရာဇဝင်လူ ...ဆိုး၊ ကောင်းလျှင် ရှင်လူရဟန်းများ ကြည့်ညိုလေးစားရမည့် ပုဂ္ဂိုလ် ...ထူး ပုဂ္ဂိုလ်မြတ်တစ်ဦးဖြစ်ရမည်ဟု ကြို၍ဟောခဲ့ဖူး၏။

ယခု ...ကျွန်ုပ်မျက်စိရှေ့မှ သေအံ့ဆဲဆဲ အစီရင်ခံရမည့် ...တစ်ရာ သေည်းကား မောင်ချစ်မိုးကြီး ကေန်အမှန်ဖြစ်နေပါကလား။

ဒါဆို ...သူက ရာဇဝင်လူဆိုးကြီး ဖြစ်နေပြီပေါ့။

ဖြစ်မှဖြစ်ရပလေ ...။

သူ ဘယ်လောက်များ ဆိုးသွမ်းလွန်းလို့ ခုလိုလူအများရှေ့ ...မှာ သေဒဏ်စီရင်ခံရပါလိမ့်။

ထိုစဉ် အမိန့်ပေးသံတစ်ခုပေါ်လာပြီး ဆူညံနေသည့် လူအုပ် ...ကြီးသည် မီးကို ရေနှင့်လောင်းလိုက်သကဲ့သို့ တိတ်သွားခဲ့၏။

'မ,တစ်ရာသေည်း' အမည်ရှိ လူဆိုးလူသွမ်းသည် လူသတ်၊ ...မီးရှို့တိုက်၊ အမျိုးကောင်းသားသမီးများစွာကို ဖျက်လိုဖျက်ဆီးလုပ်ခဲ့ ...သည့်အတွက် မသေမချင်း အဆုံးစီရင်စေ''

ကျွန်ုပ် ရင်ခုန်ကြီးစွာဖြင့် မကြည့်ရဲကြည့်ရဲ ကြည့်နေဆဲမှာ ...သတ်မဲ့သေနတ်သမားတစ်ဦးသည် မျက်နှာမည်း မ,တစ်ရာသေည်း



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကျွန်ုပ်သည် ချစ်မိုးကြီး၏နောက်စိကို ပစ္စတိုသေနတ်ပြောင်း [illegible] ချိန်လိုက်၏။

ကျွန်ုပ်အပါအဝင် လူပေါင်းမြောက်မြားစွာတို့သည် အသက်မျှ [illegible] ကြည့်နေချိန်မှာပင် ...

"ဒိုင်း ..."

"အား ..."

သေနတ်သံတစ်ချက် သချိုင်းဝန်းကျင်မှာ ကျယ်လောင်စွာ မြည်ဟိန်းသွား၏။ အားခနဲအော်သံ ကြားလိုက်ရပြီးနောက် မ,တစ်ရာသေည်း အသင့်တူးထားသည့် မြေကျင်းထဲသို့ မှောက်လျက် ဝုန်းခနဲ ပစ်ကျသွားခဲ့သည်။

ဒီအချိန်မှာ ကျွန်ုပ်အနီးမှ မျက်နှာပုဆိုးသိုင်းထားသည့် မိန်းမတစ်ယောက် 'အင့်' ခနဲရှိုက်ပြီး ပြေးထွက်သွား၏။ သူမနှာခေါင်းပေါ်မှာ မှဲ့နက်ကလေးတစ်လုံးရှိနေသည်ကို ကျွန်ုပ် လှမ်းမြင်လိုက်လေ၏။

ကျင်းထဲမှသူ မည်သို့ရှိနေသည်မသိ။

လက်နက်ကိုင်အချို့နှင့် ရွာသူရွာသားအချို့က ပြေးပြီးသွားဖို့ပစ်လိုက်ရာ မိနစ်ပိုင်းအတွင်းမှို့ မို့မောက်သောမြေပုံသစ်တစ်ခု သချိုင်းမြေပေါ်မှာ ပေါ်ပေါက်လာပြီး လူတစ်ယောက်၏ဇာတ်လမ်း နိဂုံးချုပ် ဇာတ်သိမ်းသွားခဲ့လေသည်။

✿ ✿ ✿

| ၃ |

❑

ကျွန်ုပ်သည် စောစောက တွေ့ဆုံခဲ့ရသူနှင့် ရင်းနှီးကျွမ်းဝင် [illegible]သွားခဲ့၏။ ထိုသူ၏အမည်မှာ ကိုစိန်ပန်းဟုခေါ်၏။

ကိုစိန်ပန်းကား သဘောသကန်ကောင်းပုံရ၏။ သူက ကျွန်ုပ် [illegible]ည်ကိုမေး၏။ အလုပ်အကိုင်ကိုမေး၏။

ကျွန်ုပ်က အမည်နှင့် အလုပ်အကိုင်ကို ပြောပြလိုက်သော [illegible] လိုက်လှဲဝမ်းသာ သူ့အိမ်သို့ အလည်ခေါ်ခဲ့လေ၏။

"ကိုစိန်ပန်း ..."

"ဗျာ ... ဆရာညို"

"ဒီ ... မ,တစ်ရာသေည်းက တော်တော်ကို ဆိုးလို့လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုးပါသော်ကော ... ဆရာညို့ရာ။ ဟောဒီဟံသာဝတီခရိုင် အရှေ့ခြမ်းမှာ ရှင်ဘုရင်သိန်းထောင်ပြီးရင် မ,တစ်ရာသည်းက အဆိုး ဆုံးပဲဗျ။ ရှင်ဘုရင်သိန်းထောင်ကလည်း လူဆိုးမားပြ အကြီးစားပဲ တဲ့ပြီ။ သေနတ်ပြီးသတဲ့။ တစ်ရွာတစ်ယောက် တော်ကောက်သလို မိန်းမကို အဓမ္မယူခဲ့တာလေ။

နောက်ဆုံး ... ပင်လယ်ထဲမှာ သူ့ယောက်ဖတွေက လည်ပင်း ခဲဆွဲပြီး ရေနစ်သတ်ပစ်လိုက်မှ သိန်းထောင်သေသွားရတာ။ အဲဒီနောက် ဒီကောင် မ,တစ်ရာသည်း ပေါ်လာခဲ့တာ။ ခုတော့ ဒီကောင်သေပြီ ဒီလို လူဆိုး၊ လူမိုက်၊ လူရမ်းကား၊ တဏှာရူးလိုကောင် မြန်မြန်သေ တာ ကျုပ်တို့တစ်ရွာလုံး တစ်နယ်လုံးက ဝမ်းသာကြသပေါ့ဗျာ"

"သူ့အကြောင်း ခင်ဗျားသိလားဟင်"

"ဒီကောင့်အကြောင်းကို ကျွန်တော်တို့တစ်နယ်လုံးမှာ ရှိ တဲ့ ကလေး၊ လူကြီး၊ မိန်းမ၊ ယောက်ျား အကုန်သိကြပါ့ဗျာ"

"ကျွန်တော်တော့ မသိသေးဘူးဗျ။ ကျွန်တော့်ကို ပြောပြ လား"

"အင်း ...ဆရာညိုသိချင်ရင် အကျဉ်းချုံး ပြောပြရ ပေါ့ဗျာ"

✿ ✿ ✿

[ ၄ ]

❑

လွန်ခဲ့သည် (၁၀) နှစ်ဝန်းကျင်ကပေါ့ဗျာ ...။

ပြောခဲ့သလိုပဲ ကျုပ်တို့ ပင်လယ်ဒေသဝန်းကျင်မှာ ရှင်ဘုရင် သိန်းထောင်လို့အမည်ရတဲ့ လူဆိုးတစ်ဦး ပေါ်ပေါက်ခဲ့တယ်။

သူ့ဆရာ ဘုန်းကြီးတစ်ပါးက ကာယသိဒ္ဓိဆေးစမ်းရင်းက ဆေး မှို့ဖြောက်သွားပြီး လူဆိုးဖြစ်သွားခဲ့တာကလား။

သေနတ်ပြီးတယ်။

ဓားလုံ့ပြီးတယ်။

အဲဒီသိဒ္ဓိအရှိန်နဲ့ နောက်လိုက်တပည့်များမွေးပြီး မိန်းမချော လှမှန်သမျှ အိုအိုပျိုပျို တော်ကောက်သလို ယူပစ်ခဲ့တာ။ တစ်နယ် လုံး မျက်ရည်နဲ့ မျက်ခွက်ပဲ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ မျက်နှာမည်းနေတဲ့လူတစ်ယောက် ရောက်လာတာပဲ။ သူကလည်း သိန်းထောင်ထံမှာ တပည့်ခံတယ်။ ဘယ်အရပ်သားမှန်း မသိပါဘူး။ မျက်နှာတစ်ခုလုံး မည်းနေတာပဲ။ လူက လူပုံချောပဲ။

သိန်းထောင်နဲ့တွဲမိတော့ ပိုဆိုးတာပေါ့ဗျာ။

တကယ့်ကို ဖက်ရဲလက်ရဲ နှစ်ယောက်ပါဗျာ။ လူသတ်တာများ ပုရွက်ဆိတ်သတ်သလောက် မှတ်နေတာကိုး။

သူက သူ့ဆရာသိန်းထောင်မလိုချင်တဲ့ မိန်းမကို အဝမ္ဘသိမ်းတာ။ သိန်းထောင်နဲ့တွဲနေချိန်မှာ မိန်းမငါးယောက်ရနေပြီ။

ဒီမှာ သူ့ကို တကယ်ချစ်တာက 'မတုံးပေ' ဆိုတဲ့ မိန်းမပဲ၊ အသားဖြူဖြူ၊ ချစ်စရာလေး။ နှာခေါင်းပေါ်မှာ မှဲ့နက်အသီးလေးနဲ့။

(ကိုစိန်ပန်းက မတုံးပေဆိုသူရဲ့ အနေအထားကို ပြောပြလိုက်သောအခါ မ,တစ်ရာသည်းကို စီရင်သည့်နေ့က 'အင့်'ခနဲ ရှိက်ပြီး ပြေးထွက်သွားသည့် နှာခေါင်းပေါ်မှာ မှဲ့ပါသော မိန်းမရွယ်တစ်ဦးကို ကျွန်ုပ်ပြေး၍ သတိရလိုက်၏။ သူမသည် သည်းရဲ့မိန်းမ မတုံးပေများလား)

မတုံးပေနဲ့ သည်းနဲ့က သူချစ်ကိုယ်ချစ် ယူကြတာပါ။

ဒီတုန်းက မတုံးပေက လယ်ရှင်သမီးပါ။ နောင် ... သည်းက အလုပ်ကို လက်ကြောတင်းအောင် လုပ်မစားဘဲ သိန်းထောင်တို့နဲ့ပေါင်းပြီး ခေတ်ပျက်ခေတ်ဆိုးမှာ အလွယ်ရတဲ့ သေနတ်ခါးကြားထိုးပြီး ထင်တိုင်းကြဲ၊ မိုက်ရိုင်း လူပါး၀,နေကြတာ။

တစ်နေ့လည်းကျရော ...

(.....) မြို့၊ (.....) ရွာက ကွမ်းတောင်ကိုင် အချော





အလှမိန်းကလေး မပျိုးဆင့်ကို သည်းက မြင်းနဲ့တင်ပြေးပြီး ပေါင်းသင်းပါရော။ အဲဒါ သိန်းထောင်က သိသွားတယ်။

သိပုံက သည်းရဲ့အိမ်ကိုလာရင်း မြင်သွားတာ။

အတော့်ကို ချောတဲ့လှတဲ့ မပျိုးဆင့်ကိုမြင်ရော သိန်းထောင်ကမေးရော ...

"သည်း ဒါ ဘယ်ကမိန်းမလဲကွ"

"ကျွန်တော့်မယားပါ"

"ဘာ ... မင်းမယား။ ဟုတ်လား ..."

"ဟုတ်တယ်"

သိန်းထောင်ဟာ ချောလွန်းလှလွန်းတဲ့ မပျိုးဆင့်ကိုမြင်ရော သိန်းထောင်ရင်ထဲမှာ အချစ်ရာဂတဏှာမီး ကမ္ဘာမီးလောင်သလိုဖြစ်ရော။

"သည်း ..."

"ဗျာ ..."

"ငါ မင်းမိန်းမကို လိုချင်တယ်"

"ဗျာ ... ဘာ ... ဘာ ..."

"ငါ ... မင်းမိန်းမပျိုးဆင့်ကို လိုချင်တယ်။ ဒီလောက်ချောတဲ့မိန်းမကို ငါ့မပြောဘဲ မင်းဘာလို့ယူရသလဲ သည်း"

"ကျွန် ... ကျွန်တော် မြင်မြင်ချင်း ကြိုက်လို့"

"အေး ... ငါလည်း မြင်မြင်ချင်းကြိုက်တယ်။ မနက်ဖြန်ခါ မင်းမိန်းမ ငါ့ဆီကိုလာပို့လှည့်၊ ဒါပဲ ..."

သိန်းထောင် အဲဒီလိုပြောပြီး အိမ်ပေါ်က ဆင်းသွားရော ... သည်း ယမ်းပုံမီးကျပေါက်ကွဲရော။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆရာသိန်းထောင်က လူတစ်မျိုးပဲဗျ ...။ သူကြိုက်ရင် လိုချင်ရင် အိုအိုပျိုပျို အကုန်ရမှ။ မရရင် ပွဲကြမ်းရော။ သူဒေါပွလို့ ပွဲကြမ်းရင် တစ်ဆွေလုံး တစ်မျိုးလုံး သတ်ပစ်တာ။

ဒီမှာ သေည်းက ချောလွန်းလှလွန်းတဲ့ ဆဋ္ဌမမြောက်မယား မပျိုးဆင့်ကို သိန်းထောင်ထံမှာ ပွဲတော်မဆက်နိုင်ဘူး။

ဒါနဲ့ ... မပျိုးဆင့်နဲ့ ငယ်မယားကြီး 'မတုံးပေ' ကိုခေါ်ပြီး ဒီနယ်ကနေ ရှောင်သွားလိုက်တယ်။

သိန်းထောင်ကလည်း မြေလှန်ရှာတာပဲ။

နောက်ဆုံးတော့ ... သေည်းကိုမမိဘဲ သူ့မိန်းမ မပျိုးဆင့်ကို သိန်းထောင်မိသွားတယ်။ အဓမ္မခေါ်တယ်။ လူဆိုးမယားပျိုးဆင့်က သိန်းထောင်နောက်ကို မလိုက်ရဲလို့ ထွက်အပြေး ...

သိန်းထောင်ပစ်လိုက်တဲ့ ကျည်တစ်တောင့်က ပြေးနေတဲ့ မပျိုးဆင့်ရဲ့နောက်စေ့ကို ဖောက်သွားပြီး နေရာမှာတင် ပွဲချင်းပြီးသေတာပဲ။

မတုံးပေလည်း ကြားတာနဲ့ ပြေးရော။

သိန်းထောင်ဟာ သူလိုလူကိုကျော်ပြီး ထင်ရာစိုင်းတဲ့ သေည်းကို အသေရရ၊ အရှင်ရရ လိုက်ရှာပေမင့် သေည်းကို လုံးဝ မတွေ့ရတော့ဘူး။

✿ ✿ ✿

| ၅ |

❑

သိပ်မကြာပါဘူးဗျာ ...။ သိန်းထောင်လည်း ပင်လယ်ဘက်က မိန်းမတစ်ယောက်ကို အဓမ္မသိမ်းပြန်ပါရော။

အဲဒီမိန်းမရဲ့မောင်နှစ်ဦးက သိန်းထောင်ကို အလိမ္မာနဲ့ပေါင်းပြီး နောင်အခါ တစ်ဖက်လှည့်နဲ့ခေါ် အစားအသောက်ထဲ အိပ်ဆေးခတ်ပြီး ပင်လယ်ထဲမှာ လည်ပင်းခဲဆွဲလို့ ရေချသတ်ပစ်လိုက်တာ။ သေနတ်ပြီး မားပြီး၊ လုံပြီး နာမည်ကြီးသိန်းထောင် သေပါရောလားဗျာ။

နာမည်ကြီး ရှင်ဘုရင်သိန်းထောင်လည်း သေပြီးရော အဲဒီမှာ သေည်း ပြန်ပေါ်လာတာပဲ။

သိန်းထောင်မရှိတော့ သိန်းထောင်ရဲ့ လက်ရုံးတွေ အားနည်းနေပြီ။ ဒီမှာ သေည်းက သိန်းထောင်ရဲ့ ညာလက်ရုံး၊ ဘယ်လက်ရုံးများကို တိတ်တဆိတ်ဆက်ပြီး ဒီနယ်မှာ သူ့ဩဇာကို ဖြန့်ကြက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာညိုရေ ...

အဲဒီလွတ်လပ်ရေးခေတ်ဦး အုပ်ချုပ်ရေးနဲ့ အလုပ်းဝေးရာ ဒီဒေသမှာ လူဆိုးဓားပြ မ,တစ်ရာသည်းဟာ မင်းသားကြီးလိုနေတာ၊ ဘန်ကောက်ပုဆိုးတရှမ်းရှမ်းနဲ့၊ အင်္ကျီမီးပူတိုက်နဲ့၊ ခြေစွပ်နောက်ပိတ် မော်ဖာရှူးဖိနပ်နဲ့။

ခါးမှာ သေနတ်ကို သေနတ်အိတ်နဲ့ထည့်ပြီး ကိုယ်ရံတော် နှစ်ဦးနဲ့ ရွာစဉ်လှည့် မိုက်ကြေးခွဲ၊ သူဌေးအိမ်မှန်သမျှ အကုန်တိုက်၊ မိန်းမ ချောချောလှလှမြင်ရင် သိမ်း။

ဘယ်လိုကြွေးကြော် မှတ်လို့တုံး ...။

'အသက်တစ်ရာ မနေရရင်ရှိမယ် မိန်းမတော့ အယောက် တစ်ရာပြည့်အောင် ယူသွားပြမယ်ကွ' လို့ ကြွေးကြော်သဗျ။

အဲဒီကစပြီး မ,တစ်ရာသည်းအမည် တွင်သွားခဲ့တာ။ အဲဒီ လိုနဲ့ သည်း မိန်းမ (၉)ယောက် ယူခဲ့ပြီးပြီ။ ဒီအချိန်မှာ ကျုပ်တို့ ဒေသဝန်းကျင်မှာ ရောင်စုံသောင်းကျန်းသူများလည်း ဝင်ရောက်ခြေကုပ် ယူနေပြီ။

ပြောရရင်ဗျာ ... သူပုန်လည်း ဆက်ကြေးပေးရ သည်းတို့ ရန်လည်း ကြောက်ရနဲ့ တွေ့ရာလူ အဖေခေါ် ဘုရားထူးနေချိန်ပေါ့။

သည်းမှာ နှမဝမ်းကွဲတစ်ယောက်ရှိတယ်။ နာမည်က 'ခင် လွန်းရှင်'တဲ့ ချောလိုက်တာမှ မှန်နေတာပဲ။ သိန်းထောင်သာ မသေလို့ ရှိနေသေးရင် ခင်လွန်းရှင်ဟာ သိန်းထောင်ရဲ့ အမွှေသိမ်းပိုက်တာကို ခံရမှာ ကျိန်းသေပဲ။

ခင်လွန်းရှင်နဲ့ သည်းကလည်း အလွန်ကို ရင်းနှီးချစ်ခင်ကြ တာ။ သည်းအရှိန်ကြောင့် သူ့နှမဝမ်းကွဲကို ဘယ်လိုလူမျိုးမှ မစရဲ





ခထိရဲကြဘူး။

တစ်နေ့ ...

ခင်လွန်းရှင် ချစ်ရမည့်သူတစ်ယောက်ကို တွေ့ခဲ့ရတယ်။ ချစ်သူအမည်က ကိုသြဇာအောင်တဲ့၊ သြဇာအောင်ဟာ ဒီနယ်က နာမည် ကြီးတစ်ဦးရဲ့သား။ သူတို့ ယူကြမယ်လို့လည်းကြားရော ...

သည်းက ခင်လွန်းရှင်ကို လိမ်ညာလှည့်ဖြားပြီး ခိုးပြေးပါ ရော။ တိုတိုပြောရရင် နှမဝမ်းကွဲကို သြဇာအောင်လက်အပါမခံချင်လို့ ယုတ်မာပက်စက်စွာ သားမယားအဖြစ် ပေါင်းသင်းလိုက်ပါရောဗျို့။

အဲဒါ (၁၀) ယောက်မြောက်မယားပဲ။

ဒီလို ... ယုတ်မာပက်စက်စွာ ကြံစည်လိုက်တဲ့အတွက် သူ့တပည့်များကရော၊ ဆွေမျိုးသားချင်းများကရော သည်းကို ရွံရှာ မုန်းတီးပြီး လုံးဝကိုမကျေနပ်လို့ ဒေါပွကုန်ကြရော။

တပည့်အချို့က ဒီလိုအပြုအမူမျိုးမလုပ်ဖို့ ဝိုင်းတားကြတယ်။ ဒါ မလုပ်ကောင်းဘူး။

ဒီလိုပြုမူလိုက်ရင် 'စည်းပေါက်'တယ်လို့ ခေါ်တယ်ပေါ့။ ဝေဖန် တဲ့တပည့်အချို့ကို သည်းက လူရှေ့သူရှေ့မှာပဲ သေနတ်နဲ့ ပစ်သတ် ပစ်လိုက်တယ်။

ခင်လွန်းရှင်လည်း ရှက်လွန်းလို့ ရေကန်ထဲခုန်ချ သေသွား ခဲ့တယ်။

ပြောရရင် ...

သည်း ... ပျားတူအုံကို တုတ်နဲ့သွားထိုးလိုက်တာ။

တစ်နည်း ... ကျားမြီးကို သွားဆွဲလိုက်တာ။

အိပ်နေတဲ့ ခြင်္သေ့ကို သွားနှိုးလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဩဇာအောင်ရဲ့အဖေက ဩဇာအာဏာကြီးမားတဲ့ ပုဂ္ဂိုလ်ရယ်။ ဘာကြောလဲဗျာ ...( ....)အဖွဲ့က သည်းတို့အုပ်စုကို လက်နက် ပေါင်းစုံနဲ့ ဝင်ဝိုင်းပြီး တစ်စမကျန် ဖြိုပစ်လိုက်ရော။

ပင်လယ်ဝန်းကျင်မှာ သေနတ်သံကို ဆူညံနေတာပဲ။ သည်း ရဲ့တပည့်အားလုံး အကုန်သေ။ သည်းကိုလည်း လက်ရဖမ်းမိသွား တယ်။ သည်းရဲ့ အချစ်သိမ်းခံမယားများလည်း ကြောက်လန့်ပြီး ပြေး ကုန်ပြီ။ မပြေးတာ တစ်ယောက်ပဲရှိတယ်။

အဲဒါက ...

သည်းရဲ့ ငယ်ချစ်မယားကြီး 'မတုံးပေ' ပဲ။ သည်း ဘယ် လောက်ဆိုးဆိုး သည်းညည်းခံပြီး ချစ်နေရတဲ့ မယားကြီးပါ။

နောက်ဆုံး ...

ဆရာညိုမြင်တဲ့အတိုင်းပဲ လူသတ်၊ ဓားပြတိုက် မိန်းမမှန် သမျှ အချစ်သိမ်းပိုက် ခြေတော်တင်။

ဆွေမှန်းမသိ၊ မျိုးမှန်းမသိ၊

မိမှန်းမသိ၊ ဖမှန်းမသိ၊

နှမမှန်းမသိ၊ အရှင်သခင်မှန်းမသိ ငါထင်ရာငါစိုင်း ထင် တိုင်းကြဲ စည်းပေါက်ခဲ့တဲ့ ရာဇဝင်လူဆိုး သည်း ...။

နောက်ဆုံး ...

ကိုယ့်ကျင်းကို ကိုယ်တိုင် ပေါက်တူးနဲ့ ချွေးဒီးဒီးကျတူးခဲ့ရ ပြီး နောက်စိကို သေနတ်နဲ့ပစ်ခံရလို့ မိုက်ပြစ်ကြွေးအားလုံးကို ဆပ်ခဲ့ ရတယ်။ ခုတော့ လူမိုက်တွေ ခေတ်သိမ်းသွားပြီပေါ့ဗျား။

✿ ✿ ✿

| ၆ |

▢

ကျွန်ုပ်သည် မ,တစ်ရာ သည်းရဲ့ ရက်စက်ရိုင်းစိုင်းလှသော ဖြစ်ရပ်ကို ကြားသိရသောအခါ လွန်ခဲ့သည့် (၁၀)နှစ်ခန့်က မ,တစ်ရာ သည်းဖြစ်လာမည့် မောင်ချစ်မိုးကြီးအား ကြိုဟောသည့်စကား ဒက်ထိ ...နေသည်ကို အံ့ဖွယ်ကောင်းအောင် သိလိုက်ရပြီး ရင်ထဲမှာ တစ်မျိုး ... ခံစားလိုက်ရ၏။

သူ့ကို ကျွန်ုပ် ကြိုပြောခဲ့သည်။

လူမိုက်လူဆိုးဖြစ်ခဲ့လျှင် ရာဇဝင်လူဆိုးကြီး ဖြစ်လိမ့်မည်။ ...တော်ပါဘဲ ... ဘုန်းကြီးရဟန်း၊ ပုဂ္ဂိုလ်ထူးဖြစ်ခဲ့လျှင် နာမည်ကျော် ...သူအများ ရှိသေခန့်ညားရမည့် လူရဟန်းပုဂ္ဂိုလ်ထူးဖြစ်လိမ့်မည်ဟု ...ဟောခဲ့ပါ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



အကယ်၍ လူဆိုးလူမိုက်ကြီးဖြစ်ခဲ့လျှင် မိန်းမကိုးယောက်ရလိမ့်မည်။ (၁၀) ယောက်မြောက်မိန်းမကိုယူလျှင် သေခြင်းဆိုးအဖြစ်ဆိုးနှင့် သေရလိမ့်မည်ဟု ပြောခဲ့ဟောခဲ့ပူး၏။

ခုံ ... သူ ရာဇဝင်လူဆိုးကြီးဘဝနှင့် စည်းပေါက်ပြီး (၁၀) ယောက်မြောက်မိန်းမ ရအပြီး (၈) ရက်မြောက်မှာ ရက်ရက်စက်စက်အသတ်ခံရပြီ။

အကယ်၍သာ မျက်နှာမည်းချစ်မိုးကြီးကို ရာဇဝင်လူဆိုးကြီးဘဝနှင့်မဟုတ်ဘဲ လွန်စွာ ကြည်ညိုစရာကောင်းလှသည့် ရဟန်းသူတော်စင်ဘဝနှင့်များ ကျွန်ုပ်ကြုံရလိုက်လျှင် ....


ဦးအကြိမ်ကြိမ် ချလိုက်ချင်ပါဘိ။

ခုတော့ ... မျက်နှာမည်းချစ်မိုးကြီးရေ ...

မင်းအရောက်သွားရမည့် ငရဲပြည်အတွက် ငါ လောင်စာထင်းတွေ လူကြုံနဲ့ရောက်အောင် ပို့လိုက်ပါ့မယ် မောင်ချစ်မိုးကြီး ... ခင်ဗျား။

မှတ်ချက် ။ ။ နောင်အခါ ၎င်းဝန်းကျင်မှာ ကြီးစိုးခဲ့ကြသည့် ရောင်စုံသောင်းကျန်းသူများကို တပ်မတော်နှင့် ပြည်သူ့ရဲများက စစ်ဆင်ရေးနှင့် တိုက်ခိုက်ခြေမှုန်းခဲ့လိုက်ရာ ၁၉၆၂ ခုနှစ်ဝန်းကျင်မှာ သောင်းကျန်းသူများ မျိုးတုံးလုနီးပါး ဖြစ်သွားခဲ့လေသည်။

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

ကျွန်တော်တို့မုဆိုးအဖွဲ့သည် ရှမ်ခူးဝမ်ချောင်းနှင့် အဒုံဝမ်ချောင်းကြားရှိ မြောက်ဖျားစွန်း ရေခဲတောင်တန်းကြီးပေါ်တွင်ရှိသည့် သဘာဝရက္ခဗေဒဥယျာဉ်ကြီးနှင့် ဝမ်ခမ်းအိုင်ရေကန်ကြီးပေါ်မှ ဆင်းလာကြတော့ ဂူဘားရွာသို့ပြန်ရောက်သည်။ ညနေစောင်းပြီဖြစ်၍ ဂူဘားရွာရှိ မုဆိုးကြီးဦးအမ်အင်ဆား၏မိတ်ဆွေ ဦးမရန်ရှန်လော့အိမ်တွင် တစ်ညတာ တည်းခိုအိပ်စက်ခဲ့ရပြန်ပါသည်။

ထိုညက ကျွန်တော်တို့စားသောက်ပြီးသည်နှင့် ဝမ်ခမ်းအိုင်ရေကန်ကြီးအကြောင်းနှင့် သဘာဝဥယျာဉ်ကြီး၊ ကျောက်ဆောင်အတွင်းမှ သပ္ပာယ်လှသော ရွှေဆင်းတုတော်နှင့် သူတော်စင်အဘိုးအကြောင်းကို ပြောမိကြသည်။ အိမ်ရှင် ဦးမရန်ရှန်လော့က . . .





"ဆရာလေးတို့ အင်မတန် ကံကောင်းပါတယ်။ ကန်ထဲမှာလည်း နဂါးနက်ကြီးရှိသေးတယ်။ လပြည့်လကွယ်ညတွေမှာ မြင်ရတတ်တယ်။ ဘုရားဖူးရုံသက်သက်နဲ့ သဘာဝဥယျာဉ်ကြီးကို လေ့လာရုံသက်သက်ဆိုရင်တော့ အန္တရာယ်မရှိပါဘူး။

ဆရာလေးတို့က မုဆိုးအဖွဲ့ဆိုတော့ 'ဝမ်ခမ်းအိုင်' က အစောင့်အရှောက်တွေက လက်ခံချင်ဟန်မရှိဘူး။ သေနတ်ကြီးတွေလည်း ပါသွားတာကိုး။ ဝမ်ခမ်းအိုင်က နောက်တစ်ခါပြန်ရောက်နိုင်ဖို့ မလွယ်တော့ဘူး"

"ဟုတ်ပါရဲ့ . . . ဆရာကြီးရယ်၊ ကျွန်တော်တို့လည်း အလွန်သတိထား ဆင်ခြင်ပါတယ်။ ကျောက်တုံးကို အမှတ်တမဲ့ ရေဆေးထိုက်မိတာနဲ့ လေကြီးမိုးကြီး ကျတော့တာပဲ။ အစောင့်အရှောက် တကယ်ကြီးတယ်နော်"

ကျွန်တော်ပြောအပြီး မုဆိုးတင်သောင်းက ဝင်ပြောပြန်သည်။

"ဟုတ်ပါရဲ့ဗျာ၊ ဝမ်ခမ်းအိုင်က ထူးဆန်းသလို သဘာဝဥယျာဉ်ကြီးကလည်း အလွန်လှပပြီး ဆေးပင်ဝါးပင် စုံပါတယ်။ အဲဒီနေရာကို ရောက်ဖို့ဆိုတာလည်း မလွယ်တော့ပါဘူး။ ကျွန်တော်က ချောက်လိုသစ်ပင်တက်ကျွမ်းကျင်ပေမဲ့ ရှမ်ခူးဝမ်ချောင်းကြိုးတံတားကို မြင်ရတာတော့ အလွန်အသည်းယားမိတယ်။

လှုပ်စိလှုပ်စိနဲ့ ကိုက် (၃၀၀)လောက်ရှည်တော့ နာရီဝက်သောက်ကြာအောင် ဖြတ်ရတာ။ အသက်တောင် ပြင်းပြင်းမရှူရဲဘူး။ [illegible]ဆွဲကြိုးတံတားကြီးလို လေထဲမှာလွင့်နေတာပဲ။ ရှမ်ခူးဝမ်ချောင်းကလည်း ချောက်အတော်နက်တယ်။ ပေ (၃၀၀) ကျော်နက်မယ် ထင်ပါရဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"[illegible]လား ... ဆရာလေးရယ်။ မိုးတွင်းနဲ့ နှင်းမှန်တိုင်း [illegible] ပိုဘောင် ကြောက်စရာကောင်းသေးတယ်။ အောက်က [illegible] တဝေါဝေါနဲ့ လေကလည်းတိုက်တော့ ပုခက်လွှဲသလို ယမ်းခါနေတာ။ သွားနေကျဒေသခံတွေတောင် မသွားရဲကြဘူး။ ဒီဘက်ပိုင်းက အလွန်ရာသီဥတု ဆိုးပါတယ်"

"ဒါနဲ့ ဦးမရန်ရှန်လော့ရယ် ဝမ်ခမ်းအိုင်ပေါ်မှာနေကြတဲ့ သူတော်စင်အဘိုးတို့က ဒီရွာဘက် ဆင်းမလာကြဘူးလား။ သူတို့ ဘာနဲ့ စားနေကြပါလိမ့်နော်"

"ဟုတ်ပါတယ် ဆရာလေး၊ အတော်ထူးဆန်းပါတယ်။ ဝမ်ခမ်းအိုင်အနီးက ကျောက်ဆောင်ဂူထဲမှာ သူတော်စင်ကြီးနဲ့ ရသေ့ကြီးတစ်ပါးနေကြပါတယ်။ ကျုပ်အသက် (၇၀) ရှိပါပြီ။ သူတို့တစ်ခါမျှ ရွာဘက်ဆင်းလာတာ မတွေ့မိပါဘူး။ ဝမ်ခမ်းအိုင်ကရေကိုသောက်ပြီး ဆေးမြစ်ဆေးဥတွေကိုပဲ စားနေကြတာထင်ပါရဲ့။

ကျုပ်တို့ရွာနဲ့နီးတော့ မကြာခဏရောက်ဖြစ်ကြပေမဲ့ သူတို့နေထိုင်မကောင်းဖြစ်နေကြတာ တစ်ခါမျှမတွေ့ဖူးဘူး။ သွားရင် သူတော်စင်ကြီးကို တွေ့ရတတ်ပေမဲ့ ရသေ့ကြီးကိုတော့ တွေ့ရခဲပါတယ်။ အလွန်လျှို့ဝှက်တဲ့ ပုဂ္ဂိုလ်ကြီးတွေပါပဲ။ အများအယွင်းဖြစ်ရင်တော့ သူတို့ ချက်ချင်း ရောက်လာတတ်ကြတယ်"

"ကြိုးတံတားဆောက်တာရော ဘယ်သူဆောက်တာလဲဆရာကြီး"

"ကျုပ်တို့ ဂူဘားရွာကလူတွေ စုပေါင်းဆောက်ကြတာပါ။ တစ်နှစ်တစ်ကြိမ်တော့ ပြင်ဆင်ပေးရတယ်။ အဲဒီအချိန်ကျရင်လည်း သူတော်စင်ကြီးရောက်လာပြီး မန်းမှုတ်ပေးတယ်။ ဒါကြောင့် ကြိုး





[illegible]တံတားပြတ်ကျတာတို့၊ လူကူးစဉ် ဒုက္ခရောက်တာတို့ မကြားဖူး၊ မကြုံ[illegible]ပါဘူး"

"အေးဗျာ ... ဝမ်ခမ်းအိုင်ကရေကို ခပ်မလာမိတာ ကျွန်တော်[illegible]မှားတာပဲ"

"ဒါအတွက်တော့ မပူပါနဲ့ဆရာလေး။ ကျုပ်တို့မှာ ဆေးဖြစ်[illegible]ဖြစ်ဆောင်ထားတာ အိမ်တိုင်းမှာရှိပါတယ်။ ရော့ ... ဒီမှာပါ။ [illegible]သောက်ပါ၊ လိမ်းပါ၊ မျက်စဉ်းခတ်ပါ။ အလွန်အစွမ်းထက်တဲ့ ဆေးရည်[illegible]။ ကျုပ်တို့တစ်ရွာလုံး အသက်ရှည်ပြီး အနာရောဂါကင်းတာ ဝမ်ခမ်း[illegible]ရဲ့ကျေးဇူးပါပဲ။ ရွာမြောက်ပိုင်းက ဦးမရန်ရှန်ဘောက်ဆိုရင် အသက် [illegible]၀၀) တောင်ပြည့်တော့မယ်။ ကျန်းမာရေးလည်း အလွန်ကောင်းတယ်။ [illegible]နိုင်လာနိုင်တုန်းပဲ"

"ဆရာကြီးတို့က 'မရန်' မျိုးတွေလား"

"ဟုတ်ပါ့ ... ဆရာလေးရယ်။ ဂုံနီးဖော၊ လီဆူးနဲ့ ရဝမ်[illegible]တွေစပ်ပြီး 'မရန်' မျိုးနွယ်စုတွေပေါ့။ တစ်ရွာလုံး အမျိုးတွေချည်း[illegible]။ ဒါကြောင့် မပူမပင်မကြောင့်မကြ စားနိုင်သောက်နိုင်ကြပါတယ်။ [illegible]ျုပ်တို့ရွာမှာ သူခိုးမရှိဘူး။ ဈေးပြမရှိဘူး၊ ချမ်းသာဆင်းရဲ လူတန်း[illegible]လည်း ခွဲခြားထားတာမရှိဘူး။ ရွာမှာထွက်တဲ့ အစားအစာကိုပဲ စား[illegible]တယ်။ အိမ်ပြင်ဖို့၊ အဝတ်အစား အသုံးအဆောင်လိုရင်လည်း ဝမ်ခမ်း[illegible]ိုင်ပေါ်မှာတက်ရှာပြီး ရွှေနဲ့ကျောက်စိမ်းကို 'ပန်နန်းဒင်း' ရွာကြီးမှာ [illegible]ရောင်းလိုက်ရုံပဲလေ"

မြန်မာပြည်မြောက်ဖျားက ဂူဘားဆိုသောရွာကလေးမှာ [illegible]ဘာ၊ ဒေါသ၊ မောဟ ကင်းသည့် တကယ့် ပဒေသာပင်ရွာကလေး[illegible] ဖြစ်တော့သည်။ ထို့ကြောင့်လည်း ရွာမှလူများ အသက်ရှည်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးကောင်းကြခြင်း ဖြစ်ပေမည်။ ဝမ်ခမ်းအိုင်မှ ရေနှင့်ဆေးမြစ်၊ ဆေးဥများကလည်း အလွန်အထောက်အကူ ပြုပေလိမ့်မည်။

ကျွန်တော်တို့လည်း အိမ်ရှင် ဦးမရန်ရှန်လော့ပေးသော ဝမ်ခမ်းအိုင်ရေစင်ကို သောက်ကြသည်။ မျက်စဉ်းခတ်ကြသည်။ ရှူ၍လိမ်းကြသည်။ ညောင်းညာကိုက်ခဲသမျှ သက်သာသွားသည်ကတော့ အမှန်ပင်ဖြစ်သည်။ ထိုညက ဂူဘားရွာ သစ်လုံးအိမ်ကလေးထဲတွင် နွေးထွေးစွာ အိပ်စက်ခဲ့ရသည်။

နောက်တစ်နေ့မနက်တွင် အိမ်ရှင် ဦးမရန်ရှန်လော့ တည်ခင်းကျွေးမွေးသော ခေါ်ပုတ်ကင်၊ ကောက်ညှင်းပေါင်းနှင့် ဖန်ခါးရည်ကို သောက်ပြီး ဂူဘားရွာကို ကျောခိုင်းထွက်ခွာလာကြတော့သည်။ ဂူဘားရွာမှ အရပ်ရှစ်မျက်နှာသို့မျှော်ကြည့်သော် ဆွတ်ဆွတ်ဖြူနေသည့် ရေခဲတောင်ကြီးများဝိုင်းရံနေသည့် ရှုခင်းကို လွမ်းမောဖွယ်ရာ မြင်ရသည်။

နယ်ခြားကျောက်တိုင်အမှတ် (၄၇) နှင့် ဒီဖူလခါးတောင်ကြားလမ်း၊ ရှစ်ခူးဝမ်ချောင်းနှင့် အဒုံးဝမ်ချောင်းကြား၊ သဘာဝဥယျာဉ်ကြီးနှင့် 'ဝမ်ခမ်းအိုင်' ရေကန်ကြီးကို နှုတ်ဆက်ရင်း ကျွန်တော်တို့မှ[...] အဖွဲ့ ခရီးဆက်ခဲ့ကြပါတော့သည်။ ရာသီဥတုမှာ သာယာအေးချမ်းနေသည်။ ရှမ်ခူးဝမ်ချောင်းနှင့်အတူ ဒဖုံဒမ်းရွာအထိ ပြန်ဆင်းလာခဲ့ကြသည်။ ထို့နောက် အင်မိုင်ခချောင်းဖျားဖြစ်သည့် အဒုံးဝမ်ချောင်းအတိုင်း 'တဆူထု' ကျေးရွာကလေးဆီသို့ ဆန်တက်ခဲ့ကြသည်။

✿ ✿ ✿

[ ၂ ]

❑

တဆူထုကျေးရွာတွင် ရဝမ်တိုင်းရင်းသား၊ ထရုံတိုင်းရင်းသား တိဗက်လူမျိုးများ နေထိုင်ကြသည်။ လူဦးရေ(၁၀၀)ကျော်ခန့်သာ [...]နိုင်ငံတော်၏မြောက်ဖျားစွန်း ကျေးရွာအုပ်စုကလေးဖြစ်သည်။

[...]ဤမြောက်ဖျားစွန်းဒေသကို ထွက်လာကတည်းက ကျော်ဖြတ်[...]သာချောင်းတို့က များလှသည်။ ထိုချောင်းတို့ကို ကျေးရွာလူထုက [...]တွင်၍ တံတားဆင်ထားကြခြင်း ဖြစ်ပေသည်။ လမ်းများမှာ အများ[...]ခြင်း လူသွားလမ်းကလေးများသာ ဖြစ်ပါသည်။ အချို့နေရာများ [...] တံတားများရှိကြသည်။

တံတားလေးများမှာလည်း ဝါးလုံးခင်းပြီး ကြိမ်၊ နှီးတို့ဖြင့် [...]ထားခြင်းသာဖြစ်သည်။ တံတားကလည်း အမျိုးမျိုးရှိသည်။ ဝါး[...]တား၊ ကြိမ်နွယ်ကြိုးတံတား၊ ဝါးခြမ်းခင်းတံတားဟူ၍ ယာယီတံတား[...]သာ ဖြစ်ကြသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒဖုံဒမ်းမှထွက်လာကတည်းက အင်မိုင်ခချောင်းဖျား၊ အခုံ ဝမ်နှင့်အတူ လိုက်လာခဲ့ကြသည်။ ချောင်းက ရေစီးသန်လှသည်။ ကြို တံတားတစ်ခုကို ဖြတ်ကျော်ကြရပြီး တောအုပ်ကြီးတစ်ခုအတွင်းသို့ ရောက်ကြသည်။ တောကြီးမှာ အလွန်နက်သည်။

တောင်ပေါ်သစ်တောဖြစ်၍ လောက်ယားပင်၊ မဟော်ဂနီနှင့် ပျဉ်းကတိုးပင်များ အများစုပေါက်ရောက်ကြပြီး ကွက်သာတောင်ခါးပန်း ထင်းရှူး၊ အယ်ပိုင်းနှင့် ဝက်သစ်ချပင်များ စုဝေးပေါက်ရောက်နေသည် တောမှာ တိတ်ဆိတ်ပြီး အေးချမ်းလှသည်။ သစ်တောကြီးသော်လည် အကောင်ပလောင်ကို မမြင်ရ။

မျောက်အော်သံ၊ ချေဟောက်သံ၊ ဒေါင်းတွန်သံများနှင့် တော ဆိတ်မြည်သံ၊ တာကင်အုပ်အသံများကိုတော့ အဝေးဆီမှ ကြားနေ သဖြင့် ကျွန်တော်တို့ သေနတ်များအားမောင်းတင်ပြီး အသင့် ပြင်ဆ ထားကြသည်။ တောအုပ်ကြီးအတွင်းက ထွက်လိုက်သည်နှင့် အခုံးဝ ခေါ် အင်မိုင်ခချောင်းဖျားကို ဘွားခနဲတွေ့ရတော့သည်။

ကမ်းပါးယံကြီးမှာ မြင့်မားမတ်စောက်လှသည်။ ပေ(၃၀၀)ခ မြင့်ပြီး ရေစီးကျနေရာ ရေတံခွန်ကဲ့သို့ ဖြစ်နေသည်။ ရေတံခွန်အို အနီးတွင် တောဝက်အုပ်၊ ချေအုပ်နှင့်တာကင်အုပ်က ရေသောက်ဆ နေကြသည်။ ရေကျသံတဝေါဝေါကြောင့် ပတ်ဝန်းကျင်အသံဗလံ မကြားကြရ။

ကျွန်တော်တို့လည်း အသားစိုရိက္ခာပြတ်နေသည်မှာ ကြာ ဖြစ်၍ ကျွန်တော်က တာကင်တစ်ကောင်ကို ရွေးသည်။ မုဆိုးကြီးက တောဝက်တစ်ကောင်၊ မျောက်တင်သောင်းက ချေတစ်ကောင်ကို ရွေ သည်။ ရေကျသံသာလွှမ်းနေသဖြင့် ပစ်ကွင်းမှာ ငြိမ်လှသည်။ ပေ(၁၀





ခန့်သာဝေးပြီး အပေါ်စီးကပစ်ရသဖြင့် ကျွန်တော်တို့ တစ်ပန်းသာပါ သည်။ မုဆိုးကြီးက လက်မထောင်၍ အချက်ပြသည်နှင့် ကျွန်တော်တို့ ပြိုင်တူပစ်ကြသည်။

"ဒိုင်း . . . ဒိန်း . . . ဒေါင်"

အနီးကပ်ပစ်မှတ်ဖြစ်၍ ပစ်ချက်မှာထိရောက်သည်။ တာကင် တစ်ကောင်၊ ချေတစ်ကောင်နှင့် တောဝက်တစ်ကောင်တို့နေရာတွင် လဲသည်။ သေနတ်သံမှာ လျှိုကိုပဲ့တင်ရိုက်ခတ်သဖြင့် ကျန်တောကောင် များပြေးကြသည်။

သို့သော် ကျွန်တော်တို့ လျှိုထဲအဆင်းတွင် အတော်ခက်ခက် ခဲခဲ ဆင်းကြရသည်။ ထိုနေ့က နေ့လယ်စာကို ရေတံခွန်အိုင်အနီး သောင်နုံသဲစပ်တွင် လတ်ဆတ်သောအသားများကို ချက်ပြုတ်၍ စားကြ သည်။ အသားကောင်းများကိုသာ ထွင်၍ ကျပ်တိုက်သည်။ သယ်ဆောင် ရန် ဝန်နှင့်အားမမျှ၍ ထားခဲ့ရသေးသည်။

မျောက်တင်သောင်းကတော့ ကျွန်တော်ပစ်သည့် တာကင်ချို ကြီးကို ယူဖြစ်အောင် ယူခဲ့သေးသည်။ မုဆိုးကြီးကတော့ သားကောင် သားရေများကိုဖျက်ပြီး လိပ်၍ ယူဆောင်လာခဲ့သည်။ လူအင်အားက နည်းပြီး အသားစိုရိက္ခာက ပိုလျှံနေသည်။

ကျွန်တော်တို့ကမ်းပါးပေါ် ပြန်တက်ပြီး မုဆိုးကြီးက အသား ကျပ်တင်များနှင့် မျောက်တင်သောင်းထံမှ တာကင်ချိုကြီးအားတောင်း ပြီး အရွက်ကြီးကြီး ဖက်စိမ်းများဖြင့်ထုပ်သည်။ ပြီးနောက် ခြင်းကျား ကြီးရက်ကာ ထည့်သွင်းပြီး မဟော်ဂနီပင် ခွဆုံတွင်တင်၍ ကြိမ်ကြိုး များဖြင့် ချည်နှောင်ထားခဲ့သည်။

"မုဆိုးကြီး . . . သစ်ပင်ပေါ်မှာဆိုတော့ ပုရွက်ဆိတ်တွေ

www.burmeseclassic.com



ခါချဉ်ကောင်တွေ မတက်နိုင်ဘူးလား''

''ဆရာလေး၊ ငါထုပ်ထားတဲ့အရွက်က 'လိန်ဆန်မြူးရွက်'။ အသားကို (၃)ရက်လောက် အစိမ်းထုပ်ထားလည်း မပုပ်မသိုးဘူး။ ပုရွက်ဆိတ်လည်း မတက်ဘူး။ မုဆိုးဆေးပင်လို့လည်း ခေါ်တယ်။ ဒဏ်ရာအနာတရဖြစ်လို့ထည့်ရင် ချက်ချင်း ပျောက်တယ်။

တစ်ညအိပ်ခရီးလောက်ပဲ ကျန်တော့တာ ဘာဖြစ်လို့ အလေးကြီးသယ်သွားမလဲ။ ရှေ့မှာလည်း သားကောင်အလွန်ပေါတာ။ ငါတို့(၃)ယောက် စားနိုင်ရုံလောက်ယူသွားရင် တော်ရောပေါ့။ အပြန်မှ ပြန်ယူမယ်။ လာ . . . ဟိုဘက်မှာ ကြိုးတံတားရှိတယ်''

တောတန်းကလေးကိုလွန်တော့ ကြိမ်ကြိုးတံတား အရှည်ကြီးကို တွေ့ရသည်။ ကိုက် (၃၀၀) ကျော် ရှည်လျားပေလိမ့်မည်။ ဤဘက်လမ်းမှကြည့်သော် ဟိုဘက်ကမ်းက တံတားထိပ်ကို မှုန်မွှားစွာမြင်ရသည်။ ကြိုးတံတားအောက်ခြေတွင် ခင်းထားသည်က ဝါးကလေး(၃)လုံးသာဖြစ်သည်။ အောက်အကျယ်မှာ (၂)ပေခန့်၊ အပေါ်အကျယ်မှာ (၃)ပေခန့်သာ ရှိသည်။

အပေါ်ကြိမ်ကြိုးကြီးနှင့် အောက်ကြိမ်ကြိုးကို သေးမှကြိမ်ကြိုးသေးသေးများဖြင့် ဆိုင်းထားခြင်းဖြစ်သည်။ အောက်ခြေချောင်းမှာလည်း ကိုက် (၃၀၀)ခန့် နက်ပါလိမ့်မည်။ စီးဆင်းနေသောရေချောင်းကို သေးငယ်စွာမြင်ရသော်လည်း ရေစီးသံမှာပဲ့တင်၍ လိုဏ်သံပေါက်နေသည်။

''ဝေါ . . . ဝေါ . . . ဝေါ . . . ဝုန်း . . . ဝုန်း . . . ဝုန်း''

✿ ✿ ✿

# [ ၃ ]

❑

ကြိမ်ကြိုးတံတားကို ဖြတ်ကူးကြတော့ ရင်မ,၍ အသက်ရှူပင်မှားရသည်။ အောက်ခင်းဝါးသည် နှင်းများစိုရွှဲနေသဖြင့် ချော်လဲစရာဖြစ်နေသည်။ သေးမှကြိမ်နွယ်တန်းသည်လည်း နှင်းများဆမ်းထားသဖြင့် ချော်နေသည်။ ခြေလှမ်းရခက်သလို ကိုင်တွယ်၍လည်း မမြဲပါ။

ချောနေရသည့်အထဲ တံတားကလည်း လှုပ်နေပြန်သည်။ အသည်းတအေးအေးနှင့် ဖြတ်သန်းရင်း လေထဲတွင်ဝဲပျံနေသည့် ကြိုးပုခက်ကြီးကို ဒန်းလွဲပြီးစီးရသလိုပင် ဘုရားတ,၍ တလှုပ်လှုပ် ဖြတ်သန်းရတော့သည်။ အောက်သို့လည်း ငုံ့မကြည့်ရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ ကြိမ်နွယ်ကြိုးကိုကိုင်၍ လျှောက်ရသော်လည်း ခြေလှမ်းတို့က တုံ့လာကြသည်။ ဒူးတို့က နုံးလာသည်။ ကိုယ်ကို ကျုံ့၍ အသက်ရှူအောင့်ပြီး လက်တို့က ကြိမ်နွယ်ကြိုးကို တင်းကျပ်စွာဆုပ်ကိုင်ထားမိသည်။

ရှေ့ဆောင်သွားနေသော မုဆိုးကြီး ဦးအမ်အင်ဆားက ဒေသခံဖြစ်၍ သွက်သွက်လှမ်းနေရာ ကြိုးတံတားမှာ ပိုမိုယမ်းခါလာ၍ ရပ်နေရပြန်သည်။ ကိုယ့်ခြေထောက်နှင့်ကိုယ်မသွားလျှင် မရောက်သော ခရီးဖြစ်၍ မရှုမရဲ လှမ်းရပြန်သည်။

အောက်မှချောင်း ရေစီးသံကြီးကို တဝေါဝေါ တဝုန်းဝုန်း ကြားနေရသဖြင့် စိတ်ထဲက မဝံ့မရဲ။ ဘေးတစ်ဖက်တစ်ချက်မှ ကြိမ်နွယ်ဒန်းကို ခိုင်မြဲစွာဆုပ်ကိုင်၍ တစ်လှမ်းချင်းသာ ရှေ့တိုးရသော်လည်း လူက ငြိမ်သက်အောင် ဟန်ချက်မပြုနိုင်ပေ။ လူက ကြောက်ရွံ့၍လှုပ်သည်လား၊ တံတားက လှုပ်သည်လားဟုပင် မစဉ်းစားတတ်။

ခြေနင်းရက်ကန်းစင်တွင် ရက်ကန်းခတ်နေသကဲ့သို့ပင် ခြေထောက်နှင့်လက်မှာ ဘယ်တစ်လှည့်၊ ညာတစ်လှည့် မအားရအောင် ယောက်ယက်ခတ်၍ တုန်နေကြသည်။ သတ္တိရှိလှပါသည်၊ ဖွဲ့ကောင်းလှပါသည်ဆိုသော မုဆိုးကျွန်တော်တို့မှာ တကယ်တမ်းကျတော့ လူသာဖြစ်၍ အကြောက်တရားနှင့် မကင်းကြပါချေ။

ခြေထောက်များအောက်မှ ဒေါမာန်ထနေသည့် အင်မိုင်ချောင်းရေအလျဉ်ကလည်း တဝုန်းဝုန်း အသံပေးနေ၏။ ရှေ့သို့ကြည့်သော် မိုးပေါ်ပျံနေသည့် ကြိမ်ကြိုးတံတားကြီး၊ နောက်သို့ လှည့်ပြန်ကြည့်သော် ကော့ထောင်နေသည့် ကြိမ်ကြိုးတံတားကြီးကိုသာ ရှည်လျားစွာ တွေ့နေရသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း အသည်း





မအေးစေရန် ရဲဆေးတင်သည့်အနေဖြင့် မျောက်တင်သောင်းထံမှ Army Rum ပုလင်းကိုတောင်းပြီး ရေမရောဘဲ မော့လိုက်ရပါတော့သည်။

တစ်ဖက်ကမ်းတံတားထိပ်ရောက်မှ သက်ပြင်းမောကို ဟင်းခနဲ ချမိသည်။ အပြန် ဤကြိုးတံတားကြီးအား ဖြတ်ရမှာကိုပင် လွန်စွာစိတ်ပျက်မိသည်။ စ,ထားသောခရီးဖြစ်၍ မုဆိုးခြေထောက် ခရီးပေါက်စေရန် လှမ်းရပေဦးတော့မည်။ ရှေ့ကဦးဆောင်သွား၍ တံတားတစ်ဖက်ထိပ်တွင် ရောက်နှင့်နေသော မုဆိုးကြီးက . . .

"ဆရာလေးတို့က ဖွဲ့တော့ရှိတယ်။ ဒါပေမဲ့ တယ်ပျော့တာပဲ။ နားကြဦးမလား။ ရှေ့က တောင်တစ်လုံးကျော်ပြီးဆင်းတာနဲ့ တဆူထုရွာ ရောက်ပါပြီ"

"အေးဗျာ . . . ။ တောင်တစ်လုံးကျော်ရဦးမှာဆိုတော့ ခဏ္တနားရအောင်ပါ မုဆိုးကြီးရယ်။ လူရောစိတ်ပါ အလွန်ပင်ပန်းတာပဲနော်"

ခဏ္တနားကြရင်း ကျွန်တော်နှင့် မျောက်တင်သောင်းတို့ Army Rum ကို တစွတ်စွတ် မော့ပြန်သည်။ မုဆိုးကြီးလည်း တစ်ငုံသောက်သည်။ သူလည်း ဒေသခံဖြစ်သော်လည်း လူသားဖြစ်၍ အနည်းနှင့်အများတော့ စိတ်လှုပ်ရှားပေလိမ့်မည်။ မြန်မာပြည်မြောက်ဖျားမှ ဒေသခံတိုင်းရင်းသားတို့၏ဘဝကို ကျွန်တော်အလွန်စာနာမိသည်။ ဤသို့ ရာသီဥတုကြမ်းတမ်း၍ ခက်ခဲစွာ သွားလာနေထိုင်ကြရသည့် သူတို့ဘဝကိုလည်း အံ့ဩမိပါသည်။

တစ်တောင်တက်ပြီး တစ်ကုန်းဆင်းမှ တဆူထုရွာသို့ရောက်ကြသည်။ အိမ်ခြေ (၂၀)ခန့်သာရှိသော ရွာကလေးဖြစ်သည်။ ကျွန်တော်တို့ မုဆိုးကြီး၏ အသိအိမ်တစ်အိမ်တွင် ညအိပ်နားခိုကြပြန်သည်။ ညဘက်တွင် အိမ်ရှင် လီဆူးအဘိုးကြီးမိသားစုက ညှိခံသော တောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်အရက်၊ ခေါ်ပုတ်ကင်နှင့် အသားဟင်းများကို စားကြရသည်။ ဤတောင်ပေါ်ဒေသတွင် ဆန်ထမင်းမစားကြချေ။

ပိန်းဥ၊ မျောက်ဥ၊ အသီးအနှံနှင့် အသားများပေါ်၍ မစားကြခြင်းလော၊ စပါးစိုက်ရန် မြေနေရာမရှိ၍လော၊ ဒေသရိုးရာအတိုင်း မစားကြခြင်းလော မသိနိုင်ပါချေ။ အမျိုးသမီးများ လက်ဝတ်လက်စား ရွှေငွေတို့ကို ပေါများစွာ ဆင်ယင်ထားကြသည်ကတော့ ထူးခြားချက်ပင်ဖြစ်တော့သည်။

ညစာစားသောက်အပြီး မီးပုံဘေးတွင်ထိုင်ကြရင်း ဖန်ခါးရည်သောက်နေကြစဉ် ကျွန်တော်က မှဆိုးကြီး ဦးအမ်အင်ဆားအား မေးမိသည်။

"မှဆိုးကြီး . . . ဒီဒေသက ရွှေပေါသလား"

"အင်မိုင်ခမြစ်ဖျားပဲ အလွန်ပေါတာပေါ့။ ဈေးလည်း အလွန်ပေါပါတယ်။ ငါတို့ရှေ့ဆက်သွားမယ့် ထရုန်လူပုကလေးတွေ နေထိုင်ကြတဲ့ အရွှန်းအမ်းရွာမှာဆိုရင် ရွှေကိုမြေကြီးထဲက အတုံးအခဲလိုက်ရတာ။ သူတို့က ရွှေမကျင်ကြဘူး။ မြေကြီးထဲက တူးယူရတာ။ သူတို့နဲ့ အဆင်ပြေရင် ရွှေတုံးတွေတောင် လက်ဆောင်ပေးတတ်တယ်။

အဲဒီရွာရောက်ရင် ကြိုတင်မှာထားရဦးမယ်။ သူတို့ကျွေးတာကိုစား၊ သူတို့တိုက်တာကိုသောက်။ မငြင်းနဲ့။ ငြင်းရင် သူတို့ကမကြိုက်ဘူး။ ကိုယ်ကလည်း ပေးနိုင်တဲ့လက်ဆောင်ကလေးတွေကို ပြန်ပေးရင် သူတို့က အလွန်သဘောကျတယ်။ မီးပုံပွဲမှာ က,ဖို့လာခေါ်ရင်လည်း က,လိုက်။ မရုက်နဲ့။ အရေးအကြီးဆုံးက မငြင်းနဲ့။ မပေးတာကို မယူနဲ့။ အလိုက်သင့်နေ။ အဲဒါ အရေးအကြီးဆုံးပဲ"

✿ ✿ ✿

| ၄ |

❑

နောက်တစ်နေ့မနက်တွင် မနက်စာစားကြပြီး တဆူထုရွာမှ ထွက်လာကြ၍ အင်မိုင်ခချောင်းဖျားအတိုင်း လိုက်၍ တစ်နေ့ခရီး တောင်တက်လမ်းကြမ်းကြီးကို လျှောက်ကြရသည်။ ချောင်းမြောင်း၊ လျှိုများကို ဖြတ်သန်းကြရ၍ ခရီးကမတွင်ပါ။ (၆) မိုင်ခန့်ခရီးကို တစ်နေကုန်အောင် သွားကြရသည်။

အရွှန်းအမ်းရွာရောက်ခါနီး ညနေစောင်းတွင် အင်မိုင်ခချောင်းလက်တက်တစ်ခုကို ဖြတ်ရန်အလုပ် တစ်ဖက်ကမ်း၌ ရေသောက်ဆင်းပြီး အိပ်နေကြသော တာကင်အုပ်နှင့်တိုးသည်။ ကျွန်တော်တို့လည်း ရုတ်တရက်ဖြစ်၍ မမြင်မိ။ ရောသံကြားပြီး လှန့်ရသဖြင့် တာကင်ကောင်များ အိပ်ရာကလန့်အထတွင်မှမြင်ရသဖြင့် ကျွန်တော်တို့လည်း ချောင်းရေထဲမှ လက်တန်းထိုးပစ်ခတ်ရခြင်းဖြစ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ... ဒိန်း ... ဒေါင်"

တာကင်ဖိုမ (၃)ကောင် ကျကျန်ခဲ့ပြီး ကျန်အုပ်ကြီး ဝရုန်းသုန်းကား ပြေးတော့သည်။ ထိုစဉ် မှဆိုးကြီးက ...

"အတော်ပဲ ...။ ဆရာလေးတို့ လူပုလေးတွေရွာကို လက်ဆောင်ပေးဖို့ရပြီ။ ညကျရင်တော့ မီးပုံပွဲနဲ့ အတော်ပျော်စရာ ကောင်းလိမ့်မယ်"

"ဒီကနေ အတော်ဝေးသေးသလား မှဆိုးကြီး"

"မဝေးတော့ဘူး ...ဆရာလေး။ ဒီတောင်ကြီး ကျော်ပြီးတာနဲ့ တောင်ခြေမြေပြန့်လွင်ပြင်မှာ အရှုန်းဒမ်းရွာရှိတယ်။ တဆုထုနဲ့ အရှုန်းဒမ်းက (၆)မိုင်လောက်ပဲဝေးတာ။ လမ်းခရီးကကြမ်းတော့ တစ်နေကုန်တာပဲ။

ကဲ ... ဆရာလေး မျောက်တင်သောင်းရေ သားကောင်တွေကို ဖျက်နေဖို့လည်း အချိန်မရတော့ဘူး။ သယ်လည်း မသယ်နိုင်တော့ဘူး။ ခေါင်း(၃)ခေါင်းကိုသာဖြတ်ပြီး ယူကြမယ်။ တာကင်ခေါင်းတွေကို ရွာသူကြီးကို လက်ဆောင်ပေးမယ်။ ကိုယ်တွေကိုတော့ သူ့လူပုကလေးတွေကို လာသယ်နိုင်းလိမ့်မယ်။ ကဲ ...သွားကြစို့"

ကျွန်တော်တို့အဖွဲ့ အရှုန်းဒမ်း ရွာသူကြီးအိမ်ရောက်တော့ နေဝင်ပေပြီ။ တောင်ပေါ်ဒေသဖြစ်၍ နေက စောစောဝင်သည်။ မုဆိုးကြီးကိုမြင်တော့ သူကြီးက ဖက်လဲတကင်း ကြိုဆိုသည်။ မုဆိုးကြီးက သူကြီးအား ကျွန်တော်တို့နှင့် မိတ်ဆက်ပေးသည်။

ကျွန်တော်တို့ကလည်း ပြန်လည်မိတ်ဆက်ပြီး တာကင်ခေါင်း (၃)လုံးကို လက်ဆောင်ပေးလိုက်ပြီး အကျိုးအကြောင်းပြောပြရာ သူကြီးက မောင်းကို တဒူဒူထုတော့သည်။ မောင်းသံမှာ စီစီဝေဝေရှိလှသည်။





ကျွန်တော်တို့မြင်ဖူးသော ကြေးဝါမောင်းသံမျိုးမဟုတ်။ 'ဒူ ... ဟူ ... ဟူ' ဟုမမြည်။ 'ဒူ ... ချွင် ...ချွင်' ဟုသာ မြည်နေသည်။ မုဆိုးကြီးပြောပြမှ ရွှေအစစ်မောင်းဟု သိရသည်။

ရွာသူကြီးမှာ သူလိုကိုယ်လို အရပ်အမောင်းရှိသော်လည်း မောင်းထု၍ ရောက်လာကြသူများမှာ အရပ်လေးပေခန့်သာ ရှိကြသည့် လူပုကလေးများ ဖြစ်ကြသည်။ လူကပုသော်လည်း ခန္ဓာကိုယ်က သန်စွမ်းဖျတ်လတ်သည်။ မျက်နှာပိုင်း၍ နှာတံတိုသည်။ ဆံပင်ကလည်း တိုသည်။ အတွင်းအင်္ကျီအပေါ်မှ စောင်ဖျင်ပိုင်းကို ဘယ်ပခုံးတွင် စလွယ်သိုင်း၍ ရုည်နှောင်ထားသည်။

ရွာသူကြီးက ဘာပြောလိုက်သည်မသိ။ ကြိုးများ၊ ထမ်းပိုးများယူ၍ ထွက်သွားကြသည်။ သူကြီးက ဒုတိယအကြိမ် ရွှေမောင်းကို ထုပြန်သည်။

"ဒူ ...ဒူ ...ချွင် ...ချွင်"

လူပုကလေးများနှင့် အမျိုးသမီးအချို့ ရောက်လာကြပြန်သည်။ သူကြီးကစေခိုင်းသည်နှင့် ချက်ပြုတ်ရန် ပြင်ဆင်ကြတော့သည်။

အမျိုးသမီးကလေးများမှာ အင်္ကျီမဝတ်ကြ။ အထက်ပိုင်းတွင် ပဝါစည်းထားပြီး အောက်ပိုင်းတွင် ဂျပ်ခုတ် သင်တိုင်းအတိုကို ဝတ်ထားကြသည်။ သူတို့လည်း ယောကျ်ားများကဲ့သို့ပင် ပုပြီး ခန္ဓာကိုယ်အချိုးအဆက် တောင့်တင်းသည်။ ထူးဆန်းသည်ကတော့ ရွှေလည်ဆွဲနှင့် လက်ကောက်ခြေချင်းများကို လှတိုင်းပင်ညှတ်နေအောင် ဝတ်ဆင်ထားကြသည်။

မုဆိုးကြီးက သူကြီးနှင့် ဖန်ခါးရည်သောက်ရင်း စကားပြောနေသည်။ သို့သော် ကျွန်တော်တို့နားမလည်သော ဘာသာစကားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရဝမ်ဘာသာလိုလို၊ ကချင်ဘာသာလိုလို မသဲကွဲပါ။ တောင်ပေါ်ဒေသစကား ဖြစ်ပါလိမ့်မည်။ ထိုစဉ် မှဆိုးကြီးက ကျွန်တော်တို့ဘက်လှည့်ပြီး ...

"ဆရာလေး ...မနက်ဖြန် လကွယ်နေ့။ သူတို့ ယဇ်နတ်ပူဇော်ပွဲလုပ်မှာမို့ သားကောင်တွေပေးတာကို အလွန်ကျေးဇူးတင်တယ်တဲ့။ ဒီညလည်း ညွှန့်ခံပွဲလုပ်ပေးပါမယ်တဲ့။ အပြန်ကျရင်လည်း လက်ဆောင်ပြန်ပေးပါမယ်တဲ့။ ဒီရွာမှာ ပျော်သလောက်နေဖို့လည်း ပြောပါတယ်"

"ဟုတ်ကဲ့ ...ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါသူကြီး"

"အော့အာအဲ ...ဖန်ဒွဲအိုင် ...အဒွန့်ဂါအီ"

သူကြီးကလည်း ကျွန်တော်တို့ဘက်လှည့်၍ ပြုံးရွှင်စွာဖြင့် ..

"အော့အာအဲ ...ဖာမရာအေး"

ရဝမ်စကားဖြစ်၍ ကျွန်တော်နားလည်ပါသည်။ 'ကျေးဇူးတင်ပါတယ်။ ကျန်းမာကြရဲ့နော်'ဟု ပြောခြင်းဖြစ်သည်။ မုဆိုးကြီးက ရဝမ်စကားဖြင့်ပြော၍ ရွာသူကြီးကလည်း ရဝမ်စကားဖြင့် ပြန်လည်နှုတ်ဆက်ခြင်း ဖြစ်သည်။

ခေတ္တအကြာတွင် လူပုကလေးများ ကျွန်တော်တို့ပစ်ခဲ့သော တာကင်ကောင်အသေများကိုထမ်းပြီး ပြန်လာကြသည်။ ရောက်သည်နှင့် စောင့်နေသောအဖွဲ့က သားကောင်ဖျက်ကြပြီး ဝမ်းတွင်းသားများအား ချက်ကြသည်။ ချက်ကြသည်ဆိုခြင်းထက် ပြုတ်ကြသည်ဆိုခြင်းက ပိုမှန်ပါလိမ့်မည်။

ထို့ကြောင့် မုဆိုးကြီးက သူကြီးအားခွင့်တောင်းပြီး ကျွန်တော်တို့တွင်ပါလာသည့် ချင်း၊ ငရုတ်သီး၊ ဆီနှင့် ဟင်းခတ်အမွှေးအကြိုင်





များအား ထည့်၍ချက်ရာ လတ်ဆတ်သော အတွင်းကလီစာဟင်းမှာ မကြာမီ သင်းပျံ့သောအနံ့ ထွက်လာသည်။ လူပုကလေးများမှာ သဘောကျလွန်း၍ ဝိုင်းအော်နေကြသည်။

"လီစုန်ရူးကို၊ ပလဲဘထွန်း၊ ဟာဝိုင်ရယ်"

"(သိပ်ကောင်းတယ်၊ အရမ်းကောင်းတယ်)"

ဟင်းကျက်သည်နှင့် ကျွန်တော်တို့ရှေ့သို့ အငွေ့တထောင်းထောင်းထနေသော အူကလီစာဟင်းများ ရောက်လာသည်။ ထိုအချိန်တွင် အခန်းတွင်းမှ အမျိုးသမီးငယ်နှစ်ဦး ထွက်လာသည်၊ တစ်ဦးက ပဝါအနီရောင်စည်းထားသော စဉ့်အိုးမည်းမည်းလေးတစ်လုံးကိုယူလာပြီး၊ တစ်ဦးက ရွှေရောင်ပြောင်ဝင်းနေသည့် ခွက်ကလေးများကို ယူလာသည်။

ပြီးနောက် ကျွန်တော်တို့ရှေ့တွင် ချ၍ အရက်ဖြည့်ပေးပြီး သောက်ရန် လက်ဟန်ခြေဟန်ဖြင့် ပြသည်။ သူကြီးကပြောသည်ကို မုဆိုးကြီးက ဘာသာပြန်ပေး၍ အမျိုးသမီး(၂)ဦးမှာ သူကြီးသမီးများဖြစ်ကြကြောင်း သိရသည်။ သူတို့နှစ်ဦးကတော့ အရပ်မပု။ သူကြီးလိုပင် အရပ်အနေအထား မြင့်မားကြသည်။ ဟင်းခပ်ရန်လည်း ရွှေဇွန်းကလေးများကို ချပေးသည်။

ရွာတွင်လုပ်ဟန်တူသော ရွှေဇွန်းကလေးများမှာ လက်ရာမသေသပ်သော်လည်း အလေးချိန် နှစ်ကျပ်သားစီခန့်စီးမည်ဟု ကျွန်တော်တို့ ခန့်မှန်းမိသည်။ အရသာရှိလှသော ဟင်းကိုမြည်းရင်း သူကြီးမှာ အလွန်သဘောကျနေရှာသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

အရက်မှာ ပြင်းလှသည်။ သို့သော် တောင်ပေါ်ကချင်အရက်လိုမနံပါ။ မွှေး၍ ချိုပြင်းကလေးဖြစ်သဖြင့် သောက်၍ အလွန်ကောင်းသည်။ မုဆိုးကြီးပြောပြ၍ နှစ်ချို့ပြောင်းဆန်အရက်ဖြစ်ကြောင်း၊ ညှို့သည်လာမှညှော်ခံသော အရက်ဖြစ်ကြောင်း သိရသည်။

ထမင်းစားရရန် အခြေအနေမပြင်သဖြင့် ကျွန်တော်တို့ အသားဟင်းကိုသာ အဝစားကြသည်။ အရက်ကုန်သည်နှင့် မိန်းမပျိုကလေးများက ထည့်ပေးကြသည်။ မကြာမီ ဗုံသံကြားရပြီး မီးပုံဘေးတွင် အမျိုးသမီးကလေးများ လက်တွဲ၍ မီးပုံကို ဝိုင်းက,နေကြသည်။





သူကြီးက 'အဒွန့်ဆီ' ဟုအော်သည်နှင့် မိန်းမပျိုနှစ်ဦး အရက်ဝိုင်းထဲသို့ဝင်လာပြီး ကျွန်တော်တို့နှင့်အတူ အရက်တစ်ခွက်တည်း နှစ်ဦးမြှင်တူသောက်ကြရသည်။ ကျွန်တော်တို့လည်း အရက်ကလေးဝင်သွားသဖြင့် အလွန်ပျော်နေပါသည်။

မကြာမီဗုံသံမှာ မြူးကြွလာပြီး လက်တွဲကနေသော အမျိုးသမီးငယ်များ မီးပုံဘေးမှထွက်ကြပြီး အတွဲများကိုယ်စီဝင်၍ က,နေကြသည်။ ထိုစဉ် သူကြီးသမီးနှစ်ဦးက ကျွန်တော်နှင့် မျောက်တင်သောင်းအား လက်ဆွဲခေါ်ပြီး ခြေဟန်လက်ဟန်ဖြင့် ကရန်ခေါ်တော့သည်။ ကျွန်တော်တို့ အားတုံ့အားနာဖြစ်နေကြစဉ် သူကြီးနှင့်မုဆိုးကြီးက ခေါင်းညိတ်ပြသည်။

ကျွန်တော်တို့ မီးပုံဘေးရောက်တော့ ဗုံသံအလိုက် အမျိုးသမီးများဦးဆောင်သလို လိုက်၍ကရတော့သည်။ တဖြည်းဖြည်း သဘောပေါက်လာ၍ ကကွက်မှာ ဟန်ချက်ညီသွားတော့သည်။ သို့သော် လူပုံအတွဲကလေးများဖြင့် ကရသဖြင့် ကလေးနှင့်လူကြီးက,သလို ရယ်စရာတော့ကောင်းနေသည်။ အရက်ကလေးဝင်ထားသဖြင့် သွေးပူလာတော့သည်။ မရှက်တော့ပါ။ ရဲတင်း၍ ပျော်စရာအလွန်ကောင်းလာသည်။

ကျွန်တော်တို့က,သည်မှာ ဘယ်နှစ်ကျော့မှန်းပင် မမှတ်မိတော့။ ညဉ့်သန်းခေါင်အချိန်ရောက်၍ သူကြီးကမောင်းထုမှ အက,ရပ်ပြီး အခမ်းအနားကို သိမ်းကြသည်။ ထိုစဉ် သူကြီးသမီးအကြီးမက ကျွန်တော့်လက်ထဲသို့ တစ်စုံတစ်ရာ ထိုးထည့်ပေးသွားသည်။ ကျွန်တော်သည်း အမှတ်တမဲ့ယူပြီး အိတ်ကပ်ထဲသို့ ထိုးထည့်ထားလိုက်မိသည်။

ညဉ့်နက်ပြီဖြစ်၍ ကျွန်တော်တို့ သူကြီးအိမ်အောက်ထပ် ကွပ်ပျစ်ပေါ်၌ တန်းစီ၍ အိပ်ကြသည်။ မီးဖို၌ ချက်ပြုတ်နေကြသူများ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းသိမ်းနေကြသူများကတော့ ရှိသေးသည်။ ကျွန်တော်လည်း ပင်ပန်းလွန်း၍ ချက်ချင်း အိပ်ပျော်သွားတော့သည်။ မနက်မိုးလင်း တစ်ရေးနိုးတော့သည်။

မနက်စာအား ကောက်ညှင်းပေါင်း၊ အသားကင်တို့ဖြင့် စား သောက်နေကြစဉ် ယနေ့ည ယဇ်နတ်ပူဇော်ပွဲအတွက် ရွာလေ့ထုံး အတိုင်း ရိုးရာအမဲလိုက်ပွဲတော်ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်မလား ဟု ကျွန်တော်နှင့်မျောက်တင်သောင်းအား မုဆိုးကြီးကတစ်ဆင့် သူကြီး က မေးမြန်းလာပါသည်။

ကျွန်တော်တို့လည်း မုဆိုးအလုပ်ကို ဝါသနာပါသည့်အလျောက် ခေါင်းညိတ်အဖြေပေးလိုက်ရာ မုဆိုးကြီးက လမ်းမမှားစေရန်အတွက် နေရာသစ်သို့မသွားဘဲ ကျွန်တော်တို့လာရာလမ်းဘက်သို့သာ သွားကြ ရန်နှင့် သတိထားဆောင်ရွက်ကြရန် မှာကြားပါသည်။

မနက်(၉)နာရီခန့်တွင် ထမင်းထုပ်ကိုယ်စီ၊ ရေဘူးကိုယ်စီနှင့် သေနတ်ကိုယ်စီဆွဲ၍ ရွာခံမုဆိုးများနှင့်ကျွန်တော်တို့ အရှေ့အနောက် တောင်မြောက်ခွဲကာ တောထဲဝင်ခဲ့ကြပါသည်။ ရွာခံမုဆိုးလူပုကလေး များမှာ ဆိပ်လူးမြားနှင့် တူမီးသေနတ်သာကိုင်ကြ၍ ကျွန်တော်တို့က တစ်ပန်းသာသည်။

သို့သော်လည်း နယ်မြေဒေသကျွမ်းကျင်မှုနှင့် သားကောင် များရှိနိုင်မည့်ဒေသကို သိရန်မှာတော့ သူတို့က သာပါလိမ့်မည်။ ကျွန် တော်တို့ကလည်း အပျော်သဘောမျိုးသာ တောလည်ခြင်းဖြစ်သည် သူတို့၏ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကိုလည်း နားမလည်ပါ

ကံကောင်းသည်ဟု ဆိုရမည်ပင် ထင်ပါသည်။ ကျွန်တော် ယမန်နေ့ကပစ်ခတ်ခဲ့သော လျှိုကြီးအတွင်း သဲသောင်ပေါ်၌ပင် စိုင်အ





နှင့်တောဝက်အုပ် ရေသောက်ဆင်းပြီး နေပူဆာလှုံနေသည်ကို တွေ့ရ သည်။ ကျွန်ုပ်တို့က သည်ဘက်ကမ်းကဖြစ်၍ တစ်ဖက်ကမ်းသဲသောင်ခုံ ပေါ်သို့ အတော်လှမ်းသည်။ ကြိုးတံတားကြီးအား ကူး၍ ပစ်ခတ်ရန် လည်း မဖြစ်နိုင်ပါ။

ကိုက် (၃၀၀) အကွာခန့် ပစ်မှတ်ဖြစ်၍ မျောက်တင်သောင်း ကိုင်ဆောင်လာသော (Greener) သေနတ်မှာ Range ကွာဝေးသော ကြောင့် ထိရောက်မှုမရှိနိုင်ပါ။ ကျွန်တော်ကိုင်ဆောင်သည့် ဒသမ ၃၀၃ အမေရိကန်ရိုင်ဖယ်ကတော့ ထိရောက်နိုင်ပါသည်။

ကမ်းပါးချောက်အစွန်း မပေါ်ဂနိုပင်ကြီး အခြေကိုကပ်၍ နေရာယူရင်း လေးကန်စွာလှုပ်ရှားနေကြသည့် ပြောင်အုပ်အထဲမှ အကြီး ဆုံးနှင့် ဦးချိုအလှဆုံးဖြစ်သော ပြောင်ထီးပိုးကြီးကို ကျွန်တော် ရွေးချယ် လိုက်ပါသည်။ ပြောင်ထီးပိုးကြီးမှာ ပြောင်အုပ်စုခေါင်းဆောင် ဖြစ်ဟန် တူသည်။ ပြောင်မများရေသောက်နေစဉ် သူက ကမ်းစပ်တွင် လှည့်ပတ် ၍ စောင့်ကြပ်နေပြီး နောက်ဆုံးမှ သူတစ်ကောင်တည်း ရေသောက် ဆင်းသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

❑

ကျွန်တော် ဒသမ ၃၀၃ အမေရိကန်ရိုင်ဖယ်ကြီးကို တည်ငြိမ်စေရန် မဟော်ဂနီပင်ခြေရင်းကိုကပ်၍ အသေအချာနေရာယူပြီး အကဲအနု ချိန်သည်။ ပစ်မှတ်ရှေ့ချိန်သီး နောက်ချိန်မှတ်ဗဟိုနှင့် တစ်တန်းတည်းတည့်သည်နှင့် ပထမခလုတ်ကိုဆွဲ၍ ဒုတိယခလုတ်ကို အသက်အောင့်ပြီး ညင်သာစွာ ဆွဲလိုက်တော့သည်။

"ဒိုင်း ..."

ကျွန်တော်ချိန်သော ပြောင်ထီးပိုးကြီး၏ လည်တိုင်ရင်းကို ၃၀၃ ကျည်ဆန်က ကွက်တိ ထိသည်။ အချိန် (၁၀၀) ကျော်မည်ဖြစ်သော ပြောင်ထီးပိုးကြီးမှာ ကမ်းစပ်တွင် လည်ပြန်လည်၍ လဲသည်။





ရေသောက်ဆင်းနေသော တောဝက်အုပ်က အရင်ဆုံးပြေးသည်။ နောက်က ပြောင်အုပ်ကြီးကလည်း ကမူးရှူးထိုးပြေးလိုက်ပြီး တောထဲဝင်သွားတော့သည်။

"ဆရာ့လက်ကလည်း တစ်ချက်တည်းပဲနော်။ ပြောင်ကြီး လူးပ်တောင်မလှုပ်တော့ဘူး"

"ချက်ကောင်းကို မှန်တာလေကွာ။ ဒါကြောင့် ငါ ပဲခူးရိုးမကတည်းက အမေရိကန်ရိုင်ဖယ်ကြီးကို သဘောကျခဲ့တာ။ ဝေးဝေးနီးနီး ထိချက်က စိတ်ချရတယ်"

"ဆရာ ... ဘယ်လိုလုပ်ကြမလဲ။ ဒါကြီးကို ကျွန်တော်တို့နိုင်မှာ မဟုတ်ဘူး"

"ထားလိုက်ပါ ...။ သူတို့ဘာသာ မနေ့ကလို လာသယ်ကြလိမ့်မယ်။ အခု မင်းလုပ်ရမှာက သူကြီးသမီးတွေအတွက် သစ်ခွပန်းခူးဖို့ပဲ။ ဟိုမှာ မဟော်ဂနီပင်ကြီးရဲ့ ချောင်းဘက်ကျနေတဲ့ ကိုင်းမကြီးပေါ်မှာတွေ့လား။

တစ်နိုင်လုံးငွေလို့ မြန်မာလိုခေါ်တဲ့ ဒမ်ဒရိုဘီယမ်မျိုးနွယ်ဝင်သစ်ခွပန်းအုံကြီး ပွင့်နိုင်တွေဝေနေတာပဲ။ အဲဒါ ရှားပါးသစ်ခွမျိုးနွယ်ဝင်ပဲ။ ပွင့်နိုင်တွေ မထိခိုက်အောင်တော့ သတိထား။ ချောင်းဘက်ကိုင်းကျနေတော့ အန္တရာယ်လည်းရှိတယ်"

"ဟုတ်ပါရဲ့ ဆရာရယ်။ တစ်ပွင့်ပေါ်တစ်ပွင့် ထပ်ပြီးပွင့်နေလိုက်ကြတာ အားရစရာကြီးပဲ။ ကျွန်တော်အစောက မမြင်မိဘူး။ ဆရာက မျက်စိအတော်ရှင်တာပဲ"

"မုဆိုးဆိုတာ သားကောင်ကိုချည်း မဲနေလို့မရဘူးလေကွာ။ သဘာဝပတ်ဝန်းကျင်ကိုလည်း လေ့လာသတိထားရမယ်။ မင်းရှေ့ဆက်မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဦးမယ်ဆိုရင်တော့ ငါပြောတာကို မှတ်ထား ...။ ဘယ်တော့မှ မမှားဘူး''

''ဟုတ်ကဲ့ပါ ... ဆရာ။ ဒါနဲ့ညက ဆရာ့ကောင်မကလေးက ဆရာ့ကို လက်ကိုင်ပဝါအဖြူလေးပေးလိုက်တာ တွေ့ပါတယ်။ အဲဒါဘာအဓိပ္ပာယ်လဲ ဆရာသိသလား''

''မသိပါဘူးကွာ ...။ သူပေးတာနဲ့ ငါလည်း အိပ်ချင်မူးတူးနဲ့ အိပ်ထဲထိုးထည့်လိုက်တာ။ ဟော့ဒီမှာ ...''

''ကျွန်တော်သိတယ် ဆရာ။ အဲဒါ ဆရာ့ကို ကောင်မကလေးကလက်ခံကြောင်း အထိမ်းအမှတ်ပြတာတဲ့။ ကျွန်တော် မုဆိုးကြီးကို မေးပြီးလို့ သိရတာ။ ဆရာကတော့ ကံအလွန်ကောင်းတာပဲ။ ကျွန်တော့်ကောင်မလေးကတော့ ကျွန်တော်နဲ့တွဲကပေမဲ့ ပဝါမပေးဘူးဗျ''

''မင်းညံ့လို့ပေါ့။ ကဲ ... တက်မှာသာ တက်စမ်းကွာ။ ပြီးမှ နားနားနေနေ ထမင်းစားရင်း စကားပြောကြတာပေါ့''

''ဟုတ်ကဲ့ ... ဆရာ''

ကျွန်တော့်တပည့် မျောက်တင်သောင်းမှာ မျောက်ကဲ့သို့သစ်ပင်တက်ကျွမ်းကျင်၍ မှည့်ခေါ်ထားသော အမည်ဖြစ်ပေသည်။ သစ်ခွပန်းအုံအား မုဆိုးဓားဖြင့် အသာခွာပြီး တယုတယကိုင်၍ သစ်ပင်ပေါ်မှ ပြန်ဆင်းလာသည်။ သစ်ခွပန်းအုံကြီးမှာ လက်တံကြီး (၅)ခိုင်ထွက်၍ လှပဝေဆာစွာ ဖူးပွင့်နေသည်။

''ဆရာရယ် ... လှလိုက်တာ တအားပဲ။ သူကြီးသမီးတွေတော့ အရမ်းသဘောကျကြမှာပဲ။ ဒါနဲ့သူတို့က ထရုံတိုင်းရင်းသားမဟုတ်ဘူးထင်တယ်။ အရပ်က မပုကြဘူးနော်။ နောက်ပြီး သူတို့အမေလုပ်သူကိုလည်း မတွေ့ရဘူးနော်''





''အေး ... အေး ... တစ်ခုခုတော့ အကြောင်းရှိမှာပေါ့။ သူကြီးမိသားစုက ထရုံတိုင်းရင်းသားမဟုတ်တာတော့ သေချာတယ်။ ငါထင်တာတော့ တိဗက်လူမျိုးတွေလို့ ထင်တယ်။ တိဗက်ဆိုရင်တော့ မဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်တာ။ အခုတော့ ယဇ်နတ်ပူဇော်ပွဲလုပ်မယ်ဆိုတော့ တစ်မျိုးကြီးဖြစ်နေတယ်။ ထရုံတိုင်းရင်းသားတွေရဲ့ နှာမလေ့ပူဇော်ပွဲလည်း ဖြစ်နိုင်တယ်။ နတ်ဆရာဆိုတာလည်း ရှိလိမ့်ဦးမယ်။ အခြေအနေ စောင့်ကြည့်ကြတာပေါ့ကွာ။ ဗဟုသုတရတာပေါ့။

ကဲ ... မျောက်တင်သောင်းရေ၊ မင်းရွာပြန်။ မုဆိုးကြီးက တစ်ဆင့် သူကြီးကိုသတင်းပို့ပြီး ထမ်းမယ့်သူတွေခေါ်ချေ။ ငါ ဒီမှာ စောင့်နေမယ်။ သစ်ခွပန်းအုံကိုတော့ တစ်ခါတည်းယူသွားပြီး သူကြီးသမီးတွေကို ပေးလိုက်''

''ဟုတ်ကဲ့ ... ဆရာ''

မျောက်တင်သောင်း ရွာပြန်သွားတော့ ကျွန်တော်တစ်ဦးတည်း သနတ်ကို ကျည်ထိုးမောင်းတင်ကာ အသင့်စောင့်နေလိုက်သည်။ နာရီဝက်ခန့်အကြာတွင် 'အစ်အစ် ... အူးအူး ... ပလူးပလူး' ဟူသော အသံများကြားရ၍ လှမ်းကြည့်မိရာ တောဝက်အုပ် ရေသောက်ဆင်းလာကြောင်း သိရသည်။

✿ ✿ ✿

www.burmeseclassic.com

[ ၇ ]

❑

ဤတစ်ကြိမ်တွင်တော့ ခေါင်းဆောင်ဝက်သိုးကြီးကိုမပစ်ဘဲ ဝက်ပျိုမတစ်ကောင်ကို ရွေးချယ်၍ အသေအချာချိန်ပစ်သည်။ ဝက်ပျိုမလဲကျစဉ် ရန်မူရန်မာန်တင်းနေသော ဝက်သိုးကြီးကို ဆက်ပစ်ပြန်သည်။

"ဒိုင်း ..."

"ဒိုင်း ..."

ဝက်သိုးကြီးလည်း ချက်ကောင်းမှန်၍ လဲသည်။ ထူးဆန်းသည်မှာ ဦးချိုထောင်၍ သေဆုံးနေသော ပြောင်ထီးပိုးကြီးအား အနီးကပ်ရန်သူအမှတ်ဖြင့် ဝက်သိုးကြီးက သေခါနီးဆဲဆဲ ပြေးပက်ခြင်းဖြစ်သည်။





ပြင်းထန်သောအရှိန်ကြောင့် အချိန် (၁၀၀)ကျော်ရှိမည့် ပြောင်ထီးပိုးအသေကောင်ကြီး နေရာရွေ့သွားသလို ပြောင်ကြီး၏ ကော့ပျံနေသော ကျောက်စိမ်းရောင်ဦးချိုကြီးက တောဝက်သိုးကြီး၏ ရင်ညွန့်ကို ထိုးဖောက်ဝင်သွားခြင်းဖြစ်သည်။

"အု ... အု ... အစ် ... အစ်"

ဟူသာ အသံကြားရပြီး ဝက်သိုးကြီးလည်း ပြောင်ကြီးပေါ်တွင် အုပ်မိုး၍ လဲကျငြိမ်သက်သွားတော့သည်။

မကြာမီ ...

"ဂူး ... ဂူး ... ဂူး"

ဟု တောအူသံပေး၍ မျောက်တင်သောင်းတို့ ရောက်လာကြသည်။

"ဆရာ ... သေနတ်သံခပ်အုပ်အုပ်တစ်ချက် ကြားလိုက်ရတယ်။ ဘာကောင်ပစ်တာလဲ ဆရာ"

"တစ်ချက်မဟုတ်ဘူး၊ နှစ်ချက်ကွ။ ရွာလူထု ဝဝလင်လင်စားရအောင် တောဝက်နှစ်ကောင် ထပ်ပစ်ထားတာ။ ဝက်သိုကြီးသိုကို ဝိုက်လိုးဖို့လည်း ပြောလိုက်ဦး"

"မုဆိုးကြီးလည်း ပါလာတယ်ဆရာ။ ဆရာကတော့ အမှတ်ပြီးရင်း ရရင်းပဲဗျို့။ သူကြီးသမီးတွေကလည်း သစ်ခွပန်းကို အလွန်ကြိုက်ကြတယ်"

"အေးလေ ...။ အဲဒါမကောင်းဘူးလား"

"ကောင်းလွန်းလို့ ... ဆရာတော့ ခက်လိမ့်မယ်။ သူကြီးသမီးတွေက ဆရာ့ကိုကြိုက်လို့ သူ့အဖေသူကြီးကိုပူဆာရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . အဲဒါတော့ မဖြစ်ဘူးလေ။ ငါ့မှာလည်း လက်ထပ်တော့မယ့်ချစ်သူ ရှိသေးတယ်လေ"

"ကျွန်တော်လည်း သိပါတယ်ဆရာ။ ဒါပေမဲ့ . . ."

"ဒါပေမဲ့ ဘာဖြစ်သေးသလဲ မျောက်တင်သောင်းရဲ့"

"ဟဲ . . . ဟဲ . . . ဟဲ . . .။ ဒါပေမဲ့ပဲ ထားလိုက်ပါတော့ ဆရာရယ်"

ထိုအချိန်တွင် မုဆိုးကြီးက သူခေါ်လာသော လူများအား သားကောင်များ ကောက်နိုင်းမှာကြားနေပြီးနောက် ကျွန်တော်တို့ဘက်သို့လှည့်လာကာ မျောက်တင်သောင်းပြောစကားကို နားစွန်နားဖျား ကြားလိုက်ဟန်ဖြင့် . . .

"ဒါပေမဲ့ . . . ငါဆက်ပြောမယ်။ သူကြီးနဲ့ သူ့သမီးတွေက ဆရာ့ကို အရမ်းသဘောကျနေတယ်။ ရွှေတုံးတွေ အများကြီးပေးမယ် သူ့သမီးတွေကို လက်ထပ်နိုင်မလားလို့ ငါ့ကိုမေးခိုင်းလိုက်တယ်"

"ကျွန်တော့်မှာ လက်ထပ်ရမယ့်သူ အဆင်သင့်ရှိပါတယ် မုဆိုးကြီး။ နောက်ပြီး ကျွန်တော်က အစိုးရဝန်ထမ်းပါ။ ပြည်မ,ပြန်ရဦးမှာပါ။ မဖြစ်နိုင်ပါဘူး မုဆိုးကြီးခင်ဗျား"

"အေး . . . အဲဒါ အခက်ပဲ။ ငါကလည်း ငါပြောပေးမယ်လို့ စကားကျွံသွားမိပြီ။ မီးစင်ကြည့်က,ကြတာပေါ့"

"ကဲ . . . အဲဒါတွေ အသာထားတော့။ ကျွန်တော်တို့ဗိုက်ဆာလာပြီ ထမင်းစားတော့မယ်။ မုဆိုးကြီးလည်း ဝင်စားပါလား"

"ဆရာလေးတို့ စားတော့။ ငါစားပြီးပြီ"

ကျွန်တော်တို့ ထမင်းထုပ်များအား ဖြေစားအပြီးတွင် အထမ်းသမားများ မနိုင်မနင်းဖြင့် တောကောင် (၃)ကောင်အားထမ်း၍ တက်





လာကြသည်။ ပြောင်သေကြီးအားထမ်းရန် လူ(၆)ယောက်သာလိုက်လာရာ တောဝက် (၂)ကောင်ပါ အပိုထမ်းရသဖြင့် မနိုင်မနင်းဖြစ်နေကြခြင်း ဖြစ်သည်။ မုဆိုးကြီးနှင့်မျောက်တင်သောင်းပါ ဝိုင်းထမ်းမှ အဆင်ပြေသွားကြတော့သည်။

ကျွန်တော်တို့အဖွဲ့ ရွာပြန်ရောက်တော့ သူကြီးနှင့် သူကြီးသမီးနှစ်ဦးက ခြံပြင်သို့ ထွက်ကြိုကြသည်။ အစောဆုံး ပြန်လာနိုင်ပြီး သားကောင်အကြီးဆုံးနှင့် အများဆုံးရသူမှာ ကျွန်တော်သာဖြစ်သည်။ သူကြီးအိမ်ထဲရောက်၍ ကျွန်တော်တို့အနားယူသည်နှင့် သူကြီးသမီးနှစ်ဦးက သစ်ခွပန်းများပန်ထားပြီး ညကတိုက်သည့်အရက်ကို ခွက်ထဲငှဲ့ထည့်ပေးပြီး တိုက်ပြန်သည်။ ကျွန်တော်က ထမင်းစားသဖြင့် ငြင်းပယ်ရန်အလုပ် မုဆိုးကြီးက ဂုဏ်ပြုခြင်းဖြစ်၍ မငြင်းပယ်ရန်နှင့် နိုင်သလောက်သာသောက်ရန် သတိပေးသည်။

ထို့ကြောင့် တစ်ခွက်သောက်လိုက်ရသည်။ နောက်တစ်ခွက်ကိုထပ်ထည့်ပြီး အဒွန့်ဆိပ်ဟုပြောသဖြင့် ကျွန်တော် သူကြီးသမီးနှစ်ဦးနှင့်အတူ တစ်ခွက်တည်း သုံးယောက်တစ်ပြိုင်တည်း သောက်ရတော့သည်။ ထို့နောက် ကျွန်တော့်အား ကွပ်ပျစ်ပေါ်၌ အိပ်ရာခင်းပေးပြီး အနားယူစေပါသည်။

သူကြီးသမီးနှစ်ဦးက တစ်ဖက်စီထိုင်ပြီး ကျွန်တော့်အား မှက်ခြင်မကိုက်စေရန် ယပ်ခတ်ပေးနေကြသည်။ ကျွန်တော်လည်း အရက်ရှိန်နှင့် စည်းစိမ်ခံရင်း အိပ်ပျော်ခြင်းသို့ ရောက်သွားသည်။ အိပ်မက်ထဲတွင်ရာ နတ်ဆရာတို့သတိထားရန် ဝမ်ခမ်းအိုင်မှအဘိုးက လာရောက်သတိပေးနေသည်ကို ထင်ထင်ရှားရှား မြင်မက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

ကျွန်တော် အိပ်ရာကနိုးတော့ သူကြီးသမီးနှစ်ဦး မရှိကြတော့ပါ။ အနီးတွင် မျောက်တင်သောင်းသာ အိပ်ပျော်နေသည်။ မုဆိုးကြီးနှင့်သူကြီးက စားပွဲတွင်ထိုင်၍ ဖန်ခါးရည်သောက်ရင်း စကားပြောနေကြသည်။ ညနေစောင်းပြီဖြစ်၍ အမဲလိုက်မုဆိုးများ ပြန်လာကြပြီဖြစ်ရာ တောကောင်ပေါင်းစုံမှာ တန်းစီနေသည်။ ဖျက်သူဖျက်၊ ချက်သူချက်နှင့် အလွန်အလုပ်ရှုပ်နေကြသည်။

ထိုစဉ်မုဆိုးကြီးက ...

"ဆရာလေး ...နိုးပြီလား။ ဒီမှာလာထိုင်လေ။ ဒီနေ့ပွဲကတော့ ဆရာလေးပွဲပဲ။ တောကောင်အကြီးဆုံးနဲ့ အများဆုံးရတာမို့ ညကျဆုချရင် ရွှေတုံးတွေရလိမ့်မယ်"

ကျွန်တော်မျက်နှာသစ်ပြီး ဖန်ခါးရည်စားပွဲသို့ ဝင်ထိုင်သည်။ ထိုစဉ် သူကြီးက တစ်စုံတစ်ရာအော်လိုက်သည်နှင့် သူကြီးသမီးနှစ်ဦး





ရွှေလင်ပန်းကိုယ်စီကိုင်၍ အပေါ်ထပ်မှ ဆင်းလာကြသည်။ ယနေ့ ပွဲတော်ချက်မှီထင်ပါသည်။ သင်တိုင်းရှည်များ ကိုယ်စီလုံခြုံစွာ ဝတ်ဆင်ထားကြပြီး ရွှေများဝတ်ဆင်ထားသည်မှာလည်း ဝင်းဝင်းလက်နေသည်။

ကျွန်တော့်အား လင်ပန်းများချပေးရာ အကြီးမလင်ပန်းထဲ၌ ချပ်ခုတ်သင်တိုင်းရှည်နှင့် အငယ်မလင်ပန်းထဲ၌ ဦးထုပ်နှင့် တာကင်သားရေဖိနပ်တို့ ဖြစ်ကြသည်။ ဦးထုပ်မှာ ကတ္တီးသားရေ၊ သားမွေးဦးထုပ် နီညိုရောင်ဖြစ်သည်။ ရေချိုးပြီးလဲရန်လည်း လက်ဟန်ခြေဟန်ခြင်း ပြုသည်။

ကျွန်တော်ရေချိုးပြီး သင်တိုင်းရှည်ကြီးကို ဝတ်ကြည့်တော့ ရောင်းရောင်းဖြစ်နေသည်။ သို့မှ အကြီးမက ခါးစည်းကြိုးကို လာပေးသည်။ ခါးစည်းကြိုးစည်းလိုက်မှ ပုံစံကျသွားပြီး ကြည့်ပျော်ရှုပျော်ဖြစ်သွားသည်။ ဦးထုပ်ဆောင်း၍ ဖိနပ်စီးလိုက်တော့ အတော်သပ်ရပ်သွားတော့သည်။ ထရုံလူရှည်တစ်ဦး ပုံစံပေါက်သွားဟန်တူပါသည်။

မှောင်စပျိုးသည်နှင့် ပွဲစသည်။ ယဇ်ပူဇော်ပွဲမှာ ရွာအနောက်အက်တောင်ကြား မြေပြန့်ကလေးပေါ်တွင် လုပ်ကြခြင်းဖြစ်သည်။ အထက်အဆင့် တောင်ခေါင်းထဲတွင် ယဇ်နတ်ရုပ်အား မီးများထွန်း၍ ပူဇော်ထားသည်။ ယဇ်နတ်ရုပ်တုမှာ ရွှေရောင်ဝင်းနေပြီး နဖူးတွင်မျက်လုံး (၁)လုံး အပိုပါသဖြင့် မျက်လုံး (၃)လုံးဖြစ်သည်။

မျက်လုံးမှာ စိန်တုံးများ ဖြစ်ဟန်တူသည်။ ဝင်းဝင်းလက်နေသည်။ လက်ကတော့ မများပါ။ နှစ်ဖက်တည်းသာ ဖြစ်သည်။ မျက်နှာမှာ ကျွန်တော်တို့ ဗုဒ္ဓဝင်ပန်းချီကားမှ မာရ်နတ်နှင့်တူသည်။ နတ်ဆရာမှာလည်း ထရုံလူပုကလေးမဟုတ်။ အရပ်မြင့်ပြီး အသားဖြူသည်။ ခြင်တော့ မာရ်နတ်ရုပ်နှင့် တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ဖတ်သရဇ္ဈာယ်ပြီး ရွှေရည်သုတ်ထားသော တောင်ဆိတ်တစ်ကောင်ကို ထရုံလူပုကလေးတစ်ဦးက ဆွဲလာသည်။ နတ်ဆရာရှေ့ရောက်သည်နှင့် တိုင်တွင်ချည်ထားရာ နတ်ဆရာက ထက်မြက်လှသော ဓားကောက်ကြီးကို ဝှေ့ယမ်းနေစဉ် လူပုကလေးတစ်ဦးက ရွှေခွက်ကို ယူလာပြန်သည်။

ထိုစဉ် နတ်ဆရာက ကောင်းကင်သို့မော့ကြည့်ပြီး ဓားသိုင်းက,သလို က,ရင်း တောင်ဆိတ်လည်ပင်းအား တစ်ချက်တည်း ပိုင်းချလိုက်တော့သည်။ တောင်ဆိတ်ခေါင်းပြတ်သွားသည်နှင့် ရွှေခွက်ကိုင်သူက ပြေး၍ သွေးခံသည်။ တောင်ဆိတ်မှာ တဖြည်းဖြည်း ဒူးညွှတ်ပြီး လဲကျသွားတော့သည်။ ထိုစဉ် အားလုံးက ဗိုင်းအော်သည်။

''ကရတေး . . . ကရတေး . . . ကရတေး''

'အောင်ပြီ' ဟု အော်ဟန်တူပါသည်။ ပြီးနောက် နတ်ဆရာက တောင်ဆိတ်သွေးကို အရင်သောက်ပြီး ပွဲလာလူကြီးများအား တစ်ငုံစီလိုက်တိုက်တော့သည်။ သူကြီးနှင့်မှဆိုးကြီးတို့က သောက်ကြသည်။ ကျွန်တော့်အလှည့်တွင် ကျွန်တော်က ငြင်းဆန်ရန်ဟန်ပြင်ပြီးမှ နတ်ဆရာက မျက်ထောင့်နီကြီးဖြင့် ကြည့်နေသဖြင့် ပြဿနာမဖြစ်စေရန်အတွက် ခွက်ကိုမော့၍ သောက်ချင်ဟန်ဆောင်လိုက်ရသည်။ မျောက်တင်သောင်းကတော့ တကယ်သောက်သည်။

နတ်ဆရာအကြည့်ကို ကျွန်တော်မကြိုက်ပါ။ ကျွန်တော့်အား မနာလိုမုန်တီးသည့် အကြည့်မျိုးဖြစ်သည်။ ယဇ်ပူဇော်ပွဲပြီးတော့ ဆုပေးပွဲဖြစ်သည်။ သားကောင်အကြီးဆုံးနှင့် အများဆုံးပစ်နိုင်သူ ကျွန်တော့်အား သူကြီးကိုယ်တိုင်က စလွယ်သိုင်း ရွှေကြိုးကြီးတစ်ကုံးကို ဝတ်ဆင်ပေးသည်။

---

စိတ်ကူးသစ်စာပေ



သူကြီးသမီးအကြီးမက အရည်ကောင်းသော ကျောက်စိမ်းလည်ဆွဲကြီးတစ်ကုံးကို ဆင်ယင်ပေးသည်။ အငယ်မက ရွှေလင်ပန်းဖြင့်ထည့်လာသော လက်သီးဆုပ်ခန့်ရှိ ရွှေရိုင်းတုံးငါးတုံးအား အဝတ်စိတ်ထဲထည့်၍ ဂုဏ်ပြုပေးအပ်သည်။

သူတို့ရိုးရာဓလေ့မှာ မုဆိုးသူရဲကောင်း ရွှေးချယ်ပွဲပုံစံမျိုးဖြစ်သည်။ ဆုပေးပွဲပြီးတော့ ပရိသတ်က 'ဟေး . . . ဟေး . . . ဟေး' ဟုဝိုင်းအော်ပြီး ကောင်းချီးပေးကြသည်။ နတ်ဆရာကတော့ ကျေနပ်ဟန်မပြ။ ကျွန်တော့်ကိုသာ တစ်ချိန်လုံး စောင့်ကြည့်နေသည်။

ပူဇော်ပွဲပြီးတော့ သူကြီးအိမ်ရှေ့သို့ပြန်လာကြပြီး တစ်ရွာလုံးကို အရက်၊ အသားဟင်းတို့ဖြင့် ဧည့်ခံသည်။ မီးပုံကြီးဖုတ်၍လည်း က,ကြသည်။ စားလိုက်သောက်လိုက် က,လိုက်ဖြင့် အလွန်ပျော်စရာကောင်းသည်။ ယနေ့ပျော်သော်လည်း ကျွန်တော်မူးအောင် မသောက်ခဲ့ပါ။

နတ်ဆရာမျက်နှာကိုသာ တစ်ချိန်လုံးမြင်နေမိပြီး ဝမ်ခမ်းအိုင်က သူတော်စင်အဘိုး၏ သတိပေးချက်ကို တစ်ချိန်လုံးသတိရနေသောကြောင့် ဖြစ်ပါသည်။ နတ်ဆရာနှင့်ကျွန်တော်မှာ မည်သည့်ရန်ငြိုးမျှလည်းမရှိပါ။ သို့သော် တွေ့တွေ့ချင်း သူနှင့်ကျွန်တော် အဆင်မပြေသည်ကတော့ သေချာသည်။ နောက်ဆုံး စဉ်းစားမိသည်မှာတော့ သူကြီးသမီးများကိစ္စပင် ဖြစ်ပေလိမ့်မည်။ မ,ဘက်လိုက်၍ မိုက်ဇာတ်မသိမ်းရန် ကျွန်တော်သတိထား၍ ဆင်ခြင်နေမိပါတော့သည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com




# [ ၁ ]

❑

စိန်တောင်။

စိန်တောင်ဆိုသည်က ပဲခူးရိုးမကြီးအတွင်းရှိ မြင့်မားလှသည့် တောင်ကြီး၏အမည်ပင်။ ထိုအမည် ဘာကြောင့်တွင်ရသနည်းဆိုသော် တောင်မြင့်ကြီး၏ မျက်နှာပြင်အပေါ်သားတွင် သဘာဝအလျောက် 'မြိုင်များဖြစ်ထွန်းနေပြီး နံနက်ခင်းထွက်ပြူစ နေရောင်အောက်တွင် ချိုပြက်ပြက်နှင့် ရောင်ပြန်တို့ ပြန်လည်ဟပ်နေလေသည်။

ထိုမြင်းကွင်းကို တောတွင်းဝင်ရောက် လုပ်ကိုင်ရှာဖွေစား သောက်နေကြသည့် တောသူတောင်သားတို့နှင့် မုဆိုးလုပ်သူတို့က နေ့စဉ် တွေ့မြင်နေကြရပြီး ယခုလို ရောင်ပြန်ဟပ်ခြင်းကို အစွဲပြုကာ ထိုတောင်ကြီးကို 'စိန်တောင်ကြီး'ဟု ခေါ်ကြရင်း ထိုအမည် တွင်သွားရခြင်းပင် ဖြစ်လေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်ကြီးအနီး ဝိဇ္ဇာတောင်ကြီးအတွင်း ‘ပျားကြီးဂူ’ တွင်လည်း သုံးပန်လှမင်းသမီးကလေး၏ ဆေးစီရင်ထားသော ရုပ်ကလာပ်အဖိုးထိုက်တန်လှသည့် ရတနာများတို့အပြင် ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် ကျောက်ဆင်၊ အခြားသော ထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်များတို့အပြင် ယခုအချိန်ထိတိုင် အဖြေရှာလို့မရသေးသည့် ထူးဆန်းအံ့ဩဖွယ်ရာတို့နှင့် ထုံမွှန်းနေသည့် နေရာတစ်ခုလည်း ဖြစ်ပေသည်။

ပဲခူးတိုင်းအနောက်ပိုင်း၊ နတ္တလင်းမြို့၏ အရှေ့မြောက်ယွန်းယွန်း၊ မိုင်အားဖြင့် (၃၀) ကျော် အကွာအဝေးတွင်ရှိသည်။ အခြားသောတောင်များဖြစ်ကြသည့် ‘ပန်းတောင်၊ ဝိဇ္ဇာတောင်၊ ပျားကြီးတောင်၊ စောဖြူတောင်၊ သံမှိုတောင်’ ကြီးတို့ကလည်း ရှိနေကြသည့်အလယ်ရိုးမခပ်နက်နက်အတွင်းပိုင်းဆီပင်။

တောကနက်လွန်းသဖြင့် ထိုနေရာတွင် သစ်ခွပန်းမျိုးစုံ၊ တောပန်းတောင်ပန်း၊ အဖိုးတန်သယံဇာတရတနာမျိုးစုံ၊ ဂမုန်းပင် မျိုးစုံသလိုသားကောင်မျိုးက စုံလှသည်။ အန္တရာယ်မျိုးကလည်း စုံသည်။ ပေါက်ရောက်ရာအပင်ကြီးတို့ကလည်း ‘ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ သစ်ရာ၊ ပိတောက်၊ မှတ်ကျောက်၊ ဆိတ်ချေးပင်’ ကြီးများအပြင် အခြားသီးပင်စားပင်တို့နှင့်အတိ။

ထိုအထဲ ဝါးရုံတောကြီးများ ချုံနွယ်တောကြီးများ၊ ဝါးနွယ်တောကြီးတို့အပြင် လျှို၊ မြောင်၊ ကျောက်ပြန့်အိုင်၊ တောင်ကျချောင်းစသည်တို့ကလည်း ထပ်မံအားဖြည့်ထားကြရာ ရိုးမကြီးက ပိပြင်လွန်းနေသည်က အမှန်။

ယခုတစ်ခေါက် ကျွန်တော်တို့အဖွဲ့ အမဲပစ်ထွက်ခဲ့ကြသည့်ခရီးက ထိုနေရာဆီကို ဦးတည်ထွက်လာခဲ့ကြခြင်းပင်။

---

စိတ်ကူးသစ်စာပေ



အဘကောင်း၊ အစ်ကိုကြီး ဦးသိန်းလွင်နှင့် ကျွန်တော်တို့သုံးယောက်က သေနတ်များအပြင်၊ ပစ္စည်းအချို့ကို ဆင်ဦးစီး‘စောစိန်သန်း’ တို့ကတစ်ဖွဲ့၊ ကျန်လူငယ် (၄) ယောက်နှင့်ဆင်ဦးစီး ‘စောကပေါ်ထူး’တို့ဆင်တစ်စီးနှင့်၊ ရှေ့ဆင့်နောက်ဆင့်ထွက်လာခဲ့ကြရင်း ကျွန်တော်က …

“စောစိန်သန်း …အဲဒီစိန်တောင်ဘက်ကို သွားရမယ့်လမ်း ဒီတစ်လမ်းပဲရှိသလားကွ”

“ဘယ်ဟုတ်မလဲဝေ့ …ရွှေကလေး တောင်ဘက်ကလည်း လို့ရသပ။ အဲဒီကိုရောက်ရင် ညာဒဝဲရွာကနေ တောင်ကိုဖြတ်ပြီး တောင်နဲ့ သံတောင်တို့ကျော်လိုက်ရင် ပျားကြီးတောင်နဲ့ ဝိဇ္ဇာတောင်ကို ရောက်တယ်လေကွာ။ နင်တို့အဲဒီခရီးကို သွားနိုင်မယ့်ပုံ မရပူးဟယ်”

“ဟုတ်ပါမလား …။ ဘာ့ကြောင့်တုံး စောစိန်သန်းရဲ့”

“နင်တို့ပုံစံတွေကို ငါကြည့်ရတာ မုဆိုးဝါသနာရှိရုံလောက်ကောင်တွေပကွာ။ တကယ့်မုဆိုးတွေလို ခံနိုင်ရည်ရှိတဲ့ကောင်မျိုးတွေဟုတ်ဘဲ။ အဲဒီလမ်းခရီးက ကြမ်းပြီး အန္တရာယ်လည်း သိပ်များတဲ့တွေလေ။ နင်တို့လို ခတ်ရှင်မင်းသားအိုက်တင်မျိုးတွေနဲ့ သေနတ်တိုးရှိလို့သာ။ နို့မို့ရင် ကျားစား၊ ဆင်နင်း၊ ဝံကိုက်ခံကြရမယ့်ပုံစံ”

တောသူတောင်သား ဆင်သမားတို့ပီပီ ရိုးသားကြသူတို့မို့အတိုင်း သူ့အမြင်ကို ပြောလိုက်သည်မို့ ကျွန်တော်တို့သုံးဦးလိုက်ကြရင်းက …

“နင့်ဆင်ပေါ်ကနေ သေနတ်ပစ်လို့ရသလား”

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဘာကြောင့်မေးတာလဲ ဝေ့''

''ငါတို့လမ်းမှာ သားကောင်တွေ့ရင် ဟင်းစားလေးပစ်ကြမလို့ပေါ့''

''မပစ်တာ ကောင်းပါတယ်ကွာ။ ဟင်းစားကို ငါရှာကျွေးပါ့မယ်''

''ဘာကြောင့်လဲကွ။ ဘာလို့မပစ်ရမှာလဲဆိုတဲ့ အကြောင်းကို''

''ဟိုပြီးခဲ့တဲ့သုံးနှစ်လောက်က တောပစ်အဖွဲ့တစ်ဖွဲ့ ရောက်လာတယ်ကွ။ ထောင်ထွက်ကြီးသိန်းဝင်းဆိုလား ဘာလား သူတို့အဖွဲ့ကွာ''

''ထောင်းမှူးကြီးသိန်းဝင်း ဖြစ်ပါလိမ့်မယ်ကွာ မင်းကလည်း''

''အေး . . . အေး . . . ဟုတ်တယ်။ အဲဒီလိုခေါ်တယ်။ ထူးတော့လည်း သိပ်မထူးပါဘူးကွာ။ သူလည်း ထောင်ထဲမှာနေပြီး အပြင်ကိုထွက်လာတာပဲ။ ထောင်မှူးနဲ့ထောင်ထွက် သိပ်မကွာပါဘူး။ ထောင်ထဲကချည်းပါပဲ''

သူ့အပြောကြောင့် ကျွန်တော်တို့ ဝိုင်းရယ်မောလိုက်ကြရင်းက . . .

''အေး . . . ဟုတ်ပါပြီ။ သူတို့လာတော့ ဘာဖြစ်လို့လဲ ဆက်ပါဦး''

''ဟာ . . . လမ်းတစ်လျှောက်လုံး ဆင်ပေါ်မှာ အရက်သောက်လာလိုက်တာ လမ်းများ တောငွေးပင်အောက်ကြွေကျထားတဲ့ ငွေးသီးကို ချေတစ်ကောင်ကစားနေတာကို တွေ့လိုက်တော့ မပြောမဆို ဆင်ပေါ်က သေနတ်နဲ့ လှမ်းပစ်လိုက်တယ်ကွာ''

''ဟုတ်လား . . . ထိသွားလားကွ''

''ဘယ်ထိမှာလဲ။ ဆင်ကလည်း အမှတ်တမဲ့ သူ့ကျောပေါ်က





ပေါက်ကွဲသံကြီးကို ကြားလိုက်တော့ လန့်ပြီး စွတ်ပြေးလိုက်တာ ချွန်းအုပ်လို့တောင် မရဘူး ဝေ့။ သူ့တပည့်နှစ်ယောက်ကလည်း မူးနေတော့ ဆင်ပေါ်ကပြုတ်ကျ။ သူပဲကျန်ခဲ့တော့ ရှေ့ကကန့်လန့်ခံနေတဲ့သစ်ကိုင်းနဲ့ ရိုက်မိပြီး အောက်ပြုတ်ကျတာ မနည်းနှာနှပ်ယူလိုက်ရတယ်ကွ။ ဒါကြောင့် မပစ်ဖို့တားတာပဲ ဝေ့''

သူ့အပြောကြောင့် ကျွန်တော်တို့သုံးဦးသား ဝိုင်းရယ်မောလိုက်ကြသည့်အသံက ဝန်းကျင်ကို လွှမ်းသွားပေသည်။

ကျွန်တော်တို့အုပ်စု ကရင်တောရွာကလေးများ ဖြစ်ကြသည့် 'ခုနစ်ကြိုက်ရွာ၊ ထိလေးပိုးရွာ၊ လေးအိမ်စုရွာ' တို့မှ မိတ်ဆွေများဖြစ်ကြသည့် 'ကီးကီးနှင့် ဆာဝါးတို့နှစ်ဦးအား ခေါ်ယူခဲ့ကြပြီ၊ လေးအိမ်စုမှထွက်ကြတော့ ရည်မှန်းလာကြသည့် စိန်တောင်ကြီးဘက်ဆီသို့ ထွက်ခွာလာခဲ့ကြပေသည်။

ဆင်နှင့် စီးနင်းလိုက်ပါခဲ့ကြရသည်ဆိုသော်လည်း ရေရှည်ခရီးဆိုတော့ သက်သာလှသည်တော့ဖြင့်မဟုတ်။ လမ်းတစ်လျှောက် လျှိုမြောင်၊ ချိုင့်ဝှမ်း၊ လွင်နှင့် ပြန့်များကို ဖြတ်ကျော်ကြရသလို တောချုံနွယ်ပင်ကြီးများ၊ ကြွက်နွယ်တော၊ ဒေါင့်ဒလောင်တော၊ ဝါးရုံတော၊ ကျူတော၊ ကိုင်းတော၊ ဖုန်းဆိုးတော၊ တစ်ကုန်းကျော်တစ်တောင်တက်၊ တစ်လျှိုကိုတိုးလာခဲ့ကြရသဖြင့် ပင်ပန်းလွန်းလှသည်။ သို့သော် မညည်းခဲ့ပေ။ ဆင်ဦးစီးစောစိန်သန်း၏အပြောကို ထပ်မံပြီး မခံလိုသည့်အတွက် အောင့်အည်းသည်းခံ လိုက်ခဲ့ကြရပေသည်။

တော်နေသေးသည်က လမ်းတစ်လျှောက် မည်သည့်သားကောင်ကိုမျှ မတွေ့မြင်ခဲ့ကြရခြင်းပင်။ အကယ်၍ တွေ့မြင်ပါကလည်း မည်သို့မျှ ပစ်ခတ်လို့ရမည့် အခြေအနေမျိုးမရှိ။ သို့သော် သားကောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ မရှိ၍တော့ဖြင့်မဟုတ်။ ဝိန်းခံနေသည့် တောကြီးဖြစ်သည့်အမြင့်ယခုလို အချိန်များဆိုသည်က သူတို့လုံခြုံစိတ်ချရမည့်နေရာတွင် ပုန်းနိုအိပ်စက်နားနေသည့်အချိန်မျိုး မဟုတ်ပါလား။

ညနေသုံးမောင်းကျော်ကျောင်လောက်တွင် 'ကျောက်ခေါင်းအိုင်' ဆိုသည့် ရွာကလေးဆီသို့ ရောက်ခဲ့ကြသည်။ ရှေ့ကို ခရီးဆက်ကြဖို့အတွက် လမ်းတွင် တောဆင်ရိုင်းအုပ်တို့ရန်ကြောင့် ရှေ့ဆက်မသွားကြဘဲ ထိုနေရာတွင် လုံခြုံစိတ်ချရမည့်နေရာတွင် ရပ်ကာ ညအိပ်ရန်နားဖို့ စီစဉ်လိုက်ကြပေသည်။

စောစိန်သန်းနှင့် စောကပေါ်ထူးတို့က ဆင်များကိုလွှတ်ကျောင်း အစာကျွေးနေကြသလို၊ ကီးကီးနှင့်ဆာဝါးတို့က ဟင်းစားရှာကြဖို့ သူတို့တွင်ပါလာကြသည့် ဒူးလေးနှင့်မြားကျည်တောက်ကို လွယ်ပိုးကာ ထွက်ခွာဖို့ပြင်ဆင်နေသလို လူငယ်အုပ်စုက ထမင်းနှင့်ဟင်းချက်ပြုတ်ရန်နှင့် ညရေးညတာအတွက် မီးဖိုရန် ပြင်ဆင်သူကပြင်ထင်းခြောက်ရှာသူကရှာနှင့် လုပ်နေစဉ် စောစိန်သန်း အနီးသို့ရောက်ရှိလာပြီး . . .

"ဆာဝါးနဲ့ ကီးကီး . . . ဟင်းစားရှာထွက်မလို့လား"

"အေးလေကွာ"

"မထွက်နဲ့။ မင်းတို့ ချိုးရိုက်တတ်ကြလား။ အိပ်တန်းကို ငါတွေ့ထားတယ်"

"မရိုက်တတ်ဘူး ဝေ့။ ပစ်ပဲပစ်တတ်ပကော"

"ဒါဆို မထွက်ကြနဲ့တော့။ ငါရိုက်ကျွေးမယ်။ ခု နင်တို့နှစ်ယောက် ချောင်းထဲကိုဆင်းပြီး ငါးရှာကြ။ ညောင်ချဉ်ဖူးနဲ့ ချက်စားကြမယ်"





"အေး . . . အဲဒါဆိုအတော်ပဲ၊ ငါတို့ ငါးသွားစမ်းမယ်"

သူတို့နှစ်ဦး ဒူးလေးနှင့် မြားကျည်တောက်တို့ကို ပြန်ချထားလိုက်ပြီး ငါးရှာဖို့ ချောင်းအတွင်းဆင်းရန် ပြင်ဆင်နေစဉ် ကျွန်တော်က . . .

"စောစိန်သန်း . . . မင်းချိုးအိပ်တန်းက ဘယ်နားမှာလဲကွ။ နှစ်လုံးပြူးနဲ့ သွားခေါ်လိုက်ကြရအောင်။ မကောင်းဘူးလား"

"မကောင်းဘူးဟ။ နင့်သေနတ်သံကြားရင် အကုန်ပျံပြေးကြမှာပေါ့။ နင်ပစ်လို့အလွန်ဆုံးရလည်း ဆယ်ကောင်ပေါ့"

"အေးလေကွာ။ ဆယ်ကောင်ရလည်း စားရတာပေါ့ကွ"

"ဒီလူအုပ်နဲ့ ဘယ်လောက်မလဲ . . . ငါ့ကောင်ရ။ နံတောင်စွပ်ကြမှာမဟုတ်ဘူး"

"ဒါဆို နင်ဘယ်တော့သွား ရိုက်မှာလဲ"

"ဟဲ့အကောင် . . . နင်က မုဆိုးလုပ်နေပြီး ချိုးအိပ်တန်းရိုက်ပါတယ်ဆိုမှ ဘယ်အချိန်ရိုက်သလဲ မေးနေရသေးလား။ သူတို့အိပ်တဲ့အချိန်ညပိုင်းမှ ရိုက်ရတာပေါ့"

သူ့အပြောကြောင့် နားထောင်နေကြသည့် အဘကောင်းနှင့်အစ်ကိုကြီး ဦးသိန်းလွင်တို့နှစ်ဦး ရယ်မောနေကြသည်ကို တွေ့လိုက်ရပေသည်။

လူငယ်အဖွဲ့ ထမင်းအိုးတည်ပြီး အိမ်မှယူဆောင်လာခဲ့ကြသည့် ငါးခြောက်ထောင်းကျော်နှင့် အရက်ကို ကျွန်တော်တို့သောက်စားကာ ငါးရှာသမားများအပြန်ကို စောင့်နေလိုက်ရာ အတန်ကြာတော့ ပြန်လာကြသည်။ သူတို့လက်တွင် ကြိုးနှင့်သီကာဆွဲယူလာသည့် ငါးတို့ကိုကြည့်လိုက်ရာ 'ငါးပတ်ငါး' ကြီးကိုတော့ ကျွန်တော်သိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်ငါးသုံးကောင်ကို ဘာငါးမှန်းမသိ၍ မေးမြန်းကြည့်လိုက်တော့ 'ငါး
အိုက်' ဟုခေါ်ကြောင်း သူတို့ကပြောသဖြင့် သိလိုက်ရပေသည်။ ပုံစံ
ကပင်လယ်တွင်းမှ ငါးမန်းပုံစံမျိုး။ တစ်ကောင်လျှင် ငါးဆယ်သား
အထက်။

ငါးအိုက် (၃) ကောင်ကို ခုတ်ထစ်လှီးဖြတ်ကာ ညောင်ချဉ်ဖူး
နှင့် ဟင်းတစ်ခွက်ချက်လိုက်ပြီး ကျန်ငါးပတ်ကို ကြော်လိုက်သည်မှ
အမြည်းကောင်းတစ်ပွဲဖြစ်သွားသည်က အမှန်။

ကျွန်တော်တို့ ထမင်းစားသည့်အချိန်သည် အမှောင်ဘက်ကို
လှနေပြီမို့ အိပ်တန်းတက်ကျေးငှက်သံ၊ တောကြက်ဖငယ်တို့ တွန်ကျူး
သံ၊ မျောက်အော်သံ၊ ခွေးအအူသံတို့ကို ကြားနေရသလို၊ ခပ်လှမ်း
လှမ်းဆီမှ ချေဟောက်သံနှင့် ဆတ်တစ်သံတို့ကို ကြားရစပြုပေပြီ။

စခန်းချထားသည့်နေရာသည် တောင်ကတုံး၊ ကုန်းမြင့်တွင်
ထီးထီးကြီးပေါက်နေသည့် 'ကညင်ပင်ကြီးအောက်ဖြစ်သည်မို့ အပေါ်
စီးမှ ဝန်းကျင်ကို လှမ်းမြင်တွေ့နေရသည်။ သို့သော်လည်း မီးဖိုကြီး
အတွင်း ထင်းတုံးကြီးတို့ကို ဆိုင်ထည့်ပေးလိုက်ပြီး သေနတ်နှင့် လက်
နှိပ်ဓာတ်မီးတို့ကို အသင့်ထားလိုက်ကြရင်း ကျွန်တော်တို့အုပ်စု စကား
ပြောနေလိုက်ကြပေသည်။

"ဒါနဲ့ စောစီနိသန်းကို မေးရဦးမယ်။ ဒီဘက်မှာချောင်းမြောင်း
အင်းအိုင်တွေ ပေါတယ်ဆိုကွ"

"ဟုတ်တယ်လေ . . .။ ကျွန်တော်တို့ မနက်ကို ဆက်သွား
ရင် ဝါးစွပ်ကွင်းဆိုတဲ့ရွာကလေးကို ရောက်မယ်။ အဲဒီရွာကလေးက
ပဲခူးရိုးမကြီး အနောက်ဘက်တောင်မကြီး အောက်ခြေမှာ။ တောင်နဲ့
မြောက်ကို တန်းနေတယ်။ အဲဒီရွာကလေးဝန်းကျင်မှာ သရက်ချောင်း





ငါးမြွေချောင်း၊ မြို့ချောင်းဆိုတဲ့ တောင်ကျရေစီးဆင်းတဲ့ ချောင်းကြီး
တွေရှိတယ်လေ။

နောက်ပြီး တောင်ကုန်းကြီးတွေအကြား မြောင်တွေကလည်း
မြှြိန်သေးတယ်။ နောက်ပြီးကျောက်ဖျာ၊ ကျောက်တစ်လုံးအိုင်၊ ထိုး
ကျကြီး။ ထိုးကျလေးဆိုတဲ့ မြောင်တွေ အိုင်တွေကလည်း ရှိနေကြ
တော့ အဲဒီမှာ ငါးအရမ်းပေါတာပေါ့"

"ဟုတ်လား . . .။ ဘာငါးတွေ အများဆုံးရှိကြသလဲကွ"

"ကျောက်ငါးလူး၊ ကျောက်ပုစွန်၊ ငါးအိုက်၊ ကကတစ်၊ ငါးရံ့၊
ငါးသတ်၊ ငါးဖယ်၊ ငါးခုံးမ၊ ငါးသလဲထိုးနဲ့ ငါးမြွေထိုးငါးတွေ တအား
ပေါပေါ့"

"ဒါဆိုရင် အဲဒီရွာကလူတွေရဲ့ စီးပွားရေးက ဘယ်လိုလဲ"

"လယ်စိုက်တယ်၊ ငါးဖမ်းတယ်ပေါ့။ စီးပွားရေးကောင်းပါ
တယ်"

"မင်းက ဆင်ဦးစီးတစ်ယောက်ဆိုတော့ တောအတွေ့အကြုံ
များမှာပေါ့ကွာ။ သားကောင်ကြီးတွေနဲ့ ထိပ်တိုက်တိုးတဲ့အချိန်မှာ
အသက်ဘေးလွတ်အောင် ဘယ်လိုရင်ဆိုင် ဖြတ်သန်းခဲ့ရတယ်ဆိုတဲ့
အတွေ့အကြုံလေးတစ်ခုလောက် ပြောပြပါလားကွာ။ အိပ်ချင်လည်း
ပျောက် ဗဟုသုတလည်း ရအောင်ပေါ့နော်"

ကျွန်တော်မေးလိုက်သည့်အတွက် သူက အရက်တစ်ခွက်ကို
မော့လိုက်ပြီး ဆေးပေါ့လိပ်ကို ဖွာရှိုက်လိုက်သည်။ ...

ကျွန်တော်မေးလိုက်သည့်အတွက် သူက အရက်တစ်ခွက်ကို
ကောက်ယူမော့သောက်လိုက်ပြီး ကောင်းကင်ဘော်ငွေရောင်လမင်းသာ
ကြီးကို လှမ်းကြည့်လိုက်သည်။ အတန်ကြာတော့မှ . . .

"ဒီလိုဗျ . . . .။ ဒီလို . . ."

✿ ✿ ✿

www.burmeseclassic.com

## [ ၂ ]

ဆင်ဦးစီးဆိုသည်က ငယ်စဉ်ကလေးဘဝမှစပြီး ဆင်နှင့်တွဲ ဖက်ပြီး လုပ်ကိုင်လာခဲ့ရသူဖြစ်သည်မို့ စောစိန်သန်းအဖို့ 'ကျော်ဟိန်း' ကို ငယ်စဉ်ဘဝ ဆင်စခန်း၌ အလုပ်သင်ဝင်ရောက်စဉ်ကတည်းက ႎ ချိတ်နှင့်သစ်လုံးကို ချိတ်ပေးရသည့်အချိန်မှစပြီး ဆင်ဦးစီးကို ကူညီ ရင်း ခင်မင်တွယ်တာရသူဖြစ်သည်။

နောက်ပိုင်း ဦးစီးအဖြစ် ခန့်အပ်တာဝန်ပေးပြီး ဆင်တစ် ကောင်ကို တာဝန်ယူရသောအခါ ရင်းနှီးကျွမ်းဝင်ပြီးသား 'ကျော်ဟိန်း' နှင့် မစိမ်းတော့သည်ကအမှန်။ မိန်းသင်ပြီးစ ကျော်ဟိန်းက (၆) နှစ် သာသာ။





စောစိန်သန်း အသက်ကလည်း (၁၅) နှစ်သာသာမို့ ဆင်ငယ် နှင့်ဦးစီးလူငယ်တို့အဖို့ တစ်ဦးအထာနှင့် တစ်ဦးသဘောထားကို နား လည်နေကြသည့်အတွက် စောစိန်သန်းနှင့် ဆင်ပေါက်ကလေး 'ကျော် ဟိန်း'တို့ သံယောဇဉ်ရစ်နှောင်မှုက ကြီးမားကြသည်က အမှန်ပင်။

ဆင်ဦးစီးလုပ်သူတစ်ယောက်ဘဝဆိုသည်ကလည်း အပင်ပန်း ဆုံးဖြစ်သလို အသက်အန္တရာယ်ကလည်း အနီးဆုံးဘဝဆိုသည်ကို ဆင် သမားတိုင်း နားလည်ကြသည်ပဲလေ။ ဦးစီးလုပ်သူတစ်ယောက်ဆိုသည် က နံနက်မိုးသောက်အလင်းကို ရောက်သည်နှင့် စားကျက်တွင် လွှတ် ကျောင်းထားသည့် မိမိဆင်ကို လိုက်လံရှာဖွေကောက်ယူရသည်မှာ အလုပ်တစ်ခု။

ဆင်စခန်းဆိုသည့် နေရာမျိုးကလည်း လူသူအလှမ်းဝေးသည့် တောနက်ကြီးအတွင်း ချောင်းနားတွင် ဆောက်ထားသည့် တဲငယ် ကလေး လေးငါးလုံးရယ်သာ။ လူသူအလှမ်းဝေကာ ဖျင်းရိငြီးငွေ့ဖွယ် ရာနေရာမျိုး။ ဆင်စခန်းနှင့် စားကျက်လိုနေရာမျိုးဆိုသည်ကလည်း နီးနီးနားနားမဟုတ်။ အနည်းဆုံး ရှစ်မိုင်အကြား။

ကျား၊ ကျားသစ်၊ ဝက်ဝံနှင့် အခြားအန္တရာယ်တူပြောသည့် ဆင်စားကျက်ဆီသို့ အားကိုးလောက်သည့်လက်နက်မပါဘဲ နံနက်တိုင်း လို ဆင်ကောက်သွားရသည်။ တစ်ခါ တစ်ရံရောင်နီကို မမြင်ရခင် ဆင်ကောက်ရန်သွားရသည်လည်းရှိ၏။

ယခုလို ဆင်ကောက်သွားကြရသည့် အလုပ်သည်ဆင်ဦးစီး တစ်ယောက်တည်း အလုပ်သာဖြစ်သည့်အတွက် တစ်ခါတစ်ရံ ကိုယ့် ဆင်ကို ကောက်မည့်နေရာတွင်မတွေ့သဖြင့် လိုက်ရှာကြရင်း ကျားကိုင်း ဝံကုတ်၊ မြွေမျိုခြင်းတို့ ခံကြရသေးသည်။ သို့အတွက် ဆင်ဦးစီးလုပ်



www.burmeseclassic.com

www.burmeseclassic.com



သူသည် သားရဲပေါ်သော ထိုနေရာတို့ဆီသို့ ဆင်ကောက်သွားကြသည့် အခါတွင် လျင်မြန်ဖျတ်လတ်သွက်လက်ပြီး နားနှင့်မျက်စိကို ဖွင့် ထားကြရပေသည်။ သို့အတွက် စိတ်ဓာတ်ကလည်း တက်ကြွနေရမည် ဖြစ်သလို စိတ်ပါလက်ပါရှိနေဖို့က အရေးကြီးလှပေသည်။

နောက်တစ်ချက်ကလည်း ဆင်ဦးစီးတစ်ယောက် ဆင်ကောက် လိုက်ကြသည့်နေရာတွင် ဆင်သမားတို့၏ ရိုးရာအယူအဆတစ်ခုရှိသည်။ ဆင်ကောက်ရန်လိုက်ကြရာတွင် ဆင်ထူးလမ်းကြောင်းပေါ်တွင် ကျင်ကြီး ကျင်ငယ်မစွန့်ရ။ တံတွေးမထွေးရ။ အကယ်၍ လုပ်ခဲ့မိပါလျှင် ကျား နှင့် တွေ့ရတတ်သည်။ သို့မဟုတ် ဆင်ပျောက်သည်ဟု အစွဲအလမ်း အယူအဆရှိကြသည်။

ဖြစ်ချင်တော့ ဓာတ်လမ်းကသည်မှာပင် စသည်။ ညနေပိုင်း လုပ်ငန်းခွင်သိမ်းပြီး ရေချကာ 'ကျော်ဟိန်း'ကို ထူးခတ်၊ ခလုတ်မောင်း တတ်ကာ စားကျက်ရှိရာသို့ လွှတ်ပေးလိုက်သည်။ ကျော်ဟိန်းက ခါ တိုင်းနေ့တွေလိုမဟုတ်။ ယနေ့မှ ဘယ်လိုသဘောနဲ့မှန်းမသိ။ စားကျက် ဆီသို့မထွက်ခွာမိ စောစိန်သန်းကို နှာမောင်းနှင့်တို့ထိလိုက်ရင်း သူ၏ နှာမောင်းကို ဦးကင်းတွင်ကပ်လျက် . . .

"ဗြောင်း . . . ရှမ်း"

ကျယ်လောင်စွာအော်ဟစ်ရင်း နှုတ်ဆက်ကာ အလေးပင်ပြု သွားသေးသည်။ သို့အတွက် ပီတိအပြည့်နှင့် ပြန်ပြောလိုက်သည်က-

"ကျော်ဟိန်း . . . သားလေး . . . ကိုယ့်စားကျက်မှာပဲ ကိုယ် စားနော်။ ဘယ်ကိုမှမသွားနဲ့ ကြားလား။ တောထဲက သူယောင်မယ် ဆင်ရိုင်းမလေးတွေက မြူဆွယ်ပြီး သူတို့နဲ့လိုက်ခဲ့ဖို့ခေါ်ရင်လည်း လိုက် မသွားနဲ့နော်။ ငါစိတ်ချမယ်"





သူမှာနေသည့်စကားကို နားလည်သည်လားတော့ဖြင့်မသိ။ ကျော်ဟိန်းက ခေါင်းညိတ်ပြ၊ ဦးကင်းကို နှာမောင်းကပ်ရင်း စိတ်ချပါ ဆိုး အခါခါ ကတိပေးနေသည့်အသွင်။ နောက်ဆုံး စားကျက်ရှိရာဆီ သို့ တန့်နွဲ့နွဲ့နှင့် လျှောက်လှမ်းပေတော့သည်။

ကျော်ဟိန်းစားကျက်ဆီသို့ ထွက်ခွာသွားတော့ စောစိန်သန်း အတွက် လူကြုံနှင့် မိခင်ဖြစ်သူထည့်ပေးလိုက်သည့် ငါးကြော်ကို အရက် နှင့်သောက်စားကာ ထမင်းကိုစားပြီး ပင်ပန်းလာသည်မို့ စောစောအိပ်ရာ ဝင်လိုက်သည်။ မနက် ဆင်ကောက်လိုက်ရဦးမယ် မဟုတ်ပါလား။

စားသောက်လို့အပြီး မီးခွက်ကိုမှုတ်ကာ အိပ်တော့မည့်အလုပ် ဆင်စခန်းရှိ သစ်ပင်ကြီးတို့ထက်တွင် အိပ်စက်ကြသည့် 'မျောက်မြီး ရှည်' အုပ်က တထိပ်တလန့်အသွင်နှင့် ဝိုင်းဝန်းအော်ဟစ်လိုက်သည် ။ ဆူညံနေသည်မို့ လက်နှိပ်ဓာတ်မီးကိုယူလျက် လိုက်လံထိုးကာ ဘာ ကြောင့်လန့်အော်ရသည့်အကြောင်းကို ရှာသော်လည်း မတွေ့။ သို့သော် မျောက်အုပ်တို့ အော်ဟစ်သံက ဆူညံဆဲမို့ လွယ်အိတ်အတွင်း သိမ်း ဆည်းထားသော 'စိန်ရောင်ခြည်ပြောက်အိုး' ထုတ်အတွင်းမှ တစ်ခုကို ယူပြီး မီးတို့ကာ ပစ်ချလိုက်တော့ . . .

"ဒိုင်း . . ."

ပေါက်ကွဲလာသည့်အသံကြီးက တော်လည်းသည့်အခါ ကြား လိုက်ရသည့်အသံမျိုးနှင့် အောင်မြင်စွာ ထွက်ပေါ်လာသည့်အသံကြီး ကြောင့် မျောက်အုပ်တို့မှာ ပြေးကြလွှားကြလုပ်ရင်း အတန်ကြာတော့ မှ ငြိမ်သက်သွားကြပေတော့သည်မို့ အိပ်စက်အနားယူလိုက်ပေ သည်။

တစ်နေ့လုံးပင်ပန်းထားသည်မို့ ခေါင်းချလိုက်သည်နှင့် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်ခြင်းက ကပ်ပါသွားသလို၊ အိပ်ပျော်၍ မကြာမီကလေး တောကြက်ဖတွန်သံနှင့် ကျေးငှက်သံ၊ မျောက်တို့ အောင်ဟစ်သံတစာစာ။

ထမင်းကြမ်းနှင့် အဖန်ရည်တို့နှင့် ဗိုက်ဖြည့်လိုက်ပြီး လွယ်အိတ်နှင့် မြားကျည်တောက်ကိုလွယ်၊ ဒူးလေးကို ထမ်းလိုက်ရင်း ဆင်ကောက်ရန်ခရီးကို စတင်ထွက်ခဲ့ပေသည်။ သည်အလုပ်က သူ့အတွက် ထူးခြားလှသည့်အလုပ်တော့မဟုတ်။

နေ့စဉ်နေ့တိုင်း 'ကျော်ဟိန်း'နောက်ကို လိုက်နေကြမို့ လျှောက်လှမ်းနေရသည်က အပန်းမကြီးသော်လည်း သတိထားနေရသည်။ ယခုချိန်မျိုးဆိုသည်က ညအစာရှာသည့်အကောင်တွေ၏ အိပ်တန်းပြန်ဝင်ချိန်ဖြစ်သည့်အတွက် ဖြတ်သွားဖြတ်လာနှင့် တိုးနိုင်သည်မို့ အထူးသတိထားကာ မျက်စိဖွင့် နားစွင့်ထားရသည်က အမှန်။

စောစိန်သန်းတစ်ယောက်အဖို့ 'ကျော်ဟိန်း'၏ ခြေရာပုံသဏ္ဌာန်အရွယ်အစား၊ လမ်းကြောင်းကိုသိနေသလိုမို့ သိပ်တော့မှားနိုင်စရာမရှိ။ သူ့ဆင်ချာသီးက ရှေ့တွင်ဖြစ်ပြီး စားလိုသည့်အညွန့်အရွက်ကိုစားပြီး မစားလိုသည့်အရာကို လွှင့်ပစ်သည်ကလည်း ညာဘက်ကိုသာ စွန့်ပစ်တတ်သည့် ဆင်မျိုးဆိုသည်ကို သူသိရှိထားပြီးသား။ သို့အတွက် ခြေရာပုံစံနှင့် ထူးလမ်းကြောင်းစွတ်ကြောင်းအတိုင်း လိုက်ပြီးကောက်ကြရသည်မို့ ဦးစွာခြေရာခံနိုင်ဖို့လိုသည်မို့ ဦးစွာရှာနေရခြင်းပင်။

ခရီးသုံးမိုင်လောက်အရောက် သူ့ဆင်ခြေရာကို တွေ့လိုက်ရပေပြီ။ ခြေရာ၊ စွတ်ကြောင်းရာနှင့် ဆင်၏စားဖတ်က ညာဘက်သို့ လွှင့်ပစ်ထားသည်က အသေအချာပင်။ သို့အတွက် စိတ်အေးလက်အေးနှင့် လိုက်နေရင်း (၅) ဖာလုံလောက်အရောက် ကျော်ဟိန်း၏ခြေရာ





...တွင်ထပ်လျက် လိုက်လံနင်းထားသည့် ခြေရာဝိုင်းဝိုင်းကြီးနှင့် တော...ကောင်ကြီးတစ်ကောင်၏ ခြေရာ။

"ဟာ . . . ကျော်ဟိန်း ရိုးကျားကြီးတစ်ကောင်နဲ့ ထိပ်တိုက်...ပြီလား မသိဘူး။ ဘုရား . . . ဘုရား။ ကျော်ဟိန်းတစ်ကောင် ဘာမှ...ဖြစ်ပါစေနဲ့"

အသံတော့မထွက်။ စိတ်တွင်းက ရေရွတ်ဆုတောင်းနေလိုက်...နှင့်အတူ ခေါင်းမှဆံပင်မွေးတို့ပင် ထိုးထိုးထောင်ဖြစ်သွားသည်။ ...တွင်လွယ်ထားသော လက်စွဲတော် ဒူးလေးကိုဖြုတ်ယူလိုက်ပြီး လေး...ကိုခွဲတင်ကာ မြားလမ်းကြောင်းတွင် မြားတံတစ်ချောင်းတပ်လိုက်...ားဖယောင်းနှင့် ကပ်လိုက်ရင်းက . . .

"ဟိုက် . . . အဆိပ်ဘူး ကျန်နေခဲ့ပါလား။ အဲဒါမှ ဒုက္ခပဲ"

စိတ်ထဲက ပြောလိုက်မိသည်နှင့်အတူ ရိုးကျားကြီးနှင့် ရင်...တော့မည်အရေး၊ သူ့ဆင်ကလေးအတွက် စိုးရိမ်စိတ်၊ ကြောက်...ရောပြီး ရှုံးရှုံးများပင် အလိုလို ထွက်ကျသွားမိသည်ကအမှန်။

"ဟိုက် . . . ဘုရား . . . ဘုရားကယ်မတော်မူပါ ဘုရား"

အဘယ်ကြောင့်ဆိုသော် သူ ရှုံးရှုံးများထွက်ကျသည့်နေရာ...အခြားနေရာမဟုတ်ဘဲ ကျော်ဟိန်း၏ ထူးလမ်းကြောင်းပေါ် အပေါ့...မိခြင်းကြောင့် တထိတ်တလန့်အသွင်မျိုးနှင့် ထိုကဲ့သို့ ဘုရား... ရေရွတ်နေလိုက်မိခြင်းပင်။

အဘယ့်ကြောင့်ဆိုသော် သူ့တွင်သာမက သူကဲ့သို့ ဆင်သမား...တွင် အရိုးစွဲထားသည့်အသိ။ ယခုလို ဆင်၏ထူးလမ်းကြောင်း...ကြောင်း၊) ပေါ်တွင် အပေါ့၊ အလေးစွန့်မိပါက (သို့) တံတွေးထွေး...မိပါက ကျားနှင့်တွေ့တတ်သည်။ သို့မဟုတ် ဆင်ပျောက်တော်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သိထား၍ မဟုတ်ပါလား။ ယခုပင် သူ၏ဆင် ကျော်ဟိန်း ပျောက်သည်၊ မပျောက်သည်ကို အပ်ကျမတ်ကျ မသိရသေးသော်လည်း သူ့ခြေရာပေါ် ကျားကြီးတစ်ကောင်က ထပ်နင်းပြီးလိုက်သွားသည်က တော့ အမှန်ဖြစ်နေခြင်းကြောင့်ပင်။

နောက်တစ်ချက် ပြန်စဉ်းစားလိုက်မိသည်ကလည်း 'ကျော် ဟိန်း' ဆိုသည့် သူ၏ဆင်ကလေးက ခပ်ချာချာဆင်မျိုးတော့မဟုတ်။ အားကောင်းမောင်းသန်နှင့် စွယ်စုံဆင်တစ်ကောင်။ အစွယ်က ဖြူဖွေး ပြီး ရှည်လျားတုတ်ခိုင် ကော့တက်နေသည့် ဆင်တစ်ကောင်ဆင်ပြော ပင်။

စိတ်က စောနေ၍လားတော့ဖြင့်မသိ။ စိုးရိမ်စိတ်တို့က အထွတ် အထိပ်သို့ရောက်နေသည်မို့ အလျင်အမြန် ခြေရာခံပြီးလိုက်သွားစဉ်-

"ဗျော ... ဂလောက် ... ဂလောက်"

"ဝြောင်း ... ကျည် ... ဖြောင်း ဖြောင်း ဖုန်း"

ခပ်လှမ်းလှမ်းဆီမှ တောတိုးပြေးလွှားသံကြီးကို ကြားလိုက် ရသည်နှင့်အတူ ခလောက်သံကိုလည်း ကြားလိုက်ရသည်။ ထိုအသံ ကို နှစ်မိုင်ဝန်းကျင်လောက်မှ ကြားလိုက်ရသည်ဆိုသော်လည်း မိမိ ကိုယ်တိုင် ကျွန်းသားနှင့်ပြုလုပ်ပေးထားသည့် ခလောက်သံမို့ နားနှင့် ယဉ်ပါးနေသလို နောက်ဆက်တွဲ အော်ဟစ်သံနှင့် မာန်သွင်းလိုက်သံ ကြီးကလည်း သူ့ဆင်ကလေး 'ကျော်ဟိန်း' အသံမှန်းကို သူကျက် သည်။

နောက်ဆုံး တဖြောင်းဖြောင်းရိုက်သံက တစ်စုံတစ်ရ အကြောင်းတစ်ခုကြောင့် မြေပြင်ကို နှာမောင်းနှင့် ရိုက်သံပေးကာ ခြောက်လှန့်နေသည့်အသံ။ သို့အတွက် ရိုးကျားနှင့် ကျော်ဟိန်းတို့ ရင်ဆိုင်





ဆိုင်နေပြီဆိုသည်ကို တထစ်ချ မှတ်ချက်ချလိုက်ရင်း 'ကျော်ဟိန်း' ရှိရာ ဆီသို့ အပြေးသွားရောက်လိုက်ရာ ...

"ဟဲ ..."

ကျားကြီးတစ်ကောင်၏ မာန်သွင်းသံကြီးကို ကြားလိုက်ရသဖြင့် သက်ဝဲဘက်ရှိ 'စက်ကသုဉ်းပင်' ကြီးအကိုင်းတို့ကို တွဲခိုကာတစ်ဆင့် ချင်း အပင်ထက်သို့ တက်ရောက်သွားလိုက်ပြီး သူ၏ဆင်ကြီး အားတက် သွားစေရန်အတွက် လှမ်းအသံပေးလိုက်သည်။

"ကျော်ဟိန်း ... ငါရောက်လာပြီ။ မကြောက်နဲ့ ခံချ။ အသေ သတ်"

ဆင်ကြီးက သူ့သခင်ရောက်လာသဖြင့် အားတက်သွားကာ အသံပြန်ပေးလိုက်သည်က ...

"ကျည် ... ဝြောင်း ... ရှမ်း ..."

စောစိန်သန်းတစ်ယောက် သစ်ပင်ဆီမှ သူ၏ဆင် 'ကျော် ဟိန်း' အော်ဟစ်လိုက်သည့်ဆီသို့ လှမ်းကြည့်လိုက်တော့ တွေ့မြင်လိုက် ရသည့်မြင်ကွင်းက အထင်အရှား။ တောင်ဗိန်းပင်ရင်း ပင်စည်လုံးကြီး ကိုခင်ပေးကာ ဝင်လာလျှင် အစွယ်နှင့်အသင့်ထိုးစိုက်ရန် စောင့်စား နေသည့်ဆင်ကြီး။ ရှေ့မှ တနွဲ့နွဲ့နှင့် လခြမ်းသဏ္ဌာန် ခေါက်တုံ့လူး ကာလျှောက်လှမ်းရင်း အလစ်အငိုက်ကို ချောင်းနေသည့် အဝါတွင် အနက်စင်းကြီးတို့ရောထားသည့် ကြီးမားသည့် ရိုးကျားကြီးတစ်ကောင် ၏အသွင်။

စောစိန်သန်းကား သူ့ရဲဘော် 'ကျော်ဟိန်း' အတွက် စိုးရိမ် ပူပန်မှုစိတ်က ကြီးစိုးမင်းမူနေသည်မို့ မည်သို့လုပ်ရမည်ကိုပင် မသိ။ ကျားလေးနှင့်ပစ်ခတ်ရန် ချိန်ရွယ်လိုက်သော်လည်း အဆိပ်ဘူးက ဆင်



www.burmeseclassic.com

www.burmeseclassic.com



စခန်းတွင် ကျန်ရစ်ခဲ့သည့်အတွက် လျှပ်တစ်ပြက် စဉ်းစားလိုက်ရ အသိတစ်ခုက ခေါင်းထဲသို့ လက်ခနဲဝင်လာသည်က ညပိုင်းက မျော မြိုးရှည် တထိပ်တလန့်အော်ဟစ်ကြသဖြင့် ပစ်ဖောက်ခြောက်လှန့်လို သည့် 'စိန်ရောင်ခြည်ခြောက်အိုး' ဆီသို့ပင်။

လွယ်အိတ်အတွင်း စမ်းလိုက်တော့ အသင့်တွေ့လိုက်ရသည် မို့ မြားလမ်းကြောင်းတွင် တပ်ဆင်ထားသော မြားတံကိုဖြုတ်လိုက်ပြ လွယ်အိတ်အောက်မှ ကြိုးစကိုဖြုတ်လိုက်ပြီး မြားထိပ်သုံးမြှောင့်ချွန်တွ အလျှင်အမြန်စည်းနှောင်ပြီး ဒူးလေးတွင်တပ်ဆင်ကာ ကျားကြီးကို လှ ကြည့်လိုက်ရာ သူ၏ဆင် 'ကျော်ဟိန်း'က ပင်စည်လုံးကြီးကိုဖင်က ကာ ကျားကြီး၏တိုက်ကွက်ကို ခုခံရန် အသင့်စောင့်နေသလို၊ ရိုးကျ ကြီးက ဆင်ကြီးနှင့် မျက်နှာချင်းဆိုင် တစ်လံသာသာတွင် မြေပြင်တွ ဝိုက်ကပ်ဝပ်စင်းလျက် ဆင်ကြီးကို ခုန်အုပ်တော့ရန်အတွက် နားရွ တိုနှစ်ဖက်ကို ဦးခေါင်းနောက်ပြားနေအောင်ကပ်ကာ ပါးစပ်ကြီးဖြဲ၊ သွ စွယ်ကြီးတို့ အဖွေးသားနှင့် ဖြဲဟထားသည်ကိုတွေ့ရသည်မို့၊ ခြော အိုးစနက်တံကို မီးတို့လိုက်ပြီး ရိုးကျားကြီး၏ ပါးစပ်အတွင်းသို့ လေး ကို ပစ်လွှတ်လိုက်သည်။

''ဒေါင်''

စိန်ရောင်ခြည်ခြောက်အိုးကား စနက်တန်ကို လောင်လက် မီးခိုးတန်းလန်းနှင့် မြားတံသွားရာနောက်ဆီသို့ ပါသွားရင်း ရိုးကျ ကြီးဟထားသော ပါးစပ်ကြီးအတွင်း ရှူးရှူးနစ်နစ် စိုက်ဝင်သွားသည် နှင့်အတူ ...

''ဖုန်း ...''

''အာဂူး ... ဝေါင်း''

---

စိတ်ကူးသစ်စာပေ



ပါးစပ်ကြီးအတွင်း မြားတံရှူးဝင်ခံလိုက်ရခြင်းနှင့်အတူ ပေါက် ကွဲသံကြီးကြောင့် ကျားကြီးမှာ တထိပ်တလန့်နေရာမှ အပေါ်သို့ ခုန် ထွက်လိုက်ပြီး မြေပြင်ထက်ဆီသို့ ဘေးတိုက်ပြုန်အကျ၊ မြေပြင်တွင် ရှုလိမ့်နေစဉ် အလစ်အငိုက်ကို စောင့်စားနေသည့် ကျော်ဟိန်းက အစွယ်နှစ်ချောင်းနှင့် ပြေးဝင်ထိုးစိုက်လိုက်သည်ကို တအံ့တသြ တွေ့ မြင်လိုက်ရပေသည်။

ရိုးကျားကြီးမှာ ရှေ့လက်နှစ်ချောင်းအကြားနှင့် တင်ပါးဆုံပိုင်း ကို အစွယ်ကြီးနှစ်ချောင်း မြေကြီးနှင့်ညှပ်ကာ ထိုးစိုက်ခြင်းခံလိုက်ရ သည့်ကျားကြီးမှာ နာနာကြည်းကြည်း အော်ဟစ်ညည်းညူသံကြီးနှင့် အော်ဟစ်ရုန်းကန်နေသော်လည်း အရာအမရောက်။ အတန်ကြာတော့ အသက်ပျောက်ကာ ငြိမ်သက်သွားပေတော့သည်။

ကျော်ဟိန်းကား အငြိုးမပြေနိုင်သေး။ အစွယ်နှစ်ချောင်းတစ် ထိုးစိုက်ဝင်ကာ အသက်ပျောက်နေသည့် ရိုးကျားကြီးကို သူ၏နှာမောင်း ကြီးနှင့် ရစ်ပတ်ဆွဲဖြုတ်လိုက်ပြီး မြေပြင်ထက်ဆီသို့ ရိုက်ချလိုက်ပြီး ခြေထောက်အစုံနှင့် အငြိုးကြီးစွာ နင်းချေနေသည်ကို တွေ့လိုက်ရပေတော့ သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

"ဟား ... ဟား ... ဟား ... ရယ်ရတယ် စောစိန်သ
ရယ်။ မင်းအဖြစ်က အသည်းအသန်ပါလားကွ။ စိတ်ဝင်စားစရာလည်
ကောင်းတယ်ဟေ့"

ကျွန်တော်တို့ ဝိုင်းဝန်းရယ်မောနေသည့်အကြားမှာ အ
ကောင်းက ပြောလိုက်သလို အစ်ကိုကြီးဦးသိန်းလွင်က ...

"အဲဒီ ကျော်ဟိန်းဆိုတဲ့ဆင်ကော ခုဘယ်မှာလဲ ... စော
သန်းရဲ့"

"ခု အစ်ကိုကြီးတို့သုံးယောက် သူ့ကျောပေါ်က ပုခက်
စီးလာကြတယ်လေ။ အဲဒါ ကျော်ဟိန်းပဲပေါ့"

ယခု ဝိုင်းရယ်မောလိုက်ကြသူတို့က ကျွန်တော်တို့သုံးဦး
သာ။ ဆင်ဦးစီကလေး စောစိန်သန်း၏ သူ့အတွေ့အကြုံကို ပြောပြ
သည့်အထဲတွင် နစ်ဝင်စီးမျောနေလိုက်မိကြသည်မို့ ဝန်းကျင်ကို
သတိမထားလိုက်မိသည်က အမှန်။





ယခုမှ အခြေအနေနှင့် ဝန်းကျင်ကိုကြည့်လိုက်တော့ ကောင်း
ကင်ထက်တွင် လသည်ထိန်ထိန်သာလျက်ရှိပြီး ဝိုင်းစက်ပြည့်ဝန်းနေ
သည်မို့ လပြည့်ညဆိုသည်ကို အမှတ်ရလိုက်သည်။ ဖိုးရွှေလမင်း၏
ရောင်ရောင်က ဘော်ငွေရောင်အဆင်းကိုဆောင်လျက် ရိုးမကြီးတစ်ခွင်
သွန်းကြဲပက်ဖျန်းထားသည့်အသွင်။

သူ၏ဝင်းသန့်သောအဆင်းဖြင့် တောအလုံး၊ တောင်အလုံး
ကျင်အားလုံးကို ထင်ထင်ရှားရှား မြင်နေရသည်။ သစ်ပင်ကြီးတို့
ရွက်ကြွေတို့နှင့်အတိမို့ ညဥ့်အစာရှာငှက်များတို့ နားခိုနေကြ
သည်ကို တွေ့နေရသည်။

"ဝီဝီ ... ဒီးဒုတ်"

"ယောက်ဖခွေးခေါ်၊ သူတော်လေးထမ်း"

"မယ်ဖက်ကယ်ဆို၊ ဈေးရောင်းလိုက်ပါဦး တစ်ခွက်ဖိုး"

ဒီးဒုတ်ငှက်ဖိုမမောင်နှံတွန်ကျူးသံ၊ ယောက်ဖခွေးခေါ်ငှက်
၏ တွန်ကျူးတေးသီသံ၊ ငှငှက် (ဘုမ္မတီးငှက်) တို့၏တေးဆိုသံ
သည်း ကြားနေရသလို၊ ကျွန်တော်တို့နားနေသည့် အပင်ကြီးထက်
သည်၊ ငှက်ပန်းထိမ်တစ်ကောင်၏ တူထုသံမျိုးနှင့် 'တတိန်တိန်'
ကို အဆက်မပြတ် ကြားနေရသည်။

လေပြင်းတစ်ချက် ဝှေ့လိုက်ရာတွင် ရိုးတံကိုင်းခက်တို့၏
ခြောက်ခြောက် လှုပ်ရှားယိမ်းထိုးသွားသံနှင့် ကျူပင်၊ ကိုင်းပင်
ညည်းညူသံတို့ကို သတိပြုလိုက်မိသည်။ ထိုအသံနှင့် မြင်ကွင်း
တောကြီးတောင်ကြီးအတွင်း ယခုလို လသာညများတို့တွင်
အတွက် ခွတ်ပုံကြည်နူးစရာကောင်းသည့် ညဟု ဆိုရပေ



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ဦးယံကိုရောက်လုပြီမို့ တောသည် စိမ့်အေးမှုနှင့်အတူ ပကတိ တိတ်ဆိတ်ကာ အိပ်မောကျနေသည့်နှယ် ထင်ရသည်။ သည်လို အချိန်အခါမျိုးတွင် မည်သည့်လူသားတို့မျှ လှည့်လည်သွားလာလိုခြင်း မရှိသော်လည်း စောစိန်သန်းတစ်ယောက်အတွက် ချိုးရိုက်သွားရမည့် သူမို့ အချိန်ကောင်းကို ရောက်နေဟန်။ သို့အတွက် . . .

''ကျွန်တော့်အတွက် အန္တရာယ်နဲ့ကြုံရင် ခုခံကာကွယ်ဖို့ သေနတ်သမားတစ်ဦးထည့်ပေးလိုက်နော် အဘကောင်း''

သူပြောလိုက်သည့်စကားကြောင့် အဘကောင်းက . . .

''အေး . . . ဟုတ်တာပေါ့။ တောကြီးထဲဆိုတော့ လိုအပ်တယ် ကွ။ ကုလားကြီးသန်းညွှန့် မင်းလိုက်သွားပေ့။ သတိကိုတော့ လက် မလွှတ်စေနဲ့။ ဒီအချိန်မျိုးက ဟိုအကောင်ကြီးတွေလည်း အစာရှာတဲ့ အချိန်ပဲ''

သူတို့နှစ်ဦး မုဆိုးအသုံးအဆောင်များအပြင် လိုအပ်သည့် ပစ္စည်းတို့ကို ယူဆောင်လျက် ထွက်တော့မည့်အလုပ် စောစိန်သန်းက-

''ကုလားကြီး . . . လမ်းမှာ အန္တရာယ်ကြုံမှ သေနတ်သုံးမယ် နော်။ အခြားသားကောင်တွေ့လို့ လက်ယားပြီး သွားမပစ်လိုက်နဲ့''

''ဟ . . . ဘယ်လိုဖြစ်လို့တုံးကွ။ ပစ်ချင်လို့ တောထဲလာပြီး သားကောင်ကိုတွေ့တော့ မပစ်နဲ့ဆိုတော့ ငါကဘာလုပ်ရမှာလဲ ပြောပါ ဦး''

''ခုသွားမှာက ချိုးအိပ်တန်းကို သွားရိုက်မယ့်အလုပ်ကို သွား လုပ်ကြမှာလေကွာ။ မလိုအပ်ဘဲနဲ့ သေနတ်ဖောက်လိုက်ရင် လန့်ပြေး ကြမှာပေါ့။ ဒီတော့ သွားကြတဲ့ရည်ရွယ်ချက် ပျက်တာပေါ့။ ဒါကြောင့် လူကို အန္တရာယ်မပေးတဲ့အကောင်ဆို မပစ်နဲ့။ နောက်ကသာလိုက်ခဲ့





နော်''

သူပြောသည့်စကားကလည်း ဟုတ်နေသည်မို့ ကုလားကြီး ဘာမှမပြော။ နှစ်ဦးသား လက်နှိပ်ဓာတ်မီးကို စမ်းသပ်လိုက်ပြီး ထွက် သွားကြသည်ကို ကြည့်နေလိုက်ကြပေသည်။

နှစ်ဦးသား လက်နှိပ်မီးအလင်းရောင်နှင့် လူသွားလမ်းကလေး အတိုင်း လျှောက်လှမ်းရင်း ညနေပိုင်းက အိပ်တန်းကိုတွေ့ခဲ့သည့် နေရာ ဆီသို့ ဦးတည်ကာ လျှောက်လှမ်းနေလိုက်ကြသည်။

အမှန်တော့ ကျွန်တော် သူတို့နှစ်ဦးထွက်သွားသည်ကို ကြည့် ရင်း စဉ်းစားနေလိုက်မိသည်က ကျွန်တော့်အသိတွင် 'ချိုးတည်သူနှင့် ချိုးထောင်သူ'' ဆိုပြီး နှစ်မျိုးလောက်သာ သိရှိထားသည်။ ယခု သူက 'ရိုက်မည်' ဆိုသဖြင့် တအံ့တသြဖြစ်သွားမိသည်က အမှန်။ နောက်ပြီး သူပြောလိုက်သည့်စကားက 'ချိုးတွေအိပ်မှ ရိုက်လို့ရမှာပေါ့' ဆိုသည့် စကား။

ကျွန်တော်သိထားသလောက်က ချိုးဆိုသည့်အမျိုးအစားက (၄) မျိုးရှိသည်ဟု မှတ်သားထားမိဖူးသည်။ ထိုအမျိုးအစားတို့က ချိုး လင်းပြာ၊ ချိုးနီပု၊ ချိုးလည်ပြောက်နှင့် ချိုးစိမ်းဆိုသည့် (၄) မျိုးပင်။ တစ်ကောင်ချင်းအလေးချိန်ကို ပြောရလျှင် 'ချိုးလင်းပြာနှင့် ချိုးလည် ပြောက်' တို့က တစ်ကောင်လျှင် သုံးဆယ့်ငါးကျပ်သားခန့်။ ထို အကောင်မျိုးကို မွေးထားသည့်တည်ချိုးနှင့် ထောင်ဖမ်းလို့ရသည်။ ချိုး နီပုဆိုသည့်အကောင်က အသေးဆုံးဖြစ်ပြီး 'ချိုးစိမ်း'ဆိုသည့်အကောင် က အကြီးဆုံးချိုး။

နောက်တစ်ချက်က 'ချိုး' ဆိုသည့်အကောင်မျိုးက အုပ်ဖွဲ့ပြီး နေထိုင်စားသောက်တတ်ကြသည်။ အိပ်တန်းကိုလည်း အုပ်စုဖွဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်တတ်ကြသည်။ အစာရှာတော့လည်း အုပ်လိုက်။ လူကိုတွေ့ပြီး ပျံပြေးတော့လည်း အုပ်လိုက်။ ယခုလို ညအိပ်တန်းတက်သည့်အခါတွင် လူကိုမပြောနှင့် မီးရောင်ကို မြင်လိုက်သည်နှင့်ပင် လည်တဆန့်ဆန့်၊ ခေါင်းတထောင်ထောင်။

သည်ကြားထဲ ကင်းမှ့စောင့်သည့်ချိုးကလည်း သုံးလေးကောင်လောက်ရှိကြပြန်သေး။ သူတို့အနားဆီသို့ လူကို လုံးဝအကပ်မခံသည့်အကောင်မျိုးကို ရိုက်ကျွေးမည်ဆိုတော့ အိမ်မှာမွေးထားတဲ့ အိပ်တန်းတက်ကြက်ကို ရိုက်ရတာမျိုးမှမဟုတ်ဘဲ။ လွယ်မှတ်လို့။ သို့သော် သူကအပိုင်ပြောကာ ထွက်သွားသည်မို့ ကျွန်တော် အလွန်စိတ်ဝင်စားနေမိသည်က အမှန်ပင်။

အချိန်က ညသန်းခေါင်ပင်ကျော်ပြီ။ တောကြီးအတွင်းဆီမှ မြူနှင်းတို့အကြား ဖြတ်သန်းတိုက်ခတ်လာကြသည့် လေနုအေးတို့နှင့်အတူ တောပန်းတောင်ပန်းတို့ရနံ့ကို သယ်ဆောင်လာကြသည်မို့ မွှေးကြိုင်နေသလို၊ မြေသင်းနံ့ကလေးတို့ကိုလည်း နှစ်ဦးသား ရှူရှိုက်နေသည်။

နှစ်ဦးသားကွက်သာတွင် ရပ်နားလိုက်ကြရင်း စောစိန်သန်းက ...

"ကုလားကြီး ... ခဏစောင့်။ ငါ ဝါးခုတ်လိုက်ဦးမယ်"

"ဝါးက ဘာလုပ်ဖို့လဲဟ"

"ချိုးအိပ်တန်းကိုလာတော့ တွေ့ရင်ချိုးကို ရိုက်ဖို့ပေါ့ဟ"

ပြောပြောဆိုဆိုနှင့် ဝါးရုံတောဝန်းကျင်ကို လက်နှိပ်ဓာတ်မီးနှင့်ဝှေ့ဝဲ၍ သူ့ကို အန္တရာယ်ပေးမည့်သားကောင် ရှိ၊ မရှိကို လိုက်လံရှာဖွေလိုက်ရာ တစ်နေရာအရောက် ခြတောင်ပို့ထက်ဆီမှ ရောင်ပြန်





ဟပ်လိုက်သည့် မျက်လုံးဝါဝါကို တွေ့လိုက်ရသဖြင့် မီးကိုထောက်ထားလိုက်ရာ ချက်ချင်းဆိုသလို အစိမ်းရောက်ဘက်ကို ပြောင်းသွားသည်ကို တွေ့လိုက်ရသဖြင့် ...

"တောကြောင်တစ်ကောင်ပါလားဟ"

စောစိန်သန်းက ပြောလိုက်သည်။ ခြတောင်ပို့ထက်တွင် ရှိနေသည့် တောကြောင်တစ်ကောင်က ဓာတ်မီးရောင်ကို အထူးအဆန်းသဖွယ် လိုက်လံကြည့်နေသည်ကို နှစ်ဦးသား တွေ့မြင်လိုက်ရသည်မို့ ဝါးရုံတောဆီသို့သွားကာ ဝါးကိုင်းတစ်ကိုင်း ခုတ်လိုက်ပေသည်။

လိုချင်သည့်ဝါးကို ခုတ်ယူပြန်လာသော 'စောစိန်သန်း' မှာ သူလိုအပ်သည့်အနေအထားမျိုး ရောက်သည်ထိ ခုန်ထစ်ပိုင်းဖြတ် အချောသပ်လိုက်တော့ 'ရိုက်တန်ကောင်း' လက်ရိုက်တုတ်တစ်ချောင်း ဖြစ်သွားပေတော့သည်။

"ချိုးအိပ်တန်းဆီကို ရောက်တော့မယ်။ မင်း နောက်ကနေ လုံးဝ မီးမထိုးနဲ့တော့။ ငါက နေခဲ့ဆိုတဲ့နေရာမှာ ငါမလာမချင်း ရပ်နေနော်။ အရေးကြီးလာပြီ"

"မင်းအတွက် အန္တရာယ်ဖြစ်မှာစိုးလို့ ငါကသေနတ်ကိုင်ပြီး လိုက်ခဲ့တာ။ မင်းက ငါ့ကိုထားပြီး တစ်ယောက်တည်းသွားမယ်ဆိုတော့ တစ်ခုခု ..."

"လိုအပ်ရင် ငါအသံပေးခေါ်မယ်။ ဓာတ်မီးထိုးပြီး ငါ့ဆီအမြန်ရောက်အောင်လာ။ ငါ အဝေးကြီးသွားမှာ မဟုတ်ဘူး။ ခပ်လှမ်းလှမ်းဆီမှာ လှုပ်ရှားမှာ၊ ခုအချိန်ကစပြီး ခြေသံလုံပစေ။ စကားလုံးဝမပြောနဲ့တော့"

အမှန်တော့ ချိုးထောင်မည့်လူ၊ ချိုးရိုက်မည့်လူဆိုသည်က



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ ချိုးအိပ်တန်းကို အရင်ရှာကြသည့်ရသည်။ ကိုယ်ရိုက်မည့်ချိုး အုပ်သည် အိပ်တန်းတက်ကြသည့်အခါ အမြင့်မှာအိပ်ကြသဖြင့် ကိုယ် ရိုက်ယူလို့မရ။ ရိုက်ယူလို့ရသည့် အနိမ့်ပိုင်းဟုတ်မဟုတ်ကို ဦးစွာ လေ့ လာရသည်။ ပိုက်နှင့်ထောင်ဖမ်းမည်ဆိုက အကြောင်းမဟုတ်။

ယခု သူက ထောင်ဖမ်းသည့်နည်းမဟုတ်။ ရိုက်ဖမ်းသည့် နည်းမို့ ရှည်ရှည်ဝေးဝေးလည်း စဉ်းစားနေစရာမလို။ စခန်းချမည့်နေရာ အရောက် ဆင်ကိုလွှတ်ကျောင်းရင်းက ချိုးအိပ်တန်းကို တွေ့လာခဲ့သည် မို့ အပိုင်ရိုက်ယူရုံပင်။

ယခု သူရိုက်ယူရမည့်ချိုးအုပ်က 'ဝါးပင်ပေါက်' တို့အပေါ် တွင်အိပ်ကြသော ချိုးတို့ကိုပင်။ ခြေသံလုံလုံဖြင့် သူတို့ အောက်ဆီတိုး ကပ်ပြီး ရိုက်ယူရုံပင်။ မီးရောင်ကို ပြလို့မရသည့်အတွက် လရောင်ကို အားပြုကာ ခြေသံလုံလုံဖြင့် တိုးကပ်ရိုက်ဖို့ရယ်သာ။

အလွန်သတိထားရမည့်အချက်က ချိုးဆိုသည့်အကောင်တို့က ပစ်စလက်ခတ် မအိပ်တတ်မနေတတ်ကြ။ နေ့ပိုင်းအစာရှာစားသည့်အခါ လည်း ကင်းစောင့်ထားစားကြသလို၊ ညအိပ်တန်းတက်သည့်အခါလည်း ကင်းစောင့်ထား အိပ်စက်တတ်ကြသည်။ ဥဒေါင်းများကဲ့သို့ နေ့သာ ကင်းစောင်းထားကြသည့် အကောင်မျိုးမဟုတ်။

အရေးကြုံလျှင်လည်း အခြားသော အကောင်တို့လို တထိတ် တလန့်အသွင်မျိုးနှင့် တစ်အုပ်လုံး 'ဝုန်း' ခနဲ ထပျံကြသည့် အကောင် မျိုးမဟုတ်။ ဦးစွာ ကင်းစောင့်သည့်ချိုးက အရင်ပျံကြည့်သည်။ သူတို့ လမ်းကြောင်း ချောချောမွေ့မွေ့ရှိပါမှ အုပ်က သူတို့လမ်းကောင်းအတိုင်း လိုက်ပျံသန်းကြသည့်အမျိုး။ ဦးစွာပျံသန်းကြသည့် ကင်းစောင့်ချိုးတို့ လမ်းကမချောမွေ့ဘဲ တစ်စုံတစ်ရာ အန္တရာယ်အတိတ် နိမိတ်ပြခဲ့လျှင်





ထိုလမ်းကြောင်းအတိုင်း လိုက်မပျံတော့ဘဲ အပေါ်ဘက်ဆီသို့ ဝါးလုံး ထိုး 'ချိုးတစ်ထိုး' ထောင်တက်ပြီး အမြင့်ဆုံးကိုရောက်တော့မှ လွတ် ကင်းရာဆီသို့ ပျံသန်းကြပေသည်။

လက်နှိပ်ဓာတ်မီးဓာတ်ခဲအသစ်ကိုထုတ်၊ အဟောင်းနှင့်လဲပြီး မြေပြင်ကိုထောင်ပြီး မီးရောင်ကို စမ်းကြည့်လိုက်တော့ ခပ်ပျော့ပျော့ အလင်းရောင်ကို မြင်လိုက်ရသဖြင့် စိတ်ကျေနပ်ဟန်နှင့် ကုလားကြီး သန်းညွှန့်အား ထိုနေရာမှစောင့်ရန် အချက်ပြလိုက်ပြီး ချိုးအိပ်တန်း တက်ရာဆီ ဝါးပင်ပေါက်များရှိရာဆီသို့ ဖြည်းညင်းစွာ တိုးကပ်သွားလိုက် ပေတော့သည်။

မြေပြင်ကား နှင်းတို့ကြဲပက်ထားသည်ဆိုသော်လည်း ချွတ် ခနဲ အပင်အောက်ဆီမှ ချွတ်နင်းသံသဲ့သဲ့ကလေးကို ကင်းစောင့်ချိုး သုံးကောင်က ကြားလိုက်သဖြင့် လယ်ကိုဆန့်၊ ခေါင်းထောင်ကာ အောက် ဘက်က အမှောင်တွင်းဆီသို့ လိုက်လံကြည့်ရှုသော်လည်း ထူးခြားမှု တစ်စုံတစ်ရာကို မတွေ့ကြရသဖြင့် ဖွထားပြီးသားအတောင်ကို ပြန်စု၍ ဝါးကိုင်းထက်တွင် ပြန်ဝင်ကြတော့မည့်အလုပ် ...

"ဖောက် ... ဖောက် ... ဖောက် ... ဖောက် ... ဖောက်"

စောစိန်သန်း၏ ရိုက်တန်ကောင်းတုတ်ချက်က ဖယ်ဆက်သလို လွှတ်တမ်းရိုက်နေသည့်အသံကို ကုလားကြီးသန်း ညွှန့်ကြားလိုက်ရ ပေသည်။ အခြားဆီသို့ ပြေးထွက်သည့်အသံကို သတိထားလိုက်သော် လည်း ဘာသံကိုမှမကြားလိုက်ရသဖြင့် ကင်းစောင့်ချိုးပင် မကျန်တော့ ပါကလားဟု သူတွေးတောနေလိုက်ပေသည်။

သူက အမှောင်အတွင်းမှ စောစိန်သန်းရှိရာဆီသို့လှမ်း မျှော် ကြည့်နေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဂူး . . . လာခဲ့တော့ဟေ့"

လှမ်းခေါ်သံကြားလိုက်ရသဖြင့် လက်နှိပ်မီးကိုထိုးရင်း လျှောက်လှမ်းကာကြည့်လိုက်တော့ အသက်ပျောက်နေကြသည့်ချိုးတို့ မြေပြင်ထက်တွင် ပြန့်ကျဲနေသည်ကို တအံ့တသြ တွေ့လိုက်ရသဖြင့် ကောက်ယူပြီး တစ်နေရာတည်းတွင်စုပုံကာ ရေတွက်ကြည့်လိုက်တော့ အကောင်ရေ (၅၉) ကောင်တိတိပင်။

စောစိန်သန်းက သူဝတ်ထားသော ပုဆိုးကိုချွတ်လိုက်ပြီး တစ်ဖက်စကို နွယ်ကြိုးနှင့်စည်းနှောင်ကာ အိတ်သဘောမျိုးဖြစ်သွားသည်။ ချိုးတို့ကိုထည့်ကာ ထမ်းလိုက်ရင်း စခန်းချရာဆီသို့ ပြန်ရောက်တော့ သုံးမောင်းပင်ကျော်ခဲ့ပေပြီ။

ရရှိလာသည့်ချိုးတို့ကို အားလုံးပင် ဝိုင်းဝန်းအမွေးနုတ်ကြရင်ခွဲပြီး အတွင်းကလီစာထုတ်၊ ချက်သူကချက်၊ ကြော်သူကကြော်၊ ကင်သူကကင်ကြနှင့် ကျွန်တော်တို့အဖွဲ့ နံနက်စာ ဝိုက်ဖြည့်လိုက်ကြပြီးသောအခါ မိုးစင်စင်လင်းနေပေပြီ။ ရှေ့ခရီးကို ဆက်ကြရန်စီစဉ်လိုက်ကြပေသည်။

ကျွန်တော်က ဆင်ပုခက်ပေါ်မတက်ခင် ကျွန်တော်တို့စီးလာခဲ့သည့် စွယ်စုံဆင် 'ကျော်ဟိန်း' ကို အသေအချာ ကြည့်နေလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် 'ကိုယ်စီးသည့်ဆင်အထီးမှန်း၊ အမမှန်းပင်မသိ' ဆိုသည့်စကားကို သတိရလိုက်ပြီး ပေါ့ပေါ့တန်တန်ထားလိုက်မိသည့် ကိုယ့်အဖြစ်ကို ပြန်လည်တွေးတောကာ နောင်တလည်းရနေမိသည်။

ကျော်ဟိန်းဆိုသည့်ဆင်ကြီးမှာ စွယ်စုံဆင်တစ်ကောင်ဖြစ်သည်နှင့်အညီ အစွယ်ကဖြူဖွေးနေပြီး ရှည်လျားသလိုကော့တက်ကာ





ဆင်ထဲတွင် အကောင်ကြီးသလို လှပကြော့ရှင်းသည့်အကောင်ကြီးဖြစ်သည်ကို သတိပြုလိုက်မိသည်။ သူ့အစွယ်ကြီးကို ကြည့်ပြီး ရိုးကျားကြီးကို ပြန်လည်ခုခံအနိုင်ယူလိုက်သည့် သူ့သခင်ပြောပြသည့် စကားကိုလည်း ပြန်လည်ကြားယောင်နေမိသည်။ အတော်လှပသည့် ဆင်ပြောင်ကြီးတစ်ကောင်အဖြစ်လည်း အသိအမှတ် ပြုလိုက်မိသည်ကအမှန်။

မီးဖိုကြီးမှ မီးတို့ကို ငြိမ်းသတ်လိုက်ပြီး ကျွန်တော်တို့အဖွဲ့ 'ကျောက်ခေါင်းအိုင်'မှ ထွက်ခွာလာခဲ့ကြပေသည်။ လမ်းတွင် 'သရက်ချောင်း၊ ငါးမွေ့ချောင်း၊ မြို့ချောင်းစသည့်တို့ကို ကျော်ဖြတ်ပြီး၊ စိန်တောင်အခြေစခန်းချမည့် နေရာဆီသို့ရောက်တော့ နေပင် မွန်းတည့်ပြီသည့်အချိန်သို့ ရောက်ရှိနေကြပေပြီ။

စခန်းချသည့်နေရာဆိုသော်လည်း တောင်ထန်းရွက်များ အုပ်မိုးထားသည့် တဲကလေးသုံးလုံးရယ်သာ။ ထိုနေရာဆီတွင် သစ်ခုတ်၊ ဝါး လဲ့ထင်းခုတ်၊ မိးသွေးဖုတ်ကြသူတို့၏ စခန်းချရာ နားနေသောနေရာမျိုးပင်။ သားကောင်တို့အန္တရာယ်ပေးမည်ကို ကာကွယ်သည့်အနေနှင့် သစ်ပင်ကြီးတို့ထက်ဆီမှ ခွဆုံကိုင်းတို့တွင် လင့်ထိုးကာ အိပ်စက်ကြသည်မို့ လင့်ဟောင်းသုံးခုကို တွေ့နေရသည်။ သို့အတွက် ကျွန်တော်နှိုင်မိစိတ်နှင့် ဆင်ဦးစီးများဖြစ်ကြသည့် 'စောစိန်သန်းနှင့် စောကပေါ်ထူး' တို့နှစ်ယောက်ကို လှမ်းမေးလိုက်မိသည်က . . .

"ဒီနေရာမှာ စခန်းချမယ်ဆိုရင် လူတွေအတွက်က လင့်ပေါ်တက်အိပ်လို့ရပေမဲ့ ဆင်နှစ်ကောင်အတွက် စိတ်ချရပါ့မလားကွ"

"ဒီကနေ ငါးမိုင်သာသာလောက်မှာ ဦးကျွန်ဆုံဆင်စခန်းရှိတယ်။ အဲဒီမှာ သွားထားမယ်လေ။ မပူနဲ့"

"ဟုတ်လား . . . ဘယ်တော့သွားပို့မှာလဲ ဆင်တွေကို"



www.burmeseclassic.com

www.burmeseclassic.com



"ခုပဲသွားပို့မယ်လေ။ အပြန် ဟင်းစားရှာရင်းပြန်မှာမို့ သေနတ်ကြီးတစ်လက်၊ အသေးတစ်လက်နဲ့ လူငယ်နှစ်ယောက် ထည့်ပေးလိုက်"

သူပြောလိုက်သည့်စကားကြောင့် အဘကောင်းက ...

"ဉာဏ်ကျယ်နဲ့ အာလူးတို့နှစ်ယောက် လိုက်သွားကြ။ အပြန် ဟင်းစားရှာရင်း ပြန်ကြမယ်ဆိုတော့ အကြီးနဲ့အသေးနှစ်လက်နဲ့ ခတ်မီးတွေပါ အပြည့်အစုံယူသွားကြ။ ငါတို့ဒီမှာ ချက်ပြုတ်ထားလိုက်မယ်"

အာလူးနှင့်ဉာဏ်ကျယ်တို့နှစ်ယောက် နှစ်လုံးပြူးနှင့် မွှိုင့်တူးတူးကိုယူကာ ဦးကျန်ဆုံစခန်းသို့ ဆင်များပို့ရန်အတွက် လိုက်ပါသွားခြင်း၊ ကျန်လူငယ်များနှင့် ရွာခံမုဆိုးနှစ်ဦးက ညပိုင်းအတွက် ထင်းခြောက်ရှာကြခြင်း၊ ရေခပ်ကြခြင်းနှင့် ထမင်းချက်နေကြသည်မို့ ကျွန်တော်တို့ ဝန်းကျင်အနေအထားကို လိုက်လံအကဲခတ်နေလိုက်ကြပေသည်။

တောင်ပံတဖြန်းဖြန်းရိုက်ခတ်လျက် တောကြက်ဖတို့ တွန်ကျူးကြသည့်အသံများကိုပင် ကြားနေရပေပြီ။ ထိုးကျလေးချောင်းဘက်ဆီမှ 'ပိန်ညင်းငှက်' ငယ်တစ်ကောင်၏ ပျံသန်းပြေးထွက်သွားရင်း အော်ဟစ်သွားသည့်အသံ ကြားလိုက်ရသည့်အပြင် ကိုင်းတောကြီးသည်မှာဘက် ရေကန်ကြီးဆီမှလည်း 'ကျောက်ဖား' ငယ်တို့၏ အော်မြည်ကြသံတို့ကို ကြားရစပြုနေပြီ။ ရိုမကြီးဆီရှိ စားပင်တို့မှ အိပ်တန်းဆီသို့ ပျံသန်းလာကြသော ကျေးငှက်တို့က အိပ်တန်းဆီသို့ ပျံသန်းနေကြသလို၊ မှောင်ဘက်ကိုလုလာပြီမို့ သားကောင်ငယ်တို့၏ အသံတို့ကို ကြားရစပြုနေပေပြီ။

ကျောက်ဖားဆိုသည့်အကောင်မျိုးက အကောင်သာသေးသည်





ဟစ်အော်သည့်အသံက ကျယ်လောင်လှပေသည်။ ထိုစဉ် အတန်လှမ်းရာဆီမှ သေနတ်သံတစ်ချက် ကြားလိုက်သည်မို့ အစ်ကိုကြီး ဦးသိန်းလွင်က ...

"ဟော ... ကြားတယ်မို့လား။ တိုတယ်၊ ပြတ်တယ်ကွ။ ထိတဲ့ အသံမျိုးပဲ"

သူပြောလိုက်သည့်စကားကြောင့် ရွာခံမုဆိုး 'ကီးကီး'က ..

"ဒီနေရာမှာ မုဆိုးခရမ်းချဉ် ပေါပါတယ်။ ပစ်မယ်ဆိုရင် ထမ်းလို့တောင်နိုင်မှာမဟုတ်ဘူး။ သားကောင်ကြီးတွေနောက်ကို လိုက်ကြမယ်ဆိုတော့ ကျွန်တော့်သဘောက သေနတ်သံ သိပ်မပေးချင်ဘူး။ ဟင်းစားလောက်တော့ ဒူးလေးတွေရှိနေတာပဲဗျာ"

သူတို့အရပ်နှင့် သူတို့သဘောထားမို့ ဘာမှပြန်မပြောလိုက်တော့ အဘကောင်းကသာ ...

"ကုလားကြီး ... ချိုးတွေကို ကင်ထားကြော်ထားတာ ရှိတယ်မို့လား။ ထုတ်ကွာ ...။ စလိုက်ရအောင်"

"ရှိတယ်လေ ... အဘကောင်းရဲ့။ အသင့်ပဲဟာ"

ရွာခံမုဆိုး 'ကီးကီးနှင့် ဆာဝါး' တို့ယောက်က ဝါးဆစ်ခွက်ကလေးတို့ကို ပြုလုပ်ထားပြီးမို့ ရေဘူးထဲမှရေနှင့်စပ်ကာ သောက်လိုက်စားလိုက် လုပ်နေကြရင်း 'ဆာဝါး' က ...

"ကီးကီးရေ ... ငါ ဝါးသွားခုတ်ရင်း ဖွတ်ဥကျင်းတွေ့ထားတယ်ကွ။ မနက်ကျရင် သွားပြီးတူးလိုက်ရအောင်။ အရက်နဲ့မြည်းလို့သည်း ရတာပေါ့"

"အေး ... ရှာရတာမှမဟုတ်ပဲ။ ကျင်းကို တွေ့ထားပြီဆိုတော့ တူးလိုက်ရုံပဲဟာ။ ခဏာပဲဆိုတော့ သွားလိုက်ကြတာပေါ့။ ဘယ်

www.burmeseclassic.com



နားမှာလဲကွ''

''ငါဝါးသွားခုတ်တဲ့ ဝါးနက်ရုံနားမှာပဲ။ သိပ်မဝေးဘူး။ တစ်ခေါ်ပေါ့''

သူပြောသည့် တစ်ခေါ်ဆိုသည်က လှမ်းအော်ပြီး ခေါ်လိုက်လျှင် ကြားရသည့်နေရာမျိုး။ သိပ်မဝေးလှ။ ကျွန်တော် ဖွတ်ဥတူးတာကို လေ့လာချင်သူမို့ ပြောလိုက်မိသည်က ...

''ဆာဝါး ... အဲဒီကို ငါလည်းလိုက်မယ်ကွာ''

''အေး ... လိုက်ခဲ့ပေါ့ဟ ကောင်ရ''

ထိုအချိန် လက်နှိပ်မီးထိုးရင်း သူတို့လေးယောက် ပြန်ရောက်လာကြသည်။ စောစိန်သန်းက ချေတစ်ကောင်ကို ထမ်းလျက်နှင့်မို့ ဟင်းစားအတွက် အဆင်ပြေသွားပေသည်။ ပစ်ခတ်လို့ရရှိလာသည့်ချေအား ကီးကီးက အရည်ချဖို့လုပ်နေစဉ် ...

''ဦးကျန်ဆုံက နင်တို့နှစ်ယောက်ကို မေးနေတယ်။ ညည်သည်တွေခေါ်ပြီး လာခဲ့ပါဦးတဲ့။ ထမင်းလည်းကျွေးမယ်၊ အရက်လည်း တိုက်ချင်လို့တဲ့ကွ''

''ဟုတ်လား ... သွားလိုက်ကြတာပေါ့။ နင်တို့ သားကောင်စုံစမ်းခဲ့ကြသေးလား''

''အေး ... စုံစမ်းခဲ့တယ်။ သူတို့ ဆင်တွေလွှတ်ကျောင်းတဲ့ဘက်မှာ ပြောင်ခြေရာတွေရော၊ နိုင်ခြေရာတွေပါ တွေ့တယ်တဲ့။ အဲလိုက်ဆိုပဲကွ''

သူတို့က ချေဝမ်းတွင်းသားကို ချက်ဖို့ပြင်ဆင်နေသလို၊ ဆောဖက်ချပေးထားသည့် အသားတုံးတို့ကို ကုလားကြီးသန်းညွှန့်က ဝါးထိုး မီးကင်ဖို့ပြင်ဆင်နေရင်းက အဘကောင်းကို လှမ်းမေးလိုက်သည်က ...

''အဘကောင်း ... သားကောင်ကြီးတွေနောက်ကို လိုက်ဖို့ ဘယ်လိုစီစဉ်မလဲ''

''မနက်ဖြန်မနက် တောလမိုင်းတင်ပြီး လိုက်ကြတာပေါ့''

ချေဝမ်းတွင်းသားက ကျက်ပြီမို့ ကျွန်တော်တို့လည်း ဆာလောင်နေကြပြီဖြစ်သည့်အတွက် တောငှက်ပျောရွက်တို့ကိုခင်းလျက် ထမင်းစားလိုက်ကြပေသည်။ စားသောက်လို့ပြီးသောအခါ သစ်ပင်ထက်တွင် မှိနေသည့် လင့်ဟောင်းတို့အပေါ်လူစုခွဲကာ တက်ရောက်နားနေလိုက်ကြပေသည်။ ပင်ပန်းလာကြသည်မို့ အိပ်ပျော်သွားလိုက်မိကြသည်က အမှန်။

နွေကာလ နံနက်ခင်းဆိုသော်လည်း ရိုးမကြီးအတွင်းတောင်ခြေဆီမို့ အေးမြလှသည်။ နေသစ်တစ်နေ့၏ လင်းကြက်တွန်သံတို့နှင့်အတူ အစပျိုးလာသည်။ လေပြည်တစ်သုတ် ဝှေ့ခတ်လိုက်သည့်အတွက် တောပန်းတောင်ပန်းရနံ့တို့က လင့်ထက်တွင် ကြိုင်လှိုင်လာသည်။

လင့်အောက်မှ စကားပြောသံတို့ကို ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်တော့ ရွာခံမိုဆိုးနှစ်ယောက်၊ ဆင်သမားတို့အပြင် အဘကောင်းက တောလမိုင်းတင်ရန် ပြင်ဆင်လုပ်ကိုင်နေသည်ကို တွေ့လိုက်သဖြင့် အောက်ကိုဆင်းလိုက်တော့ 'ဆာဝါး' က ...

''ဖွတ်ဥသွားတူးမလို့ လိုက်မယ်ဆို''

''လိုက်မယ်လေ။ ဘယ်တော့သွားမှာလဲ''

''ခုပဲသွားမယ်။ မျက်နှာသစ်လိုက်ဦး''

''တောလမိုင်းတင်ဖို့ကိစ္စက ဘယ်တော့လုပ်မှာလဲ''

''မကြာပါဘူး။ ဟိုအနားက ဝါးရုံဘေးမှာပဲ။ ပြန်လာမှ တော







www.burmeseclassic.com

www.burmeseclassic.com



လမိုင်းတင်ကြတာပေါ့။ သွားလိုက်ကြရအောင်''

ကျွန်တော်က မျက်နှာသစ်ပြီး အဖန်ရည်ကိုသောက်လိုက်၊ ရေ သားကင်ကိုစားလိုက်ပြီး သေနတ်ကိုဆွဲကာ သူတို့နှစ်ဦးနှင့် ဖွတ်ကျင်း ရှိရာဆီသို့ ထွက်ခဲ့ကြပေသည်။

သစ်ရိုင်းပင်ကြီးတို့အောက်တွင် ကြွေကျထားပြီးသော သစ် ရွက်ခြောက်တို့မှာ တောမီးလောင်ခြင်းကိုခံရသဖြင့် ပြာပုံတို့အကြားတွင် နှင်းစက်နှင်းပွင့်ကလေးတို့နှင့်အတူ မြေပြင်ထက်တွင် ထိုးထိုးထောင် ထောင် ငွားငွားစွင့်စွင့် မြေကပ်ပန်းကလေးများဖြစ်ကြသည့် 'ပုတတ်စာ' ပန်းဖြူဖြူကလေးတို့က လမ်းတစ်လျှောက်တစ်မျှော်တစ်ခေါ် ပေါက်နေ သည့်အပြင်၊ ဇရစ်ရိုး၊ ဂုံမင်း၊ တောက်တာ၊ ဖလံတောင်ဝေးစသည့် တောစာတောင်စာ ဟင်းလျာချက်ပြုတ်စားသောက်လို့ရသည့် အပင် တို့ကလည်း အများအပြား။

သည်မြေကပ်ပန်းကလေးတွေကို လူသားတွေက 'ပုတပ်စာ' ဟုခေါ်ကြသည်။ နာမည်နှင့်ပင် လိုက်သေးတော့။ တစ်နှစ်မှတစ်ခါ ယခု ကဲ့သို့ (နွေမိန်တပေါင်း) ကာလမျိုးတွင်သာ တွေ့မြင်ကြရသောပန်း။ ထိုပန်းဖြူဖြူဖွေးဖွေးကလေးတို့အကြားတွင် 'ပုတတ်ကောင်' ငယ်ကလေး တို့ကိုလည်း အများအပြား တွေ့မြင်နေရသည်။

ပုတတ်ကောင်ဆိုသည်မျိုး (ကင်းလိပ်ချော) ဆိုသည့်အကောင် မျိုးလိုပင်။ ထိုအကောင်မျိုးတို့ကို ယခုကဲ့သို့ များပြားစွာမတွေ့ရ။ တွေ့ ပြန်လျှင်လည်း လူကိုအနီးကပ်မခံ။ အလွန်ရှားပါးသည့် အကောင်မျိုး ရယ်သာ။ အဘယ့်ကြောင့်ဆိုသော် ချက်ပြုတ်၍သော်လည်းကောင်း၊ ကင်၍သော်လည်းကောင်း၊ ကြော်၍သော်လည်းကောင်း စားလျှင် အလွန် ကောင်းမွန်သည့် အာဟာရဟင်းမျိုးဖြစ်သည့်အတွက် တောသူတောင်





သားတို့၏ 'ဖေဘာရိတ်' ဟင်းတစ်မည်အဖြစ် ပွဲလယ်တင့်သည့်ကာအမှန်။

သို့အတွက် 'ပုတတ်ကောင်' ကလေးတို့က သူတို့အား လူ တိုင်းက နည်းအမျိုးမျိုးနှင့် ဖမ်းယူစားသောက်ခြင်းကို သိရှိကြသဖြင့် လူကိုမြင်လိုက်ရလျှင် 'လှစ်' ခနဲ ပြေးဝင်ရှောင်ပုန်းသွားကြသည်ချည်း သာ။ ယခုတော့ ယခုလိုရှားပါးသည့် အကောင်ငယ်တို့ကို သည်နေရာ တွင် အများအပြားတွေ့နေရသည်။

ဝါးရုံတောသည်မှာဘက် အရွက်တို့ကြွေကျထားသည့် ကွက် သာတွင် ဂဝံမြေသားဆန်ဆန်နှင့် အနီရောင်အဆင်းရှိ ခြတောင်ပို့လေး တို့ တွေ့ရသည်။ သူတို့နှစ်ဦးက တောင်ပို့များကို လိုက်လံကြည့်သည် ကို တွေ့ရသဖြင့် ကျွန်တော်လည်း လိုက်လံကြည့်နေလိုက်မိသည်။ တောင် ပို့များ၏ အရင်းပိုင်းကို အသေအချာ လိုက်လံကြည့်နေကြသည်။

မှုလတွေ့မြင်လိုက်ရသည့် ခြတောင်ပို့ထက် ပိုမိုနီရဲနေသည့် မြစာအသစ်ပိုင်းပိုင်း' အကွက်ကလေးကို 'ဆာဝါး'က လက်ညှိုးထိုးပြ လိုက်သည်ကြောင့် 'ကီးကီး'က ခေါင်ညိတ်အတည်ပြုလိုက်သဖြင့် ကျွန် တော်က သူတို့နှစ်ဦး ဘာလုပ်ကြမည်ကို စောင့်စားကြည့်ရှုနေလိုက်မိ သေသည်။

ဆာဝါးက ကျွန်တော့ကို ခြစာအပိုင်းကွက်ကလေးနေရာကို လက်ညှိုးထိုးပြကာ ...

''ဒီအပိုင်းကွက်ကလေးဖြစ်နေတဲ့ နေရာက ဖွတ်ဝင်တဲ့နေရာ ကွ ... ရန်ကုန်မှဆိုးရဲ့။ ဒီဖွတ်ဝင်တဲ့အပေါက်ကို သေသေချာချာကြည့်မှ မြင်ရတယ်။ ဖွတ်ဥကိုရှာတဲ့မှဆိုးမှပဲ သိကြတယ်။ အတွေ့အကြုံမရှိရင် ဒီမှာမဟုတ်ဘူးကွ။ မှတ်ထား ...''

''ဟုတ်ကဲ့ ... ဘယ်လိုဝင်တယ်ဆိုတာလေး ရှင်းပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . မင်းကို နားလည်အောင်လည်း ရှင်းပြမယ်၊ လက် တွေ့လည်း ပြမယ်။ မှတ်ထား . . .။ ပထမဦးဆုံးပြောချင်တာက ဖွတ်ဥ တဲ့အကောင်က အမနော်။ ဖွတ်ထီးက ဥမချဘူးကွ"

"ဟာဗျာ . . . ဥချတဲ့ဖွတ်က အမဆိုတဲ့အကောင်ကိုဆိုတာ ကို ကျွန်တော်သိပါတယ်ဗျာ"

ကျွန်တော်ပြောလိုက်သည့်စကားကြောင့် သူတို့နှစ်ဦး ဝိုင်းရယ် မောလိုက်ကြရင်း ပြောလိုက်သည်က . . .

"အေးပါကွာ . . .။ မင်းတို့ရန်ကုန်သားတွေက ဖွတ်ဥချတယ် ဆိုတာ အထီးကောင်က ဥချတာလား၊ အမကောင်က ဥချတာလား ဆို တာကို နားလည်သဘောပေါက်အောင် ရှင်းပြနေတာပါ။ မင်းက ဖွတ် ကသာ ဥချတယ်ဆိုတာကိုသိနေတော့ သိပ်ဒုံးမဝေးဘူးပေါ့။ ရှင်းပြ တာ လွယ်ကူမြန်ဆန် ခရီးရောက်တာပေါ့"

သူက အပိုင်းပေါက်ကလေးကို လက်ညှိုးပြန်ထိုးကာ ပြလိုက် ရင်းက . . .

"ဥချမယ့်ဖွတ်အမက ဥချဖို့အတွက် ဖောက်ပြီးဝင်လာတဲ့နေရာ ဖြစ်သလို၊ ဥချပြီးတော့ ပြန်ထွက်တဲ့ ဝင်ပေါက်ထွက်ပေါက်ပဲကွ။ ဖွတ် က ဥချပြီးပြန်ထွက်သွားတော့ တောင်ပို့ထဲမှာရှိနေကြတဲ့ ခြကောင်တွေ က အတွင်းက ခြမြေစာတွေနဲ့ ပြန်ပိတ်လိုက်တယ်။ ဖွတ်မ တွင်းမှာ မရှိတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ခြတွေပြန်ပိတ်ထားတဲ့ ဒီအပိုင်း ကွက်ကလေးဘေးမှာ ဖွက်မလက်နဲ့ယက်ပြီး ပြန်ထွက်သွားတဲ့ လက်သည် ရာတွေလေ။ ဟောဒီမှာတွေ့လား"

သူက လက်သည်းရာကလေးတို့ကို လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်ရာ လက်နှင့်ယက်ကာ အပြင်ကိုထိုးထွက်ထားသည့် တ





ခက်လျှင် သုံးခုတွဲ လက်သည်းရာကလေးတို့ကို တွေ့မြင်လိုက်ရပေ သည်။

ဖွတ်ဥချပြီး ထိုးထွက်လာသည်ကို ခြကောင်တို့က ပြန်ပိတ် ထားသည့် မြေနီဝိုင်းအကွက်ထဲကို 'ဆာဝါး' က ခါးတွင်ချိတ်ဆွဲထား သည့် ဓားကိုယူလျက် ဓားအိမ်နှင့်ထိုးလိုက်ရာ အလွယ်တကူဝင်သွား သည်။ ထိုအပေါက်ကို လက်တစ်ချောင်းဝင်သာအောင် ယက်ဖယ်ချဲ့ထွင် လိုက်ပြီး ဖွတ်ဥကို နှိုက်ယူလိုက်သည်ကို တွေ့လိုက်ရပေသည်။

ဖွတ်ဥတို့ကို ကုန်အောင်နှိုက်ယူလိုက်ပြီး မြေပြင်တွင်စုပုံထား သည်ကို ရေတွက်ကြည့်လိုက်တော့ (၂၃) လုံးပင်။ ဥခွံက အဖြူရောင် ဖြစ်ပြီး လိပ်ဥကဲ့သို့ ပျော့စိစိဖြစ်သည်။ ဥက တစ်လက်မသာသာပင် ရှည်သည်။ လုံးပတ် ကြက်ဥပုံစံအရွယ်။ သူနှိုက်ထုတ်နေသည့်လက်တွင် ခြကောင်တွေကပ်ပါလာပြီး ကိုက်သဖြင့် ခါချနေရင်းက . . .

"ဖွတ်ဥနှိုက်တာတော့ ဟုတ်သလိုလိုနဲ့ ခြကိုက်တဲ့ဒဏ်ကိုတော့ အတော်ခံရတယ်ကွ"

ဖွတ်ဥတို့ကိုယူကာ ပြန်ခဲ့ရင်း လမ်းတွင် 'ဆာဝါး'က . . .

"ဘယ်လိုလဲ ရန်ကုန်မှဆိုး။ ဖွတ်ဥရှာနည်းကို သိသွားပြီမို့ လား"

"ဟုတ်ကဲ့ . . .။ ခုလို လက်တွေ့ရှင်းလင်းသင်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ခင်ဗျာ။ နောက်ပြီး ခုလိုလက်တွေ့ပြ နိုင်ရတဲ့ တောတွင်းပညာလေးတွေကိုလည်း ပြသပေးပါဦးဗျာ"

စခန်းချရာဆီသို့ ပြန်ရောက်တော့ ဖွတ်ဥတွေကိုဆားနှင့် စိမ် ထားသည်။ တောလမိုင်းတင်ခြင်းလုပ်ငန်းများ ပြီးစီးနေပြီမို့ ကညင်ပင် ကြီးအောက်တွင် တောလမိုင်း တင်မြှောက်ပသတောင်းခံလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းပြီး၍ ထမင်းစားတော့ (၁၁)နာရီပင် ထိုးနေခဲ့ပေပြီ။

"ကဲ . . . အဘကောင်း နေ့ဝက်ကျိုးနေပြီ၊ ထွက်ကြမလား။ မနက်စောစောမှ လိုက်ကြမလား"

"နားလိုက်ကြမယ်ကွာ။ ခုအချိန်လိုက်ရင် တောထဲမှာညအိပ် ရဖို့ များတယ်။ မနက်စောစော ထွက်ကြမယ်။ နားလိုက်ကြ"

ယနေ့နားမည်ဆိုသည့်အတွက် ကျွန်တော်က သတိရလိုက် သည်မှ . . .

"ဉာဏ်နဲ့ အာလူး . . . ပုတတ်ကောင်တွေ ငါအများကြီး တွေ့လာခဲ့ရတယ်ကွ။ မင်းတို့နှစ်ယောက်သွားပြီး ဟင်းစားရှာလိုက်ကြ ပါလား။ အမြည်းလုပ်လို့တော့ ရတာပေါ့ကွာ"

"ဟုတ်လား . . . ဘယ်နားမှာလဲ ဘိုလေး"

"ဝါးရုံတောဘက်ကိုသွားတဲ့ လမ်းမှာကွ။ ပုတတ်စာတွေပေါက် နေတာ တစ်လမ်းလုံးပဲ။ အဲဒီမှာ စားနေကြတာ"

"ဟုတ်လား . . .။ ဒါဆို အားနေတာပဲ။ သေနတ်နဲ့ သွား လိုက်ကြရအောင်။ အာလူး သေနတ်ကြီးတစ်လက် ဆွဲခဲ့ကွာ။ လို မည်ရပေါ့"

သူတို့နှစ်ဦး လေသေနတ်နှင့် နှစ်လုံးပြူးတစ်လက်ကိုယူကာ ထွက်သွားကြသဖြင့် 'စောစိန်သန်း' က . . .

"ပုတတ်ဆိုတဲ့အကောင်ကို ထောင်တာရယ်၊ တွင်းတူးပြီး ဖမ်း ယူရတာကိုပဲ ကြားဖူးပါတယ်။ ခု သေနတ်တွေနဲ့ သွားတာဘာလုပ်ဖို့ လဲ"

"ပစ်ဖို့လေကွာ၊ ပစ်ဖို့ပေါ့"

"အိုကွာ . . . ပုတတ်ကို သေနတ်နဲ့ပစ်ရတယ်လို့ နင်တို့





အကောင်တွေက အဆန်းတွေပါလားဟ"

သူမေးလာသဖြင့် ကျွန်တော်က ရှင်းပြလိုက်ပေသည်။

"ဒီလိုကွ . . . စောစိန်သန်းရဲ့။ ငါတို့ရောက်ဖူးခဲ့တဲ့ တောမှာ ဆိုရင် ခုလိုအချိန် တောသူတောင်သားတွေက ဒီအကောင်တွေကိုပဲ ရှာစားနေတော့ အတော်ရှားကုန်ပြီလေကွာ။ ဒီအကောင်တွေကလည်း နည်းမျိုးစုံနဲ့ အသတ်ခံနေရတော့ လူကိုတွေ့ဖို့မပြောနဲ့ အနံ့ရရင်တောင် ပြေးကြတာကွ။ ဒါကြောင့် သူတို့ကို တစ်နေရာမှာ ပုန်းအုံလုပ်ပြီး ထွက် လာရင် ပုန်းအုံထဲက လေသေနတ်နဲ့ ပစ်ယူကြရတယ်လေ။ ဒါကြောင့် သေနတ်နဲ့ ပစ်ကြရတာပါကွာ"

"ဒီလောက် အကောင်လေးတွေကို လေသေနတ်နဲ့ အဝေးက လှမ်းပစ်တော့ ထိပါ့မလား"

"ထိလို့ ရမရကို မင်းသူတို့ပြန်လာတော့ စောင့်ကြည့်လေ ကွာ။ ငါတို့ကောင်တွေက အထိုက်အလျောက် လက်ဖြောင့်တဲ့သူတွေ ပါ"

ကျွန်တော်ပြောလိုက်သည်ကို သူက မယုံရဲယုံရဲဖြစ်ဟန်ထင့်။ ဘာတစ်လုံးမှပြန်မပြောသည့်အတွက် ကျွန်တော်တို့လည်း အိပ်စက်နား နေလိုက်ကြပေသည်။ ညက အိပ်ရေးပျက်ထားကြသဖြင့် ကျွန်တော်တို့ နှစ်ခြိုက်စွာ အိပ်ပျော်သွားလိုက်ကြပေသည်။

အိပ်ရာကနိုးသောအချိန်သည် ညနေပိုင်းကိုပင် ရောက်နေကြ ပြီ။ ကိုယ်လက်သန့်စင်နေစဉ် 'ဉာဏ်ကျယ်နှင့်အာလူး'တို့ နှစ်ယောက် သေနတ်ထမ်းကာ ပြန်ရောက်လာကြသည်။ လွယ်အိတ်အတွင်း 'ပုတတ် ကောင်' အများအပြား ရရှိလာသည့်အတွက် အဘကောင်းက . . .

"အမြည်းလုပ်ဖို့ နည်းနည်းကင်ကွာ။ ကျန်တာကို ချက်ပြီး

www.burmeseclassic.com



မနက်ဖြန် ထမင်းထုပ်မယ်''

ကုလားကြီးသန်းညွန့်နှင့် မွန်တို့နှစ်ယောက်က ကင်ဖို့နှင့်ချက်ပြုတ်ဖို့ ကိုင်တွယ်နေကြပေသည်။ ဆာဝါးနှင့်ကီးကီးတို့က ထင်းခြောက်တို့ရှာဖွေသလို၊ စောကပေါ်ထူးကတော့ ငှက်ပျောရွက်ထုပ်ကို ထမ်းကာ ပြန်လာသည်ကို တွေ့လိုက်ရပေသည်။

''စောစိန်သန်း ... ဒီနေရာမှာ လူကိုအန္တရာယ်ပေးမယ့်ကောင်တွေကို အသံမကြားရပါလားကွ''

ကျွန်တော်မေးလိုက်တော့ သူပြန်ဖြေလိုက်သည်က ...

''ဟုတ်တယ်ကွ။ ဒီနေရာမှာ ချေ(ဂျီ)၊ ဒရယ်၊ ဆတ်နဲ့ ဖွတ်၊ ပုတတ်လိုအကောင်မျိုးလောက်သာရှိလို့ အန္တရာယ်မရှိတဲ့အတွက် စခန်းချ အိပ်စက်ကြတာပေါ့။ မနက်ကိုသွားကြမယ့် တောတွေက ကြိုးဝိုင်းသစ်တောနဲ့ ဖုန်းသုန်းတောမျိုးမှာဆိုရင်တော့ ပြောင်အုပ်၊ စိုင်အုပ်၊ ဝက်ဝံ၊ ကျား၊ ကျားသစ်၊ တောဝက်အုပ်တွေအပြင် တောခွေးအုပ်တွေကိုပါ တွေ့ကြရမယ်။ သစ်နဲ့ဝါးကလည်း စုံတဲ့နေရာမျိုးလေကွာ''

သူပြောလိုက်သည့်စကားကို ကြားလိုက်တော့ ကျွန်တော်သစ်တောဌာနတွင် အမဲပစ်လိုင်စင်လုပ်ခဲ့စဉ်က လိုင်စင်ထုတ်ပေးသည့်အခါ စည်းကမ်းချက်များကို တိတိကျကျလိုက်နာရန် ပြဋ္ဌာန်းထားသည့် အချက်ကလေးတချို့ကို ပြန်လည်သတိရနေလိုက်မိသည်။ အထူးသဖြင့် ဖွတ်ဥကို သွားရောက်တူးစဉ်က သတိမထားလိုက်မိသည်က စတင်သည်ပေါ့။

သားငှက်အချို့ကို ဥပဒေထဲမှာ တားမြစ်ချက်များတွင် 'တောကြက်၊ ငုံး၊ တောဘဲ၊ စွေလီ၊ ရစ်၊ ခါဆိုသည့် သားငှက်တို့၏ ဥဝင်ချိန်သားပေါက်အချိန်များဖြစ်သည့် မတ်လ (၁၅) မှ စက်တင်ဘာ (၃၀)





နှင့် ချေ (ဂျီ) ဒရယ်၊ ဆတ်ဆိုသည့် သားကောင်တွေ၏ ဖိုးရင့်ချိန်နှင့်သားပေါက်ချိန်ဖြစ်သည့် ဖွန် (၁၅) မှ စက်တင်ဘာ (၃၀) ရက်တွေကိုသားငှက်တို့အလိုက်၊ ရာသီအချိန်ကိုသတ်မှတ်ပြီး မျိုးမသုဉ်းစေရန်တားမြစ်ကာကွယ်ပေးထားသည်။

ဖွတ်ဆိုသည့် အကောင်များကိုတော့ အချိန်နှင့်ရာသီအလိုက်ပင် တားမြစ်ထားသည့် သတ္တဝါထဲတွင် မပါချေ။ သို့အတွက် ကျွန်တော့်ဖွတ်ဥကျင်းနှိုက်သည့်ကိစ္စ မှားများနေသလားဟု စဉ်းစားလိုက်တော့ပေါ်သည့်အတွက် တော်နေသေးသည်ဟု တွေးနေလိုက်မိပေသည်။

မီးဖိုတွင်ကင်ထားသည့် ပုတတ်ကင်နံ့က မွှေးလာသလို မီးခဲ ခဲ့ရဲ့တို့ထက်ဆီသို့ ထွက်ကျလာသော အဆီရည်တို့ကြောင့် 'ဖောက်ခနဲ၊ ဖွခနဲ' အသံတို့ကို ကြားလိုက်ကြရသည်မို့ အစ်ကိုကြီးဦးသိန်းလွင်က ကျွန်တော့်ကို မျက်စိမှိတ်ပြလိုက်ပြီး လွယ်အိတ်အတွင်းမှ ပုလင်းကိုဆွဲထုတ်ကာ အားလုံးဝိုင်းဝန်းပြီး သောက်ပွဲကလေး ကျင်းပတော့မည့် အလုပ်တွင် 'ဆာဝါး' က ...

''ကီးကီးရေ ... မနက်ကရှာထားတဲ့ ဖွတ်ဥက စားလို့ရပြီလားကွ''

''အေး ... အဆင်သင့်ပဲ။ ယူလာခဲ့မယ်''

''အေး ... ယူခဲ့ကွာ။ မုဆိုးတွေဆိုပေမဲ့ မြို့ကမုဆိုးတွေက ခါမျိုး စားရခဲတယ်။ ငါတို့တွေကတော့ တောမှာနေကြသူတွေဆိုတော့ စားရတာ ရိုးနေပြီ''

ကျွန်တော်တို့ဝိုင်းကား 'ပုတတ်ကင်၊ ချေသားကင်နှင့် ချေသားချဉ်ပြုန်ဟင်း'တို့နှင့် လင့်ထက်တွင် စတင်လိုက်ကြပေသည်။ ကျွန်တော်က အရက်ကိုသောက်လိုက်ပြီး အမြည်းကိုစားလိုက်ရင်းက ဖွေပေါ်နှ



www.burmeseclassic.com

www.burmeseclassic.com



သန်း၊ ဆာဝါးနှင့် ကီးကီးတို့အား . . .

"ဒါနဲ့ ငါမသိလို့ မေးစမ်းပါရစေဦးကွာ။ မေးရမှာလား"

"မေးပါဗျာ . . .။ သိရင်ဖြေမှာပေါ့။ မသိတော့လည်း မဖြေ ဘူးပေါ့"

"ဒါဆိုရင် ဖွတ်တွေက တောင်ပို့မှာ ဘာကြောင့်ဥချကြသလဲ တောင်ပို့မှာဥချတာ ဘယ်နှစ်မျိုးရှိလဲ"

"ဖွတ်က (၄) မျိုးရှိတယ်ကွ။ ဖွတ်ကျား၊ ဖွတ်ကျည်၊ ရုံးဖွတ် ခတ်ချိုဖွတ်တဲ့။ တောင်ပို့တွေမှာ ဥချတဲ့ဖွတ်ကတော့ အရွယ်အစားမတူ သလို အရောင်အသွေးလည်း မတူကြဘူး။ နှစ်မျိုးကွ။ ဖွက်ကျည်နဲ့ ဖွတ်ကျား နှစ်မျိုးပဲ။ တောင်ပို့ကကုန်းတွေမှာလည်း ဥချတတ်တယ် တောင်ပို့တွေမှာလည်း ချတယ်။ အလုံးက (၁၅ မှ ၃၀) ထိလောက်ပေါ့ ကွာ။

ဘာကြောင့် တောင်ပို့တွေမှာ ဥချသလဲလို့ ငါအထင်ပြောရရင် ဥကျင်းတူးရတာ လွယ်တာရယ်၊ ဥချပြီးရင်လည်း သူထွက်တဲ့အပေါက် ကို ခြတွေက ပြန်ပိတ်ပေးတာရယ်ကြောင့်လို့ ထင်တယ်လေ"

"ဒါဆိုရင် ကျန်တဲ့နှစ်မျိုးက သစ်ပင်သစ်ခေါင်းတွေကြားမှာ ဥတာလား"

"သူတို့လည်း ခြသံရှိတဲ့တောင်ပို့မျိုး။ အချုန်အတက်တွေ ပေါ့ကွာ။ အဲဒီတောင်ပို့မျိုးမှာ ရွေးပြီး ဥချတာပဲကွ။ (၇ လုံးက ၂၀ ထိ ဥကြတယ်ကွ"

"ဒါဆိုရင် ဖွတ်မိကျောင်းဆိုတာက ဘယ်လိုဖွတ်မျိုးလဲ"

"ဖွတ်မိကျောင်းက ဖွတ်ကျားကနေ ဖြစ်သွားတာကွ။ ကိုယ် လုံးအရှည် (၇) ပေလောက်ရှိပြီး အမြီးကလည်း အဲဒီလောက်ရှည် တယ်ကွ။ ဖွတ်မျိုးမှာတော့ အကြီးဆုံးဖွတ်ပဲလေ။ လည်ပင်းကနေအမြီး ဖျားထိ အဝါနဲ့အနက်ရောင် ကန့်လန့်စင်းတွေနဲ့။ အဲဒီအစင်းကျားတွေ ကြောင့် ဖွတ်ကျားလို့ ခေါ်တာနေမှာပေါ့။ မိကျောင်းဖြစ်တာ အဲဒီ အကောင်ပဲ"

အမှောင်ထုက ကြီးစိုးလာပြီမို့ ကျွန်တော်တို့အရက်ကို လက်စ ဖြတ်လိုက်ပြီး ထမင်းစားလိုက်ကြပြီး စောစောပင် အိပ်လိုက်ကြပေ တော့သည်။

"ဝိုဝို . . . ဒီးဒုတ်"

လင့်အထက်သစ်ပင်ထက်ဆီမှ ဒီးဒုတ်ဖိုမငှက်နှံ့ အော်ဟစ် သံက အချီအချ သံပြိုင်ဟစ်ကြွေးနေသံနှင့်အတူ ငှက်ပန်းထိမ်ကလေး တစ်ကောင်ကလည်း 'တတုံတုံ' နှင့် အဆက်မပြတ် ဟစ်ကြွေးသံတို့ ကြောင့် မျက်လုံးကိုဖွင့်လျက် လရောင်နှင့်အတူ ကောင်းကင်ထက်သို့ ကြည့်လိုက်တော့ ထိန်ထိန်သာလျက်ရှိသော လမင်းကြီးနှင့်အတူ ကြယ် တာရာအစက်အပြောက်တို့ကို တွေ့နေလိုက်ရသလို သူ့ရင်ခွင်တွင်းဆီမှ ကြယ်အချို့ကို ခြွေချရာဆီသို့ လိုက်လံကြည့်ရှုနေရင်းမှ အိပ်ပျော်ခြင်း ။ ကပ်ပါသွားမိပေသည်။

အမှန်တော့ ကျွန်တော်တို့အဖွဲ့ အမဲပစ်ခရီး ထွက်ခဲ့ကြသည် ။ 'စိန်တောင်'ကို အခြေခံထားကာ ဝန်းကျင်ရှိ 'ပန်းတောင်၊ သံတောင်၊ ဗိမ္ဗာတောင်၊ ဘုရားကြီး၊ စောဖြူတောင်နှင့် သံမှိုတောင်' တို့တွင် သွားလာ ချိန်ရှားနေကြသည် သားကောင်အုပ်တို့နောက်ကို ခြေရာခံပစ်ခတ်ကြ မိုသော်လည်း အထိုင်ချရာ စိန်တောင်အောက်ခြေမှလွဲပြီး ဘယ်ကို ရောက်ကြသေး။

အတူသဖြင့် ဗိမ္ဗာတောင်အတွင်းရှိ ဘုရားကြီးဂူကိုလည်း သွား

www.burmeseclassic.com



ချင်သလို၊ သုံးပန်လှမင်းသမီးကလေး ဆေးစီရင်ထားသော ရုပ်ကလာပ်ရှိရာဆီသို့လည်း သွားရောက်လေ့လာချင်သည်။ သို့သော် မရောက်ကြသေးဆိုသော်လည်း ယခုရောက်ရှိနေသည့်နေရာက ထိုနေရာဝန်းကျင်ဆီသို့။

တစ်ဦးတည်း လက်စွဲတော်သေနတ်ကိုကိုင်ရင်း တောပုန်းချောင်းပစ်ခတ်ရန် ရောက်ရှိလာခဲ့သည်မို့ ထူးထူးဆန်းဆန်း မျှော်လင့်မထားဘဲ အလိုလိုရောက်ရှိလာသည့် ထိုနေရာကို အထူးအဆန်းသဖွယ် လိုက်လံကြည့်ရှု အကဲခတ်နေလိုက်မိပေသည်။

ရောက်ရှိနေသည့်နေရာကား ပဲခူးရိုးမကြီးအတွင်းကျသော နေရာဖြစ်သည်မို့ တောတို့က ထူထပ်သိပ်သည်းသလို၊ တောကြီးနှင့် ယှဉ်လျက် လွင်၊ ပြန့်၊ တောင်တန်းတောင်သွယ်တို့က အထပ်ထပ်။ တစ်နေရာတောင်ကုန်းထိပ်တွင် စေတီတော်ကလေးတစ်ဆူရှိနေပြီး ဆည်းလည်းသံလွင်လွင်ကလေးတို့က နားစည်အတွင်း၊ ရိုက်ခတ်သံလွင်လွင်တို့နှင့်အတိ။

လက်မှကိုင်ဆောင်ထားသည့် သေနတ်အား ကျည်ထိုးမောင်းတင်လိုက်ရင်း တောအုပ်စိမ်းစိမ်းကြီးဆီ လှမ်းကြည့်လိုက်သည်။ ထိုတောကြီးအတွင်းပေါက်ရောက်ရာ အပင်တို့က 'ပျဉ်းကတိုး၊ ပျဉ်းမကျွန်း၊ ကညင်၊ ယမနေ၊ သစ်ရာ၊ အင်တို့နှင့် ဝါးမျိုးစုံသည့် ဝါးရုံတောကြီးတို့အပြင် ချုံပင်ကြီးတို့နှင့်အတိ။ သစ်ပင်ကြီးတို့ထက် ကိုင်းဆုံထက်တွင် ...

'သစ်ခွရောင်စုံပန်းများ၊ ယင်းမာ၊ သရဖီ၊ ရင်ခတ်ပျဉ်းမ' စသည့်ပန်းတို့နှင့်အတိ။ အလှချင်းပြိုင်နေကြသည်။ တောပုန်းချောင်းပစ်ခတ်ရန်ထွက်လာခဲ့သည်မို့ သားကောင်ပေါ်မည့် ထိုတောကြီးကိုသွား





ရန် ပြင်လိုက်သော်လည်း နားစည်တွင်ရိုက်ခတ်နေသည့် စေတီတော်ကလေးဆီမှ ကြားနေရသည့် ဆည်းလည်းသံကြောင့် ရောက်တုန်းရောက်ခိုက် စေတီတော်ကလေးအား သွားရောက်ဖူးမြော်ရန် အတွေးဝင်လာသည့်အချိန်၊ လေတွင်လွင့်မျောရင်း စေတီတော် ကိန်းဝပ်စံပယ်ရာဆီသို့ ရောက်သွားမိသည်က အမှန်။

သေနတ်ကို မြေပြင်တွင်ချ၊ တအံ့တသြနှင့် စေတီတော်ကလေးအား ဦးချလိုက်ရင်း ဖူးမြော်ကြည့်ရှုလိုက်မိပေသည်။ သပ္ပာယ်လွန်းပေစွ။ စေတီတော်အား ပလ္လင်အောက်ခြေပန်းခုံမှစ၍ ဖောင်းရစ်ထီးတိုင် ထုံး၊ သက်န်းတို့နှင့်အတိ။

စေတီတော်၏အနောက်၊ သစ်ပင်အုပ်တို့အကြားတွင် ကျောင်းသယ်တစ်ကျောင်း (ဘုန်းတော်ကြီးကျောင်းဖြစ်ဟန်ပင်)။ ထိုကျောင်းမှာ သစ်သားတို့နှင့် ဆောက်လုပ်ထားပြီး ကျောင်း၏ရှေ့တွင် အုတ်စီထားသော လှေကားတွင် ကနုတ်ပန်းတို့နှင့်အတိ။ လှေကားဘေးဘက်တို့တွင် အင်္ဂတေပန်းတော့ပညာဖြင့် လက်ရာမြောက်ပန်းနွယ်၊ ပန်းလိမ်အကွက်ဖော်ပြီး လှိုင်းတွန့်လက်ရန်းပေါင်တို့နှင့်။

ထိုကျောင်းထိပ်လှေကား အထက်တံခါးမကြီးမှာ သစ်သားခေါက်တံခါးဖြင့် ပြုလုပ်ထားသည်။ စေတီတော်ဟိုမှာဘက်တန်ဆောင်းကြသဏ္ဍာန်ဘေးတွင် ကြာပန်းတို့နှင့်အတိရှိနေသည့် ရေကန်တစ်ကန်ကိုလည်း တွေ့လိုက်ရသည်။ ရေပေါ်တွင်ငါးတို့က ခုန်တက်လိုက်၊ ကန်ရေထဲသို့ ပြန်ကျလိုက်နှင့် မြူးထူးနေကြသည်။

ထိုအချိန်ရေကန်၏ အနောက်သစ်ပင်ကြီးတို့နှင့် တောချုံပုတ်တို့အကြားမှ မိန်းမပျိုတစ်ယောက်ထွက်လာပြီး ကန်စောင်းတွင်ရပ်တန့်လျက် ကန်ရေပြင်ကို ငေးမေလိုက်စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ

www.burmeseclassic.com



သည်။ ဘယ်ကဘယ်လိုမှန်းမသိ ရောက်ရှိလာသည့် သူမကို ကျွန်တော် အသေအချာ လှမ်းကြည့်နေလိုက်မိသည်။

အရပ်ကခပ်မြင့်မြင့်၊ မျက်နှာကလုံးသလို မေးကသွယ်သည်။ မျက်လုံးမျက်ခမ်းက တောက်ပသလို နှာတံကစင်းသည်။ ဝတ်စားထားသည့်အဝတ်က ဖက်ဖူးရောင် ပိုးသားထဘီ၊ ပန်းပွင့်ကလေးတို့အပေါ် ဖာအကျႌကို ဝတ်ဆင်ထားပြီး ဖာပဝါစိမ်းဖန့်ဖန့်ကို လွှမ်းခြုံထားသည်။ အသားအရေက ဝါဝင်းနုညံ့လျက် ကျစ်ကျစ်လျစ်လျစ်နှင့် ထုံးနှောင်ဖွဲ့စည်းထားသော နက်မှောင်သည့် ဆံကေသာထက်ဝယ် ရောင်စုံသစ်ခွပန်းတို့နှင့် အဝေသား။

ကျွန်တော် သူမကိုစိုက်ကြည့်နေလိုက်ရင်း မျက်စိအောက်တွင် ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရပေသည်။ ကျွန်တော့်စိတ်တွင် စွဲစွဲထင်ထင်ကြီးမို့ နေရာမှထကာ သူမ ဘယ်ကိုရောက်သွားသည်ကို လိုက်ရှာဖို့အထ အိပ်ရာမှ လန့်နိုးလာပေသည်။

"ဘုရား ... ဘုရား ... လှလိုက်တဲ့မိန်းကလေး။ ဘယ်လို အမိပ္ပာယ်နဲ့ တောကြီးတောင်ကြီးထဲမှာ ဒီအိပ်မက်မျိုး လာမက်ရပါ လိမ့်"

အိပ်မက်က ဆွတ်ပျံ့ကြည်နူးဖွယ်ရာ အိပ်မက်မျိုးမို့စိတ်ထဲက တသသဖြစ်ရင်း ထိုကဲ့သို့ တစ်ယောက်တည်း ပြောနေလိုက်မိသည်က အမှန်။ အိပ်ရာမှနိုးသောအချိန်သည် လင်းကြက်တွန်သံတို့ပင် ကြားရစပြုလာနေပြီမို့ လင့်အောက်တွင် သူတို့ချက်ပြုတ်ရင်း အဖန်ရည်သောက်နေကြသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်ကလင့်ထက်မှ ဆင်းကာ မျက်နှာသစ်ပြီး တောလိုက်ဖို့အတွက် လိုအပ်သည်တို့ကို ပြင်ဆင်နေလိုက်မိပေသည်။





မကြာမီအချိန်တွင် လူငယ်များပါ နိုးထလာကြပြီမို့ နံနက်ဆာပြေဗိုက်ဖြည့်လိုက်ကြပြီး မုဆိုးအသုံးအဆောင်များကို ယူဆောင်ကာ သားကောင်ကြီးတွေနောက် ခြေရာကောက်လိုက်ကြရန် ခရီးကို ဆောင်လိုက်ကြပေတော့သည်။

ရိုးမတောကြီးကား နံနက်ခင်းဖြစ်သည့်အပြင် နက်ရှိုင်းသည့်နေရာမို့ အေးမြလှသည်။ အဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင်၊ ကျွန်တော့်အပြင် ရွာခံမုဆိုးနှစ်ယောက်နှင့် ရှေ့မှဦးဆောင်သွားနေကြသည်။ မြေပြင်နှင့်ဝန်းကျင်ကို သတိထားကာ လျှောက်လှမ်းနေလိုက်ကြရင်း ညကမက်ခဲ့သည့် အိပ်မက်အကြောင်းကို ပြောပြလိုက်သောအခါ ကီးကီးက အားရဝမ်းသာနှင့် ...

"ကောင်းလိုက်တဲ့ အိပ်မက်ဗျာ။ အဲဒီအိပ်မက်ထဲမှာ တွေ့ရတဲ့သူက ဘယ်သူလို့ထင်သလဲ ရန်ကုန်မုဆိုးကြီးရဲ့"

"ဟဲ့ ... ငါ ဘယ်သိပါ့မလဲ ကီးကီးရဲ့။ ပဲခူးရိုးမကြီးဆိုပေမဲ့ ဒီနေရာတွေ ငါမှမရောက်ဘူးတဲ့ဟာ။ ငါတွေ့ခဲ့ရတဲ့ စေတီတော်ဟောင် ဘယ်နေရာမှာရှိနေမှန်းကို မသိတဲ့ဟာ။ နင်သိရင် ပြောပြစမ်းပါဦး။ ဘာဆိုတာ"

"ဒီလိုဗျ ...။ ကျွန်တော့်အတွေ့အကြုံအရ ပြောပြတာပါ ဗျ။ ကိုယ်တွေ့မို့ပါ။ ပြီးခဲ့တဲ့ (၁၅) နှစ်လောက်က ဒီနေရာကို တောပစ်ထွက်လို့ ရောက်လာတယ်ဗျ။ သူ့နာမည်ကတော့ ဦးတင်ထွန်းတဲ့။ ဦးတပ်ရှာပေမဲ့ လူငယ်တစ်ဦးပါပဲ။ မုဆိုးပိုး ငယ်ထိပ်ကပ်နေသူပါပဲ။ သေနတ်ကတော့ များများစားစား မပါဘူးဗျ။ နှစ်လုံးပြူးတစ်လက်တည်းရယ်သာ ပါတာကိုးဗျ"

"ဟုတ်လား ...။ သူတစ်ယောက်တည်းလာတာလားကွ .."



www.burmeseclassic.com

www.burmeseclassic.com



ကီးကီးရဲ့''

''ဘယ်ဟုတ်ပါ့မလဲဗျ ...။ သူ့အဖော်နှစ်ယောက် ခေါ်လာသေးတယ်လေ''

''ဒါဆိုရင် သုံးယောက်တည်းပေါ့ ဟုတ်လား''

''ဟုတ်ပါ့ဗျာ ... သုံးယောက်တည်းပါပဲ။ ကျွန်တော့်ဆင်ကို ငှားပြီး သွားကြတာပေါ့ဗျာ။ လူတွေက ပိုက်ဆံကတော့ ချမ်းသာကြမယ့်ပုံတွေပါ။ သေနတ်ကျတော့ နှစ်လုံးပြူးတစ်လက်ပဲ ပါလာတယ်လေ။ သူတို့က ခုလိုနေရာကိုသွားမယ်၊ ဈေးကောင်းလည်း ပေးတော့ ကျွန်တော် သူတို့သုံးဦးကို ဆင်ပုခက်ပေါ် တင်လာခဲ့ကြတာပေါ့။ လမ်းမှာတွေ့တဲ့အကောင်တွေကို မေ့ထားလိုက်ပါတော့။ ပစ်တော့ပစ်တယ်ပေါ့နော်၊ တစ်ကောင်မှ မရခဲ့ပါဘူးလေ''

ဒီလိုနဲ့ ခုစခန်းချတဲ့နေရာကို ရောက်လာပြီး လင့်စင်ထက်မှာ အိပ်ကြတာပေါ့ဗျာ။ အဲဒီညမှာ ခုလိုအိပ်မက်မျိုး မက်တော့တာပဲဗျ။ သူပြောပြတာက ခင်ဗျားလို နန်းဝတ်နန်းစားနဲ့တောင် မဟုတ်ဘူးဗျ''

''ဟုတ်လား ...။ နန်းဝတ်နန်းစားနဲ့မဟုတ်တော့ ဘာနဲ့လဲ''

''အေးဗျာ ...။ သူ့အိပ်မက်က တစ်မျိုးပဲ။ သူပြောတဲ့အတိုင်းပြောပြမယ်နော်။ သူက ပင်လယ်ကမ်းစပ်တစ်နေရာမှာ နားရင်း ပင်လယ်လေကို ရှူနေသတဲ့ဗျာ။ အဲဒီအချိန်မှာ သဲသောင်ပြင်ပေါ် ပြေးလွှားနေတဲ့ မိန်းကလေးတစ်ယောက်က ဘာကိုကြောက်ပြီး ပြေးနေတာမှန်းမသိဘဲ ပြေးနေတာကို တွေ့လိုက်ရလို့ နေရာကထပြီး မိန်းကလေးဆီကူညီရန် ပြေးလွှားရင်း သူမအနားကိုရောက်သွားတော့ ယခုခေတ်ပန်းချီဆရာတွေရေးဆွဲတဲ့ နဂါးကြီးတစ်ကောင်ဖြစ်သွားပြီး ဆက်မလိုက်





တော့ဘဲ ကြည့်နေလိုက်ရင်း ပင်လယ်ထဲကို ထိုးဆင်းသွားပြီး ပျောက်ကွယ်သွားတဲ့အိပ်မက်ကို မက်တယ်တဲ့ဗျ''

''ဟ ... ကီးကီးရဲ့၊ သူ့အိပ်မက်နဲ့ ငါ့အိပ်မက်က ဘယ်လိုဆက်ဆိုင် ပတ်သတ်နေလို့လဲကွ။ မင်းဟာကလည်း လုပ်စမ်းပါဦး''

''မုဆိုးကလည်း ဒုံးဝေးရန်ကော။ သူမက်တာလည်း မိန်းမ၊ မုဆိုးမက်တာလည်း မိန်းမပဲလေဗျာ။ ဘာကွာလို့လဲ''

''ထားပါတော့ကွာ။ သူ အဲဒီအိပ်မက်ကိုမက်ပြီး ဘာထူးသလဲပြောပါဦး''

''ပြောင်ပစ်ရတယ်လေဗျာ။ ရလည်း ရခဲ့တာပဲဟာ။ အဲဒါတွေ့ပဲ''

''ဒါဆိုရင် မင်းပြောတဲ့အိပ်မက်ထဲက အမျိုးသမီးက ဘယ်သူ့ကို ကောက်ချက်ဆွဲလဲ''

''ဘယ်သူရှိရမလဲဗျ ... ဝိဇ္ဇာတောင် သုံးပန်လှဂူက သုံးပန်လှမင်းသမီးလေးပဲဖြစ်မှာပေါ့။ သူက လူတိုင်းကို အိပ်မက်မပေးဘူးလေ။ မုဆိုးအိပ်မက်ရတယ်ဆိုတော့ ဟိုဘဝမှာ လင်မယားတော်ခဲ့သလားမှ သိ''

''ဒါဆိုရင် ဒီအိပ်မက်အရ အဖြေကို မင်းဘယ်လိုတွက်သလဲ။ ပြောစမ်းလဲ''

''သားကောင်ကြီးတွေကို လွယ်လွယ်နဲ့ ပစ်လို့ရမယ်လို့ ငါတွက်တယ်ကွာ။ စောင့်ကြည့်ပေါ့ ...။ ဟုတ်ဘူးလား''

တောသူတောင်သားလည်းဖြစ်၊ ကရင်လူမျိုး မုဆိုးတစ်ယောက်က သူတို့ပြောလိုက်သည့်စကားတို့က တုတ်ထိုးအိုးပေါက်။ ဒါကြောင့် ဘာမှပြန်မပြောတော့ဘဲ ဆက်လက်လျှောက်လှမ်းခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းဆိုသော်လည်း သုံးနာရီသာသာ မရပ်မနား လျှောက်
လှမ်းခဲ့ကြရသည်ဖြစ်ရာ ကျွန်တော်တို့အားလုံး ချွေးတို့နှင့်အစို။ စခန်းချ
ရာဆီမှ ယခုရောက်ရှိနေသည့် ‘သံတောင်’ ထိ (၁၀) မိုင်လောက်တော့
ရှိပေမည်။ လျှောက်လှမ်းခဲ့ကြရာ တောကပြေပြေလျှောလျှော၊ ကွေ့ကွေ့
ဝိုက်ဝိုက် လှည့်ကာပတ်ကာ တက်လိုက်ဆင်းလိုက်နှင့်မို့ သက်သာလှ
သည့် ခရီးတော့ဖြင့်မဟုတ်။ သို့အတွက် ကျွန်တော်က ...

‘‘အဘကောင်းရေ ... တောင်ကြောပေါ် ရောက်နေပြီဆိုတော့
ခဏနားလိုက်ကြမယ်ဗျာ။ ပင်ပန်းလွန်းလှပြီ’’

‘‘ရှေ့မှသွားနေသည့် အဘကောင်းအား လှမ်းပြောလိုက်သဖြင့်
အစ်ကိုကြီးဦးသိန်းလွင်ကလည်း ပင်ပန်းနေပြီမို့ ထောက်ခံလိုက်ပြီး ဆေး
လိပ်သောက်သူ၊ ကွမ်းစားသူ၊ ရေသောက်သူတို့ဖြင့် လုပ်ကြရင်းနား
နေလိုက်ကြပေသည်။

‘‘ကျွန်တော်တို့ထွက်ခဲ့တာ ခုဆိုရင် လေးနာရီလောက်တော့
ရှိပေါ့နော်’’

စခန်းချရာဆီမှထွက်စ အင်တိုင်းတောဆန်ဆန် တောမျိုး
သစ်တောပါးပါးတို့ကို ဖြတ်သန်းရင်းမှ အထက်ကိုတက်လာလေလေ
တောကထူလာလေဖြစ်သည်။ သစ်ကြီးဝါးကြီးတို့ပေါ်များသည့် နေရ
ဖြစ်၍လည်း နေရောင်ကိုလုကြရသည်မို့ အထက်ပိုင်းဆီသို့ လုကာ
ထိုးထွက်နေကြရသည်။ အပင်မြင့်ကြီးများဖြစ်ကြပြီး အောက်ခြေ
ရှင်းသည်။

‘‘ဆယ်နာရီထိုးပြီကွ ဆာကြပြီလား။ တစ်ခါတည်း ဒီမှာတ
ဗိုက်ဖြည့်သွားလိုက်ကြရအောင်’’

‘‘ကောင်းသားပဲ အဘကောင်းရဲ့။ ရှေ့ကိုလျှောက်ကြရင်း သာ





...င်ခြေရာကိုတွေ့လို့ လိုက်ကြရင်း ထမင်းစားချိန်ရတော့မှာ မဟုတ်
...ကွ’’

စောစိန်သန်းက ထောက်ခံလိုက်သည့်အတွက် ကျောပိုးအိတ်
... ထမင်းထုပ်ကိုကိုယ်စီထုတ်ကာ စားသောက်နေလိုက်ကြပေသည်။
...တ်သားဟင်းအပြင် ဖွတ်ဥကိုလည်း တစ်လုံးစီထည့်ထားကာ၊ ဆာ
...င်နေသည်မို့လည်း စားလို့ကောင်းလှပေသည်။ စားပြီးသောအခါ
...တော်တို့အဖွဲ့ ခြေရာကောက်လိုက်ကြရန် ထွက်ခဲ့ကြပေသည်။

အဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင်နှင့် ရွာခံမုဆိုးနှစ်
...က ရှေ့မှ ဦးဆောင်သွားနေရင်း လှမ်းလက်စခြေလှမ်းကို ရပ်
...ာ မြေသားပြောင်ပြောင်တွင် ခြေရာဝိုင်းဝိုင်းကြီးတို့ကို မသက်ာ
...စိတ်တို့နှင့် ကြည့်နေလိုက်ကြသည်မို့ အနီးကို တိုးကပ်ကြည့်လိုက်
... ခြေရာတွေမှာ ပန်းကန်ပြားတစ်ချပ်စာနီးပါးခန့်နှင့် အများအပြား။
...နှပ်ဖြတ်သွားထားသည့် ခြေရာတို့ပင်။

ခပ်လှမ်းလှမ်းဝန်းကျင်တစ်ဝိုက်မှ ကျေးငှက်သံတစာစာနှင့်
...အုပ်တို့၏ အောင်ဟစ်သံများကို ကြားနေရစေကာမူ ရိုးမကြီး
... သူ့သဘာဝအတိုင်း အေးချမ်းနေသယောင်။ အုံ့ဆိုင်းနေသော
...မြင့်ကြီးများ၊ တောအုပ်နှင့်ချုံနွယ်တော၊ ဝါးရုံတောများအပြင်
...နှင့် သစ်ပင်ကြီးတို့ခွဆုံပိုင်းတွင် သစ်ခွအုံတို့မှ သစ်ခွပန်းရောင်စုံ၊
...သေး၊ သရဖီ၊ ရင်ကပ်ပန်းတို့နှင့်အတူ တောပန်းတောင်ပန်းတို့
... သာယာမနေနိုင်အား။ သားကောင်နောက်သို့ ခြေရာကောက်
...ရို့ ထွက်ကြမည်အလုပ် ...

‘‘ရှပ် ... ရှပ် ... ရှပ်’’

နောက်ကျော ဝါးရုံတောကြီးအတွင်းဆီမှာ ကြွေကျထားသော



www.burmeseclassic.com

www.burmeseclassic.com



ဝါးရွက်ခြောက်တို့အပေါ်မှ ရှပ်တိုက်နင်းလာသံကို ကြားလိုက်ကြရသဖြ
ကျွန်တော်တို့ အသံကြားလိုက်ရာဆီသို့ လှည့်ကြည့်လိုက်ရင်း ကိုင်ဆော
ထားသည့်သေနတ်နှင့် လှမ်း၍ ချိန်ရွယ်လိုက်ကြစဉ် ချက်ချင်းဆိုသလ
ပင် နောက်ကျွမ်းပစ်လျက် သပွတ်သိမ်အရှုပ်တောကြီးအတွင်း တိုးဝ
ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ကြရပေသည်။ အဝါတွင် အနက
စင်းတို့ ရောပြွမ်းထားသည်မို့ ကျားတစ်ကောင်ဖြစ်မည်က အမှန်။

အားလုံး၏အမြင်တို့ကလည်း မဝေဝါး။ ကျားကြီးကို ယခု
သို့ အနီးကပ် ထိပ်တိုက်တိုးကာ တအံ့တသြအသွင်မျိုးနှင့် မှင်တာ
မိနေကြသဖြင့် မပစ်လိုက်ကြရသည်ကိုလည်း မည်သူ့ကိုမှ အပြစ်မ
သာ။ ကျားဆိုသည့်အကောင်မျိုးက အိမ်မွေးကြောင်တွေလို အကော
မျိုးမှ မဟုတ်ပေဘဲကိုး။

မဖြစ်နိုင်သောဖြစ်ရပ်မျိုးကို ကိုယ်တွေ့ဖြစ်ကာ မျက်စိအော
တွင် မြင်တွေ့လိုက်ကြရသည်မို့ တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်
ရင်း ငိုင်တွေတွေပင် ဖြစ်နေကြသည်က အမှန်။ ဖြစ်နိုင်စရာအကြော
ကို လိုက်လံတွေးတောလိုက်ကြသည့်အခါ ကျွန်တော်တို့က လေအော
မှဖြစ်နေသည့်အပြင် လှုပ်ရှားမှုတို့ကလည်း ငြိမ်သက်နေပြီး သူန
ကျွန်တော်တို့အကြားတွင် ချုံနွယ်တောတို့ကလည်း ကြားခံနေကြသဖြ
ကိုယ်ကလည်း သူ့ကိုမမြင်သလို သူကလည်း ကိုယ့်ကိုမမြင်ဘဲ ယခု
ထိပ်တိုက်တိုးလိုက်ကြဟန်ထင့်။ ထိုစဉ် ရွာခံမုဆိုး ကီးကီး ...

"ဘယ်လိုလဲ မုဆိုး။ ညကအိပ်မက်အကြောင်း ကျွန်တေ
ပြောတာ မှန်တယ်မို့လား"

"ညကမက်တဲ့အိပ်မက်နဲ့ ခုဖြစ်တာနဲ့ ဘာဆိုင်လို့လဲကျ
မင်းဟာကလဲ"





"ခု သံတောင်ကို ရောက်ပြီလေ။ ဝိဇ္ဇာတောင်ကိုတောင်
ရောက်သေးဘူး ပေးနေတာက အံ့သြဖို့ကောင်းတယ်။ အားလုံးညှ
တော့ မပစ်လိုက်ရလို့မရဘူးလေဗျာ။ စောင့်ကြည့်ဦးပေါ့"

ကီးကီးတစ်ယောက်ကတော့ ကျွန်တော့်အိပ်မက်အပေါ် သူ့
ကောက်ချက်ကို အခိုင်အမာစွဲနေသည်ကအမှန်။ မှန်မမှန်တော့ စောင့်
ကြည့်ရပေမည်။ ကျွန်တော်တို့ နောက်ထပ်လေးဖာလုံခန့် လျှောက်လိုက်
ကြစဉ် မြေသားဆန်သောနေရာဆီသို့ ရောက်လာသည်။

အဘယ့်ကြောင့်ဆိုသော် ကိုယ်အလေးချိန်ကြီးမားသော ပြောင်
ကြီးတစ်ကောင်၏ခြေရာတို့ကို တွေ့လိုက်ကြရသလို တောကောင်ကြီး
တစ်ကောင်၏ ခြေရာတို့ကလည်း ထိုခြေရာဝိုင်းဝိုင်းတို့အပေါ်တွင် ထပ်ထူ
ထိုက်နင်းလျက်ကို တွေ့လိုက်ကြရခြင်းကြောင့်ပင်။

"ကစ် ... ကစ် ... ကစ်"

ရှေ့ကိုလိုက်လံကြည့်နေသည့် အဘကောင်းက ဝါးသုံးရိုက်
ခန့်အကွာလောက်မှ အချက်ပေးကာ ခေါ်လိုက်သည့်အသံကို ကြားလိုက်
ကြရသဖြင့် လှမ်းကြည့်လိုက်ရာ သူသစ်ပင်ကြီးတစ်ပင်ကို လက်ညှိုး
ထိုးကာ ပြနေသည့်အတွက် ထိုအပင်ကြီးဆီကို လှမ်းကာသွားလိုက်ရင်း
ကြည့်လိုက်ကြရာ လူတစ်ရပ်အမြင့်နီးပါးမျှ ပင်စည်လုံးကြီးတွင် အခေါက်
များ ဖွာလန်ကြဲကွာထွက်နေသလို အစေးတို့ထွက်နေပြီး လက်ပြင်ယား
သဖြင့် ပခုံးနှင့်ပွတ်တိုက် အယားဖြေသွားသဖြင့် နီကြန်ကြန်အမွေး
တို့ပင် ကျွတ်ကျန်ခဲ့သည်ကို တွေ့မြင်လိုက်ရသည်။

အတွေ့အကြုံအရ သည်မြင်ကွင်းက ကျွန်တော်တို့နှင့်တွေ့ပြီး
နောက်ပိုင်းကို လှစ်ခနဲ ပြန်ပြေးပျောက်ကွယ်သွားသည့် ကျားကြီးကား
ပြောင် 'ထီးကောင်' ကြီးနောက်ကို ခြေရာခံလိုက်နေမှန်း သိသွား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ချိုသွေးကာ ပြန်လည်စိန်ခေါ်လိုက်သည့် မြင်ကွင်းမျိုးဆိုသည် ကို ကျွန်တော်တို့အတွေ့အကြုံအရ သိလိုက်ကြပေသည်။ သို့အတွက် အဘကောင်းက ...

"ငါတို့ ခြေရာကောက်လိုက်ခဲ့ကြတာပဲကွ။ ခြေရာပျောက်ပြီ ပြန်တော့ တစ်ကောင်တည်းခြေရာကို တွေ့ကြရသလို၊ အဲဒီအကော ကြီးနောက်ကို ရိုးကျားတစ်ကောင်ကလည်း လိုက်နေတော့ ရှေ့ခရီး ငါတို့အတွက် အန္တရာယ်ပိုများလာပြီ။ ပြောင်အပြင် ကျားက အဆင် လာပြန်ပြီဆိုတော့ သတိထားကြတော့ကွ။ သေနတ်သမားတွေ ကျ ကြီးကိုသုံး။ ဒူးလေးသမားတွေက အဆိပ်မြှားကိုသုံးမယ်။ အစစ သ ရှိ။ မျက်စိဖွင့် နားစွင့်ထားကြပေတော့"

အဘကောင်းက ထိုကဲ့သို့ အဖွဲ့သားတွေကို မှာကြားနေ ကျွန်တော်က ကျောပိုးအိတ်အတွင်းမှ မှန်ပြောင်းကို ထုတ်ယူလိုက်ပြ ဝန်းကျင်အခြေအနေကို လိုက်လံကြည့်ရှုနေလိုက်သည်။

မှန်ပြောင်းအတွင်းမှ မြင်ကွင်းတွေက ဝေဝေဝါးဝါးရယ် ထင်ရှားပြတ်သားအောင် ချိန်ရွယ်ကာကြည့်လိုက်တော့ ဟိုဘက်မှာ ဝိ တောင်ခြေလမ်းအတိုင်း အောက်ဘက်ကိုဆင်းကြည့်လိုက်တော့ ညို အသွေးနှင့် 'စိုင်' တစ်အုပ်ကို တွေ့မြင်လိုက်ပေသည်။ ဆယ့်နှစ်ကော အုပ်ပင်။ ဆင်ခြေလျှော တောင်ဆင်းလမ်းကြောအတိုင်းဆင်းပြီး မြေ တွင် ရေသောက်ကြမည့်အသွင်။

ကျွန်တော်တို့အဖွဲ့က 'သံတောင်' ဘက်မှဖြစ်ပြီး စိုင်အုပ် 'ဝိဇ္ဇာတောင်' အောက်ကိုအဆင်း မြောင်ဘက်ဆီသို့ သွားသွားစား နှင့် အရွယ်ညီသော စိုင်အုပ်ပင်။ စိုင်ဆိုသည့်အကောင်မျိုးက အိမ်မွေ တိရစ္ဆာန်နွားတို့ထက်ကြီးကာ နို့စားနွားမကြီးတို့လောက်ပင် တုတ်





သန်စွမ်းပြီး နီညိုအသွေးနှင့် လှရေးကြွယ်သလို၊ ခြေထောက်လေးချောင်း တွင် ဖြူဖြူဖွေးဖွေးနှင့် ခြေအိတ်စွပ်ထားသည့်နှယ်။ ဦးချိုတို့က ဝိုက် ညွှတ်လျက် ပြောင်လက်နေပြီး အဖြူရောင်သန်းသည်။ အိမ်မွေးနွား နှင့်တူသည်မို့ မနည်းပင် ခွဲခြားကြည့်ယူရသည်။ သေချာသောအဆင့် ကိုရောက်ပြီမို့ အဘကောင်းအား မှန်ပြောင်းလှမ်းပေးလိုက်ရင်းက ..

"အဘကောင်း ... ဟိုဘက်တောင်ကြောလမ်းအတိုင်း ဆင်း နေတဲ့ သားကောင်အုပ်ကို ကြည့်ပါဦး"

အဘကောင်း မှန်ပြောင်းကိုလှမ်းယူပြီး ကြည့်လိုက်ရင်းက–

"စိုင်အုပ်ပဲကွ။ ဆယ့်နှစ်ကောင်တိတိကွ"

သူပြောလိုက်သည့်စကားကြောင့် မှန်ပြောင်းကိုယူလျက် တစ် ယောက်ပြီးတစ်ယောက် ကြည့်လိုက်ကြပြီး အဘကောင်းက ...

"ကဲ ... ဆာဝါးနဲ့ကီးကီး၊ စောစိန်သန်းတို့ ဘယ်လိုသဘော ရကြသလဲကွ"

"အဘကောင်းက ဘာကိုပြောတာလဲဟင်"

"ပြောင်နဲ့ကျားနောက်ကို ဆက်လိုက်ကြမလား၊ ဒါမှမဟုတ် အဲဒီစိုင်အုပ်ကို လှည့်ဝိုင်းကြမလားလို့ မေးတာကွာ။ မင်းတို့က ရှာခံ မှဆိုးတွေဆိုတော့ ဒီနယ်မြေကိုကျွမ်းလို့ မင်းတို့သဘောထားကိုမေးတာ။ ရှေ့ကိုဆက်တိုးမလား၊ စိုင်အုပ်နောက်ကို ပြန်လိုက်ကြမလားလို့ မေး တာကွ"

အဘကောင်း ပြောလိုက်သည့်စကားကြောင့် အစ်ကိုကြီးဦးသိန်း လွင် ကြားဖြတ်ဝင်ပြောလိုက်သည်က ...

"စိုင်အုပ်နောက်ကို လူငယ်တစ်ဖွဲ့လိုက်မယ်။ ပြောင်နဲ့ကျား နောက်ကို တစ်ဖွဲ့ခွဲလိုက်ကြရအောင်။ ဘယ်လိုနေမလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ကောင်းတယ်။ လှုငယ်အုပ်စုက မုဆိုးတွေနဲ့ စိုင်နောက်ကို လိုက်ကြမယ်။ လှုငယ်တွေဆိုတော့ လျှောက်နိုင်လိုက်နိုင်တာပေါ့ကွာ။ ငါတို့လူကြီးသုံးယောက်နဲ့ စောစိန်သန်းတို့နှစ်ယောက်က ပြောင်နောက်ကိုလိုက်မယ်။ စုရပ်က တောင်အခြေမှာကွာ။ ကဲ . . . လုပ်ငန်းစလိုက်ကြရအောင်"

ပြောပြောဆိုဆိုနှင့် လှုငယ်အဖွဲ့နှင့် ရွာခံမုဆိုးတို့က စိုင်အုပ်နောက်လိုက်ကြရန် ထွက်သွားကြသလို ကျွန်တော်တို့ငါးဦးလည်း ပြောင်ကြီးနောက်လိုက်ကြရန် နေရာမှ ထွက်ခွာခဲ့ကြပေတော့သည်။

ငါးဦးသား ခြေရာကောက်လိုက်ခဲ့ကြရင်း အောက်ခြေလှမ်းကြည့်လိုက်ရာ အောက်ခြေရှိ ဖုန်းဆိုးတောဆန်သော တောကြီးကား ချောက်ချားဖွယ်ရာအတိ အသွင်မျိုးကို တွေ့မြင်နေရသည်။ ကျွန်း၊ ပျဉ်းမ၊ အင်ကြင်းပင်ကြီးတို့ ကျိုးတိုးကျဲတဲနှင့် ပေါက်ရောက်နေကြပြီး

ထိုအပင်တို့အောက်တွင် သက်ငယ်၊ ကျူနှင့် ကိုင်းပင်တို့က ထူထပ်စွာ ပေါက်ရောက်နေကြသည်ကို တွေ့မြင်နေရပေသည်။ ကိုင်းပင်တို့ထက် ကိုင်းပွင့်ဖြူဖြူတို့က လေအတိုးတွင် ယိမ်းထိုးလှုပ်ရှားနေကြပြီး ကျောက်သားကျောက်ဆောင်၊ ကုန်းကမူတို့ကို ထိုးထိုးထောင်ထောင် တွေ့ရပေသည်။

"ဆာဝါးနဲ့ကီးကီး . . . မင်းတို့ ဒူးလေးကိုအသင့်ပြင်ကြတော့။ ဘာအဆိပ်ကို သုံးကြတာလဲ"

"ငါးရှဉ့်သွေးနဲ့ကွဲနို့ ရောစပ်ထားတဲ့ အဆိပ်ဗျ"

"ဟုတ်လား။ ငါ အဲဒီအဆိပ်ကို ကြားတောင်မကြားမိဖူးဘူး။ ဘယ်လိုလဲ"

"မဆိုးပါဘူး။ ဟိုအဆိပ်တွေကိုတော့ မမီဘူးပေါ့"





သူတို့နှစ်ယောက်က ဒူးလေးကြိုးကိုဆွဲတင် မြှားတံတပ်လိုက်ကြသလို ကျွန်တော်တို့ကလည်း အသင့်ပစ်ခတ်နိုင်ကြရန် မောင်းတင်လိုက်ကြပြီး ရင်ပေါင်တန်းလျက် ငါးဦးသား လျှောက်လှမ်းလိုက်ကြသော်လည်း ခြေရာနောက်လိုက်နေရုံမှတစ်ပါး မထူးခြားသေး။

ငါးဦးသား ရင်ပေါင်တန်းကာ လျှောက်လှမ်းခဲ့ကြရင်း လိုက်ခဲ့ကြရာ တစ်နာရီနီးပါးခန့်အကြာတွင် ကိုင်းတောကြီးဟိုမှာဘက် 'ဝါးသုဉ်းတော' ကြီးဘက်ဆီသို့ နီးကပ်လာသည်၊ ထိုစဉ် . . .

"ဝုတ် . . . ဝုတ် . . . ဖြောင်း . . . ဖူးဖူး"

သားကောင်ကြီးတစ်ကောင်၏ ခွာခုတ်၊ နှာမှုတ်လိုက်သံကြီးကို ကြားလိုက်ကြရသလို နောက်ထပ်သားကောင်ကြီးတစ်ကောင်၏ ဟိန်းဟောက်မာန်ဖီသံကြီးကိုလည်း ကြားလိုက်ရပြန်သည်မို့ တထိပ်တလန့်ဖြစ်သွားလိုက်သည့်အချိန်။

သစ်ပင်ထက်ဆီမှ ဝေါခနဲ ထိတ်လန့်ပျံသန်း ပြေးထွက်သွားကြသည့် ကြက်တူးရွေးတစ်အုပ်၏ 'ကိခနဲ . . . ကိခနဲ' အော်လိုက်ကြသည့်အသံတို့ကြောင့် ကျွန်တော်တို့၏နှလုံးများ ဒိန်းခနဲ . . . ဒိန်းခနဲခုန်သွားစေသည်နှင့်အတူ ကြက်သီးတဖြန်းဖြန်းထကာ ခေါင်းမွေးတို့ထောင်သွားကြသည်နှင့်အညီ တစ်ဦးမျက်နှာတစ်ဦး လိုက်လံကြည့်ရှုမိသား ဖြစ်သွားကြပေသည်။

ရွာခံမုဆိုးနှစ်ယောက်က တစ်နေရာကို လက်ညှိုးထိုးပြလိုက်ပြီး ရှေ့မှဦးဆောင်ကာ ပြေးတက်သွားသဖြင့် ကျွန်တော်တို့သုံးယောက်လည်း တိုင်ပင်မထားကြဘဲ သူတို့နောက်ဆီသို့ ပြေးလိုက်သွားကြမိသည်။

ဦးတည်ရာကား ကမ်းပါးယံကြီးအထက်ဆီသို့ ပြေပြေမျှာ



www.burmeseclassic.com

www.burmeseclassic.com



လျှောနှင့်ရှိနေသည့် မြေပြင်တွင် ကပ်ပေါက်နေသည့် ချုံငယ်ပင်တို့ကို အားပြုဆွဲတက်လိုက်ကြရင်း အထက်ပိုင်းဆီသို့ရောက်တော့ ရှုပ်ထွေး စွာပေါက်ရောက်ပြီး တောဗိန်းပင်ကြီးကို မှီတွယ်နေသည့် ထမသိုင်း တောချုံပုတ်ကြီးအောက် အတွင်းပိုင်းကို ဝမ်းလျားမှောက်ပြီး ငါးဦးသား တိုးဝင်လိုက်ကြရင်း အသံကြားရာ မြောင်အောက်ဆီသို့ လှမ်းကြည့်လိုက် ကြရာ မြင်ကွင်းက အထင်အရှားပင်။

မြောင်အောက်ကြမ်းခင်း မြေပြင်အကျယ်ကား ဝါးနှစ်ရိုက်စာ သာသာခန့်။ ထိကရုန်းပင်၊ ဆင်ငိုမြက်ပင်၊ ချုံပင်ငယ်ကလေးတို့က ဟိုတစ်ကွက် သည်တစ်ကွက်။ ဟိုမှာဘက်မြောင်အခြေတွင် 'ဆေးရှော် ပင်' ကြီးတစ်ပင်က ထီးထီးမားမား။ ထိုအပင်ကြီးအောက် မြေပြင်တွင် သားကောင်ကြီးနှစ်ကောင်၏ ထိပ်တိုက်ရင်ဆိုင်ကြတော့မည့် တောတွင်း တိုက်ပွဲမြင်ကွင်းကား ရင်တုန်စရာမြင်ကွင်းမျိုး။

နီညိုညိုနှင့် အနက်ရောင်တို့ရောထွေးကာ အမွေးကြမ်းကြီး တို့အပြင် ချွန်ထက်ကာ ဝိုင်းစက်နေသည့် ဦးချိုကြီးအပြင် နဖူးတွင် ကြာခွက်ဖြူဖြူကြီးကို ပိုင်ဆိုင်ထားသည့် ကြီးမားတုတ်ခိုင်သန်စွမ်းလှ သည့် ပြောင်ကြီးတစ်ကောင်က ကြီးမားသည့် ပင်စည်လုံးကြီးကို သူ၏ ဖင်နှင့်ကပ်ထားပြီး ရှေ့လက်နှစ်ဖက်ကို ဘေးသို့ခွဲပြီး ခေါင်းကို မြေပြင် ထက်သို့ အသာငိုက်၍ ရှေ့မှရန်သူဝင်အလာကို ဖော့ခတ်ရန် စောင့်စားနေ သည့်အသွင်။

ပြောင်ကြီးကား 'နွားကျူးကြီး' ပင်။ သူ၏ရန်သူကား အဝါ ရောင်အောက်ခံတွင် အနက်စင်းကြီးတို့နှင့် ရောထွေးထားသည့် ကြီး မားသည့် ကျားကြီးတစ်ကောင်။ သူ၏ရှေ့ ဆယ်ပေခန့်အကွာမှ လခြမ်း သဏ္ဌာန် ကွေ့ပတ်လမ်းလျှောက်ရင်း ဟာကွက်ကို ကြည့်နေသည်





အသွင်မျိုး။

လတ်တလောအခြေအနေတွင် ပြောင်ကြီးမှာ ကြီးမားသည့် ပင်စည်လုံးကြီးကို ဖင်ပေးကာ ကပ်ထားသဖြင့် နောက်ကျောလုံနေ သည့်အတွက် ကျားကြီး၏ထိုးစစ်က ရှေ့မျက်နှာစာဖြစ်သဖြင့် ပြောင် ကြီးကို ကွေ့ပတ်လျှောက်လှမ်းရင်း အလစ်ကို စောင့်စားနေပုံမျိုးပင်။

ယခုမှပင် ကျားကြီးကို သတိထားကြည့်လိုက်မိသည်။ ကြီးမား သော ဦးခေါင်းဝိုင်းဝိုင်းကြီးနောက်နား ရွက်တိုဝိုင်းဝိုင်းတစ်စုံ။ တစ်ဖက် တစ်ချက်စီတွင် ရှည်လျားသော သွားစွယ်ကြီးများ။ အဖြူရောင်နှုတ်ခမ်း မွေးရှည်ရှည်၊ တောက်ပြောင်ပြီး အဝါနှင့်အညိုရောင်ရှိသည့် မျက်လုံး အစုံ။

ခါးလျားရှည်ကြီးနောက်တွင် အမြီးရှည်ကြီးအပြင် ကြီးမား သည့်လက်ကြီးတွင် ချွန်ထက်ရှည်လျားသော လက်သည်းကြီးများနှင့် ရက်စက်ခြင်းအသွင်ကိုဆောင်လျက် အမြီးကို တလှုပ်လှုပ်ခါယမ်းကာ ပါးစပ်ကလည်း 'ဟဲခနဲ ...ဟဲခနဲ' လုပ်နေသည့် ရိုးကျားကြီးတစ် ကောင်ပင်။

ပြောင်ကြီးက (နွားကျူး)၊ ကျားကြီးက (ရိုးကျား) တို့မို့ နှစ် ကောင်စလုံး တိုက်ရည်ခိုက်ရည်က ပြည့်ဝသလို ဉာဏ်ရည်တူများမို့ တစ်ကောင်နှင့်တစ်ကောင် အလစ်မပေးစတမ်း ပျော့ကွက်လစ်ကွက် ကို စောင့်စားနေကြသည်မို့ တိုက်ပွဲက အနည်းငယ်ကြာသလိုမျိုး။ ယခု လို ရှားရှားပါးပါး ကြုံခဲ့ရလှသော တောတွင်းတိုက်ပွဲမျိုးကို ကိုင်ဆောင် ထားကြသည့် လက်နက်များနှင့် အသင့်ချိန်ရွယ်ထားကြရင်း စောင့်စား ကြည့်နေလိုက်မိကြသည်။

ပြောင်ကြီးက တဖူးဖူးနှာမှုတ်၊ တဖြောင်းဖြောင်းခွာခုတ်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးချိုကို လေတွင် 'တဗိုးဗိုး'နှင့် ဝှေ့ယမ်းရင်း တုံ့ပြန်တိုက်စစ်ဆင်နေသည်က လက်ဝှေ့သမားတစ်ဦး ဟန်ရေးပြနေသည့်အသွင်။

ကျားကြီးမှာပြောင်ကြီး ရှေ့မှ တနွဲ့နွဲ့ ကွေ့ပတ်လျှောက်လှမ်းပြနေရင်းမှ လျှပ်တစ်ပြက် လက်ဝဲဘက်မှ ခုန်ဝင်လိုက်ချိန်၊ ထိုကဲ့သို့လုပ်ရပ်မျိုးကို စောင့်စားနေသည့် ပြောင်ကြီးကလည်း သူ၏ဦးချိုကြီးနှင့် အောက်မှအထက်သို့ပင့်ကာ ကလော်တင်လိုက်မှုကြောင့် အောက်ကိုပြန်ကျသွားသော ကျားကြီးမှာ ရင်ဘတ်ပွင့်လျက် သွေးတို့ထွက်ကျလာသည်ကို တွေ့မြင်လိုက်ကြရသည်မို့ ကမ်းပါးယံအထက်က ကြည့်နေမိကြသော ကျွန်တော်တို့အဖို့ . . .

"ဟယ် . . ."

တအံ့တသြ ဖြစ်သွားလိုက်ကြသည့်အချိန်၊ မြေမြင်သို့ ဘေးတိုက်ပစ်ကျသွားသော ကျားကြီးမှာ လျင်မြန်သော အရှိန်အဟုန်နှင့် ပြောင်ကြီးကုပ်ပိုးဆီသို့ ခုန်တက်လိုက်ပြီး လက်သည်းရှည်များနှင့် ကုတ်ခြစ်ဆွဲချလိုက်မှုကြောင့် ဘေးတိုက်လဲကျသွားရင်း သွေးတို့ပန်းထွက်လာကာ နာနာကြည်းကြည်း ဟစ်အော်နေသည့်အချိန် ကျားကြီးကဖက်ပိုးကို ထက်မံကိုက်ခဲရန် ခုန်အုပ် ဦးချိုကြီးနှင့်ခံလိုက်ပြီး လည်တိုင်ကို ပင့်တင်ပေးလိုက်မှုကြောင့် ချွန်ထက်ရှည်လျားသည့် ဦးချိုကြီးက ကျားကြီး၏လက်ပြင်ကို ဖောက်ထွက်ကာ တန်းလန်းကြီးဖြစ်နေသည်။

ထိုအချိန် ကျားကြီးက နာနာကြည်းကြည်း အော်ဟစ်ရန်းကန်ရင်း လက်သည်းကြီးများနှင့် ပြောင်ကြီးမျက်နှာကို ကုတ်ခြစ်ဆွဲဖဲ့ပစ်လိုက်ရင်း ငြိမ်သက်သွားသည်ကို တွေ့လိုက်ရသလို၊ မျက်နှာနှင့်မျက်လုံးတစ်ဖက်တို့ ပေါက်သွားကာ သွေးတို့ပန်းထွက်လာသည်ကို တွေ့လိုက်ရပြီး မြေပြင်တွင် လူးလိမ့်နေရင်း နာနာကြည်းကြည်းကြီး အော်





ဟစ်နေသည်ကို တွေ့လိုက်ရပေသည်။ သို့သော်လည်း ဦးချိုတွင် ကျားကြီးက တန်းလန်းကြီးနှင့်မို့ ပြန်လည်ထဖို့ ကြိုးစားသော်လည်း အချည်းအနှီးဖြစ်နေသည်က အမှန်။ ထိုအချိန် . . .

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

ခပ်လှမ်းလှမ်းဆီမှ သေနတ်ပစ်သံတို့ကို ခပ်အုပ်အုပ် ဆက်တိုက်ကြားလိုက်ရသည်။ စိုင်အုပ်နောက်ကို လိုက်ကြသည့်အဖွဲ့မှ ပစ်ခတ်လိုက်ကြသည့် အသံများပင်။ အသံက တိုပြီးပြတ်သည့်အတွက် ထိမှန်သည့်အသံမျိုး။ သို့သော် ဘယ်နှစ်ကောင်မှန်းဆိုသည်ကိုတော့ဖြင့်သေး။ ထိုစဉ် အဘကောင်းက ကိုင်ဆောင်ထားသည့်သေနတ်နှင့် ပြောင်ကြီးကို ချိန်ရွယ်လိုက်ရင်း . . .

'ဒိုင်း' ခနဲ ပစ်လွှတ်လိုက်သံကြီးက လွှမ်းမိုးသွားပေတော့သည်။ ကျွန်တော်တို့လေးဦးစလုံး အဘကောင်းကို တအံ့တသြ ကြည့်နေလိုက်စဉ် သူပြောလိုက်သည့်စကားတို့က . . .


"ခုလိုစခန်းသိမ်း မပစ်လိုက်ရင်လည်း အသက်ရှင်နိုင်တော့မှာ မဟုတ်တော့ဘူးလေကွာ။ ခုလိုစခန်းသိမ်းပေးလိုက်တော့ သူ့ဘဝကူး ကောင်းသွားမှာပေါ့ကွာ"

သူပြောလိုက်သည့်စကားကို နားထောင်လိုက်ရင်း ကျွန်တော့်အတွေးများတွင် ဝင်လာမိသည်က . . .

'သြော် . . . ကျွန်တော်တို့အဖွဲ့ ဆန္ဒရိုင်းများတို့၏ စေစားရာနောက်ဆီသို့ လိုက်နေမိကြသည့်အလုပ်ကား မလွယ်လှပါကလားရယ်' သို့ ဟူ၍ပင်။

လေးမောင်

www.burmeseclassic.com



| ၁ |

ကျွန်တော် အိပ်ပျော်နေရာမှ ဖျတ်ခနဲ လန့်နိုးလာသည်။ ကျွန်တော် ဘယ်အချိန်က အိပ်ပျော်သွားမိသလဲ။ ပြန်စဉ်းစားကြည့်မိသည်။ စဉ်းစားလို့မရ။

ကျွန်တော် ဘယ်နေရာမှာ အိပ်ပျော်သွားတာလဲ။ အိပ်ရာထဲမှာလား၊ သစ်ပင်အောက်မှာလား။ ဘယ်တုန်းက အိပ်ပျော်သွားတာလဲ။ ဘယ်အချိန်က အိပ်ပျော်သွားခဲ့တာလဲ။

စိတ်ထဲတွင် ဇဝေဇဝါ ဝိုးတိုးဝါးတား စဉ်းစားကြည့်လို့မရ။

ခန္ဓာကိုယ်ကို အနည်းငယ်လှုပ်ရှားလိုက်မိရာ ကျွန်တော့်ကိုယ်ပေါ်တွင် နွေးထွေးသော ဂွမ်းစောင်ကြီးတစ်ထည် လွှမ်းခြုံထားသလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရသည်။ ကျွန်တော့်တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ရှိနေသည်။ ကျွန်တော်က မျက်လုံးအစုံကို မှိတ်ထားရင်း အနွေးဓာတ်ကို ခံစားနေမိသည်။

အနွေးဓာတ်ကိုခံစားနေရင်း ကြာတော့ ခြေထောက်တွေ ညောင်းလာသည်။ ဝမ်းထဲမှ ဆာလာသည်။ တစ်ခုခုကို စားချင်သောက်ချင်လာသည်။ ဆာလောင်မွတ်သိပ်မှုတို့ဖြင့် ကျွန်တော်၏နှုတ်မှ အသံထွက် ညည်းညူမိသည်။

"ဟင် ..."

သို့သော် ထွက်လာသောအသံက ကျွန်တော့်အသံမဟုတ်။ တိရစ္ဆာန်တစ်ကောင်၏အသံမျိုး ဖြစ်နေသည်။

ကျွန်တော် နားကြားများလွဲနေရော့သလား။ သည်တစ်ခါ ပို၍ ပြီးသေချာအောင် ကျွန်တော် အသံထွက်ညည်းညူလိုက်မိသည်။

"ဟာ ..."

သည်တစ်ခါတော့ ကျွန်တော် အံ့သြတုန်လှုပ်သွားသည်။ ကျွန်တော့်နှုတ်မှ ထွက်လာသောအသံမှာ တိရစ္ဆာန်တစ်ကောင်၏အသံ ဖြစ်နေသည်။ ကျွန်တော် နားကြားလွဲနေခြင်းမဟုတ်။

ကြက်ပေါက်စငယ်ကလေးတစ်ကောင်အသံ။

ကျွန်တော့်ညည်းညူသံသည် အဘယ်ကြောင့် လူတစ်ယောက်၏ညည်းညူသံနှင့်မတူဘဲ ကြက်ပေါက်စကလေးတစ်ကောင်၏ ညည်းညူသံနှင့် တူသွားရသနည်း။

ကျွန်တော့် မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်မိသည်။ ကျွန်တော် ဘယ်ရောက်နေသလဲ သိချင်လာသည်။ မသဲမကွဲမြင်နေရသော အမြင်အာရုံတွင် ကျွန်တော့်ကို နွေးထွေးစွာ လွှမ်းခြုံထားသည်မှာ ငှမ်းစောင်ကြီးတစ်ထည်မဟုတ်ပေ။

"ဘုရားရေ ..."

ကျွန်တော် မယုံပါ။

ကြက်သားအုပ်မကြီးတစ်ကောင်၏ ရင်အုပ်ကြီးသာ ဖြစ်နေသည်။ ကျွန်တော်က ကျွန်တော့်အိပ်ရာထဲရှိ ငှမ်းစောင်ကြီးအောက်တွင် ရှိနေခြင်းဟုထင်မိသည်။ အထင်နှင့်အမြင်က ပါစင်အောင်လွဲသွားသည်။

ကျွန်တော်သည် ကြက်သားအုပ်မကြီး၏ ရင်အုပ်အောက်၌ နွေးထွေးစွာ ရှိနေခြင်းသာဖြစ်သည်။ အံ့သြထိတ်လန့်မှုက ကျွန်တော့်စိတ်ကို တက်ဆောင့်လာသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ငုံ့ကြည့်လိုက်သောအခါ ကျွန်တော့်ခန္ဓာကိုယ်မှာ လူတစ်ယောက်၏ခန္ဓာကိုယ်မဟုတ်တော့ပေ။

ကြက်သားပေါက်စကလေးတစ်ကောင်၏ ခန္ဓာကိုယ်ဖြစ်နေသည်။ ကျွန်တော် မယုံနိုင်အောင် အံ့သြတုန်လှုပ်သွားသည်။ ကျွန်တော့်ဘေးတွင် ကျွန်တော်ကဲ့သို့သော ကြက်သားပေါက်စကလေးတချို့ကို တွေ့ရသည်။

တချို့က မျက်စိဖွင့်လျက်။

တချို့က မျက်စိမှိတ်လျက်။

ဘယ်လိုဖြစ်တာပါလိမ့်။

ကျွန်တော် အိပ်ပျော်သွားခဲ့သည်။ အိပ်ပျော်သွားခဲ့သည်ဟုပဲ ထင်သည်။ အိပ်ပျော်ရာမှ နိုးလာသောအခါ ကျွန်တော့်ကိုယ်ကျွန်တော် ကြက်သားပေါက်စကလေးတစ်ကောင်အဖြစ် တွေ့လိုက်ရသည်။

ကျွန်တော် မယုံကြည်နိုင်ခြင်းများနှင့်အတူ တဖြည်းဖြည်း







www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ချောက်ချားလာမိသည်။ လူစင်စစ်က ကျွန်တော် ကြက်ဖြ
သွားခဲ့ရလေပြီ။

မဖြစ်နိုင်တာ။

အို ... ဒီမှာ ဖြစ်နေပြီပဲ။

"ဘုရား ... ဘုရား ... ကယ်တော်မူပါ။ ကျွန်တော် ဘယ်
လိုလုပ်ရမလဲ"

ကျွန်တော်ဖြစ်နေရသော အခြေအနေကို လက်မခံချင်၊ ငြင်း
ပယ်လိုက်ချင်ပါသည်။

ကျွန်တော် ဦးဆုံးသတိရတာက ကျွန်တော့်ဇနီးနှင့် သားသမီး
များ။

သူတို့ ဘယ်မှာလဲ။ ကျွန်တော်ကြက်ဖြစ်နေတာကို သူတို့ ..
ကြမည်မဟုတ်။

ကျွန်တော်ကြက်ဖြစ်နေတာ ကျွန်တော့်ဇနီးသာသိသွားလျှင် ..
ဘယ်လိုခံစားရမလဲ။ ကျွန်တော့်သားသမီးတွေကရော သူတို့အဖေ ကြက်
ဖြစ်နေတာသိသွားလျှင် ဘယ်လိုနေကြမလဲ။

ကျွန်တော်ကတော့ ဝမ်းနည်းစိတ်၊ ရှက်စိတ်၊ အားငယ်စိတ်
နှင့် သိမ်ငယ်စိုးရွံ့စိတ်တို့ကြောင့် မျက်ရည်များကျလာမိသည်။

✿ ✿ ✿

[ ၂ ]

❑

သည်တစ်ခါ ကျွန်တော် အိပ်ပျော်နေရာမှ နိုးလာတော့ မိခင်
ကြက်မကြီး၏ ရင်အုပ်အပြင်ဘက်သို့ ရောက်နေလေပြီ။

ကျွန်တော့်ခြေထောက်ပေါ် ကျွန်တော့်ရုပ်ကာ လမ်းလျှောက်
ကြည့်သည်။ ကျွန်တော် လမ်းလျှောက်၍ရပြီ။ ကျွန်တော့်ရဲ့ ညီအစ်ကို
မောင်နှမ တစ်အူထုံဆင်းသော ကြက်ပေါက်စကလေး ခြောက်ကောင်
ကိုလည်း တွေ့ရသည်။

မိခင်ကြက်မကြီးက ...

"ကတော် ... ကတော် ..."

နှင့်အော်ရင်း ကျွန်တော်တို့ကြက်ကလေးတွေရဲ့ နံဘေးတွင်
ဝိုင်းပတ်လှည့်လည်နေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် … ကြက်ကလေးတွေ လမ်းလျှောက်နေပြီတော့။ ချစ်စရာကလေးတွေဟယ်"

ဆယ်နှစ်နီးပါးအရွယ် မိန်းကလေးတစ်ဦးက ခြံထဲသို့ ပြေးဝင်လာရင်း ပြောသည်။

"ဖေဖေရ … ဒီမှာလာကြည့်ပါဦး။ ဟောဒီအနီကြက်ကလေးက သမီးအကောင်လေးနော်"

ပြောရင်းမှ မိန်းကလေးငယ်က ကျွန်တော့်ကို သူ့လက်ကလေးဖြင့် ကောက်ယူလိုက်သည်။ ကျွန်တော်က မိန်းကလေး၏လက်ထဲ ယက်ကန်ယက်ကန် ပါသွားသည်။

ကြက်မကြီးက 'ကတော် … ကတော်' အော်ကာ အတောင်ပံကိုဖြန့်လျက် မိန်းကလေးငယ်၏အနားသို့ ပြေးကပ်သွားသည်။

"ဟဲ့ … ဟဲ့ … ကြက်နီမ နောက်ဆုတ်စမ်း။ နင့်ကလေးကို ငါဘာမှမလုပ်ဘူး။ သွား … သွား … ချစ်စရာကလေးမို့ ငါကိုင်ကြည့်နေတာ"

ထိုစဉ် ယောက်ျားကြီးတစ်ယောက် မိန်းကလေးငယ်၏အနားသို့ ရောက်လာသည်။

"သမီးက သူ့ကလေးကို ကောက်ယူလိုက်တာကိုး သမီးရဲ့၊ သမီးက သူ့ကလေးကို ရန်ပြုမယ်ထင်လို့ပေါ့။ တိရစ္ဆာန်ဆိုတော့ ဘယ်နားလည်မှာလဲ။ သမီးက ချစ်လို့ဆိုတာ သူဘယ်သိမှာလဲ"

ကျွန်တော် ထိုယောက်ျားကြီး၏အသံကို ကြားဖူးသလိုလိုရှိသဖြင့် မော့ကြည့်မိသည်။

"ဟာ …"

ကျွန်တော် အံ့ဩတုန်လှုပ်သွားမိသည်။

---

စိတ်ကူးသစ်စာပေ



"မောင်ညိုပါလား …။ ဟုတ်ပါတယ်။ ကျွန်တော့်သူငယ်ချင်း မောင်ညိုပါ။ မောင်ညိုမှ မောင်ညိုအစစ်။ ကျွန်တော် မောင်ညိုတို့အိမ်မှာ ကြက်ဖြစ်နေပါပေါ့လား"

ကျွန်တော့်မှာ ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလို ဖြစ်သွားသည်။

"အံမယ် … စုစုပေါင်း ခုနစ်ကောင်တောင် ပေါက်နေပါသား သမီးရဲ့"

"ဟုတ်တယ် … ဖေဖေ။ ဟောဒီအနီကြက်ကလေးက သမီးအကောင်နော်"

"အေးပါ … သမီးရဲ့။ သမီးကြိုက်တဲ့အကောင်ကို ယူပေါ့။ သမီးမကြိုက်တဲ့အကောင်မှ အဖေယူမယ်"

မောင်ညိုတို့သားအဖ အချီအချ စကားပြောနေသည်။

"သမီးလက်ထဲကအကောင်လေးကို ပြန်ချထားလိုက်ပါ သမီးငယ်။ ဟိုမှာ သူ့အမေကြီး သနားပါတယ်"

ကလေးမလေးက သူ့လက်ထဲမှ ကျွန်တော့်ကို အောက်သို့ သာအယာပြန်ချပေးလိုက်သည်။ ကြက်မကြီးက ကျွန်တော့်အနားပြေးလာကာ သူ့အတောင်ပံကြီးဖြင့် အုပ်ချလိုက်သည်။

မောင်ညိုကို မြင်လိုက်ရသောအခါ လွန်ခဲ့ပြီးသော ဖြစ်ရပ်ကို ကျွန်တော်သတိရလာသည်။ မောင်ညိုသည် ကျွန်တော့်သူငယ်ချင်း။

✿ ✿ ✿

www.burmeseclassic.com

## [ ၃ ]

❑

တောင်တွင်းကြီးမြို့၏ အနောက်မြောက်ဘက် ဆယ်မိုင်
ဝေးသောနေရာတွင် ချောင်းဆုံရွာရှိသည်။ အိမ်ခြေလေးရာခန့်ရှိ
ရွာကြီးဖြစ်သည်။ ကျွန်တော်နှင့်မောင်ညိုက ချောင်းဆုံရွာသားများ

ကျွန်တော့်နာမည်က ကံကောင်း။

ကျွန်တော်တို့နှစ်ယောက် ကွမ်းထမ်းရောင်းသောအလုပ်ကို
ကြသည်။

ဒီလိုပဲ . . . တစ်နေ့ . . . တစ်နေ့ နီးစပ်ရာရွာတွေနှင့်
တွင်းကြီးမြို့အတွင်းမှာရှိသော ရွာတွေကိုသွားပြီး လှည့်လည်ကွမ်း
ကြသည်။





ရောင်တဲ့အခါကျတော့ သူတစ်ရွာ၊ ကိုယ်တစ်ရွာ ဝင်ရောင်း
ပြီး ပြန်တဲ့အခါကျတော့ တစ်နေရာမှာဆုံပြီး ရွာကို အတူပြန်ကြ
သည်။ ကျွန်တော်တို့နှစ်ယောက်မှာ အင်မတန်ချစ်ခင်ကြသော သူငယ်
ချင်းများဖြစ်သည်။

ဤသို့ဖြင့် နေလာခဲ့ရာ တစ်နေ့တွင် ကျွန်တော့်ကွမ်းများမှာ
မရောင်းရဘဲ ကျန်နေသည်။ ကွမ်းမရောင်းရတော့ ပိုက်ဆံသိပ်မရ။
နေ့က ကျွန်တော့်မှာ ဆန်ဝယ်စရာပင် ပိုက်ဆံမရှိချေ။ ထို့ကြောင့်
ညို့ထံမှ ဆန်တစ်စလယ်ချေးပြီး ချက်ရသည်။

မောင်ညိုကလည်း ကျွန်တော့်ကို ကြည်ကြည်ဖြူဖြူပင် ဆန်
စလယ် ချေးလိုက်သည်။ ကျွန်တော် မောင်ညို့ကို တော်တော်ကျေး
မိသည်။ ထိုညနေစာအတွက် မောင်ညိုချေးလိုက်သောဆန်များ
ချက်၍ ကျွန်တော်တို့မိသားစု စားရသည်။

ညဘက်ကျတော့ ကျွန်တော် မောင်ညိုတို့အိမ်ဘက် ရောက်ခဲ့
သည်။ မောင်ညိုနှင့်အတူ သူတို့အိမ်တွင်ထိုင်ရင်း စကားတွေပြောကြ
သည်။ ကျွန်တော်က ဆန်ချေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြော
တော့ မောင်ညိုက . . .

"ရပါတယ် ကံကောင်းရာ သူငယ်ချင်းတွေပဲ။ တစ်ယောက်
ခဲ့အခါ တစ်ယောက်က ကူညီချေးငှားရမှာပေါ့"

ဟုပြန်ပြောသည်။

ထိုနေ့ညက မောင်ညိုတို့အိမ်က ကျွန်တော်ပြန်လာတော့ ည၉
နာရီထိုးနေပြီ။ ညက မှောင်နေပြီး ကြယ်ရောင်ပိုးတဝါးသာရှိသည်။
ညိုတို့အိမ်က ရွာအရှေ့ပိုင်းမှာ။ ကျွန်တော့်အိမ်က ရွာအနောက်
မှာ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ညို့က ရွာအလယ်ပိုင်းအထိ ကျွန်တော့်ကို လိုက်ပို့သည်။ စကားတပြောပြောနှင့် နှစ်ယောက်သား ကြယ်ရောင်ပိုးတဝါးအောက်တွင် လျှောက်လာခဲ့ကြသည်။

လမ်းလျှောက်လာကြရင် ရွာလယ်လမ်းမတစ်နေရာအရောက်တွင် ကျွန်တော့်ခြေထောက်ကို ပိုးထိသွားတော့သည်။

မောင်ညို့က ကျွန်တော့်ကို ပွေ့ချီထားသည်။ ကျွန်တော်က မောင်ညို့လက်ပေါ်မှာတင် မြွေဆိပ်တက်ကာ သေဆုံးခဲ့ရလေသည်။ ကျွန်တော်သည် သေခါနီးဆဲဆဲတွင် မောင်ညို့ထံမှ ချေးထားခဲ့သော ဆန်တစ်စလယ်ကို သတိရလိုက်သည်။ ထိုအကြောင်း အာရုံထဲပေါ်လာသည်။

''ဒီချေးထားတဲ့ ဆန်တစ်စလယ်ကို မောင်ညို့ကို ပြန်ပြီးဆပ်ရဦးမယ်''

ဟုတွေးရင်း ကျွန်တော် သေဆုံးခဲ့ရသည်။

ယခုတော့ မောင်ညို့အိမ်မှာ ကျွန်တော် ကြက်ကလေးဖြစ်နေရပေပြီ။

✿ ✿ ✿

| ၄ |

❑

ယခုအခါ ကျွန်တော့်မှာ ကြက်ဖကြီးတစ်ကောင်ပင် ဖြစ်နေသေပြီ။ အမွေးအတောင် စုံစုံလင်လင်၊ အရောင်အသွေး စိုစိုလက်လက်ဖြင့် လှပန်ခန့်ညားသော ကြက်ဖကြီးတစ်ကောင်။

ကြက်ဖကြီးတောင်မှ ရိုးရိုးကြက်ဖကြီးမဟုတ်။ တိုက်ကြက်ဖကြီးဖြစ်သည်။

မောင်ညို့က ကြက်တိုက်တာ ဝါသနာပါသည်။ ကျွန်တော့်ကို အခြားကြက်များနှင့် ခွပ်လက်ချပေးသည်။ ကျွန်တော့်ကို တိုက်ကြက်တစ်ကောင်အဖြစ် လက်သပ်မွေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကျွန်တော့်ကို အခြားရွာတစ်ရွာမှ တိုက်ကြက်ဖတစ်ကောင်နှင့် ကြက်တိုက်ပွဲလုပ်ရန် စီစဉ်ကြသည်။ လောင်းကြေးစားကြေးဖြစ်သည်။ ကြက်တိုက်ပွဲကို ကျွန်တော်တို့ရွာလယ်ကောင်ရှိ ကွင်းကြီးအတွင်း ပြုလုပ်ကြခြင်းဖြစ်သည်။ ထိုနေရာမှာ ကျွန်တော့်အား ပိုးထိခဲ့သော နေရာဖြစ်သဖြင့် ထိုနေရာရောက်တော့ ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။

ကွင်းကျယ်အတွင်းဝယ် ကျွန်တော်နှင့် ကျွန်တော့်ကိုယှဉ်ပြိုင်တိုက်မည့် အခြားရွာမှ တိုက်ကြက်ဖကြီးတစ်ကောင်တို့က နေရာယူလိုက်ကြသည်။ ကွင်းပတ်ပတ်လည်မှာတော့ ကြက်ပွဲလာပရိသတ်များ။

ကျွန်တော့်ကို မောင်ညိုက 'နီပြောက်ကြီး' ဟုခေါ်သည်။ တစ်ဖက်ရွာမှ ကျွန်တော်နှင့်ယှဉ်ပြိုင်တိုက်ခိုက်မည့် ကြက်ဖကြီးမှာ ငွေနားကြီးဖြစ်သည်။

ငွေနားကြီးမှာ ကျွန်တော်နှင့် အလုံးတူ၊ ဒေါက်တူအရွယ်ဖြစ်သည်။ ကျွန်တော့်ကိုယ်ပေါ်တွင် အနီရောင်ပြောက်ကြီးတစ်ခု ပါရှိနေသောကြောင့် 'နီပြောက်ကြီး' ဟုခေါ်ခြင်းဖြစ်သည်။

တစ်ဖက်မှ ငွေနားကြီးမှာ ကြီးမားသော နားရွက်ကြီးက ငွေရောင်တောက်ပနေသည်။

ကွင်းထဲတွင် ကျွန်တော်တို့ တိုက်ကြက်ဖနှစ်ကောင် မျက်နှာချင်းဆိုင် ရင်ဆိုင်မိကြလေပြီ။

"သားကြီး ... နီပြောက်ကြီး အနိုင်တိုက်တော့ ... အနိုင်တိုက်တော့"

မောင်ညိုက ကျွန်တော့်ကို နောက်မှ အားပေးသည်။

"အောက် ... အီး ... အီး ... အွတ်"





ကျွန်တော်က အားကုန်အော်ဟစ်ရင်း ငွေနားကြီးကို ပြေးခွပ်လိုက်သည်။ ငွေနားကြီးကလည်း ကျွန်တော့်ကို ပြန်ခွပ်သည်။ ကွင်းလယ်ခေါင်တွင် ကျွန်တော်တို့နှစ်ကောင် အပြန်အလှန်ခွပ်နေသည်။ ကျွန်တော်က အခုန်အပျံတွင် ငွေနားကြီးထက်သာသည်။ ငွေနားကြီးက ကျွန်တော့်ထက် အသက်နည်းနည်းကြီးပုံရသည်။ ကျွန်တော့်လောက် ချတ်လတ်မှုမရှိ။ နည်းနည်းလေးနေသည်။ ကျွန်တော့်တို့နှစ်ကောင်စလုံး အပြန်အလှန် နှုတ်သီးဖြင့် ဆိတ်ကြပေါက်ကြသည်။

ငွေနားကြီးက ကျွန်တော့်တိုက်ကွက်ကို မရှောင်။ တရကြမ်းပြန်တိုက်သည်။ ကျွန်တော် နည်းနည်းနာသွားသည်။ ဒါပေမဲ့ သူက ကျွန်တော့်ထက်ပိုနာသည်။ သူက အနာခံပြီးတိုက်နေသဖြင့် ကျွန်တော်က ရှောင်ကာတိမ်းကာဖြင့် ချက်ကောင်းကိုစောင့်ကာ ပြန်တိုက်နေရသည်။

ကျွန်တော့်တိုက်ကွက်က တစ်ချက်ဆို ဆိုသလောက် ငွေနားကြီးကိုထိသည်။ ထိချက်ကလည်းပြင်းသည်။ ကြာတော့ ငွေနားကြီး ခံနိုင်တော့၊ နာလာသည်။ ကျွန်တော်က သဲသဲမဲမဲဆက်တိုက်ရာ ငွေနားကြီး လှည့်ပြီးပြေးတော့သည်။

"ပြေးပြီဟေ့ ... ပြေးပြီ။ ငွေနားကြီး ပြေးပြီဟေ့"

ကျွန်တော်က ဇောဖြင့် ငွေနားကြီးနောက်ကို ပြေးလိုက်သည်။

"တော်ပါတော့ ... သားကြီးရယ်။ လာပါတော့။ ဟိုကောင်ကြောက်လို့ ပြေးပါပြီ"

မောင်ညိုက ကျွန်တော့်ကိုချီမ,ယူလိုက်သည်။ ကျွန်တော်မောင်ညို့လက်ထဲ ပါသွားသည်။ မောင်ညိုက ကျွန်တော့်ကို နမ်းရှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်လိုက်တဲ့ ဖေသားကြီး။ ကောင်းလိုက်တဲ့ ဖေသားကြီး"

မောင်ညို့ချီးမွမ်းစကားတွေကြားမှာ ကျွန်တော် ပျော်သွားသည်။ အမောတွေ ပြေသွားသည်။ နာတာကျင်တာတွေ ပျောက်သွားသည်။

"အောက် . . . အီး . . . အီး . . . အွတ်"

✿ ✿ ✿

[ ၅ ]

မောင်ညိုက ကျွန်တော့်ကို ကောင်းကောင်းကျွေး၊ ကောင်းကောင်းထားသည်။ ကျွန်တော့်ကို အမြဲတမ်း တယုတယလုပ်သည်။ ကျွန်တော့်ကိုပဲ အရိပ်တကြည့်ကြည့် လုပ်နေသည်။ ဂရုစိုက်လွန်းသဖြင့် ကြာတော့ ကျွန်တော်ပင် မနေတတ်တော့။

မောင်ညို့အိမ်တွင် မွေးထားသော တခြားကြက်တွေကပင် ကျွန်တော့်ကို မနာလိုမရှုဆိတ် ဖြစ်လာကြသည်။ ဒီကြားထဲ ကျွန်တော့်သားချင်းများပင် ပါလာသည်။

"မောင်ညိုတို့များကွာ . . . နီပြောက်ကြီးက တစ်ပွဲတည်းပဲ နိုင်အောင် ခွပ်ပေးသေးတယ်။ ရင်ခွင်ထဲမှာ တပိုက်ပိုက်နဲ့ဖြစ်နေတယ်"

ထိုအခါ မောင်ညိုက . . .

"နီပြောက်ကြီးက နောက်ပွဲတွေလည်း နိုင်အောင်လုပ်ပေးဦးမှာလေ။ ဒီတော့ ဒီကောင်ကြီးကို ဂရုစိုက်ရမယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောသည်။

ကျွန်တော်သည် မောင်ညို့အတွက် နောက်ထပ်နှစ်ပွဲ ခွပ်ပေးရပြန်သည်။ တစ်ပွဲမှာ အရှေ့ရွာက ရွှေမှတ်ကြီးနှင့်ဖြစ်ပြီး နောက်တစ်ပွဲမှာ တောင်ရွာက တိုက်ကုလားနှင့်ဖြစ်သည်။

ရွှေမှတ်ကြီးရော တိုက်ကုလားပါ ကျွန်တော်နှင့် အလုံးတူ ဒေါက်တူ၊ ဆိုက်တူ ဖြစ်သည်။ ကျွန်တော်က နှစ်ကောင်စလုံးကို အနိုင်ခွပ်နိုင်ခဲ့သည်။

ဒါပေမဲ့ ကျွန်တော့်မျက်နှာတစ်ပြင်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်များနှင့် အညိုအမည်းစွဲသွားခဲ့ရသည်။

မောင်ညိုက ကျွန်တော့်ဒဏ်ရာတွေကို ဆေးလည်းပေးသည်၊ နှုတ်ခမ်းသိပ်ပေးသည်။

''တော်လိုက်တဲ့ သားကြီးရယ်။ မင်း ဒီနှစ်ကောင်စလုံးကို နိုင်မယ်ဆိုတာ အဖေကြီး ကြိုသိနေတယ်''

မောင်ညိုက ကျွန်တော်နိုင်သဖြင့် ပျော်ရွှင်ဝမ်းမြောက်နေသည်။ ထို့သို့ဖြင့် ကျွန်တော်သည် နောက်ထပ် ပွဲပေါင်းနှစ်ဆယ်ကျော်မျှ ဆင်နွှဲခဲ့ရပြီး ပွဲတိုင်းကို အနိုင်ရရှိခဲ့ပေသည်။

သို့ဖြင့် တစ်နေ့တွင် ချိန်းပွဲတစ်ခုလုပ်ပြန်ပါသည်။ ဒီတစ်ခါ ကျွန်တော်ရင်ဆိုင်ရမည့် တိုက်ကြက်ဖကြီးမှာ မြောက်ရွာမှ အောင်မောင်းဖြစ်သည်။

အောင်မောင်းကို ကျွန်တော်ကြည့်လိုက်တော့ အောင်မောင်းက ကျွန်တော့်ထက် အသက်ကြီးပြီး အလုံးအထည်လည်း ကြီးနေသည်။ ဒေါက်ကလည်း ကျွန်တော့်ထက်ကြီးနေသည်။ သိပ်တော့မလွယ်မှန်း ကျွန်တော်သိနေသည်။





ဒါပေမဲ့ မောင်ညိုအပါအဝင် လူတွေအားလုံးက ကျွန်တော့်ကို အထင်ကြီးနေသည်။ ကျွန်တော်ကလည်း လူတွေအထင်ကြီးရလောက်အောင် ပွဲတိုင်းကို အနိုင်ရခဲ့သည့် တိုက်ကြက်ဖကြီးတစ်ကောင် မဟုတ်သား။

ကျွန်တော့်ကိုမြင်သည်နှင့် အောင်မောင်းက ရဲဝံ့စွာ စိန်ခေါ်လိုက်သည်။

''အောက် . . . အီး . . . အီး . . . အွတ်''

သည်တော့ ကျွန်တော်ကလည်း အားကျမခံ ပြန်လည်စိန်ခေါ်သံပေးလိုက်သည်။

''အောက် . . . အီး . . . အီး . . . အွတ်''

''သားကြီးရေ . . . ဒီတစ်ခါလည်း နိုင်အောင်ချလိုက်ပါဦးကွ သားကြီးရ''

မောင်ညိုက လှိုက်လှိုက်လှဲလှဲ ရင်ကွဲမတတ်အသံဖြင့် အားပေးသည်။ ကျွန်တော့်မှာ ရဲစိတ်ရဲမာန်တွေ ဝင်လာသည်။ ကျွန်တော်က စတင်ပြီး ပြေးခွပ်လိုက်သည်။

အောင်မောင်းမှာ အငိုက်မိသွားသဖြင့် လည်ထွက်သွားသည်။ သို့သော် အောင်မောင်းက ကျွန်တော့်ကို ချက်ချင်းပင် ပြန်လည်တိုက်ခိုက်စဆင်သည်။ ကျွန်တော်ကလည်း ပြန်တိုက်သည်။

ကွင်းလယ်တွင် နှစ်ကောင်သား ဘတစ်ပြန်ကျားတစ်ပြန် ဖြစ်နေသည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ကျွန်တော် အထိနာလာသည်။ သူက ကျွန်တော့်ထက် အကောင်ကြီးပြီး အင်အားပါကြီးသည်။ ကျွန်တော် မခံနိုင်တော့။

''သားကြီးရေ . . . အလျှော့မပေးနဲ့ကွ။ ခွပ်ထား . . . ခွပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်ပြေးတော့မယ်''

မောင်ညိုရဲ့ အားပေးသံကို ကျွန်တော် ကြားလိုက်ရသော်လည်း ဆက်ပြီး အားမတင်းနိုင်တော့။ ကျွန်တော့်မျက်နှာတစ်ခုလုံး မှုန်မှုန်ရောင်နေပြီ။ မျက်စိပေါက်ပင် ပိတ်လုမတတ်ဖြစ်နေပြီ။ မောကလည်း မောနေပြီ။ ခေါင်းမှာလည်း မူးဝေနေပြီ။

ခွပ်ရင်းခွပ်ရင်းဖြင့် တစ်ဖက်က တိုက်ကြက်ဖကြီးအောင်မောင်းကို မမြင်ရတော့။ ကျွန်တော့်မျက်လုံးတွေ လုံးဝ ပိတ်သွားလေပြီ။

မျက်နှာပေါ် သွေးများစီးကျလာသည်။ ကျွန်တော့်ခြေထောက်တွေက ယိုင်နဲ့လာသည်။ ကျွန်တော့်မှာ ဘာမှမမြင်ရတော့ဘဲနှင့် ရမ်းသန်းပြီး ခွပ်နေရသည်။ တစ်ကြိမ်တွင် ဖုံးခနဲအသံနှင့်အတူ တစ်ဖက်မှ မိမိရရကြီး ခွပ်ထည့်လိုက်ရာ ကျွန်တော့်မှာ ခွေယိုင်ကာ လဲကျသွားရလေတော့သည်။

''ဟာ ...နီပြောက်ကြီး လဲကျသွားပြီဟေ့။ နီပြောက်ကြီး လဲကျသွားပြီ မထနိုင်တော့ဘူး''

''အပွဲပွဲနွဲလာတဲ့ နီပြောက်ကြီး သွားပြီဟေ့''

''နီပြောက်ကြီး ရှုံးပြီးဟေ့''

''မောင်ညို ရှုံးပြီဟေ့''

''အောင်မောင်းတဲ့ကွ ...အောင်မောင်းဟေ့''

''အောင်မောင်းနိုင်ပြီကွ''

''ဘယ်သူ့ကိုမှ ဗိုလ်မထားတဲ့ အောင်မောင်းတဲ့ကွ''

အော်သံဟစ်သံတွေ ဆူညံနေတုန်းမှာပဲ တစ်စုံတစ်ယောက်ယောက်က ကျွန်တော့်ခြေအစုံကို ဆုပ်ကိုင်ဆွဲယူလိုက်သည်။ ထိုသူမှာ





မောင်ညိုမှလွဲပြီး တခြားလူမဖြစ်နိုင်။

''ကဲဟာ ...အသုံးမကျတဲ့ ကြက်စုတ်၊ ကြက်နာ။ သေတာကောင်းတယ်''

''ကဲဟာ ...ကဲဟာ ...''

''ဖုန်း ...ဖုန်း ...ဖုန်း ...''

မောင်ညို ဒေါသဖြင့် ကျွန်တော့်ကို ခြေနှစ်ချောင်းမှကိုင်ပြီး မြေပြင်နှင့် လွှဲကာလွှဲကာရိုက်နေသည်။ ကျွန်တော့်မှာ အသံပင်မထွက်နိုင်တော့။ သို့ပေမဲ့ အသက်တော့ မထွက်သေးပါ။

''ရှုံးဦးကွာ ...ရှုံးဦးကွာ''

''ဖုန်း ...ဖုန်း ...ဖုန်း ...''

''ဟာ ...မလုပ်ပါနဲ့ မောင်ညိုရာ။ သူ့ခမျာ အမောဆို့နေရှာတဲ့အထဲ။ သေပါပြီကွာ''

''သေ ...သေ ...သေအောင်ရိုက်သတ်နေတာ။ သေလည်းအေးတာပဲ။ နိုင်အောင်ခွပ်ပါဆိုတာ ခွပ်မှမခွပ်နိုင်ဘဲ။ သေတာကောင်းတယ်''

ကျွန်တော့်မှာ မျက်လုံးတွေက ပိတ်နေသော်လည်း အသံတွေကိုတော့ ကြားနေရသည်။ စိတ်ထဲမှာ ထိခိုက်နေမိသည်။ ကျွန်တော် မောင်ညို့အတွက် ပွဲပေါင်းများစွာ အနိုင်ရအောင် ခွပ်ပေးခဲ့သည်။ လောင်းကြေးငွေမြောက်မြားစွာ မောင်ညိုရရှိခဲ့သည်။ ဒီမျက်နှာကိုမှ မောင်ညိုမထောက်တော့။ တစ်ကြိမ်တစ်ခါလောက် ရှုံးခါကာနှင့် ကျွန်တော့် ကို မောင်ညို ရိုက်သတ်၍ နေလေပြီ။

ကျွန်တော့်ရင်ထဲမှာ ငိုနေမိပြီ။ ဒါကို မောင်ညိုမသိပါ။ ကျွန်တော်ကလည်း မောင်ညိုသိအောင် ဖွင့်မပြောနိုင်ပါ။ ဖွင့်မပြောသော်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ တိရစ္ဆာန်တွေမှာ သူတို့ရင်ထဲ ဘယ်လိုရှိနေသည်ကို လူတွေသိအောင် ဖွင့်မပြောနိုင်ကြပါ။ ဒါကပင် တိရစ္ဆာန်တွေရဲ့ အားနည်းချက်ဖြစ်ပါသည်။

နောက်တော့ မောင်ညို စိတ်ဆိုးမာန်ဆိုးနှင့် ကျွန်တော့်ကို ခြေနစ်ချောင်းကကိုင်ပြီး အိမ်ကိုယူသွားသည်။ အိမ်ရောက်တော့ ရေအိုးစင်နား ဖုန်းခနဲ ပစ်ချထားလိုက်သည်။

"ညနေစာအတွက် ဒီကောင့်ကိုပဲ ချက်စားရမယ်။ အသုံးမကျတဲ့ကြက်။ ဟင်းအိုးထဲရောက်တာပဲ ကောင်းတယ်'

မောင်ညိုက ပြောပြီး အိမ်ထဲဝင်သွားသည်။ ကျွန်တော့်မှာ မသေမရှင်ဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ လူတွေက အင်မတန် ကြောက်စရာကောင်းလှပါကလား။ သူတို့အတွက် အကျိုးဆောင်ပေးနိုင်တုန်းကတော့ မြှောက်ပင့်ပြီးနိုင်းလိုက်တာ။ သူတို့အတွက် နည်းနည်းကလေးလည်း အကျိုးမဆောင်နိုင်ရော ရိုက်သတ်ပြီး ချက်စားပစ်တော့မယ်။

တွေးရင်းမှ ကျွန်တော့်စိတ်ထဲ ထိနိုက်ကြေကွဲလာသည်။ သေခါနီး ဝေဒနာက ပြင်းထန်လာသည်။

ထိုအချိန်တွင် မောင်ညို့အိမ်တွင်မွေးထားသော နွားမကြီးက ကျွန်တော့်အနား ရောက်လာသည်။

"ဘွတ်အဲ ...ဘွတ်အဲ ..."

နွားမကြီးအသံကို ကျွန်တော် ကြားရသည်။ နွားမကြီးက ကျွန်တော့်အား ငုံ့၍ သူ့နှာခေါင်းဖြင့် နမ်းရှုတ်လိုက်သည်ကိုသာ နောက်ဆုံး ကျွန်တော် သတိရလိုက်လေတော့သည်။

နောက်ဆုံးတော့ ...။

✿ ✿ ✿

| ၆ |

❑

ကျွန်တော် ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသလဲ ...သိတော့ပါ။

အိပ်ပျော်နေရာမှ ဖျတ်ခနဲ နိုးလာသောအခါ အံ့ဩဖွယ်ရာ ...ပြုတစ်ခုကို မြင်လိုက်ရပါတော့သည်။ ကျွန်တော့်ပတ်ဝန်းကျင်သည် ...အရာရာ ပြောင်းလဲနေသကဲ့သို့ ကျွန်တော်ကိုယ်တိုင်လည်း ပြောင်း...နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော့်နံဘေးတွင် နွားမကြီးတစ်...ကောင် အိပ်ပျော်နေသည်။ နွားပေါက်စကလေးသုံးကောင်မှာ အိပ်ပျော်...နေသော နွားမကြီးနို့ကို စို့နေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျွန်တော့်နှုတ်မှ အသံတစ်ခုက လွှတ်ခနဲ ထွက်သွားသည်။

''ဘွတ်အဲ ...''

''ဟင် ...''

ကျွန်တော် အံ့ဩတုန်လှုပ်သွားသည်။ ကျွန်တော့်ပါးစပ်မှ ထွက်လာသောအသံသည် ဘယ်လိုလုပ်ပြီး 'ဘွတ်အဲ' ဖြစ်သွားရပါလိမ့်။

မယုံနိုင်စရာပင် ကောင်းသေးတော့။ ကျွန်တော်က သေချာစေရန် ကျွန်တော့်ကိုကျွန်တော် ငုံ့ကြည့်လိုက်မိသည်။

''ဟာ ...''

ကျွန်တော်ကား နွားမကလေးတစ်ကောင် ဖြစ်နေလေပြီ။

ကျွန်တော်က လဲလျောင်းနေရာမှ အားယူထရပ်လိုက်သည်။ ကျွန်တော် ဘယ်လိုလုပ်ပြီး နွားဖြစ်လာသနည်း။ စိတ်ထဲမှာ တုန်လှုပ်ချောက်ချားနေမိသည်။

''အဖေရေ ...လာကြည့်ပါဦး။ နွားမကလေးတစ်ကောင် မတ်တတ်ရပ်နေပြီ''

မိန်းကလေးတစ်ယောက် ကျွန်တော့်အနား ပြေးလာကာ ကျွန်တော့်ဦးခေါင်းကို တယုတယ ပွတ်သပ်ပေးနေသည်။ ထိုအခိုက် ယောကျ်ားကြီးတစ်ယောက် ရောက်လာပြီး ...

''နွားမကလေးက ချစ်စရာကလေးပါလား သမီးရယ်။ ငါ့နွားမကြီး အားလုံး လေးကောင်မွေးတာ။ နွားမကလေးက ဒီတစ်ကောင်တည်းပါတာနော်''

''ဟုတ်တယ် ဖေဖေ။ ဒီနွားမလေးကို သမီးယူမယ်''

ကျွန်တော်က ယောကျ်ားကြီးကို ကြည့်လိုက်မိရာ မောင်ညီ





ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့ဩထိတ်လန့်သွားမိသည်။

''အဖေ ... နွားမကလေးက အဖေ့ကိုကြည့်နေတယ်။ အဖေ့ကို သူသိနေသလားမသိဘူး''

''ဘယ်လိုလုပ်သိမှာလဲ သမီးရဲ့။ သူက တိရစ္ဆာန်ပဲဥစ္စာ''

မောင်ညီ့စကားကြောင့် ကျွန်တော့်ရင်ထဲ အောင့်သွားသည်။

ကျွန်တော် အိပ်ပျော်သွားသလို ဖြစ်သွားပြီးနောက် ပြန်လည်နိုးလာသောအခါ မောင်ညီ့အိမ်မှာ နွားမကလေးဖြစ်နေသည်။ အံ့ဩဖွယ်ရာ ကောင်းလှသည်။

ဘယ်လိုဖြစ်တာပါလိမ့်။ ပထမတော့ ကျွန်တော် စဉ်းစားလို့မရ။ နောက်မှ တဖြည်းဖြည်း စဉ်းစား၍ရလာသည်။ ကျွန်တော် မောင်ညီ့အိမ်မှ ကြက်ကလေးဖြစ်ခဲ့ပါရောလား။ ကျွန်တော့်ကို မောင်ညီရိုက်သတ်၍ သေအံ့ဆဲဆဲဖြစ်နေစဉ် နွားမကြီးက ကျွန်တော့်ကို လာပြီး ငုံ့နမ်းသည်။

ကျွန်တော့်စိတ်အာရုံမှာ နွားမကြီးကို စွဲလမ်းသွားသည်။

ဟော ... ယခု ကျွန်တော် နွားမကြီးကမွေးလာသည့် နွားမကလေး ဖြစ်နေချေပြီ။

အကူးအပြောင်းက မြန်လှသည်။ အခြေအနေတွေ မယုံနိုင်လောက်အောင်ပင် ဖြစ်နေသည်။ ဒီလိုဖြစ်ရပ်မျိုး ကျွန်တော်တစ်ယောက်တည်း ကြုံတွေ့နေရတာလား။ တခြားလူတွေရော ကျွန်တော့်လို မကြုံတွေ့ကြဘူးလား။

ကျွန်တော့်မှာ ရှက်စိတ်၊ ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ သိမ်ငယ်စိတ်၊ စိုးရိမ်ထိတ်လန့်စိတ်တို့ဖြင့် ငိုမိပြန်သည်။

''အဖေ ... နွားမကလေးက အဖေ့ကိုကြည့်ပြီး မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တွေကျနေတယ်''

''နွားမကလေးက မွေးခါစဆိုတော့ အလင်းရောင်ကိုကြည့်ပြီး မျက်စိစူးတတ်တယ်ထင်ပါရဲ့။ ဒါကြောင့် မျက်ရည်ကျနေတာဖြစ်မှာပေါ့ သမီးရယ်''

''ဟုတ်တယ် ... အဖေ။ ဟုတ်တယ် ...''

မောင်ညို့ကား ဘာမျှမသိရှာပါကလားဟုတွေးရင် ကျွန်တော်စိတ်တိုမိသည်။ စိတ်တိုတိုနှင့် ကျွန်တော် မောင်ညို့ကို အော်လိုက်မိသည်။

''ဘွတ်အဲ ...''

ကျွန်တော့်နှုတ်မှ နွားတစ်ကောင်၏အသံမျိုးသာ ထွက်သွားသည်။

''အဖေ ... နွားမကလေးက အော်နေတယ်။ နို့ဆာလို့ထင်ပါရဲ့''

''ဟုတ်တယ် သမီး။ ဒီနွားမကလေးက သနားစရာကလေးရယ်။ ဟိုကောင်သုံးကောင်ကပဲ ဝိုင်းစို့နေကြတယ်။ နွားမကလေးမစို့ရတော့ဘူး''

မိန်းကလေးငယ်က နွားမကြီးနို့ကို ဝိုင်းပြီးစို့နေသော နွားငယ်ကလေးသုံးကောင်ကို အသာအယာဆွဲဖယ်ကာ ကျွန်တော့်အား နွားကြီး၏အနားသို့ အတင်းတိုးကပ်စေသည်။

ကျွန်တော်ကလည်း ဗိုက်ထဲမှ ဆာလောင်နေပြီဖြစ်၍ တဖွတ်ဖွတ်မြည်အောင် စို့မိလေရာ မကြာမီ ဗိုက်တင်းပြီး အိပ်ပျော်သွားလေတော့သည်။

✿ ✿ ✿

[ ၇ ]

ကျွန်တော့်မှာ တဖြည်းဖြည်း ကြီးပြင်းလာသည်။ အရွယ်လည်းရောက်လာသည်။ နွားမတမ်းလေးအရွယ် ခေါ်ရမည်လားမသိ။ မောင်ညိုက ကျွန်တော်တို့နွားများကို ရွာအပြင်ဘက်စားကျက်တွင် စိတ်ချလက်ချကျောင်းထားသည်။

ရွာအပြင်မှာ စိမ်းစိမ်းစိုစိုမြက်တွေက ပေါမှပေါ။ ကျွန်တော်တို့နွားတွေမှာ စိမ်းစိုလတ်ဆတ်သော မြက်တွေကို တစ်နေကုန်တစ်နေခမ်း တမြှုံ့မြှုံ့စားနေတတ်ကြသည်။

တစ်ခါက ရွာအစွန်ရှိ ခြံတစ်ခြံအတွင်းရှိ အသီးအနှံပင်များကို ကျွန်တော်တို့ ဝင်ရောက်စားသောက်မိရာ ခြံရှင်က ဝါးရင်းတုတ်

www.burmeseclassic.com



နှင့် ရိုက်လွှတ်သဖြင့် အပြေးနောက်ကျသော ကျွန်တော့်မှာ တင်ပါးရိုးကို ထိသွားခဲ့သည်။ နာကျင်လွန်း၍ မျက်ရည်များပင် ကျခဲ့ရသည်။

ထိုအချိန်မှစ၍ ကျွန်တော့်မှာ မည်သည့်ခြံအတွင်းမှ ဝင်ပြီး မစားရဲတော့ပေ။

သို့ဖြင့် ...

တစ်နေ့တွင် တခြားရွာမှ မောင်ညို၏မိတ်ဆွေများ မောင်ညို့အိမ်သို့ ရောက်လာကြသည်။ ကျွန်တော်က အခြားနွားများနှင့်အတူ နွားတင်းကုပ်ထဲတွင်ရှိရာ သူတို့၏ ပြောသံများကို ကြားနေရသည်။ သူတို့က ကျွန်တော့်တို့အထဲမှ နွားတစ်ကောင်ကို သတ်စားကြရန် တိုင်ပင်နေကြခြင်းဖြစ်သည်။

မောင်ညို့တွင် စုစုပေါင်း နွား ၁၂ ကောင်ရှိသည်။ ထို ၁၂ ကောင်ထဲမှ ဘယ်အကောင်ကို သူတို့ သတ်စားကြမလဲမသိပါ။ ကျွန်တော်ကတော့ သူတို့ကျွန်တော့်ကို သတ်စားကြမှာ ကြောက်လန့်တုန်လှုပ်နေမိပါသည်။

မကြာမီ နွားများထားရာ နွားတင်းကုပ်ထဲသို့ လူသုံးယောက် ဝင်ရောက်လာပြီး နွားတွေကို လျှောက်ကြည့်ပါသည်။ သတ်စားမည့်နွားကို ရွေးချယ်နေကြခြင်းဖြစ်သည်။ ကျွန်တော့်စိတ်တွေ ဂနာမငြိမ်ဖြစ်နေပြီး ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။ သူတို့ ကျွန်တော့်ကို မရွေးမိပါစေနဲ့။

“ဒီနွားမတမ်းမလေးဆိုရင် မကောင်းဘူးလား။ နွားထဲမှာ နွားမတမ်းမသားဟာ စားအကောင်းဆုံးလို့ ကြားဖူးတယ်”

တစ်ယောက်က ကျွန်တော့်တင်ပါးကိုပုတ်ပြီး ပြောလိုက်ရာ ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားပုံမှာ ပြောစရာမရှိတော့ပါ။





“အေး ... ဟုတ်တယ်၊ ကောင်းသားပဲ။ ဒါဆိုရင် မောင်ညိုကို ပြောလိုက်ကြရအောင်။ ဒီနွားမတမ်းမလေးကိုပဲ ငါတို့ ပေါ်လိုက်ကြရအောင်လို့”

ကျွန်တော့်ဒူးတွေ ချောင်သွားကာ ရုတ်တရက် ခွေယိုင်ကျတော့မလို ဖြစ်သွားသည်။ နောက်တော့ မောင်ညိုနှင့် ဈေးညှိကြရာ သုံးကျပ်နှင့် တည့်သွားသည်။ ကျွန်တော်က မောင်ညို့ကိုလှမ်းကြည့်ကာ ကျွန်တော့်ကိုမရောင်းဖို့အကြောင်း လှမ်းပြောလိုက်သည်။

“ဘွတ်အဲ ... ဘွတ်အဲ ... ဘွတ်အဲ ...”

“မောင်ညို မင်းနွားမလေး အော်လှချည်လား”

“အစာဆာလို့ ထင်ပါရဲ့ကွာ။ နွားစားခွက်ထဲ အစာသွားထည့်ပေးလိုက်စမ်းပါ”

ကျွန်တော့်ရှေ့ရှိ အစာခွက်ထဲသို့ လူတစ်ယောက်က အစာတွေလာထည့်ပေးသွားသည်။ ကျွန်တော် မောင်ညို့ကို ဒေါသထွက်သွားသည်။ မောင်ညိုကား ဘာမှမသိပါတကား။

ထို့နောက် ကျွန်တော့်ကို ကြိုးနှင့်ချည်ကာ ရွာပြင်သို့ ဆွဲထုတ်သွားကြသည်။ ကျွန်တော်က အတင်းပေကတ်နေသည်။ သူတို့ ကျွန်တော့်ကို သတ်တော့မည်ဆိုတာ ကျွန်တော်သိနေသည်။

သူတို့က ကြိုးနှင့်အတင်းဆွဲ၊ တုတ်နှင့် တအားရိုက်ဆိုတော့ ကျွန်တော့်အသားတွေ နာလာသည်။ မလိုက်ချင်၍ မရတော့။ လူစိမ်းတစ်ယောက်က ကျွန်တော့်ကျောပြင်ကို တအားရိုက်လိုက်သည်။

“ဖြန်း ... ဖြန်း ... ဖြန်း ...”

“အရမ်းမရိုက်ပါနဲ့ကွာ။ နွားမကလေး သနားပါတယ်”

တစ်ယောက်က ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ သတ်စားတော့မယ့်နွားကို မင်းက သနားနေတယ်။ သတ္တဝါဆိုတာ လူကချွတ်မှ ကျွတ်တာကွ"

"အေး . . . ဒါလည်းဟုတ်တာပဲ"

ကျွန်တော့်မှာ ရှက်စိတ်၊ အားငယ်စိတ်၊ အားကိုးရာမဲ့စိတ်၊ တုန်လှုပ်ချောက်ချားစိတ်၊ ကြောက်ရွံ့စိုးထိတ်စိတ်တို့ဖြင့် မျက်ရည်များ ကျလာမိသည်။

"ဟာ . . . မောင်ညို့နွားမကတော့ မျက်ရည်တွေကျနေတယ်"

"နွားတွေဟာ သူတို့ကိုသတ်တော့မယ်ဆိုရင် သတ်မယ်မှန်း သိကြတယ်တဲ့။ ပြီးတော့ အသတ်ခံရခါနီးမှာ ငိုတတ်ကြတယ်တဲ့။ ငါ တော့ ကြားဖူးတာပဲ"

"ကဲပါကွာ . . . ကြောက်မနေပါနဲ့။ သတ္တဝါဆိုတာ ဟိုကော ပြောသလိုပဲ လူကချွတ်ပေးမှ ကျွတ်ကြတာ။ ငါတို့က အခုပဲ သူ့ကို နွားဘဝကကျွတ်အောင် ချွတ်ပေးကြတော့မယ် ဥစ္စာ"

သူတို့၏ တစ်ယောက်တစ်ပေါက် ပြောနေသံတွေက ကျွန်တော့် တိုက်ပေါ် သံရည်ပူတွေ လောင်းချနေသကဲ့သို့ ရှိသည်။

မကြာမီ ရွာအပြင်တောအစပ်နားသို့ ရောက်လာသည်။ ကျွန် တော့်ကို တောစပ်က သစ်ပင်တစ်ပင်မှာ ချည်ထားပြီး မောင်ညိုတို့ လူစု အရက်သောက်ကြသည်။

သူတို့ မူးအောင်သောက်ပြီးကြသောအခါ ကျွန်တော့်ခြေထောက် များကို လုံးဝလှုပ်လို့မရအောင် ကြိုးနှင့်တုတ်ပြီး တွန်းလှဲချလိုက်ရာ ကျွန်တော် လဲကျသွားတော့သည်။

တစ်ယောက်က ကျွန်တော့်လည်မျိုကို ဓားနှင့်လှီးသည်။ ဓား ထက်လှသဖြင့် လည်မျိုကအသားတွေ ပြတ်သွားကာ သွေးတွေ ဝေါခနဲ





ပန်းထွက်လာသည်။ ကျွန်တော့်မှာ ခံစားရသောဝေဒနာကို ဖော်ပြနိုင်စွမ်းမရှိတော့ပါ။ ကျွန်တော့်ခြေလက်တွေက တဆတ်ဆတ် တုန်နေကြသည်။

ထို့နောက် ကျွန်တော့်အသားတွေကို သူတို့ စတင်လှီးဖြတ်ကြတော့သည်။ ထိုအခိုက် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ကျွန်တော့်အနားသို့ ရောက်လာသည်။ မိန်းမဖြစ်သူက ကျွန်တော့်အဖြစ်ကိုကြည့်ပြီး သနားကရုဏာ သက်သွားဟန်ဖြင့် . . .

"ကျွန်မသာဆိုရင် မသတ်ရက်ပါဘူးရှင်။ သူ့အလိုလိုသေသွားတာတောင် မစားရက်ပါဘူး။ မြေကြီးထဲ မြှုပ်လိုက်မှာပဲ"

ထို့နောက်တွင်ကား ကျွန်တော် ဘာမှမသိတော့။ မှောင်အတိ ကျသွားလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၈ |

ကျွန်တော်၏ ယခုဘဝ အဖေနှင့်အမေမှာ တောင်တွင်းကြီးမြို့မှ စာရေးကြီးနှင့် စာရေးကြီးကတော်တို့ ဖြစ်ပါသည်။

ကျွန်တော် နွားမကလေးဘဝနှင့် အသက်ခံရစဉ် သေဆုံးအံ့ဆဲဆဲ၌ ကျွန်တော့်အနားရောက်လာပြီး သနားကရုဏာစကားပြောခဲ့သူမှာ စာရေးကြီးကတော်ပင် ဖြစ်ပါသည်။

ထိုစဉ်က သေဆုံးအံ့ဆဲဆဲဖြစ်နေသော ကျွန်တော့်စိတ်သည် ထိုစာရေးကြီးကတော်၏အသံကို အာရုံပြု စွဲလမ်းသွားခဲ့သည်။ သို့ဖြင့် စာရေးကြီးကတော်၏ ဝမ်းတွင်းဝယ် ဝင်စားခဲ့ရလေသည်။ လူ့ဘဝသို့ ရောက်သောအခါ ကျွန်တော့်မှာ ယောက်ျားကလေးဖြစ်နေသည်။





ကျွန်တော် ခုနစ်နှစ်သားအရွယ် ရောက်သည့်အချိန်အထိ စကားမပြောခဲ့ပါ။ ကျွန်တော့်မိဘများက ကျွန်တော့်ကို စကားမပြောတတ်သော အ,အကလေးဟုထင်ကာ စိတ်မကောင်းဖြစ်နေကြသည်။

အမှန်တော့ ကျွန်တော်စကားမပြောခြင်းမှာ ယခင် ကျွန်တော်၏အတိတ်ဘဝများကို ပြန်လည်အောက်မေ့ မှတ်မိနေပြီး စိုးရိမ်ထိတ်လန့်ကာ သတိသံဝေဂရနေသောကြောင့် ဖြစ်သည်။

တစ်နေ့တွင် ကျွန်တော့်ဖခင် စာရေးကြီးက ...

"ငါ့သား ...စကားပြောတတ်ရင် စကားပြောပါ။ ဒီကနေ့ အဖေ လခထုတ်မယ်။ ငါ့သားအတွက် အဝတ်အစား လှလှကလေးတွေ၊ ကစားစရာအရုပ်ကလေးတွေ အများကြီးဝယ်လာခဲ့မယ်"

ဟုပြောပါသည်။

ကျွန်တော် အဖေ့ကို စကားပြန်မပြောမိပါ။ ညနေကျတော့ အဖေ ရုံးကပြန်လာသည်။ ပြီးတော့ ဝယ်လာသောအဝတ်အစားတွေ၊ ကစားစရာအရုပ်တွေကို ကျွန်တော့်ရှေ့ထိုးပြကာ ...

"ဟောဒါတွေဟာ ငါ့သားဖို့ အဖေဝယ်လာတာပဲ။ ကဲ ... ငါ့သား စကားပြောပါကွာ"

ဟုပြောသည်။ ထိုအခါ ကျွန်တော်က ...

"ညို့ ဆန်တစ်စလယ်"

ဟု ပြောလိုက်ပါသည်။ ကျွန်တော့်စိတ်ထဲတွင် မောင်ညို့ထံမှ ချေးယူခဲ့မိသော ဆန်တစ်စလယ်က စိုးမိုးစွဲထင်နေသည်။ အဖေက ကျွန်တော့်စကားကို နားမလည်ပါ။ ထို့ကြောင့် ကျွန်တော်က ...

"ကျွန်တော် မောင်ညို့ဆီကချေးထားတဲ့ ဆန်တစ်စလယ် ပြန်ဆပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။ ထိုအခါ အဖေက . . .

"ငါ့သားသာ စကားပြောပါ။ ဆန်တစ်စလယ်တောင် မကဘူး ဆန်တစ်အိတ်တောင် ကြွေးဆပ်ပေးမယ်"

ဟုပြောသည်။ ထိုအခါ ကျွန်တော်က . . .

"ဒီလိုဆိုရင် ဆန်အိတ်ကို လှည်းပေါ်တင်ပါ။ အခုပဲသွားပြီး ကြွေးဆပ်ရအောင်"

ဟုပြောလိုက်ရာ အဖေကက ချက်ချင်းပင် သူ့တပည့်တစ်ယောက်အားခေါ်ကာ လှည်းပြင်စေပြီး လှည်းပေါ်သို့ ဆန်အိတ်တစ်အိတ်တင်စေပါသည်။

ထို့နောက် ကျွန်တော်၊ အဖေ၊ အမေ နှင့် အဖေ့တပည့်တို့ လှည်းပေါ်သို့ တက်ကြသည်။

"ဘယ်ကိုမောင်းရမှာလဲ သား"

အဖေက မေးသောအခါ ကျွန်တော်က တောင်တွင်းကြီးမြို့၏ မြောက်ဘက်သို့ မောင်းရန်ပြောလိုက်ပါသည်။ သို့ဖြင့် လှည်းမောင်းသမားကမောင်းလာရာ မကြာမီ တောင်တွင်းကြီးမြောက်ဘက်ရှိ ချောင်းဆုံရွာသို့ ရောက်လာပါသည်။

ထိုအခါ ကျွန်တော်က . . .

"အဲဒီရွာပဲ . . .။ ရွာထဲကို ဝင်ပါ။ ဟောဟိုက ရွာလယ်လမ်းအတိုင်း မောင်းပါ"

ဟုပြောလိုက်သည်။ လှည်းက ရွာအနောက်ပိုင်းမှ ဝင်လာရာ ရွာအရှေ့ပိုင်းထိ တောက်လျှောက်မောင်းသွားသည်။ ရွာအရှေ့ပိုင်းတွင် မောင်ညို့အိမ်ရှိသည်။ မကြာမီ လှည်းက မောင်ညို့အိမ်ရှေ့ရောက်လာသည်။ ကျွန်တော်က . . .





"ဟော . . . ရောက်ပြီ။ လှည်းရပ်တော့။ ဒီအိမ်ပဲ အဖေ"

ဟုပြောလိုက်သည်။ အဖေနှင့်သူ့တပည့်က လှည်းပေါ်မှ ခုန်ဆင်းကာ ခြံရှေ့တွင်ရပ်ပြီး . . .

"ဒါ . . . ဦးညိုတို့အိမ် ဟုတ်ပါရဲ့လားခင်ဗျာ"

ဟု မေးလိုက်သည်။

အိမ်ထဲမှ လူကြီးတစ်ယောက် ထွက်လာကာ ခြံတံခါးကိုဖွင့်ပေးရင်း . . .

"ဟုတ်ပါတယ်။ ကျွန်တော် ဦးညိုပါပဲ"

ဟုဖြေသည်။ ကျွန်တော်က လှည်းပေါ်မှနေ၍ မောင်ညို့ကိုမြင်သည်နှင့် တစ်ပြိုင်နက် . . .

"ဟေ့ . . . မောင်ညို၊ မင်းငါ့ကို မှတ်မိသေးရဲ့လားကွ"

ဟု လှမ်းမေးလိုက်မိသည်။ ထိုအခါ အသက်အရွယ်ကြီးနေပြီဖြစ်သော မောင်ညိုက ကျွန်တော့်ဖခင်အား . . .

"ခင်ဗျားသားက မိုက်ရိုင်းလှချည်လားဗျ။ ကျုပ်က သူ့အဖေအရွယ်လောက် ရှိတဲ့ဥစ္စာ။ မသွန်မသင် မဆုံးမထားကြဘူးထင်ပါရဲ့"

ဟုစိတ်ဆိုးဆိုးဖြင့် ပြောသည်။ ကျွန်တော့်အဖေက မောင်ညို့အား . . .

"ဦးညိုရေ . . . စိတ်မဆိုးပါနဲ့ဗျာ။ ကလေးမှာ ထူးခြားတဲ့အကြောင်းရှိနေလို့ပါ။ ကျွန်တော် တောင်းပန်ပါတယ်"

ဟုပြောလိုက်သည်။

ထို့နောက် ကျွန်တော်တို့ မောင်ညို၏အိမ်ပေါ်သို့တက်ပြီး ထိုင်မိကြသည်။ မောင်ညိုက ကျွန်တော့်ကို စိတ်ဆိုးမပြေသေးဟန်ဖြင့် ကြည့်နေသည်။ ကျွန်တော်က မောင်ညို့ကို သေသေချာချာကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . မောင်ညို။ မင်းငါ့ကို မမှတ်မိတော့ဘူလား။ ငါဟာ
မင်းသူငယ်ချင်း ကံကောင်းလေကွာ။ ဟိုတုန်းက မင်းနဲ့ငါ ကွမ်းထမ်းပြီ
ရောင်းခဲ့ကြတယ်လေ။ ငါ့ကွမ်းတွေ ရောင်းမကောင်းတဲ့တစ်နေ့မှာ ချ
စားစရာဆန်မရှိလို့ မင်းဆီက ဆန်တစ်စလယ် ငါချေးခဲ့တယ်။ ငါ အဲ
ဆန်တစ်စလယ်ကို မင်းကိုပြန်မဆပ်ရသေးခင် ပိုးထိလို့ ငါသေခဲ့ရတယ်
အဲဒီဘဝက သေပြီးတဲ့နောက် မင်းအိမ်မှာ ငါ ကြက်ဖြစ်ခဲ့ရတယ်။

မင်းက ငါ့ကို တခြားကြက်တွေနဲ့ တိုက်ခဲ့တယ်။ တိုက်ပွဲ
ငါ အကြိမ်ပေါင်းနှစ်ဆယ်ကျော် ငါအနိုင်ရအောင် ခွပ်ပေးခဲ့တယ်
နောက်ဆုံးတစ်ကြိမ်မှာတော့ ဟိုကြက်ဖကြီးက ငါ့ထက်အားကြီးလို့
ရှုံးခဲ့ရတယ်။

ငါရှုံးတော့ မင်းက ငါ့ကို ရှုံးရမလားလို့ စိတ်ဆိုးပြီး
ထောက်နှစ်ချောင်းက ကိုင်ရိုက်သတ်ခဲ့တယ်။ ပြီးတော့ ငါမသေမ
ဖြစ်နေတုန်း ရေအိုးစင်နားမှာ ပစ်ချထားခဲ့တယ်။ အဲဒီအချိန်မှာ မ
အိမ်မှာမွေးထားတဲ့ နွားမကြီးက ငါ့ကို လာပြီးနမ်းတယ်။

အဲဒီနောက်တော့ ငါဟာ အဲဒီနွားမကြီးဝမ်းထဲမှာ ဖြစ်
မွေးလာတော့ နွားမကလေး ဖြစ်လာရတယ်။ ငါ နွားမတမ်းအ
ရောက်တော့ မင်းတို့က ငါ့ကို သတ်စားကြပြန်တယ်"

အဲဒီအချိန်မှာ ဟောဒီ စာရေးကြီး ငါ့အဖေနဲ့အမေက
တို့သတ်လို့ သေအံ့ဆဲဆဲဖြစ်နေတဲ့ ငါ့အနားကိုရောက်လာပြီး သ
သက်ညှာတဲ့စကားတွေ ပြောသွားတယ်။

အဲဒီနွားဘဝက သေရတော့ ဟောဒီ အဖေအမေတို့ဝ
ဝင်စားရပြန်တယ်။ တော်သေးတာပေါ့။ မင်းအိမ်မှာ ငါထပ်ပြီး မဝ
ရလို့။ အခု မင်းဆီက ငါချေးသွားခဲ့ဖူးတဲ့ ဆန်တစ်စလယ်အကြေ





ဆပ်တာပါ။ ငါတော့ မင်းရဲ့ဆန်တစ်စလယ်ကို တော်တော်ကြောက်
သွားပြီ မောင်ညိုရာ"

ကျွန်တော့်စကား ဆုံးသောအခါ မောင်ညိုမှာ စိတ်မထိန်းနိုင်
တော့ဘဲ ဝမ်းနည်းပက်လက်ဖြစ်ပြီး ငိုကြွေးလေသည်။

"သူငယ်ချင်း . . . ကံကောင်းရယ်။ မင်းပြောတာတွေအား
ဟာ အမှန်တွေချည်းပါပဲကွာ။ မင်း ငါ့ကိုခွင့်လွှတ်ပါ။ ငါမသိလို့
ဒီလို လုပ်ခဲ့မိတာပါ။ ငါစိတ်မကောင်းပါဘူး ကံကောင်းရာ"

မောင်ညိုက တဖျစ်တောက်တောက်ပြောရင်း ကျွန်တော့်အား
တောင်းပန်စကားဆိုသည်။ သူ့ရင်ထဲမှာလည်း အလွန်တရာ ကြေကွဲ
ခံ့ရသည်။

"ဒါတွေက မင်းမသိလို့ လုပ်ခဲ့တာတွေပဲ မောင်ညိုရာ။ ပြီး
တော့ ငါက မင်းဆီက ဆန်တစ်စလယ် ချေးခဲ့ဖူးတယ်လေ။ အဲဒီအကြွေး
ငါမဆပ်နိုင်ခင်မှာ အဲဒါကိုစွဲလမ်းပြီး ငါသေခဲ့ရလို့ ဒီလိုဖြစ်ခဲ့ရတာ
မင်းမှာ အပြစ်မရှိပါဘူး။ ငါ့ကံနဲ့ငါ ခံရတာပါ။ မင်းကိုငါ ခွင့်လွှတ်
တယ် မောင်ညိုရာ"

ကျွန်တော်က ပြောလိုက်သောအခါ မောင်ညိုက . . .

"အေးကွာ . . .။ ဘာပဲပြောပြော ငါစိတ်ထိခိုက်မိတာတော့
အမှန်ပဲ။ ငါ့သူငယ်ချင်းကိုမှ ငါလုပ်ရက်ခဲ့မိလေခြင်းဆိုပြီး နောင်တရ
တယ်။ ယူကျုံးမရဖြစ်မိတယ်"

ဟု ပြောလေသည်။ ထိုအခါ ကျွန်တော်က . . .

"အဲဒါဆိုရင် တခြားသတ္တဝါတွေ၊ တိရစ္ဆာန်တွေကိုလည်း မင်း
သနားကြည့်ပေါ့ကွာ။ သူတို့တစ်တွေလည်း သူတို့ပြုခဲ့ဖူးတဲ့ မကောင်း
တဲ့ အစွဲအလမ်းတွေဟာ သေခါနီးအချိန်မှာ ဝင်လာခဲ့တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဘဝမျိုးကို ရောက်သွားခဲ့ရတာပဲမဟုတ်လား။

ငါတော့ တော်တော် သံဝေဂရမိတယ်ကွာ။ ဒါကြောင့် အိမ်မှာ ငါစကားမပြောဘဲနေတာပေါ့။ ငါဟာ မင်းဆီက ဆန်တစ်စလယ်ချေးငှား ခဲ့တယ်။ ပြန်မဆပ်ရခင်မှာ ငါသေသွားတော့ သေခါနီးမှာ အဲဒီအကြွေး ကို ငါ့အာရုံက ရောက်သွားခဲ့တယ်။ ဒါကြောင့် ငါ ဒီလိုဖြစ်ခဲ့ရတာပါ။

အဓိကကတော့ မောင်ညိုရာ . . . စိတ်ကို ရှင်းအောင်ထား ပဲမဟုတ်လား။ စိတ်ရှင်းဖို့ဆိုတာကလည်း အလုပ်ကို ရှင်းအောင်လုပ် ရမယ်လေ။ အခု ငါက မင်းဆီကယူထားခဲ့တဲ့ အကြွေးနဲ့ပတ်သက်ပြီး အလုပ်မရှင်းခဲ့လို့ စိတ်ပါမရှင်းဖြစ်ခဲ့ရပြီး ဒီလိုဘဝမျိုးတွေ ရောက်ခဲ့ရ တာပေါ့ကွာ''

ဟု ပြောလိုက်သည်။ မောင်ညိုက . . .

''အေးကွာ . . .။ ငါလည်း တော်တော်သံဝေဂရပြီး တော် တော်လည်း အံ့ဩထိတ်လန့်မိတယ် ကံကောင်းရာ''

ထို့နောက် ဦးညိုက ကျွန်တော်တို့အား ရွာထိပ်အထိ လိုက်ပို့ ပို့ဆောင်နှုတ်ဆက်လေသည်။

မောင်ညိုနှင့်ကျွန်တော်သည် လွန်ခဲ့သော အတိတ်ဘဝ (ရှု ဘဝ) က သူငယ်ချင်းများဖြစ်ခဲ့ကြသည်။ ထို့နောက်တွင် ကျွန်တော် သည် ကြက်ဘဝနှင့် နွားဘဝများသို့ ရောက်ခဲ့ရပြီး ယခု လူ့ဘဝ ပြန်လည်ရောက်ရှိခဲ့ရပြန်လေသည်။

ယခု လူ့ဘဝမှ သေလွန်ပြီးနောက်တွင်လည်း ဘယ်ဘဝ ရောက်ရလိမ့်ဦးမည်မသိပါ။ ဘဝသံသရာ ချားရဟတ်ကြီးသည်ကား ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ လည်ပတ်နေလေသည်တကား။

✿ ✿ ✿

| ၉ |

❑

ထို့နောက် ကာလမကြာမီ တစ်ခသော တရားရိပ်သာ၌ လူကြီး တစ်ဦးနှင့် လူငယ်လေးတစ်ယောက်တို့ အတူတကွယှဉ်တွဲ၍ ဝိပဿနာ တရား အားထုတ်နေကြသည်ကို တွေ့မြင်ရလေတော့သည်။

(မဟာစည်ဆရာတော်ဘုရားကြီး၏ ဓမ္မစကြာတရားတော်' တအုပ်ကြီးမှ 'ညို့ဆန်တစ်စလယ်' ဖြစ်ရပ်မှန်ကို အခြေခံ၍ စိတ်ကူး ဖြန့်ကြက် ရေးဖွဲ့ပါသည်။)

မြဘုန်းထက်

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

''ဟော . . . ကြီးကြီးရွှေ . . . ဘယ်သွားမလို့လဲ''

''ဘုရားသွားမလို့ မအေးရေ''

''ကြီးကြီးရွှေတို့ကတော့ တွေ့လိုက်တိုင်း လှနေတော့တာပဲ။ နပ်ခါးကလည်း အဖွေးသားနဲ့။ ကုသိုလ်ကံကောင်းလိုက်တာ ကြီးကြီးရွှေရယ်။ ကြီးကြီးရွှေရဲ့ ကုသိုလ်ကံလေးများ မအေးတို့ကို မျှဝေပေးပါလား။ မအေးတို့မှာဖြင့် တစ်နေ့တစ်နေ့ ချက်ရပြုတ်ရ လျှော်ရဖွပ်ရနဲ့ ဘုရားသွားကျောင်းတက်လုပ်နိုင်ဖို့ နေနေသာသာ၊ အိမ်ဘုရားကောင် တစ်ခါတလေ ဆယ့်နှစ်နာရီထိုးခါနီးမှ ဆွမ်းဘုဉ်းပေးရတာ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အို ...ကြီးကြီးရွှေတို့ကတော့ နံနက်တိုင်းလည်း ဘုရားသွားတယ်။ အနည်းဆုံးတော့ ဒီနားက ကျောက်တော်ကြီးဘုရားကိုသွားဖြစ်အောင်သွားတာ"

ဟု ကြီးကြီးရွှေက ဟန်ပါပါ၊ မာန်ပါပါလေး ပြန်ပြောသံကြားလိုက်လို့ ကျွန်မ အိမ်ရှေ့ကိုလှမ်းကြည့်လိုက်တော့ ဟုတ်သားလား။ ကြီးကြီးရွှေတစ်ယောက် လက်ကောက်တွေ တံတောင်ဆစ်ရောက်အောင်ဝတ်ထားပြီး သနပ်ခါးကလည်း ခြေဆုံးခေါင်းဆုံးလိမ်းထားတာ။ ဝတ်ထားတာက ဆင်စွယ်ရောင်ဝမ်းဆက်နဲ့ ကြော့ကြော့မော့မော့။ ဒါက သိပ်ပြီးထူးခြားတယ်လို့တော့ ပြောလို့မရပါဘူး။ ကြီးကြီးရွှေရဲ့ မပြောင်းလဲတဲ့ ထာဝရစတိုင်ဆိုတာ တစ်ရပ်ကွက်လုံးသိပြီးသား။

ကျွန်မလည်း ကြီးကြီးရွှေကို ဒီလိုအမြဲတမ်း မြင်နေရပေမဲ့ မအေးလိုတော့ နှုတ်ကထုတ်ဖော်ပြီး တစ်ခါမှ မချီးကျူးမိပါပေ။ ကျွန်မကပဲ ပတ်ဝန်းကျင်နဲ့စိမ်းနေတာလား။ နှုတ်ကပဲ နည်းရော့လေသလား။ မအေးတစ်ယောက်ကတော့ နာမည်က မအေးမို့သာ တော်တော့တယ်။ သာလိကာလို့မှည့်ထားရင် ဘယ်လိုများနေမလဲမသိဘူး။ ချီးမွမ်းစရာရှိတော့ သူပဲချီးမွမ်းပြီး၊ ကဲ့ရဲ့စရာတွေ့ရင်လည်း သူပဲ ရပ်ကွက်ထဲ ထီးဆောင်းပြီး တစ်အိမ်ဆင်းတစ်အိမ်တက် မဲ့ကာရွဲ့ကာ ပြောတတ်တာ။ အဲဒါ မအေးရဲ့အကျင့်။

ကြီးကြီးရွှေရဲ့ အမည်ရင်းကကော ကြည့်ပါဦး။ သူ့အမည်ရင်းက ဒေါ်တင်တင်ကြီးပါ။ ရွှေကို အင်မတန်မက်မောပြီး ရွှေကြိုက်တတ်သူ ဒေါ်တင်တင်ကြီးကို ရပ်ကွက်ကပိုင်းပြီး ကင်ပွန်းတပ်ပေးလိုက်ကြတာ 'ကြီးကြီးရွှေ' တဲ့။ ဒေါ်တင်တင်ကြီးတို့ကတော့ ငယ်နာမည်ပျောက်အောင်ကို ရွှေကြိုက်တာ အံ့ရော။





တစ်နေ့မှာတော့ ကျွန်မတို့ရပ်ကွက်ထဲက အိမ်တစ်အိမ်မှာ မီးလောင်ပါလေရော။ စလောင်တဲ့အိမ် တစ်အိမ်တည်းကုန်သွားလို့ တော်သေးတာပေါ့။ အဲဒီမီးလောင်တဲ့အိမ်က ကြီးကြီးရွှေတို့အိမ်နဲ့ ခြံစည်းရိုးပဲခြားတာ။ မီးလောင်ခံရတဲ့အိမ်က ဖခင်ဖြစ်သူတစ်ဦးတည်း အလုပ်လုပ်နေတာဖြစ်ပြီး သားသမီးတွေက ကျောင်းတက်နေကြတာ။

ကိုးတန်းနဲ့ ဆယ်တန်းတွေဆိုတော့ စာအုပ်တွေနဲ့၊ ပရိဘောဂတွေကိုတော့ ရပ်ကွက်က ဝိုင်းဝန်းထောက်ပံ့ပေးကြတာပါ။ 'ရပ်ကွက်ထဲက အတော်လေး ဝိုင်းဝန်းထောက်ပံ့ကြပေမဲ့ အတော်လေးတော့ ကသီလင်တ ဖြစ်သွားတာပေါ့။

အဲဒီအိမ်မီးလောင်ပြီး တစ်ပတ်လောက်ကြာမှာတော့ မအေး ကျွန်မတို့အိမ်ကိုရောက်လာပြီး မဲ့ကာရွဲ့ကာနဲ့ ...

"သွယ်သွယ်ရေ ...ဟိုကြီးကြီးရွှေလေ။ သူ့အိမ်ခြေရင်းက အိမ်သားတွေ ဒုက္ခရောက်နေတာတာတောင် သူတတ်နိုင်လျက်သားနဲ့ အလှူငွေထည့်တာ အနည်းဆုံးပဲ။ ပြီးတော့ သူကပြောသေးတယ်။ သဇ္ဇေ သတ္တာ ကမ္မသကာ ...သတ္တဝါတစ်ခု, ကံတစ်ခုတဲ့"

"သြော် ...မအေးရယ်၊ သူက တရားသဘောနဲ့ ကြည့်တာပဲဥစ္စာ"

"ဟင်း ...မသွယ်ရယ် သူ့တရားသဘောကလည်း အလှူငွေထည့်တော့ နည်းနည်းပဲထည့်တယ်"

"လူမှန်ရင် ကိုယ့်အကြောင်းနဲ့ကိုယ်ချည်းပဲ မအေးရဲ့။ ကိုယ့်အကြောင်း ကိုယ်သာသိ မဟုတ်လား။ ကြီးကြီးရွှေလည်း သူ့အကြောင်းနဲ့သူ နေမှာပေါ့"

"အိုး ...လက်ကောက်တွေတော့ တံတောင်ဆစ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဝတ်ထားတာဥစ္စာ''

ဟု သူက အာသွက်လျှာသွက် ပြန်ပြောတယ်။ ကျွန်မတို့ရပ်ကွက်ထဲမှာ မအေးက အဲသလိုမျိုး။

ကျွန်မအတွေးကတော့ မအေးနဲ့မတူပါ။ ကြီးကြီးရွှေက နေ့စဉ်နေ့တိုင်း ဘုရားသွားကျောင်းတက် ရတနာသုံးပါး အမြဲဆည်းကပ်တာဆိုတော့ သူ့အိမ်ကို ကံကောင်းလို့မီးမကူးတာလို့ ကျွန်မတွေးမိတယ်။ ရပ်ကွက်ထဲကလူတွေကလည်း အတော်တော့ စည်းရုံးပါတယ်။ မီးကို အစွမ်းကုန် ဝိုင်းသတ်လိုက်ကြတာရယ်။ လမ်းကကျဉ်းတော့ မီးသတ်ကားလည်း ဝင်လို့ရတာမဟုတ်ဘူး။

မအေးက ခဏတာမှာသာ ကြီးကြီးရွှေကို မဲ့ကာရွဲ့ကာအတင်းပြောတာပါ။ နောက်တော့ ကြီးကြီးရွှေနဲ့ လေပေးလေယူ ဖြောင့်နေတာပါပဲ။ ကျွန်မတို့အိမ်ကိုလည်း သွားရင်းလာရင်း ခဏတစ်ဖြုတ်တော့ ဝင်ဝင်လာတတ်ပါတယ်။ သူတို့ ကြီးကြီးရွှေတို့အိမ်က ကျွန်မတို့အိမ်ထက်ပိုပြီး အတွင်းပိုင်းကျနေတာကိုး။ တစ်နေ့ကပဲ ကြည့်ပါဦး။ မအေးကျွန်မတို့အိမ်ရှေ့ရောက်တော့ ကြီးကြီးရွှေက သူ့အိမ်ထဲကထွက်လာပြီး ကျွန်မတို့အိမ်ရှေ့မှာ ဆုံကြတယ်။ မအေးကစတင်ပြီး …

''ကြီးကြီးရွှေ … သွားပြီလား''

''အေးကွယ် … သွားပြီ မအေးရေ။ ဒီနေ့ အဓိဋ္ဌာန်ဝင်ရမယ့်နေ့ရာကများတော့ စောစောသွားမှဖြစ်မှာ''

တဲ့။ ကျွန်မက ဘာရယ်မဟုတ်။ ကြီးကြီးရွှေ အဓိဋ္ဌာန်ဝင်နေတာလား၊ ဘာအဓိဋ္ဌာန်ဝင်နေတာလဲလို့ မအေးကိုမေးတော့ …

''ကြီးကိုးကြီးအဓိဋ္ဌာန် မသွယ်ရဲ့''

''ကြီးကိုးကြီးအဓိဋ္ဌာန်ဆိုတာ ဘာလဲ''





''မသွယ်ကလည်း ကြီးကိုးကြီးအဓိဋ္ဌာန်ဆိုတာ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ နောင်တော်ကြီး စတဲ့ ကြီးပါတဲ့ ဘုရားကိုးဆူရှေ့မှာ ပုတီးစိပ်တာ။ ကိုးဆူလုံးရှေ့မှာ နေ့ချင်းပြီး စိပ်ရတာနော်''

''သြော် … ဟုတ်လား''

ဆိုပြီး ကျွန်မက ငြိမ်နေလိုက်ပါတယ်။ မအေးကတော့ ဆက်ပြောနေတယ်။

''မသွယ်ရယ် … မသွယ်လည်း အဲဒီလို အဓိဋ္ဌာန်မဝင်နိုင်ရင်တောင် ကိုယ့်အိမ်မှာကိုယ် အဓိဋ္ဌာန်ဝင်လို့ရတဲ့နည်းတွေနဲ့ ဝင်ကြည့်ပါလား။ ကြီးကြီးရွှေဆိုရင် အဓိဋ္ဌာန်မျိုးစုံဝင်ပြီး ပုတီးအမျိုးမျိုးစိပ်တာ။

အဲဒါကြောင့် သူ့မှာ ပင်ပင်ပန်းပန်း စီးပွားရှာစရာမလိုဘဲ ရွှေနဲ့ငွေနဲ့ သုံးနိုင်စားနိုင်တာ။ ကျွန်မကတော့ လင်ကိစ္စသားကိစ္စနဲ့ မအားနိုင်လို့သ … ။ မဟုတ်ရင် ကြီးကြီးရွှေနောက် တကောက်ကောက်လိုက်နေမှာ။ မသွယ်က အေးအေးဆေးဆေးသမားဆိုတော့ စိပ်ကြည့်ပါလား။

ဘာတဲ့ … ကြီးကြီးရွှေပုတီးစိပ်နည်းတွေက ရဲကျွန်းစင်တောင်ဆရာတော် ပုတီးစိပ်နည်း၊ ဘိုးဘိုးအောင်ပုတီးစိပ်နည်း၊ တောင်တန်းသာသနာပြုဆရာတော် ပုတီးစိပ်နည်း။ နောက် … နိုင်ငံကျော် ပုဂ္ဂိုလ်တချို့ရဲ့ ပုတီးစိပ်နည်းက ပါသေးတာတဲ့''

ကျွန်မတို့ရပ်ကွက်ထဲက မအေးက အဲသလိုမျိုး။ ကောင်းသတင်းလည်း အိမ်အရောက် လိုက်ပို့နိုင်သလို၊ မကောင်းသတင်းလည်း အားတဲ့ကြားထဲက အိမ်အရောက် လိုက်ပို့တတ်လေရဲ့။ ရပ်ကွက်သတင်းလောက်ကတော့ ဂျာနယ်မလို၊ စာစောင်မလိုပါ။ မအေးတစ်ယောက်ရှိရင် ပြီးရော။ ဒါကြောင့်မို့ သူ့ကို တချို့က ခေါ်ကြတယ် ဂျာ



www.burmeseclassic.com

www.burmeseclassic.com



နယ်မ၊ ဘီဘီစီမတဲ့ . . .။

တစ်နေ့မှာတော့ ကျွန်မတို့ရပ်ကွက်ထဲက ဓမ္မာရုံမှာ စုပေါင်းအလှူပွဲလေးကျင်းပတော့ ကျွန်မလည်း ကူညီလုပ်ကိုင် စားသောက်ဖြစ်တယ်။ ကြီးကြီးရွှေနဲ့ အပေါင်းပါတွေကတော့ မပြောပါနဲ့တော့။ ရွှေတွေငွေတွေ တပြောင်ပြောင်တလက်လက်နဲ့ ညှော်ခံနေလိုက်ကြတာ အကြီးအကျယ်ပဲ။

သူတို့ညှော်ခံနေတဲ့ ညှော်သည်တွေကတော့ စိန်တွေရွှေတွေ သိပ်ဝတ်မထားကြပါဘူး။ လာကြတာတော့ ဘယ်ကလာကြမှန်းမသိ။ ကိုယ်ပိုင်ကားတွေမှ အကောင်းစားတွေနဲ့ချည်း။ ကျွန်မကတော့ မှတ်ချက်ချလိုက်မိပါတယ်။ ဗလငါးတန်ထဲမှာ မိတ္တဗလမဏ္ဍိုင်ဖြစ်တဲ့ မိတ်ကောင်းဆွေကောင်း ပေါ်များခြင်းဆိုတဲ့ ဗလတစ်တန်ကတော့ ကြီးကြီးရွှေတို့မှာ အပြည့်ပါလားလို့။

နောက်တစ်နေ့ နေ့လယ်ခင်းမှာတော့ ကျွန်မတို့အိမ်ကို မအေးအပြေးကလေး ဝင်လာတယ်။

''မသွယ်ရေ . . . မသွယ် . . . ကြီးကြီးရွှေနဲ့ ကြီးကြီးမြင့်တို့ စကားတွေများနေကြတယ် သိလား''

''အို . . . မအေးကလည်း သူတို့နှစ်ယောက်က တည့်လွန်းလို့မှ ပူးတွဲပူးတွဲ သွားကြလာကြတာ။ ရပ်ကွက်ကတောင် ရွှေနဲ့မြင့်လို့ အမည်ပေးထားတာဥစ္စာ''

''ခုတော့ စကားတွေများနေလိုက်ကြတာ မအေး နားနဲ့တောင်မဆံ့ဘူး မသွယ်ရဲ့''

''ဘာကြောင့်များတာလဲ''

''ဓမ္မာရုံမှာဖြစ်လာတဲ့ ကိစ္စကြောင့်''





လို့ မအေးက ပြောပါတယ်။ ဓမ္မာရုံမှာ ဖြစ်တဲ့ကိစ္စလို့ပြောတော့ ဓမ္မာရုံမှာတုန်းက ကြီးကြီးမြင့်နဲ့ ကြီးကြီးရွှေတို့ရဲ့ပုံရိပ်တွေ ကျွန်မမျက်လုံးထဲမှာ ပေါ်လာတယ်။ တစ်ယောက်က ရွှေဝါရောင်ဝမ်းဆက်နဲ့၊ နောက်တစ်ယောက်ကတော့ ပြောင်နေတဲ့ နီညိုရောင်ကို ဝတ်ထားတာ။ ကျွန်မ ဓမ္မာရုံနောက်ဘက်က ချက်တဲ့ပြုတ်တဲ့ ပန်ကန်ဆေးတဲ့ဘက်ကို ရောက်သွားတုန်းကတောင် အထဲကကောင်လေးနှစ်ယောက်ပြောနေတာကို တစ်ပိုင်းတစ်စ ကြားခဲ့ရသေးတာ။ ဘာရယ် . . .

''ရွှေနဲ့မြပဲကွာ ဘယ်ခေမှာလဲ။ နှစ်ယောက်တစ်အိပ်မက်ကွ''

တဲ့။ ပြောပြီး ရယ်နေကြတာ။ ဘာအဓိပ္ပာယ်လဲတော့ ကျွန်မ မသိပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

နောင်တစ်လလောက်ကြာတော့ ကျွန်မတို့ရပ်ကွက်ထဲက ဦးရွှေလုံးကြီး လေဖြတ်ပါလေရော။ ဦးရွှေလုံးကြီးမှာ သားတွေသမီးတွေလည်း ရှေတွဲလဲ၊ ငွေတွဲလဲ ချမ်းသာသူတွေချည်းပဲ။ ကျွေးနိုင်မွေးနိုင် ပြုစုနိုင်ကြတာဆိုတော့ ပူပင်စရာတော့မရှိပါ။ ကြီးကြီးရွှေကတော့ ကျွန်မကို အဖော်လာညှိတယ်။

သူပြောတာကတော့ ဦးရွှေလုံးကြီးခမျာ လေဖြတ်ထားတာ သနားစရာကောင်းပါတယ်အေ။ ကိုယ့်ခြေကိုယ့်လက်မှ ကိုယ်မနိုင်၊ သားသမီးတွေခွံ့ကျွေးမှ စားရတာ၊ တို့တစ်တွေ ငွေကလေးတွေစုပြီး စားစရာသောက်စရာလေးတွေ ဝယ်ပို့ကြရအောင်။ ကုသိုလ်ရပါတယ် အေလို့ သူကပြောတာပါတယ်။





ကျွန်မအဲဒီတုန်းက တစ်ခုတော့ စဉ်းစားမိသား။ မုန့်ကလေးဘာလေး ဝယ်ခြမ်းပေးတာများ သူ့တစ်ယောက်တည်း တတ်နိုင်သလောက်ဝယ်ပေးလည်း ရတာပဲ။ ငါ့ကိုများ အဖော်လာညှိသေးတယ်လို့။ နောက်တော့ ကြီးကြီးရွှေက ဘာသာရေးသမားပဲလေ၊ ကုသိုလ်မျှဝေချင်လို့ဖြစ်မယ်လို့ တွေးမိတယ်။

ဒါပေမဲ့ နှုတ်နည်းတတ်သူကျွန်မ ဘာမှတော့ ပြန်မမေးဖြစ်ခဲ့ပါ။ ပြီးတော့ ကျွန်မ တော်တော်နှင့် ဦးရွှေလုံးတို့အိမ်မသွားဖြစ်ဘဲ မပြောကောင်းမဆိုကောင်း ဦးရွှေလုံးဆုံးပါးသွားခဲ့လျှင် ဘာမှ မပေးလိုက်၊ မကျွေးလိုက်ရဖြစ်မယ်လို့လည်း တွေးလိုက်မိတယ်။

ကြီးကြီးရွှေရဲ့လေကလည်း မိနေပြီမို့ ကျွန်မ ဘာမှမပြောတော့ဘဲ ငွေငါးထောင်ထုတ်ပေးလိုက်တယ်။ နောက်တစ်နေတော့ ကြီးကြီးရွှေတစ်ယောက် အနက်ရောင်ကြွပ်ကြွပ်အိတ်ကြီးနဲ့ ထုတ်ထားတဲ့ အထုပ်ကြီးကို ဆွဲလာပြီး ...

''မသွယ်ရေ ... ဦးရွှေလုံး အိမ်သွားကြမယ်''

''ဟယ် ... ကြီးကြီးရွှေရယ် ကျွန်မ ရေချိုးနေတုန်းရှိသေးတယ်''

''ဩော် ... ဟုတ်လား။ သွယ်သွယ်မအားလည်း မလိုက်ခဲ့နဲ့၊ ရတယ်။ နောက်မှသွားလိုက်ပေါ့။ ကြီးကြီးရွှေပဲ ဒီပစ္စည်းတွေ အရင်သွားပို့လိုက်မယ်''

ဟု ပြောပြောဆိုဆိုထွက်သွားတော့ ကျွန်မ မလိုက်ဖြစ်ခဲ့ပါ။ အစကတည်းက ကျွန်မနဲ့သူအတူသွားဖို့ အစီအစဉ်မရှိဘဲ ဟန်ဆောင်ပြောသွားတာကို ကျွန်မနောင်မှ တွေးမိတာပါ။

နောက်သုံးရက်လောက်ကြာတော့ ကျွန်မ အဘဦးရွှေလုံးကို



www.burmeseclassic.com

www.burmeseclassic.com



သတင်းသွားမေးပါတယ်။ ကျွန်မအိမ်ဝကိုရောက်တော့ ဦးရွှေလုံးရဲ့သမီး အငယ်ဆုံးသန္တာရွှေက . . .

"မမသွယ် . . . လာလေ . . ."

လို့ နှုတ်ဆက်စကားဆိုပါတယ်။ ကျွန်မ အိမ်ထဲကိုရောက်တော့ 'မမသွယ် ခဏနော်။ ကျွန်မ အဘကို အိုဗာတင်းတိုက်မလို့ ဖျော်လိုက်ဦးမယ်နော်' ဆိုပြီး မီးဖိုခန်းထဲ ဝင်သွားတာတွေ့တယ်။ ကျွန်မကတော့ အဘဦးရွှေလုံးကိုကြည့်ပြီး သံဝေဂရမိတယ်။

ခဏကြာတော့ အဘဦးရွှေလုံးရဲ့ တစ်အိမ်လုံးကို ဝေ့ဝဲကြည့်လိုက်မိတယ်။ တစ်အိမ်လုံးမှာတွေ့ရတဲ့ ပစ္စည်းတွေက ခေတ်မီနိုင်ငံခြားဖြစ် ပစ္စည်းအသစ်စက်စက်တွေချည်းပဲ။ သူ့သမီးတွေကလည်း ခေတ်ဆန်ဆန်စတိုင်တွေနဲ့ချည်း။ အသက်တွေကတော့ ကျွန်မနဲ့ မတိမ်းမယိမ်းတွေပါ။

ခဏကြာတော့ အိုဗာတင်းခွက်ကလေးကိုကိုင်ပြီး သန္တာရွှေတစ်ယောက် အဘဦးရွှေလုံးရှိရာ အခန်းကို ပြန်ရောက်လာပါတယ်။ အဘကို အိုဗာတင်းတိုက်ရင်း ကျွန်မကို ညည်းခံစကားပြောသေးတာ။

"မမသွယ်ရယ် . . . အဘကလေသာဖြတ်ထားတာ အစားကတော့ အင်မတန်စားနိုင်တာ မမရဲ့။ ဟိုနေ့ကပဲ အိုဗာတင်းတစ်ဘူးကုန်သွားလို့ ဝယ်မယ်စိတ်ကူးတုန်းရှိသေးတယ် ကြီးကြီးရွှေက အိုဗာတင်းတစ်ဘူးနဲ့ နို့မှုန့်တစ်ထုပ် ဝယ်လာပေးသွားတာ။ ကြီးကြီးရွှေတို့ကတော့ လူမှုရေးလည်း အင်မတန်ကျေပွန်တာ။ ဒါကြောင့်လည်း ရပ်ကွက်ထဲမှာ ကြီးကြီးရွှေ၊ ကြီးကြီးရွှေ ဖြစ်နေကြတာ။ လူဆိုတာ အဲသလိုမျိုးဖြစ်နေရမှာ မမသွယ်ရဲ့"

တဲ့။ ကျွန်မဘာမှ ပြန်မပြောမိပါ။ ကြောင်လျှက်သားလေး





ကြည့်နေမိတယ်။ ပြီးတော့မှ တွေးလိုက်မိတာက ကျွန်မဆီက ပိုက်ဆံငါးထောင်ယူပြီး သူနည်းနည်းပဲစိုက်ဝယ်လာခဲ့တဲ့ အိုဗာတင်းနဲ့ နို့မှုန့်တွေကို သူဝယ်ခဲ့တယ်လို့ပဲ ပြောခဲ့တယ်ထင်တယ်။ သန္တာရွှေက မသိလို့ပြောတာလို့ ယူဆရအောင်လည်း ကြီးကြီးရွှေပြန်လာတုန်းက သန္တာရွှေနဲ့တွေ့ခဲ့တယ်လို့ ပြောတာပါ။

သန္တာရွှေရဲ့ ပြောဟန်ဆိုဟန်တွေ ကြည့်ရတာလည်း ဂုဏ်တွေငွေတွေ တော်တော်မက်ပုံပေါ်တယ်။ လေဖြတ်ထားတဲ့သူ့အဖေကို အိုဗာတင်းတိုက်နေတာတောင် ဂုဏ်ယူဝံ့ကြွားနေတဲ့ပုံနဲ့၊ အစ်မတို့ဆိုရင် ဒါမျိုးတိုက်နိုင်ပါ့မလားဆိုတဲ့ စတိုင်လ်နဲ့။ သူဟန်၊ သူ့စတိုင်လ်ကိုကြည့်ပြီး ကျွန်မမျက်နှာလေး ငယ်သွားမိသလိုလို။

တော်သေးတာပေါ့။ မနက်က ကျွန်မဈေးသွားဝယ်ရင်း ဝယ်လာခဲ့တဲ့ အကောင်းစားမုန့်တစ်ထုပ်ကို ယူလာခဲ့မိလို့။ မဟုတ်ရင် . . . ကျွန်မသူတို့အိမ်ပေါ်မှာထိုင်ဖို့ ဝံ့ရဲပါဦးမည်လား။ ကျွန်မကြာကြာထိုင်မနေချင်တော့ပါ။ မုန့်ထုပ်လေးကိုပေးပြီး အိမ်ပြန်လာခဲ့ပါတယ်။

လမ်းရောက်တော့ ကျွန်မတွေးမိတယ်။ လေဖြတ်သူ ဦးရွှေလုံး၊ မုန့်သွားပေးသူ ကြီးကြီးရွှေ၊ လက်ခံထားသူ သန္တာရွှေ။ သြော် 'ရွှေ' တို့အဖွဲ့ရယ် . . . လိုက်မမီပါလား။

အိမ်ပြန်ရောက်တော့လည်း ကျွန်မစိတ်ထဲမှာ တနုံ့နုံ့။ နှုတ်နည်းတတ်သူ ကျွန်မကိုယ်ကျွန်မပဲ အပြစ်တင်ရမှာလား။ တစ်ခုခုဘာလို့ ပြန်မပြောခဲ့တာလဲ။ ကိုယ့်ပစ္စည်းနဲ့ကိုယ် ဇာသိုလ်မရ၊ ငရဲရတဲ့အဖြစ်ပါလား။ ပြီးတော့ မအေးပြောတဲ့ ဓမ္မာရုံမှာဖြစ်ခဲ့ကြတဲ့ ရွှေနဲ့မြရဲ့ ပြဿနာကို သတိရမိလာတယ်။

ဓမ္မာရုံမှာ အလှူလုပ်တုန်းက ရွှေနဲ့မြ အပြိုင်အဆိုင်ညည်းခံ



www.burmeseclassic.com

www.burmeseclassic.com



ကြရင်း ဘုန်းကြီးပိုင်းကကျတဲ့ အချိုပွဲ ငှက်ပျောရွှေကြည်က နည်းနေတော့ သူ့ညှေသည်ချကျွေးမယ် ကိုယ့်ညှေသည်ချကျွေးမယ်ဆိုပြီး လုကြတာ။ အဲဒီမှာတင် ရွှေနဲ့မြ ခွဲရေးတွဲရေးဇာတ်လမ်းက စတာတဲ့။

နောက်တော့ ညှေသည်တွေကများလွန်းလို့ ဓမ္မာရုံမှာချက်တဲ့ ထမင်းနဲ့ဟင်းက မရှိတော့တာကြောင့် အရေးပေါ်ကြက်ဆီထမင်း ဆယ့်ငါးပွဲ ပြေးဝယ်ရတာ။ အဲဒါကိုတော့ ကျွန်မလည်းသိလိုက်သား။ မအေးပြောတာတော့ ကြက်ဆီထမင်းဝယ်တဲ့ငွေကို ရွှေနဲ့မြက တစ်ဦးမှစိုက်ရှင်းတာမဟုတ်ဘဲ သူတို့ရဲ့ အထူးညှေသည်တွေအတွက် ဓမ္မာရုံအဖွဲ့ကစိုက်ရှင်းလိုက်တာတဲ့။ နောက် ကြက်ဆီထမင်း ခုနစ်ပွဲလောက်ပိုနေတော့ ကြီးကြီးရွှေကပဲ သူ့အိမ်ကို အကုန်သယ်သွားတာတဲ့။ အဲဒီတော့ ကြီးကြီးမြ အကြီးအကျယ် မကျေမနပ်ဖြစ်တာပေါ့။

အဲဒီရက်မှာ ကြီးကြီးရွှေရဲ့ တူမနှစ်ယောက်က နယ်ကရောက်လာတာကိုး။ သူ့တူမတွေ ကြက်ဆီထမင်းစားချင်တယ်ဆိုလို့ ယူသွားတာထင်ပါတယ်။ နောက်ထပ် ဓမ္မာရုံကပိုတဲ့ဟာတွေကို ယူကြငင်ကြ သယ်ကြရင်း စတီးချိုင့်များသွားလို့တဲ့။ ဩော် . . . ပြောင်ပြောင်နိုင်လွန်းတယ်။

ကြီးကြီးမြက ကြီးကြီးရွှေတို့အိမ်ရောက်တော့ ကြက်ဆီထမင်းတွေ ဘယ်သူမှမစားနိုင်တော့လို့ ခွေးချကျွေးထားတာ တွေ့ပါလေရောခွေးတောင် မကုန်မခန်းဘူးဗျာ။ တွေ့တော့ ခနိုးခနဲ့ပြောရင်း စကားများကြတာတဲ့။ မအေးပြောတာကတော့ ကြီးကြီးမြကစပြီး . . .

"ငါက မဟုတ်ရင် ဘယ်သူ့မှကြောက်တာမဟုတ်ဘူး။ ပြောမှာပဲ။ ငါ့ယောက်ျားကုမ္ပဏီက အရာရှိကြီးတောင် ငါက ကြောက်တာမဟုတ်ဘူးဟဲ့။ မဟုတ်ရင် ငြိမ်ခံမနေဘူး ပြောမှာပဲ"





တဲ့။ အဲဒီတော့ ကြီးကြီးရွှေက . . .

"နင်က ဘယ်ကြောက်မလဲဟဲ့၊ ဟိုထဲထည့်ထားတာဥစ္စာ"

တဲ့။ မအေးကတော့ မကြားဝံ့မနာသာ မသွယ်ရယ်ဆိုပြီး ရယ်လိုက်တာမှ ခွက်ထိုးခွက်လန်ပဲ။ ကျွန်မကတော့ ခါးပိုက်ထဲထည့်ထားတာတာလို့ မေးလိုက်တယ်။ သူတို့ချင်းရန်ဖြစ်မှ အိမ်ကယောက်ျားလည်း ဘယ်ထဲရောက်လို့ ရောက်သွားမှန်းမသိ။

မအေးပြောတုန်းကတော့ သူတို့ အဲဒီလောက်ဆိုးလိမ့်မယ်လို့ ကျွန်မ မယုံခဲ့ပါ။ ပြောမယုံ ကြုံဖူးမှသိတဲ့ အဖြစ်မျိုး။ အဲဒီအချိန်ကပြီး ကျွန်မ စုပေါင်းအလှူပွဲတွေကို ရှောင်ကြဉ်ခဲ့သည်က များခဲ့သလိုပ်ကွက် သာရေးနာရေးတွေလည်း ချင့်ချိန်ပြီးမှသွားခဲ့တယ်။ လှူချင်ချင် ဘုရားနဲ့ ဘုန်းကြီးကျောင်းတွေကို ကိုယ်တိုင်သွားလှူခဲ့ပါတယ်။ ခြံနှစ်ဖက်၊ လက်နှစ်ဖက်ပြတ်နဲ့ တောင်းနေတဲ့သူကိုတွေ့ရင် များများလှူခဲ့တယ်။

ကြီးကြီးရွှေနဲ့ဆုံတိုင်းတော့ သူ့ကိုသတိထားပြီး ကြည့်မိတယ်။ ဘယ်နေရာမှာမဆို အပြောကောင်း သဘောမနောကောင်းတဲ့သူ။ ပွဲလယ်မှာလည်း တင့်တင့်တယ်တယ်။ လုပ်သမျှတွေ စိစစ်ကြည့်ရင်တော့ အမြီးရှင်အမြီးစား ခေါင်းရှင်ခေါင်းစားပဲ။ သမာတယ် မသမာဘူးဆိုတာ သူတွေးတောင် တွေးမိရဲ့လားမသိ။ အဝိဇ္ဇာနိပုတ်းတွေစိပ်လိုက်တာတော့ မျိုးစုံနေတာပဲ။ ကြီးကြီးရွှေအကြောင်းကို တွေးမိတိုင်း ကျွန်မ နယ်ကိုသွားတုန်းကကြားဖူးတဲ့ သီချင်းလေးတစ်ပုဒ်ကို ကြားယောင်မိလာတယ်။ သာတဲ့ . . .

"သဲလည်း သဲတယ် ××× ချွဲလည်း ချွဲတယ် ××× အပြောသည်းကောင်းပါတယ် ××× သဘောလည်းကောင်းတယ် ××× ကြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ် ××× ယုံစားမိသမျှကိုယ်ပဲ ××× လွှမ်းရတယ်''တဲ့။

ဟုတ်တယ်။ ကြီးကြီးရွှေတို့က အဲဒီသီချင်းနဲ့ တထပ်တည်း ကျအောင် နေနိုင်သူများ။ ယုံစားမိရင်တော့ ယုံစားမိသူတိုင်း လွှမ်းရ မှာ အသေအချာ။

သူပေါင်းနေတဲ့ အပေါင်းအသင်းတွေကိုရော ကြည့်ပါဦး ...။ သူ့ရှေးတွေ အရာရှိတွေချည်းပဲ။ အစကတော့ သူတို့အပေါင်းအသင်းဆံ့ တယ်လို့ ထင်ခဲ့တာ။ ခုမှသိတယ်။ သူသာမယ်ထင်လို့ တမင်လိုက် ပေါင်းပြီး အလှူလက်ဖက်နဲ့ မျက်နှာလုပ်လုပ်နေတာ။ ကျွန်မတို့လို လူမျိုးတွေကိုတော့ သူချောက်ကျခါနီးဆိုရင် သေဖော်သေဖက် လာလာ ညှိတတ်တာလေ။

ကျွန်မကတော့ ကြီးကြီးရွှေနဲ့ ဘာအလုပ်မှ အတူတွဲမလုပ် တော့ပါ။ ဝေးဝေးကပဲ အမြဲရှောင်နေတယ်။ သူလုပ်ခဲ့သမျှတွေ မသိဘူး ပဲ သူထင်နေပုံရတယ်။ သူကတော့ သူနဲ့အတူသွားဖို့လာဖို့ တစ်ခါတလေ အဖော်လာညှိတတ်တယ်။ ကျွန်မကတော့ သူ့ကို ကြောက်ရေးချကြောက် ပဲ။ သူက ကျွန်မကို သေဖော်သေဖက်ပဲညှိမှာ။ နတ်ပြည်တက်ရမယ် ဆိုရင်တော့ သူ့တစ်ယောက်တည်းလိုက်သွားမှာ သေချာတယ်။

သူ့ အချွန်နဲ့မ,တာကို ခံရဖူးတဲ့ တချို့လူတွေကျတော့ ကျွန်မ လိုမဟုတ်ကြပါ။ သာသာနဲ့နာနာ ပြန်နှက်တတ်ကြတယ်။ အဲဒီလိုနှက် တော့ သူ နည်းနည်းလန့်ပုံရတယ်။ တပဲဟဲ လုပ်နေတတ်တယ်။ သူ ပြောမှသိသူဆိုတော့ တခြားလူတွေက ပြောပြောပေးရတာထင်ပါရဲ့။

သူ့အကြောင်းတွေးနေရင်း ဓမ္မာရုံမှာတုန်းက ပန်းကန်ဆေး နေတဲ့ ကောင်လေးနှစ်ယောက် ပြောနေတဲ့စကားတွေကို ကြားယောင် မြင်ယောင်မိတယ်။





''ရွှေနဲ့မြပဲကွာ ... ဘယ်ခေမှာလဲ။ နှစ်ယောက်တစ်အိပ်မက် ကွ''

ဟူ၍ လှောင်ပြုံးပြုံးသော မျက်နှာများနှင့်၊ ကာယကံရှင်များ ကတော့ ရုက်ဖို့တောင် သတိမရပါလေစ။

နောင် အရက်နှစ်ဆယ်လောက်ကြာတော့ ကျွန်မတို့အိမ်ကို အေး ရောက်လာပါလေရော။ သူ ပျာပျာသလဲရောက်လာတော့ ကျွန်မ က ...

''မအေးရယ် ... ဘာဖြစ်လာတာလဲ၊ ပျာပျာသလဲနဲ့''

''မသွယ်ရေ ... ဟိုမှာ ကြီးကြီးရွှေနဲ့ သူ့တူ နပန်းသတ် ိုက်ကြတာ အိမ်ပေါ်မှာ ဝုန်းဒိုင်းကြဲနေတာပဲ''

''ဟယ် ... ဟုတ်လား။ ဘယ်လိုဖြစ်တာလဲ''

''မသွယ်ရယ် ... ကြီးကြီးရွှေအိမ်မှာ မွေးစားထားတဲ့ သူ့တူ လေ၊ ကြီးကြီးရွှေရဲ့ရွှေတွေကို ခိုးခိုးပြီးဖြုန်းနေတာ ကြာပြီတဲ့။ သူရှက် လို့ ဘယ်သူ့ကိုမှမပြောဘဲ နေ့,နေတာ၊ ခုမှ ဘယ်လိုဖြစ်တယ် မသိပါ ဘူး''

''သူ့အပြင်ထွက်တော့လည်း ရွှေတွေအများကြီး ဝတ်ထားတာ ပဲ။ အိမ်တွင်းထဲမှာ မဝတ်ဘဲထားတာတွေ အများကြီးရှိသေးလို့ လား''

''မဟုတ်ဘူး ... သူ့ဝတ်ထားတာ အကုန်ပဲ''

''မနေ့ကမှဝတ်တာ တွေ့သေးတာပဲ''

''ဟာ ... မမ်သွယ်ကလည်း အဲဒါ အတုတွေ''

''ဟင် ... သူတော်ကောင်း၊ နတ်ကောင်းမတာယ်ဆို။ ခုတော့ ဘယ်လိုဖြစ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်မက မသိဟန်ဆောင်ပြီး ပြောလိုက်တယ်။ မအေးက

"ဟာ . . . မမသွယ်ကလည်း ကြီးကြီးရွှေကို သူတော်ကောင်းလို့ ဘယ်သူပြောလဲ။ ဟန်ဆောင်သူတော်ကောင်း။ ကျီးအာသီးလို အပြင်က ဝင်းမှည့်ပြီး အတွင်းက ပုပ်နေတာ"

"သူများကို အရမ်းမပြောပါနဲ့ မအေးရယ်"

"အရမ်းပြောတာမဟုတ်ဘူး မမသွယ်ရဲ့။ အတိအကျသိလို့ ပြောတာ။ ကြီးကြီးရွှေက ပြောမှသိ၊ ထိမှနာ၊ သာမှပေါင်းဆိုတဲ့ အချ သုံးချက်နဲ့ ကိုက်ညီအောင်ကို နေနိုင်တာ။ နှုတ်ကသာ ဘုရား . . . ဘုရား . . . လက်က ကားရားကားရားသမား။ ခုလည်း သူ ဘုရားရှိခိုး ရင်းတန်းလန်းကနေ သူ့တူနဲ့ထပြီး နပန်းသတ်ကြတာပဲ"

"ဩော် . . . အဲဒီလိုလား"

ဟု ကျွန်မ ရေရွတ်လိုက်မိတယ်။

မအေးပြန်သွားတော့ ကျွန်မ ကြီးကြီးရွှေအကြောင်း တွေးေ မိတယ်။ ဩော် . . . ကြီးကြီးရွှေ . . . ဘုရားရှိခိုး၊ ပုတီးစိပ်၊ အဝိ တွေ အကြိမ်ကြိမ်ဝင်နဲ့၊ လုပ်တော့လည်း မဟုတ်တာတွေချည်းပါလာ တွေးရင်းနဲ့ ကျွန်မနယ်သွားတုန်းက ကြုံခဲ့တဲ့အဖြစ်ကလေးတစ်ခု သတိရမိသေးတယ်။

ကျွန်မသွားတဲ့ ကျေးရွာလေးက မြစ်ကမ်းနံဘေးမှာ ရှိတဲ့ ကလေး။ အဲဒီရွာမြစ်ကမ်းနံဘေးမှာဆိုတော့ သူတို့ရွာရဲ့ပိုင်နက်က မြ လယ်တင်မကဘူး ဟိုဘက်ကမ်းစပ်နားကို ရောက်တာတဲ့။ မြစ်ယ သောင်ခုံတွေထွန်းလာတော့ ရွာလူကြီးက စိုက်ပျိုးစားစရာ မြေ မရှိတဲ့သူတွေကို ဝေခြမ်းပေးတာ။ ဒါပေမဲ့ သူတို့ရွာကတံငါရွာဆို စိုက်ပျိုးရေးလုပ်တဲ့သူနည်းတယ်။ မြေယာမရှိသူတွေများတယ်။ မြေ





ရှိသူတွေက အကုန်းလုံးကို မပေးလောက်တော့ မဲစနစ်နဲ့ပေးတာ။

ဒီမြေတွေကို လိုချင်တပ်မက်နေတဲ့ တံငါသည်ကြီးတစ်ယောက် ကတော့ ရွာလူကြီးအိမ်ကိုသွားပြီး မဲနှိုက်ခါနီးမှာ ဘုရားရှိခိုးတာ ဖင်ဘူး တောင်းကို ထောင်နေတာပဲတဲ့။ သူမဲပေါက်ပါစေပေါ့။ တံငါ၊ ဖလောင်း လုပ်စားရင်း ဘုရားမသိ၊ တရားမရှိတဲ့လူက သူအလိုရှိတဲ့အခါမှာတော့ ဘုရားကိုသတိရသား။ ဒီအထိတော့ မဆိုးဘူး။ လူကြီးအိမ်ရောက်လို့ နှိုက်တော့ သူ့မဲက ဖလာတဲ့။

အဲဒီအခါမှတော့ တံငါသည်ကြီးရဲ့မျက်နှာကြီး ပုပ်သိုးသွား တော့တာပေါ့။ သူ ဘယ်ပေါက်မှာလဲ။ အစကတည်းကမှ သူ့ရည်ရွယ် ချက်က မကောင်းတာ။ သူဒီမြေကို ရရင်လည်း စိုက်ပျိုးစားမှာမဟုတ် ဘူး။ မြေကိုရောင်းစားပြီး ပိုက်တွေ၊ ကွန်တွေ၊ လှေတွေ ထပ်ဝယ်မှာ။ တံငါအလုပ်ကို တိုးချဲ့မှာ။ အဲဒါက သူ့ရည်ရွယ်ချက်။

ရွာလူကြီးက သမာဓိရှိတယ်။ ရွာလူကြီးရဲ့ သစ္စာ၊ သမာဓိကို သူလှည့်စားလို့မရဘူး။ အိမ်ရောက်တော့ သူ ဘုရားကို အကြိမ်ကြိမ် ရှိုးလျက်သားနဲ့ ဒီလိုဖြစ်ရတယ်ဆိုပြီး ဘုရားစင်ကြီးကို ထရံနဲ့ ပိတ် ခဲလိုက်တယ်။ ရယ်စရာကောင်းလိုက်တဲ့အဖြစ်။ ကိုယ်သစ္စာ၊ သမာဓိ ဆိုတာကို အပြစ်မပြောဘူး။ ကိုယ်အလုပ်မဟုတ်တာကို အပြစ်မပြော ဘူး။ ဘုရားမ,မဘူး၊ တရားမဟုတ်ဘူးပဲ အပြစ်တင်နေတာ။

ကြီးကြီးရွှေရော . . . နေ့တိုင်းနေ့တိုင်း ဘုရားသွားရတာ အမော။ ပုတီးစိပ်ရတာအမော။ ခုတော့ အိမ်မှာ ဘုရားရှိခိုးရင်းက သူတော်မောင်နဲ့ နပန်းတောင် ဖက်လုံးတာတဲ့။ ဘယ်လိုများဖြစ်ကြပါ သိမ့်။

ကျွန်မ ကြီးကြီးရွှေအကြောင်း တစ်နေကုန် စိတ်ထဲက တွေးက်



www.burmeseclassic.com

www.burmeseclassic.com



လို့မရ။ ညအိပ်ရာဝင်တော့လည်း ကြီးကြီးရွှေအကြောင်း တွေးရင်း အိပ်ပျော်သွားတာ။ အိပ်မက်ထဲမှာတော့ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုး တစ်ယောက်ကို ကျွန်မရဲ့အိမ်ရှေ့မှာ တွေ့လိုက်တယ်။ ကျွန်မလည်း အဘိုးကြီးကို လှူချင်တန်းချင်တဲ့ သဒ္ဓါစိတ်ပေါက်သွားတာကြောင့် အဘ အိမ်ပေါ်ကိုကြွပါလို့ ဖိတ်လိုက်တယ်။

အဘက အိမ်ပေါ်ကိုတက်လာတယ်။ ကျွန်မ ဘုရားခန်းရှေ့ မှာ သင်ဖြူးဖျာကလေးကို အသေအချာ ခင်းပေးလိုက်တယ်။ အဘက ကျွန်မကို လက်ာတစ်ပုဒ်ရွတ်ပြတယ်။ ဘာတဲ့ . . .

''ဝဏ္ဏဂန္ဓ၊ ရသမကင်း၊ ကြာပင်ရင်း၌၊ စင်းလျင်းဝပ်လျား နေလှည့်ငြားလည်း၊ နံ့ရှားတကြိုင်၊ အေးလှိုင်ချိုမြက်၊ ပန်းအရက်ကို နှစ်သက်ဝမ်းမြောက်၊ ငါ့ဖို့ရောက်ဟု၊ မသောက်တတ်အား။ ငမိုက်ဖား''တဲ့

ကျွန်မ, အဘရွတ်ပြတဲ့ လက်ာလေးရဲ့အဓိပ္ပာယ်ကို ကောင်း ကောင်း မသိပါ။

''အဘ . . . အဲဒါဘာကို ပြောတာလဲ အဘ''

''အဘ ရှင်းပြမယ်။ သေသေချာချာ မှတ်ထား''

''ဟုတ်ကဲ့အဘ''

''ဝဏ္ဏဆိုတာ–အဆင်း၊ ဂန္ဓဆိုတာ–အနံ့ကွယ့်။ အဲဒီ အဆင်း အနံ့အရသာပြည့်စုံတဲ့ ကြာပင်ရင်းမှာ ဘာသတ္တဝါတွေ နေတတ်လဲ''

''ငါးတွေလိပ်တွေပါ အဘ''

''ဟော . . . ငါ့သမီးကတော့ လုပ်တော့မယ်။ ဖားလည်း နေတယ် သမီးရဲ့''

''ဩော် . . . ဟုတ်သားပဲ အဘရဲ့။ သမီးလေ . . . ဟို သစ်စင် ကျောင်းကိုသွားတုန်းက ကျောင်းရှေ့က ကြာကန်ကြီးထဲမှာ ငါးတွေ





လိပ်တွေ တွေ့ခဲ့တာကိုး အဘရဲ့။ အဲဒီကြာကန်ထဲက ကြာတစ်ပွင့် ပေါ်မှာ ကြာငုံခြောက်ငုံထွက်လာပြီး ပွင့်နေတာကို သွားကြည့်တာ''

ဟုကျွန်မအရင်က စကားပြောနည်းသလောက် အခုအာသွက် လျှာသွက်ပြောနေတာ။ ပဋ္ဌာန်းဆက်ရှိလို့ စိတ်ထဲမှာ အလိုအလျောက် တရင်းတနှီး ဖြစ်လာတာနေမှာ။

''ဆက်ပြောပါဦး အဘရဲ့''

''အဲဒီလို အဆင်းအနံ့အရသာနဲ့ ပြည့်စုံတဲ့ ကြာပန်းပွင့်က ပန်းဝတ်ရည်ပန်းဝတ်ရက်ကို ကြာပင်ရင်းမှာနေတဲ့ ဖားက မသောက် တတ်ဘူးလို့ပြောတာ သမီးရဲ့''

''ဩော် . . . အဲဒီလိုလား အဘရယ်။ သမီးကတော့ 'ပန်း အရက်ကို'၊ နှစ်သက်ဝမ်းမြောက်၊ ငါ့ဖို့ရောက်ဟု၊ မသောက်တတ်အား၊ ငမိုက်ဖား'' ဆိုတော့ ကြာပန်းကနေထုတ်ထားတဲ့ အရက်ကို ဖားက မသောက်တတ်ဘူးလို့ပြောတာ ထင်နေတာ''

''အေးကွယ် . . .။ ရှေးလူကြီးသူမတွေ ရေးဖွဲ့ထားတဲ့ ကဗျာ အလင်္ကာတွေကို နောက်လူတွေက တလွဲတွေးပြီး အဓိပ္ပာယ်တွေ တလွဲ ကောက်လိုက်ကြတော့ တလွဲတွေချည်း ဖြစ်ကုန်တာပေ့ါ။ အင်း . . . အဘပြောချင်တာ အဲဒါအဓိက မဟုတ်သေးဘူး''

''ဒါဆို အဘပြောချင်တာကို ပြောပါအဘ''

''အေးကွယ့် . . .။ ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃဂုဏ် တော်တွေကို အမှီမ်းတင်ပြီး ဖွဲ့ဆိုထားတဲ့ ဂါထာတွေ၊ မန္တန်တွေ၊ ပုတီး စိပ်နည်းတွေဟာ . . . သူ့အစွမ်းနဲ့သူ ထက်မြက်ကြတာချည်းပဲကွယ့်''

''ဟုတ်ပါတယ် အဘ''

''အေး . . . ဒါပေမဲ့ လူတွေက မသုံးတတ်ကြတော့ ခက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မတော်မတည့် အလိုရမ္မက်တွေကိုသာ ရှေ့တန်းတင်ပြီး ရွတ်ဖတ်ကြတော့ အစွမ်းရှိသလောက် မထက်တော့ဘူးဖြစ်နေတာ သမီးရဲ့''

''ဒါဆိုအဘ ကြီးကြီးရွှေကရော အဲဒီလိုဖြစ်နေတာလား''

''ဘယ်သူ့ကိုမှ မပုတ်ခတ်ပါနဲ့ သမီးရယ်''

''ဟုတ်ကဲ့ပါ အဘ''

ဟု ကျွန်မကပြောတော့ အဘကဆက်ပြီး ပြောပြနေတယ်။ 'သမီးပြောတဲ့ ကြီးကြီးရွှေရဲ့ ပုတီးစိပ်နည်းတွေထဲမှာပါတဲ့ ဘိုးဘိုးအောင် ပုတီးစိပ်နည်း၊ ရက္ခန်းစင်တောင်ဆရာတော်ကြီးရဲ့ ပုတီးစိပ်နည်း၊ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးရဲ့ ပုတီးစိပ်နည်းတွေက အကျိုးများတာတော့ အမှန်ပါပဲ။ ဆရာတော်ကြီးတွေက မေတ္တာဘာဝနာပွားပြီး စိပ်ကြတာ။

အဲဒီတော့ ဆရာတော်ကြီးတွေမှာ သမာဓိအားကောင်းလာကြတယ်။ အကျိုးများလာကြတယ်ပေါ့ သမီးရယ်။ ဒါတွေကို နောက်လူတွေက ဘယ်သူစိပ်တဲ့နည်း၊ ဘယ်ဝါစိပ်တဲ့နည်းနဲ့ လောဘဇောတွေကပ်ပြီး စိပ်နေလိုက်ကြတာ မောလို့။ အကျိုးပေးချင်းကတော့ ကွာခြားတာပေါ့'တဲ့။

ပြီးတော့ အဘက ပြောသွားသေးတယ်။ 'သမီးရယ် . . . လူတွေကို နာကြည်းမှုအမုန်းတရားတွေ ဖျောက်ဖျက်ပြီး မေတ္တာဘာဝနာပွားပါတဲ့။ အဓိဋ္ဌာန်ပုတီးစိပ်ပါ။ သမီးက ပါရမီဓာတ်ခံ ကောင်းသူလေးပါတဲ့။ သမီးက ဘယ်လိုအဓိဋ္ဌာန်ပြီး ဘယ်လိုစိပ်ရမှာလဲဆိုတော့ မကြာခင် အဓိဋ္ဌာန်ပုတီးစိပ်နည်း သမီးလက်ထဲကို ရောက်လာပါလိမ့်မယ်' လို့ အဘက ပြောသေးတာရယ်။

---

စိတ်ကူးသစ်စာပေ



ပြီးတော့ သူပြောချင်တဲ့စကားလေးတွေ ပြောပြီးလို့ထင်တယ်။ အဘထပြီး ပြန်မယ်ဟန်ပြင်တော့ ကျွန်မက ပန်းသီးနှစ်လုံးလှူလိုက်ဖို့ အားအယူမှာ ကျွန်မအိပ်ရာက လန့်နိုးသွားတယ်။ ကျွန်မနိုးတော့ ဓမ္မာရုံက နိဗ္ဗာန်ဆော် ဘွဲ့ချော့သီချင်းသံကို ကြားရပြီ။ နံနက်လေးနာရီထိုးပြီထင်တယ်။ ဒီနေ့ လပြည့်နေ့ပေပဲ . . .။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# |၃|

□

ကျွန်မ ဒီနေ့တစ်မနက်လုံး အိပ်မက်ထဲက အဘကို စိတ်ရှုပ်နေတယ်။ ကြည်ညိုလေးစားစိတ်တွေနဲ့။ ပြီးတော့ ဒီနေ့မနက်မှာပဲ ကျွန်မရဲ့ အရင်ကအတွေးတွေနဲ့ အရင်ကခံစားမှုတွေ ပြောင်းလဲသွားတယ်။ အရင်က ကိုယ်ခံခဲ့ရတာတွေအတွက် နာကြည်းစိတ်တွေ ဝင်နေတာ နှစ်ခါရှိုးတယ်။ ပထမ သူတို့အပြော၊ သူတို့ဟန်ပန်တွေကို ငုံ့ခံခဲ့ရလို့ တစ်ခါရှိုးတယ်။

ဒုတိယက နာကြည်းစိတ်တွေကြောင့် ကိုယ့်ရဲ့စိတ်နှလုံးမှာ ဒေါသတွေ၊ မောဟတွေ ဖုံးလွှမ်းခံနေရတာယ်။ ဒုတိယအရှုံးက ပိုဆိုး





တာ။ ဒါကြောင့် ယခင်ကရှောင်ကြဉ်ခဲ့တဲ့ စုပေါင်းအလှူပွဲတွေကိုလည်း ပြန်သွားမယ်။ ရပ်ကွက်သာရေးနာရေးတိုင်းလည်းသွားမယ်။ သည်းခံခွင့်လွှတ်စိတ်တွေနဲ့ လူတွေကို ပေါင်းသင်းဆက်ဆံမယ်လို့ တွေးနေတုန်း မအေးရဲ့ခေါ်သံကို ကြားလိုက်ရတယ်။

"မမသွယ်ရေ ... မမသွယ်ဒီမှာထူးဆန်းတဲ့ အရာတစ်ခုပါတယ်"

"ဘာလဲ မအေး"

"ပုတီးစိပ်နည်း မမသွယ်ရဲ့။ ဒီပုတီးစိပ်နည်းနဲ့ အဓိဋ္ဌာန်ဝင်ပြီးတဲ့သူတချို့ဟာ ရုတ်တရက် ဝင်ငွေတွေ တိုးပွားလာကြတယ်ဆိုပဲ"

"နင့်ကို ဘယ်သူပြောလဲ"

"စိပ်ဖူးတဲ့သူတချို့ ပြောတာ။ ရော့ ... မမသွယ်။ ဒီမှာ ပုတီးစိပ်နည်းစာရွက်။ ဒီစာရွက်က လူတစ်ယောက်ဈေးထိပ်မှာ မိတ္တူဆွဲပြီး ဝေနေတာ။ သူ အဓိဋ္ဌာန်ပြည့်လို့တဲ့။ ဒီနေ့က လပြည့်နေ့ဆိုတော့ သူ တခြားအလှူတွေလည်း လုပ်ခဲ့သေးတာတဲ့။ ရော့ပါ ... မမသွယ်။ ဒါ မမသွယ်အတွက်"

တဲ့။ သူလှမ်းပေးတဲ့ စာရွက်လေးကို ကျွန်မယူပြီး ကြည့်လိုက်တော့ ခေါင်းစီးမှာရေးထားတာက ဘာတဲ့

"ကိုးနဝင်းမိုးလင်းမှသိမယ်"

ဆိုပါလား။

နန်းရွှေစင်

www.burmeseclassic.com

www.burmeseclassic.com



❑

'ဖာတ်သမားလာလျှင် မှတ်သားစရာပါ၍၊ ဖာတ်သမားပြန်လျှင် မှတ်သားစရာကျန်' ရမည်ဆိုသော စကားသည် ယခင့်ယခင်တုန်းဆီက လန်းဆတ်နေမည်မှာ သေချာပါသော်ငြား ယခုအခါမှတော့ အတော်ကလေးကို စုတ်တီးစုတ်ဖတ်နိုင်လှသော ဆီသည်မ လေ်ကံသုတ်ပဝါ ဖြစ်နေခဲ့ပါပြီ။

သို့သော်ငြား ... ထိုစကားအသွားကိုပင် ယူရပါတော့မည်။

ဤကား ... ကျွန်ုပ်၏ ချစ်မိတ်ဆွေကြီးဖြစ်သော 'ဂန္ဓာရီဆရာမြလာလျှင် မှတ်သားစရာပါ၍၊ ဂန္ဓာရီဆရာမြပြန်လျှင် မှတ်သားစရာကျန်' ရမည်ဟူ၍တည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

□

မိုးတွင်းကာလတစ်ခုလုံး နေရာဒေသအနှံ့ရောက်နေ၍ ဆောင်းဦးဝင်စကလေးမှာမှ ကျွန်ုပ်မှီတင်းနေထိုင်ရာ ပိတ်စွယ်ရွာကလေးသို့ မိတ်ဆွေကြီး ဂန္ဓာရီဆရာမြ ပြန်ရောက်လာခဲ့သည်။

"ဆရာမြနှယ် ... တစ်ခါတည်း ထွက်ရပ်လမ်း ဝင်သွားပြီမှတ်တာ။ ခုတော့လည်း ပြန်ပေါ်လာသေးသကိုး"

ကျွန်ုပ်၏နှုတ်ဖျားမှ ခနဲ့ခနဲ့စကားများ ပေါ်ထွက်လာသည်တိုင် ဆရာမြကား နကမှုတ်၊ မတုန်မလှုပ်။ သူ့တွင်ပါလာသော စားသောက်ဖွယ်ရာတို့ကို ထုတ်လျက် သူ့နေရာနှင့်သူ အသားကျအောင်ထားရင်းမှ ...





"ဘယ့်နှယ်လဲ ... ကိုရင်။ ကျူပ်မရှိတုန်း ကော်ပီတွေ တော်တော်မှ ရေးဖြစ်ရဲ့လား"

ကော်ပီဆိုသည်မှာ ပုံနှိပ်စာလုံးမဖြစ်သေးသည့် စာမူကို ဆိုလိုခြင်းဖြစ်လေ၏။

"ဟူး ... လောက်လောက်လားလားဆိုလို့ နှစ်ပုဒ်,သုံးပုဒ်လောက်ပဲ ရေးဖြစ်ပါတယ် ဆရာမြရယ်။ ဦးနှောက်မှာ ဓာတ်လမ်းတွေက ခန်းနေတယ်ခင်ဗျ"

"အဲဒါပြောတာပေါ့ ... ကိုရင်ရဲ့။ စာတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ်ခံတီးတယ်ဆိုတာ စိတ်ကိုရေးတာပဲဗျ။ သည့်တော့ကာ ... စိတ်ဟာကြည်လင်လန်းဆန်းနေရမယ်။ အတွေ့အကြုံတွေ ရှိနေရမယ်။ ကုန်ကြမ်းတွေ ပြည့်နေရမယ်"

ဆရာမြကား စာရေးဆရာဖြစ်သော ကျွန်ုပ်နှင့် အနေနီး၍ထင့်။ စာပေသဘောတရားတွေပင် ပြောနိုင်နေလေပြီကော။

"အဲဒါကြောင့် အိမ်တွင်းမှာချည်းပဲ အိမ်တွင်းပုန်းလုပ်မနေနဲ့လို့ ပြောတာ။ ခရီးခဏခဏ ထွက်ပေးရတယ်။ ခရီးထွက်တော့ မြင်ကွင်းစိမ်းတွေ တွေ့မြင်ရတယ်။ ဒေသန္တရအတွေ့အကြုံတွေရတယ်။ မိတ်ဆွေအပေါင်းအသင်းသစ်တွေရတယ်။ ထူးထူးဆန်းဆန်းတွေ ကြားရတယ်။ သည့်တော့လည်း ရေးစရာအကြောင်းအရာတွေ ရလာမှာပေါ့ ကိုရင်ရဲ့။ မဟုတ်ဘူးလား"

"ဟုတ်ပ ... ဆရာမြရယ် ဟုတ်တာပ။ လောလောဆယ်တော့ ကုန်ကြမ်းတွေတစ်လှေကြီးရှိတဲ့ ဆရာမြ ရောက်လာပြီပဲဟာ။ ဘာမှပူစရာ မလိုတော့ပါဘူးဗျာ"

"တော်တော်လည်း တတ်ပါ့ဗျား"



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဆိုပြီး နှစ်ဦးသား ရယ်ပွဲဖွဲ့ဆိုကြလေ၏။ ထို့နောက် တပည့်ကလေး မောင်ကျောင်းသားခူးလာပေးသည့် လသာထောပတ် ခရမ်းနှင့် ဆရာမြပါလာသည့် ငါးကျည်းခြောက်တို့အား နှပ်၏။ ပုစွန်မှုန့် ငါးပိမွှေးမွှေးလေးကိုကင်၊ မရမ်းသီးနုနုကလေးနှင့် ငရုတ်သီးစိမ်းကလေး များကို ထောင်း၏။ တညင်းဝက်ကို မီးအုံး၏။ အရည်သောက်အတွက် ကတော့ အထူးတလည် မစီမံနိုင်တော့ဘဲ လက်ဖက်ခြောက်မီးသင်းကို ခတ်ထားသည့် ရေနွေးကြမ်း။

နှစ်ဦးသား ခေါင်းမဖော်နိုင်လောက်အောင် ထမင်းမြိန်လိုက် သည့်ဖြစ်ခြင်း။

စားသောက်ပြီး ထမင်းလုံးစီကြတော့မှပင် ကျွန်ုပ်အဖို့ ဓ လာမြောင်းပေးစကားလေးကို စရတော့၏။

''ကျုပ်အခုပြောပြမယ့် အဖြစ်အပျက်ကလေးဟာ ကျုပ်ရဲ့ ကိုယ်တွေ့ပဲ ကိုရင်ရဲ့။ အတော်ကလေး ထူးဆန်းတာနဲ့အမျှ သင်ခန်းစာ ယူဖို့လည်း တကယ်ပဲကောင်းတယ်။ လောကမှာ ... တကယ့်အဖြစ် အပျက်ဆိုတာတွေဟာ စိတ်ကူးယဉ်ထက်တောင်မှ ဆန်းကြယ်တာ လား ကိုရင်''

သည်သို့ စကားအစပျိုးပြီးသည့်နောက် ကျွန်ုပ် မတွေ့ကြုံ မကြားသိရသေးသော ကိုယ့်တွေ့ဖြစ်ရပ်ကလေးကို ပါးစပ်အဟောင်း သားဖြင့် နားထောင်နေမိပါတော့သတည်း။ (ရှေ့ဆက်တင်ပြမည့် အကြောင်းအရပ်များသည် မိတ်ဆွေကြီးဂန္ဓာရီဆရာမြ၏ တင်ပြချက် သာဖြစ်ပြီး ကျွန်ုပ်အနေဖြင့် ဖတ်ရှု၍ အဆင်ချောအောင် ၎င်းကိုယ်တော် တင်ပြခြင်းသာ ဖြစ်ပါ၏။)

✿ ✿ ✿

[ ၂ ]

အချိန်ကာလအားဖြင့် မြန်မာနိုင်ငံ၌ ဖက်ဆစ်တို့အား မောင်း [illegible]အပြီး အင်္ဂလိပ်တို့ ပြန်လည်ဝင်ရောက်လာချိန်ဖြစ်ပါသည်။ မြန်မာ [illegible]ခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံလုံးဝလွတ်လပ်ရေး ရရှိ [illegible] ကြိုးပမ်းနေချိန်လည်းဖြစ်ပါသည်။

ထိုအချိန်က ကျွန်ုပ် မောင်ခင်မောင်မြသည် ဇာတိရပ်ရွာ [illegible]လေး၌ နေထိုင်ရင်း မိဘများက ရွာဦးဘုန်းကြီးကျောင်း၌ ကျောင်း [illegible]ကျောင်းစားအဖြစ် ထားရှိချိန်ဖြစ်ပါသည်။

လောကဓာတ်ကျောင်းက မရှိသေးသည့်အတွက် ဆရာတော် [illegible]ထံတွင် မင်္ဂလသုတ်မှ အစပြု၍ အခြားအခြားသော ပညာရပ်များ



www.burmeseclassic.com

www.burmeseclassic.com



ကို သင်ကြားရပါသည်။ အသက်က ဘာရှိဦးမှာတဲ့လဲ။ ခုနစ်နှစ်ပင် မရှိတတ်သေး။ ကျောင်းဝေယျာဝစ္စများကို ကျောင်းနေကိုရင်များနှင့် အတူ လုပ်ကိုင်ရ၏။ ကိုရင်များ ဆွမ်းခံထွက်သည့်အခါ ကြေးစည်ထု လျက် 'ဆွမ်းတော်ဗျို့ . . .' ဟစ်ရ၏။

ကျွန်ုပ်တို့ရွာဦး ဘုန်းတော်ကြီးမှာ လောကုတ္တရာစာပေအပေ ၌သာ အာရုံရှိလျက် လောကီရေးရာ၌ စိတ်မဝင်စားပါ။ ရွာဦးကျောင် ၏ကပ္ပိယကြီး ဦးညိုလုံးမှာမူ ဘုန်းတော်ကြီး၏ညီတော်စပ်ပြီး လော ပညာရပ်တို့တွင်လည်းကောင်း၊ ဆေးဝါးမန္တန်နှင့် ဂမ္ဘီရပညာတို့ကို လေ့လာ လိုက်စားသူဖြစ်ပါသည်။ အချိန်အားရလျှင်လည်း ဗိုထိုးရုံ၌ အလုပ်ရှု နေတတ်ပါသည်။

ကပ္ပိယကြီးဦးညိုလုံးမှာ လူတွေနှင့်သိပ်ပြီး အရောရောအနှော နှော နေလေ့မရှိ။ အချို့က ၎င်းနှင့်ပေါင်းသင်းဆက်ဆံရသည်မှာ အ မကပ်ဟု ဆိုကြသည်။ ၎င်းသည် ကျွန်ုပ်တို့ကျောင်းသားငယ်အချို့နှ ကိုရင်ကလေးများအပေါ်တွင်လည်း ဘာသိဘာသာ နေတတ်ပါသည်

သို့ရာတွင် အံ့သြဖွယ်ကောင်းလောက်အောင် ၎င်းနှင့် အ ကပ်သူတစ်ဦးတော့ရှိပါ၏။ ထိုသူမှာ ကိုမြတ်ထွန်းဆိုသူဖြစ်ပြီး အပေါ အသင်းစုံသူတစ်ယောက်ဖြစ်ပါသည်။ အတန်းပညာအတန်အသင့်ရှိပြီ မိဘကလည်း စီးပွားရေးသောင်သာသည်မို့ သူဝါသနာထက်သန်ရာ လုပ်ခွင့်ရနေသူဖြစ်၏။

သူကလည်း ကပ္ပိယကြီး ဦးညိုလုံးကဲ့သို့ပင် ထူးထူးဆန်းဆ ကိစ္စများ၊ ဂမ္ဘီရပညာရပ်များကို စိတ်ဝင်စားသူဖြစ်ပါသည်။ သို့ဖြစ်၍ ကိုမြတ်ထွန်းတစ်ယောက် ကျောင်းသို့ရောက်လာလျှင် ဘုန်းတော်ကြ ကို ဝတ်ကျေတန်းကျေ ဝတ်ဖြည့်ပြီးသည့်နောက် ကပ္ပိယကြီး ဦးညို





နှင့်သာ သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေကြစမြဲ ဖြစ်ပါသည်။

သူတို့နှစ်ဦး တွေ့ဆုံမိပြီဆိုလျှင် ဗိုထိုးရုံ၌လည်းကောင်း၊ ... သူကင်းရှင်းသော ဇရပ်အိုကြီး၌သော်လည်းကောင်း စကားတွေ ... တ်ထိုး၍မဆုံး။ ကြာတော့လည်း ... ထိုမြင်ကွင်းသည် ကျွန်ုပ်တို့ အတွက် စကားထဲထည့်ပြောစရာ မလိုလောက်အောင်ပင် ရိုးစင်းနေ ခဲ့ပါပြီကော။

သည့်နောက်မှာတော့ဖြင့် ကိုမြတ်ထွန်းတစ်ယောက် တစ်လ ကျော်နှစ်လနီးပါးခန့် ရွာမှ ပျောက်သွားလေ၏။ တစ်နေ့မှာတော့ဖြင့် ကိုမြတ်ထွန်းတစ်ယောက် ပျောက်ချက်သားကောင်းရာမှ မမျှော်လင့် ... ပြန်ရောက်လာပြီး လှူဖွယ်ပစ္စည်းများလည်း ပါလာလေ၏။

ဘုန်းတော်ကြီးကို ဝတ်ဖြည့်ကပ်လှူပြီးနောက် ကျွန်ုပ်တို့ ကျောင်းသားကလေးများ၊ ကိုရင်ကလေးများကို သကြားလုံးများ ပေးဝေ ... သည့်နောက် သူ့မိတ်ဆွေကြီး ကပ္ပိယကြီးဦးညိုလုံးထံသွားကာ ... ပြင်းလိပ်ထုပ်နှင့် လက်ဖက်ခြောက်ထုပ်များ ပေးလေ၏။

"မင်းနှယ်ကွာ . . . မပြောမဆို ပျောက်သွားလိုက်တာ။ နှစ်လ ... င်းတင်းတောင် ပြည့်ရောမယ်"

"ဟုတ်တယ် ဦးညိုလုံးရယ်။ အဖော်ကောင်းတာနဲ့ ရိုးမတော ... ကိုတောင် ရောက်သွားတာ"

"အံမယ် . . . ငါ့လူက တော်တော့်ကို ဟုတ်နေတာပါပဲလား"

"ဒါထက် . . . ကျွန်တော် ဦးညိုလုံးကို ပြစရာပစ္စည်းတစ်ခု ... လာတယ်"

"ဟေ . . . ဟုတ်လား။ မှန်းစမ်း . . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်ထွန်းက ရင်းတွင်ပါလာသော ပစ္စည်းကို ထုတ်ပေ ၏။ ပစ္စည်းကား ဝါကြန့်ကြန့်၊ ကောက်ကောက်၊ အစွယ်လိုလို၊ ဘာ လိုလိုနှင့်။

"ဟကောင်ရ ... ဒီပစ္စည်း ဘယ်ကဘယ်လို ရလာသလဲ ပြောစမ်း ..."

"အင်း ... ဘယ်ကဘယ်လို ရလာသလဲဆိုတော့ တောလိုက် ကရင်မုဆိုးကြီးတစ်ဦးဆီကပဲ ဆိုပါတော့။ သူက တစ်နေ့တော့ ရိုးမ ကိုဝင်ပြီး တူမီးတစ်လက်နဲ့ တောပစ်ထွက်လာခဲ့တယ်။ အဲဒီမှာ တစ် ကောင်တည်း မျှစ်တွေချိုးပြီးစားတဲ့ တောဝက်ခါးပတ်ကျားကြီးကို တွေ့ တယ်ဆိုပဲ။

အဲဒီမှာတင် အကွက်ကောင်းကိုချောင်းပြီး လက်ပြင်တည့်တည့် နေရာကို မောင်းဖြုတ်ချလိုက်တယ်။ ဒါပေမဲ့ ဘယ်ကဘယ်လိုဖြစ်တယ် မသိဘူး။ ကျည်က လုံးဝမထွက်ဘူး။ အဲဒီအချိန်မှာ တောဝက်ခါးပတ် ကျားကြီးက လှည့်အကြည့် မုဆိုးကြီးကို မြင်သွားတယ်။

ဒါနဲ့ တောဝက်ခါးပတ်ကျားကြီးလည်း ရှူးရှူးရှားရှား ဖြ သွားပြီး မုဆိုးကြီးရှိရာလှည့်လို့ တစ်ရှိန်ထိုးပြေးဝင်ပြီး ပက်တော့တာ ပဲ။ မုဆိုးကြီးလည်း သစ်ပင်ကြီးတစ်ပင်ဘေး ပြေးအကပ်လိုက်မှာ တော ဝက်ကြီးရဲ့အစွယ်က ပွတ်ကာသီကာလေး လွတ်သွားတယ်ဆိုပဲ"

"မလွတ်လို့ကတော့ ဗိုက်ပွင့်ပြီး အူတွေ အထွေးသား ကွာ"

"တောဝက်ကြီးလည်း ဆက်ရန်မမူတော့ဘဲ တောအုပ်ထဲပြေ အဝင်မှာ မထင်မှတ်ဘဲ သစ်ပင်ကြီးကိုကြည့်လိုက်တော့ ပင်စည်မှာ ဝက်အစွယ်တစ်ချောင်းက ကျိုးပြီး စိုက်ဝင်နေတယ်တဲ့။ ဒါနဲ့ ပါလာ





အမြောင်နဲ့ ခြစ်ထုတ်၊ ကော်ထုတ်ပြီး ယူလာခဲ့တာ။ ကျွန်တော်ကလည်း ဆန်းတဲ့ပစ္စည်းဆိုပြီး ကျွန်တော့်မှာပါလာတဲ့ငွေအနက် အချို့အဝက် ကိုပေးပြီး ဝယ်လာခဲ့တာ ဦးညိုလုံးရယ်"

"တောက် ... မင်း တော်တော်ကံထူးတဲ့သူပဲ မောင်မြတ် ထွန်း"

"ဘာဖြစ်လို့လဲ ... ဦးညိုလုံးရဲ့"

"ဘာဖြစ်ရမှာတဲ့လဲကွာ။ ဒီလိုပစ္စည်းဆိုတာ အင်မတန်ရှား တဲ့ ဂမ္ဘီရပစ္စည်းကွ။ တောဝက်ခါးပတ်ကျားဆိုတာ တစ်တောမှာ တစ် ကောင်ရှိဖို့တောင် ခပ်ရှားရှား။ ပြီးတော့ မင်းရလာတဲ့အစွယ်ဟာ အခေါင်း ရှိတဲ့ ဝက်စွယ်ဂင်းပိတ်ပဲ"

"ဘာတွေထူးခြားလို့လဲ ... ဦးညိုလုံးရ"

"ထူးခြားတာကတော့ မင်းပြောပြတဲ့ထဲမှာကို ပါနေပြီလေ။ သေနတ်ကျည်မထွက်ဘူးဆိုတာ ..."

"ဟင် ... ဟုတ်လား"

"အေး ... ဟုတ်သကွ။ ဒီပစ္စည်းဆိုတာ သူ့မူလပင်ကိုမှာ ကတည်းက သိဒ္ဓိဝင်ပြီးသား။ ဒါကို ... လောကီအစီအမံတွေနဲ့ စီရင် ပြီး ကိုယ်နဲ့မကွာ ဆောင်လို့သာထား။ ဘယ်တော့မှ ကျည်ဘေး ထိမသင့်ဘူး"

"ဒါ ... ဒါဖြင့်လည်း ဆောင်ထားရအောင် စီရင်ပေးပါဗျာ။ ကျွန်တော်တို့တိုင်းပြည်က လွတ်လပ်ရေးရသေးတာ မဟုတ်ဘူး။ နောင် တစ်ချိန် ဆူပူသောင်းကျန်းမှုတွေ ဖြစ်မလာဘူးလို့ မပြောနိုင်ဘူး"

"အင်းလေ ... မင်းနဲ့ငါနဲ့ဆိုတာ ပြောနေရမယ့်လူတွေမှ မဟုတ်တာပဲ။ အဲ ... တစ်ခုတော့ရှိတယ်။ ဒီပစ္စည်းကို ဆောင်ထား



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် ကံနှစ်ပါးကိုတော့ ထိန်းပါ့မယ်လို့ ဘုရားမှာ သစ္စာဆိုရမ
မယ်''

''ဘယ်လို ကံနှစ်ပါးတုန်း ဦးညိုလုံးရယ်''

''အရက်သေစာသောက်စားခြင်း မပြုပါဘူးဆိုတဲ့ ကံရယ်၊ 
တစ်ပါး သားပျိုသမီးပျိုနဲ့ လင်ရှိမယားတွေကို မပြစ်မှားပါဘူးဆို
ကံရယ် ... အဲဒီနှစ်ကံပဲ မောင်မြတ်ထွန်း''

ကိုမြတ်ထွန်းခမျာ တစ်ချက်တော့ တွေခနဲဖြစ်သွားသည်
နောက်တော့မှ လေးနက်သေချာစွာဖြင့် ကတိပေးလေတော့၏။

''ထိန်းမယ် ဦးညိုလုံးရာ ... ထိန်းမယ်''

''အေး ... ဒါဖြင့် ... နေဦး''

သည်သို့ဆိုလိုက်ရင်း ဓားချွန်ကလေးတစ်ချောင်းဖြင့် မြေပြင်
ဟိုခြစ်သည်ခြစ်လုပ်လေ၏။

''အတော်ပဲကွ ...။ ခုလာမယ့် တနင်္ဂနွေနေ့ဆိုရင် ခါး
နက္ခတ်နဲ့ကြုံတယ်။ ကြုံတာတောင်မှ အင်မတန်ကို ထူးထူးခြားခြား
နှစ်ဖက်ကန်းနဲ့မှ ကြုံနေတယ်။ သည်တော့ ထူးပြီပေါ့ကွာ။ ဒါကြော
မင်း မနက်ဖြန်မြို့တက်ပြီး လောကမာရ်အောင်စေတီတော်စောင်းတ
က ပန်းပုဆိုင်မှာ ဝက်ကုန်းရုပ်ကလေးတွေ ရသလောက်ထုခဲ့ကွာ။ ဟု
ပလား ...''

''စိတ်ချ ဦးညိုလုံး''

ကိုမြတ်ထွန်းပြန်သွားတော့ ကပ္ပိယကြီးလည်း စိမ်းစရာရှိသည်
တို့ကို စိမ်းရန် သူ့အခန်းရှိရာကို ပြန်သွားလေတော့၏။

ကိုမြတ်ထွန်းတစ်ယောက် မြို့သို့တက်၍ ဝက်ကုန်းရုပ်ကလေး
များကို ဖန်တီးနေစဉ် ကပ္ပိယကြီးသည် အခြားရွာရှိ မြန်မာဝိဇ္ဇာ





ဆရာကြီး ပထမံဦးအောင်ကြီးနှင့် သွားရောက်ဆွေးနွေး၏။ သည့်နောက်
တိုက်နယ်ဂါတ်မှ တိုက်ပိုင်ကြီးနှင့်လည်း ဆွေးနွေးခဲ့၏။

အားလုံးမှာ အဆင်ပြေချော့မွေ့နေကြသည်။ ချိန်းဆိုသည့်နေ့
ချိန်းဆိုသည့်အချိန်အရောက် ပထမံ-ဆရာဦးအောင်ကြီးနှင့် တိုက်ပိုင်
ကြီးတို့က လာကြမည်ဟု ကတိပေးကြ၏။

စနေနေ့ညနေပိုင်းမှာတော့ ကိုမြတ်ထွန်းရောက်လာပြီး ကပ္ပိယ
ကြီး၏လက်ထဲသို့ လက်ကိုင်ပဝါကလေးကို ပေး၏။ ကပ္ပိယကြီးလည်း
ဖွင့်ကြည့်ပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

''အင်း ... လေးရုပ်တောင်ရတယ်ဆိုတော့ မဆိုးပါဘူး မောင်
မြတ်ထွန်းရယ် ...''

ဝက်ကုန်းရုပ်ကလေးများကား မာန်ဖိနေသည့်ပုံ။

နောက်တစ်ရက်ဖြစ်သော တနင်္ဂနွေနေ့ရောက်တော့ ပထမံ-
ဆရာဦးအောင်ကြီး ရောက်လာပြီး ဝက်ကုန်းရုပ်ကလေးများကို သန့်ရှင်း
စင်ကြယ်စွာ ဆေးကြော၏။ ထို့နောက် အမွှေးနံ့သာများဆွတ်ဖျန်း
ပြီး ကြွေပန်းကန်ပြားအတွင်းရှိ မဆစ်ဆီတွင်းသို့ ထည့်လိုက်၏။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ သိမ်တံခါးကိုဖွင့်၍ ဝင်၏။
ပြီးနောက် တံခါးကိုပြန်ပိတ်ကာ ဘုရားရှိခိုး၏။ သမ္ဗုဒ္ဓေဂါထာတော်
ကြီးဖြင့် တစ်ထောင်တိတိ စုတ်၏။ သိဒ္ဓိတင်၏။ အသက်သွင်း၏။

သိမ်နှင့်မနီးမဝေးရှိ ဇရပ်ပေါ်တွင် ကပ္ပိယကြီးနှင့် ကိုမြတ်ထွန်း
တို့မှာ ရေနွေးကြမ်းသောက်ရင်း ထန်းလျက်ခဲစားရင်း စောင့်စားနေ
ကြလေ၏။ မနက်ခုနစ်နာရီမှ သိမ်တွင်းဝင်သွားသော ပထမံဆရာ
ဦးအောင်ကြီး ဆယ်နာရီခွဲလောက်မှာမှ ကိစ္စပြီးစီးဟန်ထင့်။ ကပ္ပိယ
ကြီးတို့ရှိရာသို့ ပြန်လာနိုင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အောင်ပြီ ... ကပ္ပိယကြီးရေ ... အောင်ပြီ ..."

ပထမံဆရာဦးအောင်ကြီး၏ မင်္ဂလာစကားကြောင့် ကပ္ပိယကြီးနှင့် ဦးညိုလုံးတို့၏မျက်နှာမှာ ဝင်းလက်သွားကြ၏။

"ကြည့်ကြ ... ကြည့်ကြ"

"ပထမံဆရာဦးအောင်ကြီးပြရာကို ကြည့်လိုက်တော့ ဝက်ကုန်းရုပ်ကလေး– လေးရုပ်မှာ မဆစ်ဆီထဲ၌ မာန်ဖီကာ တရွေ့ရွေ့သွားနေကြ၏။ ထိုခဏမှာပင် တိုက်ပိုင်ကြီး။ ၎င်းနှင့်အတူ အဝတ်ဖြင့်ပတ်ထားသော ရိုင်ဖယ်တစ်လက်လည်း ပါလာ၏။

ထို့နောက် ... ထို့နောက် ... တိုက်ပိုင်ကြီး၊ ပထမံ ဆရာဦးအောင်ကြီး၊ ကပ္ပိယကြီးနှင့် ကိုမြတ်ထွန်းတို့သည် ကျောင်းဝင်းနှင့် ခပ်လှမ်းလှမ်းရှိ အုတ်နီခဲတို့ဖုတ်ရာ ကျင်းဟောင်းကြီးအတွင်းသို့ ဝင်ကြလေ၏။ ကျွန်ုပ်တို့ကျောင်းသားတစ်စုလည်း စိတ်ဝင်စားသော ကိုယ်တစ်ရပ်မို့ ဘုန်းတော်ကြီးမသိစေဘဲ ခိုးကြောင်ခိုးဝှက် လိုက်လံချောင်းမြောင်း ကြည့်ရှုကြလေ၏။

တိုက်ပိုင်ကြီးသည် ဝက်ကုန်းရုပ်ကလေးများ ထုပ်ထားသော အဝတ်ထုပ်အား မြေနံရံငုတ်တိုင်၌ ချိတ်ဆွဲလိုက်၏။ ထို့နောက် အဝတ်ပတ်ထားသော ရိုင်ဖယ်ကိုထုတ်ကာ သုံးပေခန့်အကွာမှနေ၍ မောင်းတင်လျက်ခလုတ်ကို ဖြုတ်ချလိုက်၏။ အားလုံး၏ရင်ထဲ၌ တဒိတ်ဒိတ်ခုန်နေမည်မှာ သေချာပါသည်။

ကျွန်ုပ်တို့ကျောင်းသားငယ် တစ်စုသည်ပင်လျှင် နားတွေပွင့်ထွက်သွားလေမည်လားဟု စိုးရိမ်ကြောင့်ကြမှုဖြင့် နားတွေကိုပင် ယောင်ယမ်း၍ ပိတ်မိကြပါသေးသည်။ သို့ရာတွင် စိုးရိမ်သကဲ့သို့မဟုတ် ရိုင်ဖယ်သံ 'ဒိန်း'ခနဲ ပေါ်ထွက်လာရမည့်အစား 'ချောက်'ဟူသည့်အသံ





သာ ပေါ်ထွက်လာ၍ မျက်လုံးမျက်ဆန်တွေ ပြူးသွားကုန်ကြသည်။

ဤတွင် တိုက်ပိုင်ကြီးလည်း ၎င်း၏ရိုင်ဖယ်မှ ကျည်ဆန်တို့ကို ပြန်ထုတ်ကြည့်၏။ ပကတိအကောင်းအတိုင်းမှ အကောင်းအတိုင်း။ မည်သည့်ချို့ယွင်းချက်မှုမရှိ။

ဤသို့ ပို၍သေချာစေရန် ကျည်အိမ်အတွင်းမှ ကျည်ဆန်ဟောင်းကို ပြန်ထုတ်၍ ကျည်ဆန်အသစ်ကို ပြန်ထိုး၏။

"ရပြီ ... ပစ်မယ်"

သည်သို့ဆိုလျက် တိုက်ပိုင်ကြီးလည်း ၎င်း၏လက်စွဲတော်ရိုင်ဖယ်ကို ဝက်ကုန်းရုပ်အထုပ်ကလေးသို့ တည့်တည့်ထိုးချိန်ပြီး မောင်းဖြုတ်လိုက်ပြန်၏။

"ချောက် ..."

"ဟာ ..."

တိုက်ပိုင်ကြီး၏ မျက်နှာတစ်ပြင်လုံး၌ ချွေးများသီးသွားခဲ့လေ၏။ လက်တွေမှာလည်း တုန်တုန်ယင်ယင်။

ထို့နောက် ဒုတိယအကြိမ်ကကဲ့သို့ ကျည်ဆန်ပြန်ထုတ်၊ နောက်ထပ်ကျည်ဆန်အသစ် ပြန်ထည့်။ ပြီးတော့ ပြန်စမ်း။

တတိယအကြိမ်လည်း ထိုနည်းလည်းကောင်း။

သည်တော့ ... ပထမံ ဆရာဦးအောင်ကြီးက ...

"သုံးကြိမ်သုံးခါတိတိ စမ်းသပ်ပြီးပြီပဲဟာ ကျေနပ်လောက်တဲ့အဆင့်ကို ရောက်ပါပြီ တိုက်ပိုက်ကြီး"

"ဟုတ်ပါတယ် ဆရာရယ်"

ဝက်ကုန်းရုပ် အထုပ်ကလေးနှင့်အတူ တိုက်ပိုင်ကြီးတို့အဖွဲ့လည်း အုတ်ဖုတ်ကျင်းထဲမှ ပြန်တက်ကာ မူလဇရပ်သို့ ပြန်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ဓလေ့၏။ ထိုအခါ ကျွန်ုပ်တို့ ကျောင်းသားငယ်တစ်စုမှာလည်း အာရုံ ဝင်စားမိပြီဖြစ်၍ ၎င်းတို့နောက်မှပင် မယောင်မလည် လိုက်ပါခဲ့ ကြတော့၏။

"အားလုံးကို သဘောပေါက်နားလည်အောင် ရှင်းပြရမယ်ဆို ရင် ဟောဒီပစ္စည်းလေးဟာ သာမန်ဝက်မာန်စွယ်၊ ဝက်စွယ်ဂင်းပိုင် မဟုတ်တော့ဘူး။ မူလသိဒ္ဓိရှိနေပြီးသားအပေါ် သိဒ္ဓိတွေ ထပ်မံဆင့် လောင်းစီရင်လိုက်တော့ အတော်ကလေးကို အစွမ်းထက်တဲ့အဆောင် ဖြစ်သွားပြီ။

ဒါဖြင့် ဘာတွေကောင်းသလဲ၊ ဘာအာနိသင်ရှိသလဲလို့ မေး ကြမယ်။ အဖြေကတော့ စောစောက မြင်တွေ့ခဲ့ကြတဲ့ အဝိုင်းပါတဲ့ အဲသည်အရုပ်ကလေးကို လည်မှာဆွဲထားမယ်၊ ကိုယ်နဲ့မကွာ ဆောင် ထားမယ်ဆိုရင် ဘယ်ရန်သူရဲ့ကျည်ပဲလာလာ ကိုယ့်ကို ကျည်မခပါဘူး ကျည်ထွက်လာစေဦးတော့ လွဲပြီးသား"

အားလုံး ပထမ ဆရာဦးအောင်ကြီး၏စကား၌ မျောနစ်နေမိ ကြလေသည်။ ပြီးတော့ စကားရှေ့ဆက်ပါသေးသည်။

"အဲသည်လို အဖိုးတိုက်တန်တဲ့ သိဒ္ဓိဝင်ပစ္စည်းကို ဆောင် ထားသူအဖို့ရာမှာလည်း တန်ဖိုးရှိတဲ့လူဖြစ်ပါတယ်။ သေရည်သေရက် သောက်စားခြင်း၊ သူတစ်ပါးအိမ်ရာ ကျူးလွန်ပြစ်မှားခြင်း စတဲ့ ကံနှစ် ခုကို ထိန်းသိမ်းရမယ်။ သည်အဆောင်ကိုယ့်မှာရှိနေရင် ယုတ်ညံ့တဲ့ နေရာတွေကို ရှောင်ရမယ်"

သည်သို့ပြောဆိုပြီးနောက် မူလပိုင်ရှင်ဖြစ်သော ကိုမြတ်ထွန်း ၏လက်တွင်းသို့ ဝကွက်အပ်နှံလိုက်၏။ ဤတွင် ကိုမြတ်ထွန်းလည်း ရှိင်ဖယ်သေနတ်ဖြင့် လာရောက်စမ်းသပ်ပေးသော တိုက်ပိုင်ကြီးအား





လည်းကောင်း၊ သိဒ္ဓိဝင်အောင် အသက်သွင်းပေးသော ပထမ ဆရာ ဦးအောင်ကြီး အားလည်းကောင်း၊ အစစအရာရာစီစဉ်ပေးသော ကပ္ပိယ ကြီး ဦးညိုလုံးအားလည်းကောင်း တစ်ရုပ်ကျစီပေးလျက် ကျန်တစ်ရုပ် ကိုမူ ၎င်းကိုယ်ပိုင်အဖြစ် ယူလိုက်ပါတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

မိတ်ဆွေကြီး ဂန္ဓာရီဆရာမြ၏ဇာတ်ကြောင်းကား မဆုံးသေး။

စကားကို ဤတွင် တစ်ထောက်နားလျက် ရေနွေးကြမ်း သောက်လိုက်၊ မီးသေသွားသော ဆေးပြင်းလိပ်မည်းမည်းကြီးအား မီးညှိလိုက် လုပ်နေသည်မှာ လွန်စွာမှ ဖန်တင့်ငှ် နိုင်လွန်းတော့၏။

"ကိုင်း ... ဆက်ပါဦး ဆရာမြရယ်"

"ဆက်မှာပ ကိုရင်ရယ် ...။ ဆက်မှာပ။ အဲသည်လိုနဲ့ ကျုပ်တို့မြန်မာနိုင်ငံကြီးလည်း လွတ်လပ်ရေးရ၊ ရပြီး သိပ်မကြာဘူး သူတစ်လူ ငါတစ်မင်းနဲ့ ရောင်စုံသောင်းကျန်းသူတွေ ပေါ်လိုပေါ်၊ တော်နီသူတွေကနဲ့ ပြည်တွင်းမငြိမ်မသက်မှုတွေ ဖြစ်ပေါ်လာခဲ့တယ်။ ကျုပ်တို့ ကျေးလက်တောရွာတွေဆိုတာ ကျီးလန့်စာစားနဲ့ပေါ့။ ဓားပြတွေကလည်း အလျှိုအလျှို။ သည်တော့ ပိုက်ဆံရှိတဲ့သူတွေဆို လုံခြုံတဲ့ နေရာတွေ၊ မြို့ပြတွေကို ပြောင်းရွှေ့ကြရတော့တယ်။





ကျုပ်တို့မိဘတွေလည်း ဘယ်နေလိမ့်မှာလဲ ကိုရင်ရယ်။ လုံခြုံမှုရှိတဲ့အရပ်၊ အုပ်ချုပ်မှုကောင်းမွဲတဲ့အရပ်မှာ ဆက်နေလို့ကတော့ ကိုယ့်ကျိုးနည်းရုံသာ ရှိတော့မယ်ဆိုပြီး ပြောင်းရွှေ့ခဲ့ရတာပေါ့။ အဲသည်မှာ တိုက်တိုက်ဆိုင်ဆိုင် ကျုပ်တို့ပြောင်းရွှေ့တဲ့နယ်မြေမှာ အုပ်ချုပ်တဲ့သူက ဝက်ကုန်းရုပ်ကလေးတစ်ရုပ်ရသွားခဲ့တဲ့ တိုက်ပိုင်ကြီးပဲဗျ။

တစ်နေ့တော့ နာမည်ကြီး လူသတ်၊ မုဒိမ်းသမား၊ ဓားပြခေါင်းဆောင်တစ်ဦးကို အသေဖမ်းဆီးရမိတယ်ဆိုတဲ့ သတင်းရတော့ ဆိုးဇီဇာကြိုက စပ်စပ်စုစုလုပ်တတ်တဲ့ကျုပ်က မနေနိုင်မထိုင်နိုင် အသေသယ်လာတဲ့ ဓားပြခေါင်းဆောင်ရဲ့အလောင်းကို ဂိတ်တဲမှာ သွားချောင်းကြည့်တယ်။ လား ... လား ... မယုံနိုင်အောင်ပါပဲလား ကိုရင်ရယ်"

"ဘာကို မယုံနိုင်ရတာတဲ့လဲ ဆရာမြရဲ့"

"ဘာ့ကြောင့်လဲဆို အသေရလာတဲ့ နာမည်ကြီး လူသတ်၊ မုဒိမ်းသမား၊ ဓားပြခေါင်းဆောင်ဆိုတာ ကျုပ်တို့ကိုမြတ်ထွန်း ဖြစ်နေလို့ပါဗျာ"

"ဟင် ..."

"ဟုတ်တယ် ... ကိုရင်။ ကျုပ် လေ့လာစုံစမ်းရမိသမျှကတော့ ကာလပျက်ကြီးထဲမှာ ဘယ်သူကဘယ်လို မြှောက်ပင့်ပေးတယ် မသိပါဘူး။ ကျုပ်တို့ကိုမြတ်ထွန်းဟာ ဓားပြခေါင်းဆောင် ဖြစ်သွားသတဲ့။ ဪ ... သူ့မှာကလည်း ကျည်မထွက်တဲ့၊ ကျည်လွှဲတဲ့ သိဒ္ဓိဝင်အဆောင်ကောင်းကလည်း ရှိနေပေသကိုး။

သူ့ကို ဆုံးမမယ့်သူလည်းမရှိ၊ ပဲ့ပြင်ပေးမယ့်သူလည်း မရှိဆိုတော့ စိတ်ထင်တိုင်း ကြဲတော့တာပေါ့။ အရက်သေစာတွေ သောက်စားတယ်။ သူတစ်ပါး သားသမီးပျိုတွေကို လက်နက်အားကိုးနဲ့ ဖျက်



www.burmeseclassic.com

www.burmeseclassic.com



ဆီးတယ်။ ပျို့ပျို့၊အိုအို ... ရှောင်မနေတော့ဘူး။ ဒီမှာတင် စည်းပေါက်တော့တာပဲ။

တစ်နေ့တော့ သူ မတရားသိမ်းပိုက်ထားတဲ့ လင်ရှိမယား အိမ်မှာ အိပ်မောကျနေတုန်း ဝက်ကုန်းရုပ်ဟာ ဘယ်ကဘယ်လိုပျောက် သွားသလဲ မပြောတတ်ဘူး။ နောက် ... တိုက်ပိုင်ကြီးတို့ရဲ့ နယ်မြေ ရှင်းလင်းရေးအဖွဲ့နဲ့ ရင်ဆိုင်တွေ့ပြီး ပစ်ကြခတ်ကြရာက နောက်ဆုံး တော့ သူ့ကို အသေရလိုက်တာပဲ ... ကိုရင်''

''ဖြစ်မှဖြစ်ရလေ ... ဆရာမြရယ်''

''ဒါကြောင့် ဘယ်လောက်ပဲ မွန်မြတ်ပြီး အဖိုးအနဂ္ဃထိုက် တန်တဲ့ပစ္စည်း ဖြစ်နေပါစေ၊ ကိုယ့်အကျင့်သီလနဲ့ မကိုက်ညီရင်၊ ကတိ စကားကို တန်ဖိုးမထားရင်, ဖောက်ဖျက်ရင် ကိုယ့်အတတ်နဲ့ ကိုယ်ခံ ရတာပဲ ကိုရင်။ ကဲ ... အဲသည့်အကြောင်းကလေးကို ကိုရင် စာတစ် ပုဒ်ဖြစ်အောင် ရေးကြည့်ပါလား။ ရေးတတ်ရင် ဝတ္ထုဖြစ်ပါတယ် ကိုရင် ရဲ့ ... အဟက် ... ဟက် ...''

ရှေးယခင့်ယခင်နှင့်မတူ အာသွက်လျှာသွက်နိုင်လာသော၊ ဝတ္ထု အကြောင်းတွေပြောလာသော ချစ်မိတ်ဆွေကြီးအပေါ် လွန်စွာမှအံ့အား သင့်ရလေသည်နှင့်မျှ ၎င်းကြုံတွေ့ခဲ့ရသော အဖြစ်သနစ်အား စာဖတ် သူတို့အတွက် တစ်စုံတစ်ခုသော အကျိုးသက်ရောက်မှု ရှိစေရန်အတွက် ရေးသားဖန်တီးရလိမ့်ဦးမည်ဟု ကျွန်ုပ် နားလည်သဘောပေါက်လိုက် မိပါသတည်း။ ။

နန္ဒာမိုးကြယ်



www.burmeseclassic.com

[ ၁ ]

❑

"အဘွားကြီး . . . ငါ မင်းဆီပြန်လာမယ်"

မီးနီးလိုလို၊ တိမ်လိုလို၊ မှုန်မှိုင်းမှိုင်း၊ ဖြူလျော်လျော် အငွေ့များကြားတွင် ရပ်လျက်မှ ဦးပိကျော်စံက လှမ်းပြောသည်။ လေက တဟူးဟူးတိုက်နေပြီး တအီးအီးအသံများက ဆူညံနေ၏။

ဒေါ်ပိုထွေးက မယုံနိုင်စွာဖြင့် မေး၍ . . .

"ရှင်က ကျွန်မယောက်ျားကြီး ဦးပိကျော်စံလား"

ဟု မေးလိုက်၏။





"ဟုတ်တယ်လေ၊ ငါ ပိကျော်စံလေ။ မင်းနဲ့ နှစ်ငါးဆယ် ...က်ပေါင်းလာခဲ့တဲ့သူတောင် မင်း မမှတ်မိဘူးလား"

ရုပ်အင်္ဂါအပီအပြင် မမြင်ရတဲ့ ပိုးတဝါးပုံရိပ်ရှင်က ပြန်ပြော...

"ရှင့်ပုံက ထင်ထင်ရှားရှားမှမရှိတာ။ ဘယ်လိုမှတ်မိမှာလဲ"

"မျက်နှာကို မမှတ်မိရင် ဖင်ကုန်းပြရမှာလား"

"ဘာရှင့် . . ."

"ငါ့ဖင်မှာ အမှတ်ကြီးရှိတယ်လေ။ မင်းမှတ်မိအောင် ပြော...ပါ"

"ထားပါတော့ . .။ ရှင်က ပိကျော်စံ . . . ဟုတ်ပါပြီတဲ့၊ ရှင်က ...သွားတာ ရှစ်နှစ်လောက်ရှိနေပြီလေ။ ဘယ်လိုလုပ် ပြန်လာလို့ရမှာ..."

"အဘွားကြီးရဲ့ တုံးလိုက်တာ၊ ငါက တခြားဘဝကနေ ပြန်...မှာလေ။ မင်းဆီပြန်လာမှာ။ မင်းနားမှာ နေချင်လို့၊ မင်းကိုချစ်..."

"အို . . . ဘုရား . . . ဘုရား။ မလာနဲ့ . . . မလာနဲ့။ ကျွန်မ... သရဲကြောက်တယ်။ ရှင်က သရဲလားမှမသိတာ။ ရှင် နဂိုကတည်း... နောက်တောက်တောက်နဲ့။ ကျွန်မကို ဖြဲခြောက်ရင် ဘယ်လိုလုပ်...လဲ"

"ဖြဲမခြောက်ပါဘူးကွာ။ ငါက မင်းယောက်ျားပါ။ ပြီးတော့ ...ရဲဘဝနဲ့လာမှာ မဟုတ်ဘူးကွ။ လူအဖြစ်နဲ့ ပြန်လာမှာ။ မင်းကြားဖူး...ယ်မဟုတ်လား။ တဏှာဆိုတာ ဖြတ်နိုင်ခဲတယ်လေ"

"ရှင်က အဘိုးကြီးဖြစ် . . . သေသွားပြီးမှတောင် တဏှာက



www.burmeseclassic.com

www.burmeseclassic.com



မပြတ်နိုင်တော့ဘူးပဲကိုး။ နေပါဦး . . .။ ရှင်က ဘယ်လို လူအဖြစ် ပြန်လာမှာလဲ။ 'ဝုန်း' ခနဲ ကျွန်မရှေ့မှာ 'ဘွား' ခနဲ ပေါ်လာမှာလား

"ထွတ် . . . မင်း တုံးလိုက်တာ အဘွားကြီးရယ်။ ငါပြန်လာ မှာက မင်းနဲ့အတူနေချင်လို့ လူသားအဖြစ်နဲ့ ပြန်လာမှာ။ ငါ့မြေးငွေ သူဇာတင့်တင်ထွန်းဗိုက်ထဲမှာ ဝင်စားပြီး ပြန်လာမှာ"

"ရှင် . . . အဲသလို . . ."

"ဟုတ်တယ် . . . အဲသလိုပဲ"

"အဲ . . . အဲဒါဆို ကျွန်မကို ရှင်ပြန်ယူလို့တော့ မရဘူးနော် ရှင်က ကျွန်မရဲ့မြစ် ဖြစ်သွားပြီ"

"အေးပါကွာ . . . ငါသိပါတယ်။ အဘွားဆိုပြီး အဘွားတော ပေးလို့ရတယ်မဟုတ်လား"

"ဗုဒ္ဓေါ . . ."

✿ ✿ ✿

[ ၂ ]

❑

"ဒီမှာ . . . ဒီမှာ . . .'

"ရှင် ဘယ်သူလဲ"

ငါ မင်းယောက်ျား စိန်ညိုထွားလေ"

"လာနောက်မနေနဲ့။ ကျွန်မယောက်ျား စိန်ညိုထွားက သေ တာ လေးနှစ်ရှိသွားပြီ။ ခုလောက်ဆို ငရဲပြည်မှာလား၊ တိရစ္ဆာန်ဘုံမှာ လား၊ ပြိတ္တာဘုံမှာလား၊ အသူရကာယ်ဘုံမှာလား . . . တစ်နေရာရာမှာ ရှိနေမှာ"

"ဟာ . . . မင်းကကွာ . . . မင်းယောက်ျားကို အထင်သေး လိုက်တာ။ နတ်ဖြစ်နေတယ်လို့ မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''ဟီဟိ . . . ရှင် တော်တော် ရယ်စရာပြောတယ်။ စိန်ညိုထွားက အရက်ကြိုက်တယ်၊ မိန်းမကြိုက်တယ်၊ ဖဲကြိုက်တယ်။ လိမ်ပြီးစီးပွားရှာတယ်။ ဘယ်သူသေသေ စိန်ညိုထွားမာရင်ပြီးရော ဆိုတဲ့လူ။ ရှင့် အဲဒီလိုမာလွန်းလို့ ကျွန်မ ဖွတ်ဖွတ်ညက်ညက်ကြေအောင် ခံစားခဲ့ရတာ။ လျှော့ပါဆို မလျှော့ဘူး။ ဥပုသ်စောင့်ပါဆိုရင် ငါစောင့်တာပဲ၊ ဥပုသ်က ငါ့ဆီလာမှ မလာတာ ဆိုတဲ့လူ။

တရားထိုင်ရအောင်ဆိုရင် ငါက မတရားတာထိုင်ရတာဝါသနာပါတယ် ဆိုတဲ့လူ။ ဘယ်လိုလုပ်ပြီး နတ်ဖြစ်မှာလဲ။ ယမမင်းကြီးကို လူပြည်က အကျင့်အတိုင်း ရှင်လာဘ်ထိုးလို့ ရမှာတဲ့လား''

''ဟဲ . . . ဟဲ . . . ငါ့မိန်းမ တော်သားပဲ။ ဒါပေမဲ့ မင်းညံ့သွားပြီ လှအုန်းမယ်ရေ။ ယမမင်းလည်း လူတွေနဲ့ဆက်ဆံရတာများလို့ လူတွေအကျင့် ကူးကုန်ပြီ။ ယမမင်းနဲ့တွေ့တော့ ငါက လက်ဝိုင်းပြလိုက်တာနဲ့ သူ့ရဲ့ခွေးရေကွန်ပျူတာထဲမှာ ဖိုင်မှားကြည့်ပြီး ငါ့ကို သက်သောင့်သက်သာနေရာကို ပို့လိုက်တယ်ကွ။ ဒါကြောင့် နှစ်တိုတိုနဲ့ ငါပြန်လာလို့ရမှာ''

''ရှင်က ဘယ်လိုပြန်လာမှာလဲ။ ခေါင်းမှာ ချိုကြီးနဲ့လား၊ လျှာကြီးက တစ်တောင်လောက်နဲ့လား။ ပြီးတော့ ဟိုဒင်းက . . .''

''ဘာဟိုဒင်းလဲကွ''

''ဟို . . . ဟိုဒင်းလေ . . . ရှင်က သရဲဘဝနဲ့လာမှာလား ပြောတာ''

''လူအဖြစ်နဲ့ လာမှာကွ''

''လူ . . . ဟုတ်လား''

''ဟုတ်တယ်။ မင်းနဲ့အတူ နေချင်လို့ ပြန်လာမှာ။ တထွာဆို





ဘာ ပြတ်နိုင်ခဲ့တယ်လေ''

''ရှင်က ဘယ်လိုလုပ်ပြီး ကျွန်မယောက်ျား စိန်ညိုထွားအဖြစ်နဲ့ ပြန်လာလို့ရမှာလဲ။ ရှင့်မှာ 'စေတစ်လုံး' လက်ဖွဲ့တွေ ဘာတွေ ရှိလို့လား''

''ဟုတ်ဘူး . . . လှအုန်းမယ်ရေ။ မင်းချွေးမ သူဇာတင့်တင်ဗွန်းဗိုက်ထဲမှာ ဝင်စားပြီး လူအဖြစ်နဲ့ ပြန်လာမှာ''

''အဲဒါဆို ရှင်က ကျွန်မယောက်ျား ဘယ်ပြန်ဖြစ်မလဲ။ ကျွန်မရဲ့မြေးပဲ ဖြစ်မှာပေါ့''

''ဟုတ်တယ်လေ . . .။ ဒါပေမဲ့ အဘွားရဲ့ရင်ခွင်ထဲဝင်ပြီး နို့ဗန်ကြီးကိုတော့ ဆွဲလို့ရတာပေါ့။ ဒါပဲနော် . . .။ အဲဒါလာသတင်းပို့တာ''

ဝုန်းခနဲ ရှေ့ကနေ ပျောက်သွားသည်။

မီးခိုးတွေချည်း ကျန်ခဲ့၏။

ဒေါ်လှအုန်းမယ် မျက်လုံးကို ပွတ်ကြည့်သည်။

ညိုစိန်ထွားဟုဆိုသော ရုပ်ဆိုးဆိုး အကြည်းတန်ပုဂ္ဂိုလ်ကြီးကို အရိပ်အယောင်မျှပင် မမြင်ရတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❏

နံနက်စောစော ကော်ဖီဝိုင်းမှာ မိသားစုတွေ ဆုံကြသည်။

ခေါင်းရင်းဘက်အကျဆုံး ထိုင်ခုံမှာ ထိုင်နေသည့် ဒေါ်ပိုထွေးက တွန့်လိပ်နေသော မျက်နှာပြင်တွင် အပြုံးနုနုတစ်ခုနှင့် တစ်ခုခု ပြောချင်နေပုံရှိသလို ...

ဒေါ်ပိုထွေးဘေးနားမှာရှိနေသည့် ဝတုတ်ပြဲ ဒေါ်လှအုန်းမယ်ကလည်း ပါးဖောင်းဖောင်းကြီးတွေ ပိုကားကာ အပြုံးဖွေးဖွေးတစ်ခုနှင့် အတူ တစ်ခုခုပြောချင်နေပုံရ၏။

ခြေရင်းဘက်မှာထိုင်နေသည့် သားဖြစ်သူ ပေါစိန်ကျော်ကမူ ကော်ဖီနှင့်မုန့်ကိုသာ ခွတီးနေ၏။ သုံးရက်လောက် ထမင်းမစားရသူ၏ ပုံမျိုးနှင့်။ ပေါစိန်ကျော်၏ဇနီး သူဇာတင့်တင်ထွန်းကလည်း ကော်ဖီကို ဟန်ပါပါသောက်ရင်း တစ်ခုခု ပြောချင်နေပုံရှိပြန်၏။





သူ့ရှေ့ရှိ မုန့်ကုန်သွား၍ ဘယ်သူ့ဆီက အလိုဆွဲရမလဲဟု ပေါစိန်ကျော် မော့အကြည့်မှာ အဘွားဒေါ်ပိုထွေး၏ ပြုံးစစ်မျက်နှာ၊ အမေ ဒေါ်လှအုန်းမယ်၏ ပြုံးစိစိမျက်နှာ၊ ဇနီး သူဇာတင့်တင်ထွန်း၏ ချိုမချဉ်မျက်နှာကို သတိပြုမိသွား၏။

“ဘယ်လိုဖြစ်လို့ အားလုံးပြုံးနေကြတာလဲ။ ကျွန်တော်စားတာ နောလို့ ပြုံးကြည့်နေကြတာလား”

မေးလိုက်၏။

“ဟင့်အင်း ...ပြောစရာရှိလို့”

“ဗျာ ...”

အမှန်တော့ ‘ဟင့်အင်း ...ပြောစရာရှိလို့’ ဟူသောစကားမှာ အာမေဍိတ် ‘ဗျာ’ ရလောက်အောင် အံ့သြစရာ အဓိပ္ပာယ်မဆောင်ပါ။ သို့သော် ပေါစိန်ကျော် ‘ဗျာ’ဖြစ်သွားရသည်မှာ အထက်ပါစကားစုကို အဘွားဒေါ်ပိုထွေး၊ မိခင် ဒေါ်လှအုန်းမယ်နှင့် ဇနီးဒေါ်သူဇာတင့်တင်ထွန်းတို့နှုတ်မှ ပြိုင်တူထွက်လာသောကြောင့်ပင်။

ပေါစိန်ကျော်နည်းတူပင်။

ဒေါ်ပိုထွေးက ဒေါ်လှအုန်းမယ်နှင့် သူဇာတင့်တင်ထွန်းကို အံ့တသြကြည့်နေသလို ဒေါ်အုန်းမယ်ကလည်း ဒေါ်ပိုထွေးနှင့် သူဇာတင့်တင်ထွန်းကို မျက်လုံးပြူးကြည့်မိ၏။ သူဇာတင့်တင်ထွန်းကလည်း ဒေါ်ပိုထွေးမျက်နှာနှင့် ဒေါ်လှအုန်းမယ်မျက်နှာသို့ တစ်လှည့်စီကြည့်လျက် ..။

“ကဲ ...ကဲ ...ပြောစရာရှိ ပြောကြည့်။ ဘယ်သူ အကုန်ပြောမလဲ”

ပေါစိန်ကျော်က ဆော်သြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသက်အကြီးဆုံး ဒေါ်ပိုထွေးက ...

"ငါ အရင်ပြောမယ် မြေးရေ။ အဘွားပြောမယ့်စကား ဝမ်းသာစရာစကား။ ညက မင်းအဘိုး ကိုပီကျော်စံက အိပ်မက်ပေး တယ်။ သူ လူဝင်စားအဖြစ်နဲ့ ပြန်လာမယ်တဲ့။ သူဇာ့ဗိုက်ထဲမှာ ဝင်စား မယ်တဲ့"

"ဟင် ... ဟုတ်လား"

အားလုံး အံ့အားတသင့်ဖြစ်ကာ တစ်ဦးကိုတစ်ဦး ကြည့်မိ၏။

"အမေပြောပြီးတော့ ကျွန်မလည်း ပြောရမယ်။ ကျွန်မလည်း ညက အိပ်မက်မက်တယ် အမေ။ အမေ့သား ကိုစိန်ညိုထွားက လူဝင် စားအဖြစ်နဲ့ ပြန်လာမယ်တဲ့။ သူဇာ့ဗိုက်ထဲမှာ ဝင်စားမယ်တဲ့"

"ဟင် ... တကယ်"

အားလုံး အံ့ကြသွားကြရပြန်၏။ တစ်ဦးကိုတစ်ဦး ကြည့်မိ ကြပြန်၏။

"ကဲ ... သူဇာကရော ဘာပြောချင်သေးလဲ"

ပေါစိန်ကျော်က လှည့်မေးသည်။

"သူဇာလည်း အဘွားကိုရော၊ အမေ့ကိုရော၊ အစ်ကိုကိုရော သတင်းထူးပြောချင်တာ။ ဒီအကြောင်းကို မနေ့ကတည်းက ပြောချင်တာ ပေမယ့် ဒီမနက်မှ မင်္ဂလာယူပြီးပြောမလို့ စဉ်းစားပြီး မနေ့က မြိုသိပ် နေခဲ့တာ။ ကျွန်မ မနေ့က ဆရာဝန်နဲ့ သွားပြီးစမ်းသပ်တယ်။ ကျွန်မ မှာ ကိုယ်ဝန်ရှိနေပြီ ...တဲ့"

"ဟာ ..."

အားလုံး၏ တစ်လုံးတည်းသော အမေဒိတ်၊ တစ်ပြိုင်တည်း ထွက်လာ၏။ အပျော်အာမေဍိတ်ပင်တည်း။





"ဒါဆို သေချာပြီ။ ကိုပီကျော်စံ ပြန်လာမှာ"

"ကိုစိန်ညိုထွား ပြန်လာမှာအမေရဲ့"

ပေါစိန်ကျော်က ချိန်ချိန်ဆဆဖြင့် ...

"သူဇာ့မှာ ကိုယ်ဝန်ရှိတာနဲ့ အိပ်မက်တွေက တစ်ချိန်တည်း ဆိုတော့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ အဘိုးရော၊ အဖေရော ပြန်လာမှာဆို တော့ နှစ်ယောက်ဖြစ်နေတယ်။ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တာပေါ့။ ကလေးက အမြွှာဖြစ်ချင် ဖြစ်နေမှာ"

သူဇာတင့်တင်ထွန်းက ဝင်ပြော၏။

"အေး ... အဲဒါဖြစ်နိုင်တယ်။ သေချာအောင် ကိုယ်ဝန်ကို ဓာတ်မှန်ရိုက်ကြည့်လို့ရတဲ့ အချိန်ကျရင် ရိုက်ကြည့်စမ်း"

ဒေါ်လှအုန်းမယ်က အကြံပြုသည်။

"သားအဖနှစ်ယောက် အမြွှာပြန်ဖြစ်တယ်ဆိုရင်တော့ တစ် မျိုးကြီးနော်။ ပြီးတော့ အဖေနဲ့အဘိုးက အရင်က မျက်နှာကြောတည့် ကြတာမဟုတ်ဘူး။ ဗိုက်ထဲမှာကတည်းက ဗိုက်တင်ချနေမလား မသိ ဘူး"

ပေါစိန်ကျော်၏စကား။

"ဘာပဲဖြစ်ဖြစ် ငါတော့ ပျော်တယ်"

ဒေါ်ပိုထွေး ရင်ထဲက ပွင့်ထွက်လာမှု။

"ကျွန်မလည်း ပျော်တာပေါ့"

ဒေါ်လှအုန်းမယ်၏ ခံစားမှု။

"အမြွှာဆိုရင်တော့ ဗိုက်က တအားကြီးမှာပဲ။ ပြီးတော့ ပထမ ဆုံးသားဦးဆိုတော့ မွေးရခက်မယ်ထင်တယ်နော်။ တော်ကြာ ဗိုက်ထဲ က အဘိုးနဲ့အဖေက သူအရင်ထွက်မယ်၊ ငါအရင်ထွက်မယ်နဲ့ လုနေ



www.burmeseclassic.com

www.burmeseclassic.com



ကြရင် ပြဿနာ''

သူဇာတင့်တင်ထွန်း၏ ပူပန်မှု။

ပူမနေပါနဲ့ကွာ။ အဘိုးက အဖေ့ကို အရင်ဆုံး ကန်ထုတ်လိုက်မှာပါ''

ပေါ်စိန်ကျော်စကားကြောင့် အားလုံး ဝေါခနဲ ရယ်လိုက်ကြ၏။

မင်္ဂလာရှိသော နံနက်ခင်း။ အပျော်နံနက်ခင်း။

✿ ✿ ✿

| ၄ |

❑

အပျော်နံနက်ခင်းပြီးတော့ အပျော်ညနေခင်းလေး ဖြစ်လာရချိန်သည်။

ကြည့် ...။

ညနေထမင်းဝိုင်းမှာ မိသားစုတွေဆုံကြတော့ ...

''ကလေးက အမြွှာကလေးတွေတဲ့ ...။ ယောက်ျားလေးတွေတဲ့''

သူဇာတင့်တင်ထွန်းက ကြေငြာသည်။

ဗိုက်ကလေးနည်းနည်းရင့်တာနှင့် အာထရောင်ဆောင်းသွားခဲ့ပြီး ရလာသောအဖြေကို ကြေညာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရလာသောပုံကိုလည်း ပြသည်။

အားလုံး ဝမ်းသာပျော်ရွှင်သွားကြပြီး ပုံကို အလုအယက် ဝိုင်းကြည့်ကြသည်။

"ဟုတ်တယ်ဟဲ့ ... အမြွှာကလေးဖြစ်မယ်"

ဟု ဒေါ်လှအုန်းမယ် ပြောသောအခါ ...

"ဆရာဝန်က အမြွှာကလေးလို့ ပြောလိုက်ပါတယ်ဆိုမှ အမေ ကလဲ"

သူဇာတင့်တင်ထွန်းက ဝင်ပြောသည်။

"ဟုတ်မယ်ဟဲ့ ...။ ဟိုမှာ ကြည့်စမ်း။ ဂျိုးကလေးမဟုတ် လား"

"ဟုတ်တယ် အဘွား"

ဒေါ်ပိုထွေးစကားကို ပေါစိန်ကျော်က ထောက်ခံမှုပေးသည်။

စင်စစ်တော့ ပုံကလည်း သေးကာ ဘာမှလည်း အပီအပြင် ရှိသေးသည်မဟုတ်ပါဘဲနှင့် ထင်ရာမြင်ရာ ဖွတ်ပြောနေကြခြင်းဖြစ်၏။

စိတ်ကထင်နေတာ၊ စိတ်ကဖြစ်ချင်နေတာတွေ။

"ဟိုတစ်ယောက်က ငှါးလင်ကြီး ပီကျော်စံဖြစ်မယ်ဟဲ့။ နည်း တာကြီးမဟုတ်ဘူး"

အဘွားဒေါ်ပိုထွေးစကားကို ...

"အမေကလည်း ဘာနည်းတာကြီး မဟုတ်တာလဲ"

ဒေါ်လှအုန်းမယ်က ဝင်ထောက်၏။

"ပေါင်လုံးတွေလေဟဲ့။ ကိုပီကျော်စံက အဲသလိုပဲ တုတ် တုတ်ကြီး"

"ငှါးလင်ကြီးဆိုတော့ အမေက နောက်လင်ရှိသေးလို့လား"





"ဟဲ့ ... ဒါက အထူးပြုပြီး ခေါ်လိုက်တာ။ အံမာ ... နင်က ငါ့ကို ကိုပီကျော်စံရှိသေးတော့ နောက်တစ်ယောက် တိတ်တိတ်ပုန်းယူ ထားတယ်ထင်လို့လား။ ခွေးမ ... မဟုတ်တာပြောတယ်။ ငါက တစ် ယောက်ဆိုတစ်ယောက်၊ ပီတောက်ဆိုပီတောက်"

အဘွားဒေါ်ပိုထွေးစကားကြောင့် အားလုံး ဝေါခနဲ ရယ်ကြ သည်။

အရယ်ဆုံးမှ ...

"အမေပြောသလိုဆို ကျွန်မကလည်း ပြောရဦးမယ်။ ဟော ဟိုရှည်ရှည်လေးက ကိုစိန်ညိုထွားအစစ်ပဲ။ သူက လူကသာကြမ်းတာ ဟိုဒင်းကတော့ သေးသေးရှည်ရှည်မျောပဲ"

ဒေါ်လှအုန်းမယ်အပြောကို သားဖြစ်သူ ပေါစိန်ကျော်က ခစ် ခနဲရယ်ပြီး ...

"အမေကလည်းဗျာ ... ရှင်းရှင်းပြောစမ်းပါ။ အမေပြောတာ နဲ့ အဖေ့ပုံကို လူတွေသိကုန်ပြီ"

ဟု ဝင်ပြော၏။

"ဟဲ့ကောင်ရဲ့ ... ငါက ဘာပြောလို့လဲ။ နင့်အဖေ စိန်ညို ထွားက နာမည်သာထွားတာ၊ လူက မထွားဘူးလေ။ သူ့လက်မောင်း လေးတွေက ပိန်ပိန်သေးသေးလေးတွေ မဟုတ်လား။ အဲဒါ ပြောတာ ဟား"

"သိပါဘူး အမေရာ။ အမေပြောတာကြီးက ..."

"တော်စမ်းပါဟယ် ... ပေါက်ကရ"

သို့ကလို အရယ်အမော အနောက်အပြောင်တွေနှင့် ပျော်ရွှင် နေကြပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် မွေးလာတဲ့ကလေးတွေကို ကျွန်မက ဘယ်လို ခေါ်ရမှာလဲ။ သူတို့က အဘိုးနဲ့အဖေ ဝင်စားတာဆိုတော့ အဘိုးနဲ့ အဖေပဲ ခေါ်ရမှာလား"

သူဇာတင့်တင်ထွန်းက စိတ်ပူစွာဖြင့် မတင်မကျဖြစ်နေသော အချက်ကို ထုတ်မေးသည်။

ပေါ်စိန်ကျော်က ဇနီးသည်အား မဲ့ကြည့်ပြီး 'ဒါများ' ဟူသော ပုံစံဖြင့် ...

"မင်းကမွေးတော့ မင်းရဲ့သားတွေပဲဟာ။ သားပဲခေါ်ပေါ့ကွာ။ ကလေးကို အဘိုးတို့၊ အဖေတို့ခေါ်လို့ ဘယ်ဖြစ်မလဲ"

ဟု ပြောသည်။

"ဒါတော့ ဒါပေါ့။ ဒါပေမဲ့ အဘိုးနဲ့အဖေ ဝင်စားတာဆိုတော့ နည်းနည်းတော့ ရှိသေမှရမယ်"

ဒေါ်ပိုထွေး၏စကား။

"ဘယ်လိုရှိသေရမှာလဲ။ ညအိပ်ရာဝင်ရင် ရှိခိုးအိပ်ရမှာလား"

သူဇာတင့်တင်ထွန်းအမေး။

"အဲဒီလို ကတ်မပြောနဲ့ မိသူဇာ။ မရိုက်မနှက် မအော်မငေါက်ဖို့ ပြောတာဟဲ့"

ဒေါ်ပိုထွေးက ခပ်ဆတ်ဆတ်ပြောသည်။

ဒေါ်လှအုန်းမယ်ကလည်း ...

"ငါ့ယောက်ျား နို့ကြိုက်တယ်ဟဲ့။ သူ့ကို နို့များများတိုက်"

ဟု ဝင်ပြောပြန်သည်။

"လှအုန်းမယ် .. နင်အဲသလိုဆိုတော့ ခုကတည်းက ဘက်မလိုက်နဲ့။ နင့်ယောက်ျား ငါ့သားက နို့ကြိုက်တယ်သာပြောတာ ဖက်





တာက အရက်ပုလင်း။ ငါ့လင်ကြီး ပီကျော်စံကမှ နို့ကြိုက်တာ"

"အမေနဲ့အဘွားကလည်းဗျာ ... ကလေးတွေက မွေးတောင် မမွေးသေးဘူး ပြဿနာက စ,နေပြီ။ မွေးလာတာ ဘယ်သူကအဘိုး၊ ဘယ်သူကအဖေလို့ ခွဲမှာလဲ။ ပြောပါဦး"

ပေါ်စိန်ကျော့်စကားကြောင့် အားလုံး ခဏတွေသွားပြီးမှ ..

"ဟဲ့ ... ဘာလို့ ခွဲမရမှာလဲ။ တုတ်ကြီးဆို ငါ့ယောက်ျား၊ ရှည်မျှောဆိုရင် ငါ့သားပေါ့ဟဲ့"

ဒေါ်ပိုထွေး၏ အငြင်းစကား။

ဒေါ်လှအုန်းမယ်က ...

"အဖေ့မှာက ဖင်မှာ အမှတ်ကြီးရှိတယ်။ ကျွန်မယောက်ျားမှာက ပေါင်ရင်းမှာ အဖုကြီးရှိတယ်။ လူဝင်စားဆိုတော့ အဲဒါတွေ ပြန်ပါလာမှာပဲ"

ဟု ဝင်ပြောသည်။

"ဒါဆို မွေးပြီးပြီးချင်း ကလေးကို ဖင်နဲ့ပေါင်ကြား ကြည့်ကြရမှာပေါ့နော်။ ဟား ... ဟား ... ဟား ... ဟား ..."

ပေါ်စိန်ကျော်က ဟာသဝင်လုပ်၍ ဒေါ်ပိုထွေးနှင့် ဒေါ်လှအုန်းမယ်က မျက်စောင်းထိုးသည်။ သူဇာတင့်တင်ထွန်းက ယောက်ျားကို ပေါင်ဆွဲဆိတ်ကာ ...

"တော်ကလဲ ... လူကြီးတွေက အကောင်းပြောနေတာကို"

ဟု ဟန့်လိုက်သည်။

ဆွဲဆိတ်သဖြင့် 'အား' ဟုအော်ပြီးမှ ...

"ငါလည်း ပျော်လို့ပါဟာ။ အဘိုးနဲ့အဖေ့ကို ငါက သားဖြစ်ဆော်ရမှာဆိုတော့လေ။ ဟဲ ... ဟဲ ...။ အဘိုး ငါ့ကို နားပန်းကျင်း



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တာတွေ၊ အဖေ ငါ့ကို မှုးမှုးနဲ့ ဖနောင့်နဲ့ပေါက်ထားတာတွေ ငါ ကလှဲ့စားပြန်ချေလို့ရပြီ။ ဟား ... ဟား ... ဟား ...”

“ပြောပြန်ပြီ ပေါက်ကရ။ ရှင် ငရဲဖောက်ထိုး ဆင်းမယ်”

“ငါ့ကိုချည်း မပြောနဲ့။ မင်းလည်း သတိထား။ မွေးလာမှာ မင်းသားတွေဆိုပေမယ့် အဘိုးနဲ့ အဖေကွ။ အဘိုးနဲ့အဖေက မင်းကို သိပ်ချစ်တာဆိုတော့ တော်ကြာ အမေမခေါ်ဘဲ မြေး၊ ချွေးမတို့ ခေါ်ရင် ခေါ်မှာ။ ရှင်လို့ထူးဖို့သာ လေ့ကျင့်ထား။ ငါခေါ်ရင်ထူးသလို ‘ဘာတုန်း’ မလုပ်နဲ့”

အားလုံး ဝေါခနဲရယ်ကြပြန်သည်။ ပျော်စရာချည်းပါတကား။

✿ ✿ ✿

BURMESE CLASSIC .com

[ ၅ ]

❑

ထိုကတည်းက ...

အဘွားဒေါ်ပိုထွေးကလည်း အဘိုးဦးပိုကျော်စံကို မကြာခဏ အိပ်မက်တွေမက်သတဲ့။ အိပ်မက်ထဲမှာ အဘိုးက ‘ငါလာရင် ဘယ်လို နေမယ်၊ ဘာစားမယ်၊ ဘာဝတ်မယ်’ ဆိုသည့်အတိုင်း ဒေါ်ပိုထွေးခမျာ ဟိုဟာကြိုဝယ်၊ သည့်ဟာကြိုစု လုပ်နေတတ်သည်။

အမေ ဒေါ်လှအုန်းမယ်ကလည်း အဖေ ဦးစိန်ညိုထွားကို အိပ်မက်ထဲမှာ မကြာမကြာ တွေ့ရသတဲ့။ အိပ်မက်ထဲမှာ ‘ငါ အရက် သောက်တော့ပါဘူးကွာ။ မင်းကိုလည်း မနှိပ်စက်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မင်းကိုတော့ နေ့တိုင်း အာဘွားပေးချင်တယ်။ အရင်လို သနပ်ခါးပါးကွက်ကျားလေးနဲ့နေပါ' ဟု ပြောသောကြောင့် နေ့စဉ် ဒေါ်လှအုန်းမယ် သနပ်ခါးပါးကွက်ကျားနှင့်။

ထိုကြားမှာ . . .

သူဇာတင့်တင်ထွန်းမိဘများကလည်း သူတို့၏မြေးဦးအတွက် စိတ်လှုပ်ရှား ပျော်မြူးနေကြသည်။

သူတို့ယုံကြည်လေးစားသော ဗေဒင်ဆရာကြီးကို သွားမေးကြသတဲ့။ ကလေးက အကျိုးပေးမှာလား၊ ဘာလား စသည်ဖြင့်ပေါ့။

အဲသည်မှာ ဗေဒင်ဆရာကြီး အကြံပေးလိုက်တာက . . .

"ကလေးက အမြွှာပဲ။ သူ့အဘိုးနဲ့အဖေ ဝင်စားတာလည်း အမှန်ပဲ။ ဒါပေမဲ့ မွေးလာတဲ့ကလေးတွေကို မဂ်လာနေ့၊ မဂ်လာအခါမှာ မွေးရင် သူတို့လည်း တစ်ဘဝလုံးကောင်းတယ်။ မိဘတွေလည်း အကျိုးပေးမယ်" ဟူသတည်း။

သူဇာတင့်တင်ထွန်းက မိဘများ ကြားလာသည်ကို မိသားစု ထမင်းဝိုင်းတွင် ပြန်၍ ဖောက်သည်ချသောအခါ . . .

"ဟာ . . . ဒါ မှန်တယ်"

အဘွားဒေါ်ပိုထွေးက ထောက်ခံသည်။

"သိပ်ကောင်းတဲ့ အကြံပြုချက်ပဲ။ အဲဒီ ဗေဒင်ဆရာကြီးကို ကန်တော့လိုက်ချင်တာ" တဲ့။

ဒေါ်လှအုန်းမယ်ကလည်း သဘောကျလွန်းသဖြင့် ခွေ့ခွေ့ ပင် ခုန်နေသည်။

"ဒီခေတ်က ဆေးပညာတွေ အရမ်းတိုးတက်နေတာလေ။ ဒါ ကြောင့် ဆရာကြီးအကြံပေးတာက သူ့ဘာသာ အလိုအလျောက်





သဘာဝအတိုင်း မွေးချင်တဲ့ရက်မှာ မွေးဖို့မလုပ်ဘဲ သူသေချာတွက် ချက်ပေးထားတဲ့ရက်၊ သူရွေးပေးတဲ့အချိန်မှာ ဗိုက်ခွဲပြီးမွေးလိုက်ရင် အကောင်းဆုံးပဲတဲ့။ ကလေးကို ဩဇာကြီးမယ်၊ အောင်မြင်ကြီးပွား ယ်၊ အသက်ရှည်မယ့် နေ့ရက်နဲ့အချိန်ကို နက္ခတ်တွေဘာတွေနဲ့ ချိန် သေသေချာချာ တွက်ချက်ပေးမှာတဲ့"

သူဇာတင့်တင်ထွန်းက ရှင်းပြသည်။

"ဆရာကြီးကို ဘယ်လောက်ကန်တော့ရမှာလဲ"

ဒေါ်ပိုထွေးက မေး၏။

"တစ်သိန်း . . . တဲ့"

"ဟေ . . . တစ်သိန်း"

ပေါ်စိန်ကျော် တွန့်သွားသည်။

"ရှင်ကလည်း ကျွန်မတို့ကလေးတွေ အနာဂါတ်ကောင်းစား ဒီလိုတွက်ချက်ပေးတာ တစ်သိန်း တန်ပါတယ်ရှင်။ ကလေးတွေနဲ့ ကျွန်မတို့ရလာမယ့် အကျိုးကျေးဇူးက ဒီထက်မက များမှာပဲဟာ"

သူဇာတင့်တင်ထွန်းက လက်ခံဆုံးဖြတ်ပြီးသားမို့ လုံးဝအလျှော့ ပေး ပြောသည်။

"မင်းဟာက သေချာလို့လား"

"သေချာတယ်။ ဒီဆရာကြီး ဒီလိုပဲ တွက်ချက်ပေးနေကျပဲ။ တွက်ချက်ပေးလို့ ကြီးပွားချမ်းသာနေကြတာ လက်ညှိုးထိုးမလွဲဘူး"

"ကလေးတော့မသိဘူး . . . သူကတော့ ကြီးပွားချမ်းသာမှာ သေချာတယ်။ တစ်ယောက်တစ်သိန်းဆိုတော့ . . ."

"ဟဲ့ . . . ပေါ်စိန်ကျော်၊ အဲဒါ မတွက်နဲ့လေ။ နင်က မျက်မွေး ဆုံးပဲ ကြည့်တာကိုး။ မျက်စိတစ်ဆုံး ကြည့်စမ်းပါဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပိုထွေးက သူဇာတင့်တင်ထွန်းဘက်က ပါနေပြီဖြစ်၏။

"မှန်တယ်။ အဘိုးနဲ့အဖေက မွေးလာမှာ။ ဒီလောက်တော့ ရင်းရမှာပေါ့"

ဒေါ်လှအုန်းမယ်ကလည်း သူဇာတင့်တင်ထွန်းဘက်ကပင်။

"အဘွားနဲ့ အမေကလည်း စဉ်းစားပါဦး။ ဗေဒင်ခက ... တစ်သိန်း။ သူတွက်ချက်ပေးတဲ့နေ့၊ တွက်ချက်ပေးတဲ့အချိန် မွေးရမှာ ဆိုတော့ ကလေးဆေးရုံကြီး သွားလို့မဖြစ်ဘူး။ အထူးကုဆေးရုံမှာ မွေး မှရမှာ။ အဲဒါဟာ ဆယ်သိန်းက,မှာ မဟုတ်ဘူး။ ကုန်မှာက ..."

ပေါ်စိန်ကျော်က အကျိုးအကြောင်းနှင့် တွက်ချက်ပြ၏။

သို့သော် သူတို့လက်မခံ။

"ဟဲ့ ... နင်က ကိုယ့်အဘိုးနဲ့ ကိုယ့်အဖေကို ကောင်းကောင်း မမွေးစေချင်ဘူးလား။ ဆယ်သိန်းမကဘူး၊ ဆယ့်ငါးသိန်းကုန်လည်း ဘာဖြစ်လဲ။ ပိုက်ဆံမလောက်ရင် ဒီအိမ်ကိုရောင်း"

ပြတ်သားလိုက်သည့် ဒေါ်ပိုထွေးက ဗိုလ်အာဏာသုံးသည်။

"ငါ ထောက်ခံတယ်"

ဒေါ်လှအုန်းမယ်၏ အားဖြည့်မှု။

"ကျွန်မလည်း သဘောတူတယ်။ အိမ်မရောင်းရပါဘူး။ ကျွန်မရဲ့ လက်ကောက်နဲ့ဆွဲကြိုး ရောင်းမယ်"

သူဇာတင့်တင်ထွန်း၏ ဆန္ဒမဲ။

သို့ဖြင့် ...

သုံးမဲ တစ်မဲဖြင့် ပေါ်စိန်ကျော် အပြတ်သတ် အရှုံးပေးလိုက် ရလေသတည်း။

✿ ✿ ✿

BURMESE CLASSIC .com

| ၆ |

❑

တကယ်တမ်း မွေးတော့မည်၊ ခွဲရတော့မည်ဆိုသောအခါ ဒေါ်ပို ထွေးရော၊ ဒေါ်လှအုန်းမယ်ပါ အိမ်ကိုမရောင်းချင်။ သူဇာတင့်တင်ထွန်း ကလည်း သူ့ဆွဲကြိုး၊ သူ့လက်ကောက်ကို အထိမခံ။ သို့ဖြင့် ပိုက်ဆံရှာ သူက ပေါ်စိန်ကျော်။

ပေါ်စိန်ကျော်က အပေါင်းအသင်းနည်းသူမို့ ရှိသည့်မိတ်ဆွေ များထဲမှ အရင်းနှီးဆုံးဖြစ်သူ ကိုလှလှဆီမှာ ငွေလှည့်ရ၏။

ကိုလှလှက အရောင်းအဝယ်သမားဖြစ်၍ အတန်ငယ်ချောင် လည်သည်။ သို့ဖြင့် လိုတာကူညီပါမည်ဟု ကတိပေး၏။ ဒါက ကိုလှလှ က ပေါ်စိန်ကျော်ကို ခင်မင်ရင်းနှီးမှုကြောင့်၊ ယုံကြည်ရမှုကြောင့် ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ပေါ်စိန်ကျော်အား ကိုလှူလှက ဝေဖန်သည်။

"မင်းတို့ဟာက မဟုတ်သေးပါဘူးကွာ။ ဗေဒင်ဆရာကြီးပြော တဲ့အတိုင်းမွေးလို့ မင်းတို့ကလေး ချမ်းသာမှာလား။ အောင်မြင်မှာလား သေချာလား"

"ငါ့အိမ်ကတော့ အဲဒီလို ယုံကြည်တာပဲကွ။ ဗေဒင်ဆရာကြီး က နေ့ရက်နဲ့အချိန်ကို သေချာတွက်ချက်ပေးမှာတဲ့ကွ"

"မင်းလည်း ဗုဒ္ဓဘာသာဝင် တစ်ယောက်ပဲကွာ။ အတိ ဘဝရဲ့ကံ၊ အကျိုးဆက်နဲ့ ဒီဘဝကို ရရှိတာ။ ကံ့,ကံ၏အကျိုးပေး တာကို တို့က ယုံကြည်တယ်လေ။ မွေးရက်၊ မွေးနေ့၊ မွေးချိန်နဲ့ ဘ လိုမှ တိုက်ရိုက်မပတ်သက်ဘူး။ အတိတ်ဘဝက ကောင်းတဲ့ကုသိုလ် အကြောင်းတရားတွေရှိရင် ဒီဘဝ ချမ်းသာမယ်၊ အောင်မြင်မ ကောင်းမယ်။ အတိတ်ဘဝက မကောင်းတဲ့ကံအကြောင်းတွေ ပါ ရင် ဒီဘဝ ကောင်းပါ့မလား"

"အင်း ... မင်းပြောတာလည်း မှန်တာပဲ"

"ကဲကွာ ... ပြီးခဲ့တဲ့ဘဝမှာ သူ့အသက်သတ်၊ အ သောက်၊ သူများမယားပြစ်မှားပြီး မကောင်းတာမှန်သမျှ လုပ် ကုသိုလ်ကောင်းမှုဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာ ဘာမှမလုပ်ဘူး ဒီဘဝကျတော့ မင်းဆရာကြီးပြောသလို မွေးချိန်၊ မွေးရက်၊ မွေး တွက်ချက်ပေးတာနဲ့ တစ်ဘဝလုံး ကောင်းမလား။ အဲဒါဆိုရင် မင်း ဟာက မိစ္ဆာဒိဋ္ဌိဖြစ်နေပြီ"

ပေါ်စိန်ကျော် မငြင်းတတ်။





"ကဲ ... ငါ ထပ်ပြောကြည့်ဦးမယ်။ မွေးရက်၊ မွေးနေ့၊ မွေး ချိန်တွေက လူ့ဘဝရဲ့အကျိုးပေးကို ဖန်တီးတယ်ဆိုရင် မြတ်စွာဘုရား ရဲ့ ဖွားဘက်တော်တွေဖြစ်တဲ့ မြင်းမြီးဆွဲမောင်ဆန်နတို့၊ ခဏ္ဍကမြင်း တို့က မြတ်စွာဘုရားရှင်လို ဘာကြောင့် ဘုရားမဖြစ်သလဲ။ သူတို့က မြတ်စွာဘုရားနဲ့ တစ်နေ့တည်း၊ တစ်ရက်တည်း၊ တစ်ချိန်တည်း မွေး တာလေ"

"အေးကွ ... မင်းပြောတာ သဘာဝကျတယ်"

ပေါ်စိန်ကျော်က ကိုလှူလှ၏အယူအဆကို လက်ခံပြီး မိမိအိမ် မှာ ပြန်လည်တင်ပြပါ၏။ မအောင်မြင်။

သူတို့က ဗေဒင်ဆရာကြီး၏စကားမှ အမှန်။

ဂမ္ဘီရဆရာကြီး၏ စကားကမှ ဘုရားဟောဖြစ်၍နေ၏။

ကိုလှူလှစကားနှင့် ပြောရလျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်နေလေမလား။

✿ ✿ ✿

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# | ၇ |

❑

ကိုင်း ... မည်သို့ ပြောကြမည်နည်း။

သူဇာတင့်တင်ထွန်း မွေးပါပြီ။

ဗေဒင်ဆရာကြီး ညွှန်ကြားသည့်နေ့၊ ညွှန်ကြားသည့်ရက် ညွှန်ကြားသည့်အချိန် အတိအကျကို ဗိုက်ခွဲ၍ သူဇာတင့်တင်ထွန်း မွေးဖွားသန့်စင်လိုက်ပါပြီ။

ပေါ်စိန်ကျော်တို့ တစ်မိသားစုလုံး 'ဟာခနဲ ... ဟင်ခနဲ' ဖြစ်ကုန်ကြ၏။ ခြေပစ်လက်ပစ် လက်မှိုင်ချကုန်၏။ အံ့ဩမဆုံး ဖြစ်ကုန်ကြ၏။

---

စိတ်ကူးသစ်စာစေ



ကြည့် ...။

ကလေးက အမြှာမဟုတ်။ တစ်ယောက်တည်း။

ပြီးတော့ ...

ယောကျ်ားလေးမဟုတ်။ မိန်းကလေးဖြစ်သည်။

အိပ်မက်ဆိုသည်ကို ယုံရမလား ...။

သိပ္ပံပညာကို ယုံရမလား ...။

ကံ,ကံအကြောင်းတရားကို ယုံရမလား ...။

သီဟထိပ်တင်စော

www.burmeseclassic.com